
ဓမ္မာစရိယ

ဦးမောင်မောင်လေး

# မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ



APK
1999

စာပေ

သို့

မောင်-------------------နှင့်-------------------

တို့အတွက်လက်ဆောင်မွန်။

မှ

----------------------------------------

ပါရမီရှင်သူတော်ကောင်းများဖြစ်ကြပါစေ

တန်ဖိုး – ၃၀၀–ကျပ်

# မြတ်ဗုဒ္ဓလက်ထက်
# ပါရမီရှင်
# အမျိုးသမီးများ

ဓမ္မာစရိယ ဦးမောင်မောင်လေး

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပညာမြားငမောက်စာပေ

အမှတ် (၁၆၈)၊ ၃၁လမ်း၊ ရန်ကုန်မြို့။

| ဖုန်း - ၀၁-၂၈၃၃၈၇ |

စာမူခွင့်ပြုအမှတ် ၃၈၈/၉၉(၇)
မျက်နှာဖုံးခွင့်ပြုအမှတ် ၃၃၈/၉၉(၇)

[illegible]

အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)
(ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးဝင်းမြင့်(ခ)လေးမောင်(၀၁၅၁၂)
ဝင်းမြင့်အောင်စာပေ
အမှတ် ၃၁၅၊ (၂-၁)ရပ်ကွက်၊
သောက်ကြန့်တိုးချဲ့မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**
အော်ပီကျယ်

**ကွန်ပျူတာစာစီ**
သန်းသန်းရီ

**ထုတ်ဝေသည့်ကာလ**
၁၉၉၉ - ခုနှစ်

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

**အုပ်ရေ**
၁၀၀၀

**တန်ဖိုး**
၃၀၀ကျပ်

# မာတိကာ


–။ **နိဒါန်း** ၆

၁။ **မဟာပဇာပတိဂေါတမီ** ၉

သားတော်ရင်းသို့ မြတ်နိုး၍

ခမည်းတော်ရင်းသို့ အားကိုးသူ

၂။ **ယသောဓရာဒေဝီ** ၃၉

လင်ကိုဘုရား၊ သားကိုသခင်ထင်ခဲ့သူ

၃။ **ခေမာဒေဝီ** ၅၁

ရာဇဂြိုဟ်၏ အလှကေရီ

၄။ **ဥပ္ပလဝဏ္ဏာ** ၅၉

ကြာပန်းလှူခဲ့သော အလှဘုရင်တန်ခိုးရှင်

၅။ **ပဋာစာရာ** ၇၉

ဘဝပျက်မှ ဓမ္မဘက်သို့ ရောက်လာသူ

၆။ **မိဂါရမာတာ ဝိသာခါ** ၈၇

သာဝတ္ထိ၏ ကျက်သရေဆောင် အမျိုးသမီး

၇။ **စာပါ သို့မဟုတ် ဆာဝါ** ၁၂၉

နောက်တန်းမှ လျှောက်လှမ်းခဲ့သူ

၈။ **ဥတ္တရာ နှင့် သိရိမာ** ၁၄၁

ဘဝမတူဘဲ ဆုံဆည်းခဲ့ရသူနှစ်ဦး

၉။ **ဒီဃကေသီ** ၁၆၉

ဆံပင်ကိုဖြတ်၍ ဆွမ်းကပ်ခဲ့သူ

၁၀။ **အမ္ဗပါလီ** ၁၇၉

ဝေသာလီမြို့သူ အလှသရဖူ

၁၁။ **ရူပနန္ဒာ** ၂၂၅

ဝေးလျက်နှင့်နီးသူ

၁၂။ **သုမနဒေဝီ** ၂၃၃

အဖေထက်ကြီးသော သမီး

# နိဒါန်း

ဤစာအုပ်သည် **ဓမ္မရုပ်စုံ၊ မြတ်မင်္ဂလာ၊ မြတ်ပန်းဝေ** စသော ဘာသာရေးစာစောင်တို့၌ မိမိရေးသားခဲ့သော ဓမ္မဝတ္ထုများအနက်မှ အမျိုးသမီးဝတ္ထုများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ အမျိုးသမီးဝတ္ထုများကို စုစည်းထုတ်ဝေလိုက်ခြင်း၏ ရည်ရွယ်ချက်ကား အမျိုးသမီးတို့၏ဘဝကို ထင်ရှားပေါ်လွင်စေလိုသောကြောင့် ဖြစ်ပါသည်။

အမှန်အားဖြင့် ယောက်ျားတို့၏ စွမ်းရည်သည် မိန်းမတို့၌ တည်၏။ နောက်ပိုင်းမှ မိန်းမသားတို့၏ ကူညီထောက်ပံ့အားပေးမှုကို ရရှိခြင်းကြောင့်သာလျှင် ယောက်ျားတို့သည် အရာရာကို စွမ်းဆောင်နိုင်ကြခြင်းဖြစ်၏။ နောက်ပိုင်းမှ မိန်းမသားတို့၏ ထောက်ပံ့မှု အားပျော့လျှင် ယောက်ျားတို့၏ စွမ်းရည်သည် ပျော့ညံ့သွား၏၊ မိန်းမသားတို့၏ ထောက်ပံ့မှု အားကောင်းလျှင်လည်း ယောက်ျားတို့၏ စွမ်းရည် ပိုမိုထက်မြက်၏။

ဤအချက်သည် အိမ်ထောင်တစ်ခုအနေဖြင့်လည်း ထင်ရှား၏၊ တိုင်းပြည်တစ်ပြည်အနေဖြင့်လည်း ထင်ရှား၏၊ တိုင်းပြည်တစ်ပြည်ကို စီမံအုပ်ချုပ်ရသော ပုဂ္ဂိုလ်တို့အဖို့ နောက်ပိုင်းမှ ဉာဏ်အမြော်အမြင် ပြည့်ဝသော အိမ်ထောင်ဘက်၏ ကူညီပံ့ပိုးမှုရရှိရန် များစွာလိုအပ်ပေ

သည်။ ထိုကဲ့သို့သော ကူညီပံ့ပိုးမှုကိုရရှိမှသာ တိုင်းရေးပြည်ရေးကိစ္စများကို လွတ်လွတ်ကျွတ်ကျွတ် ဆောင်ရွက်နိုင်မည်ဖြစ်၏။

ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်ရှင် ပသေနဒီကောသလမင်းကြီးသည် သူကိုယ်တိုင်က ဉာဏ်အမြော်အမြင် မရှိလှသော်လည်း မိဖုရားလိမ္မာကလေး မလ္လိကာဒေဝီ၏ အကူအညီဖြင့် ပြဿနာအချို့ကို ဖြေရှင်းနိုင်ခဲ့၏။ ဘုရားအလောင်းတော် မဟောသဓာသုခမိန်၏ စွမ်းဆောင်မှုများ ထင်ရှားခဲ့ခြင်း၌လည်း အမရာဒေဝီ၏ ပံ့ပိုးမှုများစွာ ပါရှိခဲ့၏။

ခြုံ၍ဆိုရသော် မိန်းမသားတို့သည် ယောကျ်ားတို့၏ ကျေးဇူးရှင်များဖြစ်၏၊ အဖော်မွန်များဖြစ်၏၊ မိတ်ဆွေကောင်းများဖြစ်၏၊ ယောကျ်ားတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသူများ ဖြစ်၏။ ကံမကောင်းအကြောင်း မလှ၍ နိမ့်ကျသော အခြေအနေသို့ ရောက်နေသည့်တိုင်အောင် အခွင့်အလမ်း ပေါ်လာသည်နှင့်တစ်ပြိုင်နက် မိမိတို့ဘဝကို ပြုပြင်ပြောင်းလဲနိုင်ကြ၏။ ဘဝပေးအခြေအနေအရ ယောကျ်ားတို့လောက် ကာယအင်အား မပြည့်ဝစေကာမူ ဉာဏစွမ်းရည်တွင်မှုများစွာသော မိန်းမသားတို့သည် ယောကျ်ားတို့နှင့် တန်းတူရည်တူလိုက်နိုင်ကြ၏။ ယောကျ်ားတို့ထက် ဉာဏ်ရည်သာသော မိန်းမသားများလည်း ရှိခဲ့ကြ၏။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း—

**"န သော သဗ္ဗေသု ဌာနေသု၊ ပုရိသောဟောတိ ပဏ္ဍိတော
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ"**

ဟု ဟောကြားတော်မူခဲ့၏။ အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာ ဖြစ်သည်–ဟု ဆိုလိုပါသည်။

စာရေးသူသည် ဗုဒ္ဓဘာသာ စာပေလာ အမျိုးသမီးဝတ္ထုများကို ရေးသားရာ၌ အထက်တွင် တင်ပြခဲ့သည့်အတိုင်း အမျိုးသမီးတို့၏

ဘဝ၊ ခံစားချက်နှင့် အတွေးအမြင်များကို စွမ်းနိုင်သမျှ ဖေါ်ထုတ်မွမ်းမံ၍ ရေးသားခဲ့ပါသည်။ စာဖတ်သူတို့အနေဖြင့်လည်း ဤစာအုပ်ပါ ဝတ္ထုများကို ဖတ်ရှုခြင်းအားဖြင့် အမျိုးသမီးတို့၏ ဘဝနှင့် ပတ်သက်၍ ထိုက်သင့်သော ခံစားမှု၊ နားလည်မှု၊ စာနာထောက်ထားမှု ရရှိကြမည်ဆိုပါက ရေးသားရကျိုးနပ်ပြီဟု ယူဆပါသည်။

အမှန်အားဖြင့် ဤစာအုပ်ပါ အမျိုးသမီးများမှာ သာမန်အမျိုးသမီးများ မဟုတ်၊ ဗုဒ္ဓမြတ်စွာလက်ထက်၌ ထင်ရှားခဲ့ကြသည့် **ထူးချွန်သော ပါရမီရှင် အမျိုးသမီးများ** ဖြစ်ကြပေသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

၁၂-၂-၉၉

# မဟာပဇာပတိ ဂေါတမီ

## သားတော်ရင်းသို့ မြတ်နိုး၍ ခမည်းတော်ရင်းသို့ အားကိုးခဲ့သူ

### ဘိက္ခုနီတို့၏ အာဒိကမ္မိက

ဤကမ္ဘာလောက၌ ပွင့်တော်မူခဲ့ကြသည့် မြတ်စွာဘုရားတို့၏ သာသနာတော်၌ **ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်နှင့် ဥပါသိကာပရိသတ်**ဟူ၍ ပရိသတ်လေးပါးရှိမြဲ ဖြစ်၏။

မြတ်စွာဘုရားတို့သည် မိမိတို့ သက်တော်ထင်ရှားရှိစဉ်ကာလ အတွင်း ကျွတ်သင့်ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား သစ္စာလေးပါး အမြိုက်တရားကို ဟောကြားခြင်းဖြင့် အကျွတ်တရား ရရှိကြစေရန် အားထုတ်တော်မူကြသည်။

ဘိက္ခု၊ ဘိက္ခုနီ စသော ပရိသတ်လေးပါးတို့အားလည်း မိမိ၏ အဆုံးအမ၌ ကျွမ်းကျင်လိမ္မာသူများ ဖြစ်လာကြစေရန် သင်ကြားညွှန်ပြတော်မူကြလေသည်။ ယင်းသို့ သင်ကြားညွှန်ပြပြီးမှသာလျှင် ပရိနိဗ္ဗာန်ပြုတော်မူကြမြဲ ဖြစ်ပေသည်။

ဂေါတမဗုဒ္ဓ ဘုရားအဖြစ်သို့ ဆိုက်ရောက်ပြီးနောက် ရက်သတ္တခုနစ်ပတ်ကျော် အတွင်း မာပင် ဝဿဝတီနတ်ပြည်ကို အစိုးရသော မာရ်နတ်မင်းသည် ဘုရားရှင်ထံချဉ်းကပ်၍ ပရိနိဗ္ဗာန်ပြုရန် တောင်းပန်ခဲ့သည်။ မိမိအတွက် ပြုဖွယ်ကိစ္စအားလုံး ပြီးစီး ပြည့်စုံပြီဖြစ်၍ ရှင်တော်မြတ်ဘုရား

အနေဖြင့် လောကဥ္ဆ ဆင် ရဲဒုက္ခတွေ ခံစာ မနေဘဲ လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူသင့်ကြောင်း မာရ်နတ်က ဘုရာ ရှင်အာ အကြံပြုတိုက်တွန်းခဲ့ လေသည်။ အမှန်အာ ဖြင့် မာရ်နတ်သည် ဘုရား ရှင် ဟောကြားသော တရာ ကို ကြာ နာရ၍ သတ္တဝါတွေ အကျွတ်တရာ ရရှိသွားကြလျှင် ကမ္ဘာလောကကြီး ဆိတ်သုဉ် ခြောက်သွေ့ပြီး ပျင်း ရိငြီး ငွေ့ဖွယ် ဖြစ်သွားလိမ့် မည်ဟု စိုးရိမ်ပူပန်မိသောကြောင့် ထိုကဲ့သို့ တောင်းပန်ခြင်း ဖြစ်လေသည်။

မကြံကောင်း မစည်ရာကို ကြံစည်၍ တွေးတောပူပန်သော မာရ်နတ် အာ ဘုရာ ရှင်က ဤသို့ ပြန်လည် မိန့်ကြာ တော်မူခဲ့လေသည်။

**"အချင်းမာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏ တပည့် သာဝကဖြစ်သည့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဟူသော ပရိသတ် လေးပါးတို့သည် ငါ၏ အဆုံးအမဥ္ဆ လိမ္မာကျွမ်းကျင် ခြင်း မရှိကြကုန်သေး၊ ငါ၏ အဆုံးအမ ဩဝါဒများကို အခြားသူတို့အား ကောင်းစွာ ဟောကြားညွှန်ပြရန် မစွမ်းနိုင်ကြကုန်သေး၊ ဤမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူဦးမည် မဟုတ်ပေ။"**

အထက်ဖော်ပြပါ မြတ်စွာဘုရား၏ ပရိသတ်လေးပါ တို့တွင် ဘိက္ခုပရိသတ်ဥ္ဆ အရှင်ကောဏ္ဍညမထေရ်သည် အဦးအစဖြစ်သကဲ့သို့ ဘိက္ခုနီပရိသတ်ဥ္ဆလည်း မဟာပဇာပတိဂေါတမီ ထေရီမကြီးသည် အဦး အစ အာဒိကမ္မိက ဖြစ်ခဲ့လေသည်။

အမှန်အာ ဖြင့် မဟာပဇာပတိ ဂေါတမီ ထေရီမကြီးသည် အမျိုးသမီး တို့အား အမျိုးသား ယောကျာ်းတို့နည်းတူ သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဖြစ်ရုံသာမက ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားအား ခုနစ်ရက်သားအရွယ်မှစ၍ နို့ချိုတိုက်၍ ကျွေးမွေးပြုစုခဲ့ သော မိထွေ တော်လည်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း သူမသည် သာသနာ့သမိုင် တစ်လျှောက်လုံး ဥ္ဆ မိထွေ တော် ဂေါတမီဟူသော အမည်ဖြင့် သာ ပိုမိုထင်ရှာ လူသိများ ခဲ့လေသည်။

# မယ်တော်ရင်းနှင့် မိထွေးတော်

မဇ္ဈိမဒေသမြောက်ပိုင်း ဟိမဝန္တာတောင်ခြေတွင် တည်ရှိသော သက္ကတိုင်း၌ ကပိလဝတ်၊ ဒေဝဒဟ၊ ကောလိယ ဟူ၍ စင်ပြိုင်မြို့နိုင်ငံ သုံးခု ရှိခဲ့ရာတွင် ကပိလဝတ်မှ သုဒ္ဓေါဒနမင်းသားသည် ဒေဝဒဟမှ အဥ္စနမင်းကြီး၏ သမီးတော်များဖြစ်သော မဟာမာယာနှင့် မဟာပဇာပတိ ဂေါတမီတို့နှစ်ဦးလုံးကို စုလျားရစ်ပတ် လက်ထပ်သိမ်းယူခဲ့သည်။

ညီအစ်မနှစ်ဦးလုံးသည် နှစ်ကာလကြာမြင့်သည့်တိုင်အောင် သားသမီး မထွန်းကားခဲ့ကြဘဲ သက်တော် ငါးဆယ်ကျော်အရွယ်သို့ ရောက်သောအခါ တွင်မူ အစ်မတော် မဟာမာယာဒေဝီမှ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့သည်။ ထိုနှင့် မရှေးမနှောင်းမှာပင် ညီမတော် ဂေါတမီမှလည်း နန္ဒမင်းသားကို ဖွားမြင်ခဲ့လေသည်။ သို့သော်လည်း အစ်မတော် မဟာမာယာဒေဝီမှာ မီးဖွားပြီးနောက် ခုနစ်ရက်မြောက်တွင် ကွယ်လွန်သွားသောကြောင့် သိဒ္ဓတ္ထ မင်းသားလေးကို ဂေါတမီကပင် နို့ချိုတိုက်၍ ကျွေးမွေးပြုစုခဲ့ရလေသည်။

ဂေါတမီဒေဝီသည် သိဒ္ဓတ္ထမင်းသားအား ကလေးသူငယ်ဘဝ၌ မိခင်ရင်းနှင့်မခြား ယုယကြင်နာစွာ နို့တိုက်၍ ကျွေးမွေးပြုစုခဲ့သကဲ့သို့ အရွယ်ရောက်လာသောအခါ၌လည်း မိခင်ရင်းပမာ အခါမလပ် ထိန်းသိမ်း စောင့်ရှောက်ခဲ့ပေသည်။ အရွယ်ရောက်လာသည်နှင့်အမျှ ယောကျ်ားမြတ် တို့၏ အင်္ဂါလက္ခဏာ ပြည့်စုံစွာဖြင့် တင့်တယ်ခံ့ညားလှသော သိဒ္ဓတ္ထမင်းသား အား အရိပ်တကြည့်ကြည့်ဖြင့် အများဆုံး ပီတိသောမနဿ ဖြစ်ခဲ့ရသည်မှာ လည်း ဂေါတမီဒေဝီပင် ဖြစ်လေသည်။

သိဒ္ဓတ္ထမင်းသားကား သက်တော် ၂၉–နှစ်အရွယ် နုနယ်ပျိုမျစ်သော အချိန်မှာပင် ကြင်ယာတော် ယသော်ဓရာဒေဝီနှင့်တကွ ခမည်းတော်၊ မယ်တော်တို့ကိုစွန့်၍ တောထွက်သွားပြီ ဘုရားအဖြစ်သို့ ရောက်အောင် အားထုတ်တော်မူခဲ့သည်။ ဘုရားအဖြစ်သို့ရောက်ပြီ တစ်နှစ်ခန့်ကြာသော အချိန်ကျမှ ကပိလဝတ်သို့ ပြန်ကြွလာတော်မူသည်။ ခုနစ်နှစ်မျှ ကွဲကွာ နေခဲ့ရပြီ အသွင်သစ်၊ အမြင်သစ်ဖြင့် တင့်တယ်ခံ့ညားစွာ ပြန်ကြွလာသော သားတော်ဘုရားကို ဖူးမြင်ရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီ

၂၄၂၂

ဝမ်းသာပီတိ ဖြစ်ရသကဲ့သို့ မိထွေးတော် ဂေါတမီမှာလည်း ထပ်တူထပ်မျှပင် ကြည်နူးဝမ်းမြောက်ခဲ့ရလေသည်။

ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ဆိုက်ရောက်ပြီး နောက်တစ်နေ့တွင် နန်းတော်သို့ ကြွလာပြီး ခမည်းတော် သုဒ္ဓေါဒနမင်း ကြီးလျှင် အမှူးရှိသော နန်းတွင်းသူ၊ နန်းတွင်းသားတို့အား –

**"ဓမ္မံ စရေ သုစရိတံ**
**န နံ ဒုစ္စရိတံ စရေ**
**ဓမ္မစာရီ သုခံ သေတိ**
**အသ္မိံ လောကေ ပရမှိစ"**

ဟူသော တရားဒေသနာကို ဟောကြားတော်မူသည်။

ထိုဒေသနာတော်၏ အဓိပ္ပါယ်အချုပ်မှာ **"ဤလောက၌ ဒုက္ခကင်းဝေး ချမ်းသာရေးကို လိုလားတောင့်တသူသည် ကောင်းသောအမှု သုစရိုက်အကျင့်ကိုသာ ပြုကျင့်ရာ၏၊ မကောင်းသောအမှု ဒုစရိုက်တို့ကို ဘယ်အခါမျှ မပြုကျင့်ရာ၊ ကောင်းသောအမှု သုစရိုက်အကျင့်များကိုသာ ပြုကျင့်သောသူသည် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရပေ၏"** ဟု ဆိုလိုပါသည်။

သားတော်ဘုရားအပေါ်၌ ဂေဟသိတပေမ အချစ်ဖြင့် ပြင်းပြစွာ ချစ်ခင်ကြည်ညိုနေသော မိထွေးတော် ဂေါတမီမှာ ထိုတရားဒေသနာကို ကြားနာရသောအခါ တဏှာပေမ ကင်းစင်၍ ကြည်လင်သော ဓမ္မအမြင် ပေါ်လာပြီး သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

## လွမ်းတသသ

မိထွေးတော် ဂေါတမီမှာ သားတော် နန္ဒမင်းသားအပြင် သမီးတော် တစ်ပါးလည်း ထွန်းကားခဲ့သေး၏။ သားတော်အား နန္ဒဟု နာမည်ပေးခဲ့သကဲ့သို့ သမီးတော်အားလည်း နန္ဒာဟုပင် နာမည်ပေးခဲ့၏။

သို့သော် နန္ဒာမင်းသမီးလေးမှာ အရွယ်ရောက်လာသောအခါ တစ်နိုင်ငံလုံးတွင် အချောဆုံး၊ အလှဆုံး စာရင်းဝင် ဖြစ်လာသဖြင့် **ဇနပဒကလျာဏီ** ဟူသော အမည်ဖြင့်သာ ပို၍ ထင်ရှားလာခဲ့လေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဘုရားရှင် ကပိလဝတ်ပြည်သို့ ရောက်ရှိနေချိန်တွင် သားတော် နန္ဒမင်းသားနှင့် သမီးတော် ဇနပဒကလျာဏီတို့အား မောင်နှမချင်း ထိမ်းမြားလက်ထပ်ပြီး မိမိ၏ အရိုက်အရာကို လွှဲအပ်ပေးရန် စီမံခဲ့သည်။ သို့သော် ထိမ်းမြားလက်ထပ်ပွဲ ကျင်းပသည့်နေ့မှာပင် ဘုရားရှင်က နန္ဒမင်းသားကို ကျောင်းတော်သို့ ခေါ်သွားပြီး ရဟန်းဝတ်ပေးလိုက်သောကြောင့် ခမည်းတော်၏ စီမံချက်မှာ ပျက်ပြားသွားခဲ့ရသည်။ ကပိလဝတ်ပြည်မှ ဘုရားရှင် ပြန်လည်ကြွသွားသောအခါတွင်မူ သားတော် နန္ဒသာမက မြေးတော်လေး ရာဟုလာကပါ ဘုရားရှင်၏ နောက်တော်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားကြသဖြင့် သုဒ္ဓေါဒနမင်းကြီးနှင့် ဂေါတမီဒေဝီတို့ နှစ်ဦးလုံး လွမ်းတသသဖြင့် ကျန်ရစ်ခဲ့ကြရှာလေသည်။

# ရေစစ်ပွဲမှရသောအမြတ်

ဘုရားရှင်သည် ပဉ္စမဝါ မဆိုမီအချိန်တွင် ကပိလဝတ်ပြည်သို့ ဒုတိယအခေါက် ရောက်တော်မူလာသည်။ ရောဟိနီမြစ်ရေ ရရှိရေးအတွက် စစ်မီးပွားနေကြသည့် ကပိလဝတ်နှင့် ကောလိယမှ နှစ်ဖက်သော ဆွေတော်မျိုးတော်တို့အား ဟန့်တားဆုံးမအပြီးတွင် နိဂြောဓာရုံကျောင်းတော်သို့ ဝင်၍ ခရီးတစ်ထောက် ရပ်နားတော်မူခြင်းဖြစ်သည်။

ရောဟိနီမြစ်မှာ ကပိလဝတ်ပြည်နှင့် ကောလိယအကြားမှ ဖြတ်သန်းစီးဆင်းသော မြစ်ဖြစ်၏။ နှစ်ဖက်သော နိုင်ငံတို့မှ လယ်သမားများသည် ရောဟိနီမြစ်ရေကို တူးမြောင်းများဖြင့် သွယ်ယူပြီး နွေရာသီ၌ ကောက်စပါး စိုက်ပျိုးကြသည်။ ထိုနှစ်တွင် စပါးနှံများ မှည့်ရင့်ခါနီးဖြစ်သော နယုန်လ၌ မြစ်ရေမှာ လျော့နည်းလာသည်။ နှစ်ဖက်စလုံးမှ စပါးခင်းများသို့

ရေသွင်းရန် မလုံမလောက် ဖြစ်လာသည်။ ထိုကိစ္စကို အကြောင်းပြု၍ နှစ်ဖက်သော လယ်သမားတို့ အချင်းများကြသည်။ ထိုနောက် နှစ်ပြည်ထောင် မင်းများပါ ပါလာပြီး စစ်ခင်းရန် ပြင်ကြရလေသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် မိမိ၏ ဆွေတော်မျိုးတော်များ စစ်ပွဲခင်း၍ သွေးချောင်းစီးကြတော့မည့်အရေးကို သိမြင်တော်မူသဖြင့် ရောဟိနီမြစ်ကမ်းပါးသို့ အရေးပေါ် ကြွလာတော်မူပြီး ငြိမ်းချမ်းရေးတရား ဟောကြားလျက် ရန်ပွဲကို ဖျန်ဖြေတော်မူသည်။ ဆွေတော်မျိုးတော်များက မိမိတို့အား သွေးချောင်းစီးမည့်ဘေးမှ ဟန့်တားပေးတော်မူသော မြတ်စွာဘုရားကို လွန်စွာ ကြည်ညိုကြကုန်သည်ဖြစ်၍ တစ်ဖက်တစ်ဖက်လျှင် ၂၅၀–စီသော မင်းသားတို့ကို ဘုရားရှင်ထံ အပ်နှံကြသည်။ ဘုရားရှင်သည် ထိုငါးရာသော မင်းသားတို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုပေးတော်မူသည်။ ထိုရဟန်းငါးရာတို့သည် မိမိတို့၏ အိမ်သူသက်ထားများကို နောက်ဆံတငင်ငင် ရှိနေကြကုန်သည်ဖြစ်၍ ရဟန်းဘဝ၌ မပျော်မွေ့ဘဲ ရှိနေကြလေသည်။

ဘုရားရှင်သည် ထိုရဟန်းငါးရာတို့ကို ထူးခြားဆန်းကြယ်သော သစ်ပင်တောတောင်တို့ဖြင့် လွန်စွာပျော်မွေ့ဖွယ်ကောင်းသော ဟိမဝန္တာအရပ်သို့ ခေါ်ဆောင်သွားပြီး မာတုဂါမတို့၏ အပြစ်ကို ဖော်ပြသည့် မဟာကုဏာလဇာတ်ကို ဟောကြားတော်မူသည်။ ထိုဇာတ်၏ အဆုံး၌ ရဟန်းငါးရာလုံး သောတာပန် ဖြစ်သွားကြသည်။

ထိုအခါ ဘုရားရှင်သည် မဟာဝုန်တောသို့ ပြန်ကြွလာပြီး ရဟန်းငါးရာတို့အား ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြရန် ညွှန်ကြားတော်မူသည်။ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်၍ ရဟန်းငါးရာတို့ ရဟန္တာဖြစ်သောနေ့တွင် တစ်သောင်းသော လောကဓာတ်မှ များစွာသော နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြပြီး ဘုရားရှင်ကို ဖူးမြင်ကြသည်။ ဘုရားရှင်က ထို နတ်ဗြဟ္မာအပေါင်းတို့အား မဟာသမယသုတ္တန်

ဒေသနာတော်ကို ဟောကြားတော်မူရာ မရေမတွက်နိုင်သော နတ်ဗြဟ္မာတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိခဲ့ကြလေသည်။

## မိထွေးတော်၏ သင်္ကန်းအလှူ

ထို့နောက် ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံလျက် မဟာဝုန်တောမှ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူပြီး နိဂြောဓာရုံကျောင်းတော်၌ခေတ္တ သီတင်းသုံးနေတော်မူသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် ဂေါတမီတို့သည် သားတော်အား ဒုတိယအကြိမ် ဖူးမြင်ခွင့်ရရှိကြသဖြင့် ဝမ်းမြောက်မဆုံး ရှိကြလေသည်။ အထူးသဖြင့် မိထွေးတော် ဂေါတမီသည် ရွှန်းသစ်စိုပြည် ကျက်သရေရှိတော်မူလှသော သားတော်ဘုရားရှင်၏ ရုပ်သွင်ကို ဖူးမြင်၍ မဝနိုင်သည်ဖြစ်၍ သားတော်ဘုရားနှင့် အထူးလိုက်ဖက်မည့် သင်္ကန်းတစ်စုံကို ကိုယ်တိုင် ရက်လုပ်လှူဒါန်းရန် အကြံဖြစ်လေသည်။

သို့အားဖြင့် သူမသည် ဈေးမှ အထူးကောင်းမွန်သော ဝါဂွမ်းတို့ကို ဝယ်ယူစေပြီး နန်းတွင်းသူများနှင့်အတူ ကိုယ်တိုင်ကြိုးကြပ်ကွပ်ကဲလျက် ဗိုင်းငင်ခြင်း၊ ဝါဖတ်ခြင်း အစရှိသော အမှုတို့ကို ပြုလုပ်သည်။ ထို့နောက် ကျွမ်းကျင်သော ရက်ကန်းသည် ပညာရှင်တို့ဖြင့် နန်းတွင်း၌ပင် ချော်မွေ့နည်က်၍ အသွေးအရောင်နှင့် ပြည့်စုံသော သင်္ကန်းလျာပိတ်စကို ရက်လုပ်သည်။ ယင်းသို့ သင်္ကန်းလျာရက်လုပ်ရာတွင် ကိုယ်တိုင်လည်း မကြာခဏ ဝင်၍ ရက်ကန်းခတ်ခြင်း ပြုလုပ်သည်။

မိထွေးတော်ဂေါတမီသည် သင်္ကန်းလျာပိတ်စ ရက်လုပ်ပြီးသော အခါ နံ့သာကြုတ်ဖြင့်ထည့်၍ များစွာသော နန်းတွင်းသူတို့ဖြင့် ခြံရံလျက် နိဂြောဓာရုံကျောင်းတော်သို့ သွားရောက်ပြီး ဘုရားရှင်အား ဆက်ကပ်လေသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်မသည် အရှင်ဘုရားအတွက် ရည်စူးလျက် ဤသင်္ကန်းလျာ ဝတ်စုံကို ကိုယ်တိုင်ရက်လုပ်ခဲ့ပါသည်။

အရှင်ဘုရားသည် တပည့်တော်မအား ထောက်ထားငဲ့ညှာသောအားဖြင့် ဤသင်္ကန်းလျာဝတ်စုံကို ခံယူတော်မူပါဘုရား”

ထိုအခါ ဘုရားရှင်က သင်္ကန်းစကို ကိုယ်တိုင်ခံယူခြင်း မပြုဘဲ သံဃာအား လှူဒါန်းရန် တိုက်တွန်းတော်မူသည်။

“ဂေါတမီ၊ သင်သည် ဤသင်္ကန်းစကို သံဃာအား လှူဒါန်းပါလော့၊ သံဃာအား လှူဒါန်းသည်ရှိသော ငါဘုရားကိုလည်းကောင်း၊ သံဃာကို လည်းကောင်း ပူဇော်ရာ ရောက်ပေလိမ့်မည်”

မိထွေးတော် ဂေါတမီကား ဘုရားရှင်၏ မိန့်ကြားချက်ကို မကျေနပ်လှချေ။ ထက်သန်ပြင်းပြသော စိတ်ဆန္ဒဖြင့် ကိုယ်တိုင်ကိုယ်ကျ ဝါယမစိုက်ထုတ်၍ အထူး ရက်လုပ်ခဲ့သော သင်္ကန်းလျာဝတ်စုံကို ဘုရားရှင်အားသာ လှူဒါန်းလိုပေသည်။ ထို့ကြောင့် တစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ်အထိ ထပ်၍ လျှောက်တင်သည်။ သို့သော် မရပါချေ။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်အောင် ရှေ့နည်းတူပင် မိန့်ကြားတော်မူလေသည်။

ထိုအချိန်တွင် ဘုရားရှင်၏ ထံပါး၌ ရှိနေသည့် ရှင်အာနန္ဒာက ကြားဝင်၍ မိထွေးတော်ဂေါတမီအား စစ်ကူပေးခဲ့သေး၏။ “မိထွေးတော် ဂေါတမီမှာ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ အရှင်မြတ်အား နို့ချို တိုက်၍ ကျွေးမွေးပြုစုခဲ့သူ ဖြစ်ပါသည်။ ဤကျေးဇူးကို ထောက်ထားလျက် မိထွေးတော် လှူဒါန်းသော သင်္ကန်းကို လက်ခံသင့်ပါသည်”ဟူ၍ ဘုရားရှင်အား တောင်းပန်ခဲ့သေး၏။ သို့သော်လည်း ဘုရားရှင်က လက်မခံချေ။ တစ်ဦးတစ်ယောက်တည်းသော ပုဂ္ဂိုလ်အား လှူဒါန်းသော ပုဂ္ဂလိကဒါနထက် ရဟန်းသံဃာ အများစုအား လှူဒါန်းသော သံဃိကဒါနက အတိုင်းအဆပေါင်းများစွာ ပိုမိုအကျိုးရှိကြောင်းကိုသာ မိန့်ကြားတော်မူလေသည်။

ဤနေရာ၌ ဘုရားရှင်သည် မိမိအပေါ်၌ မိထွေးတော် ဂေါတမီ၏ လွှမ်းကဲနေသော ပုဂ္ဂိုလ်စွဲ ချစ်ခင်ကြည်ညိုမှုကို လျော့ပါးသွားစေလိုသော ရည်ရွယ်ချက်လည်း ရှိလိမ့်မည်ဟု ယူဆရပါသည်။ ထို့ပြင် နှောင်းခေတ်

လူတို့အနေဖြင့် ရဟန်းသံဃာတို့အပေါ်၌ ပို၍ အလေးအမြတ်ပြုကြစေရန် ရည်ရွယ်၍ သံဃာအား လှူဒါန်းရန် မိန့်ကြားခြင်းလည်း ဖြစ်ဖွယ်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင်မူ မိထွေးတော် ဂေါတမီမှာ သားတော်ဘုရား၏ အလိုဆန္ဒနှင့်အညီ မိမိ အထူးတလည် ရည်ရွယ်ရက်လုပ်ထားသော သင်္ကန်းကို သံဃာအား လှူဒါန်းခြင်းဖြင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရလေသည်။

## ဘိက္ခုနီပြုခွင့်တောင်းခြင်း

ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်၌ ဘုရားရှင် ပဉ္စမဝါကပ်နေတော်မူစဉ်တွင် ကပိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဘဝဇာတ်ချုပ်ငြိမ်းတော်မူလေသည်။ မင်းကြီးကား အသည်းအသန် နာမကျန်းဖြစ်နေစဉ်တွင် ဝေသာလီပြည်မှ အဆောတလျင် ကြွလာသော သားတော်ဘုရားအား နောက်ဆုံး ဖူးမြင်ခြင်းဖြင့် ဖူးမြင်သွားခဲ့ရလေသည်။

သုဒ္ဓေါဒနမင်းကြီး ကွယ်လွန်သွားသောအခါ ကပိလဝတ်နန်းတော်၌ အားကိုးအားထား ပြုစရာ မင်းယောက်ျားဟူ၍ တစ်ဦးတလေမျှ မကျန်ရှိတော့ချေ။ မိထွေးတော်ဂေါတမီ၊ သမီးတော် ဇနပဒကလျာဏီ(နန္ဒာ)နှင့် ယသော်ဓရာဒေဝီ စသော မင်းမိန်းမများသာ ကျန်ရှိတော့သည်။ သူတို့သုံးဦးတွင်လည်း မိထွေးတော်ကြီး ဂေါတမီမှာ သက်တော် ၈၀-မျှရှိနေပြီဖြစ်၍ လူ့ဘဝ၌ ဆက်နေရန် စိတ်ဆန္ဒမရှိတော့ပြီ။ သုဒ္ဓေါဒနမင်းကြီး အသက်ထင်ရှားရှိစဉ်က မင်းကြီးအား လုပ်ကျွေးပြုစုရန် တာဝန်ရှိခဲ့သော်လည်း ယခုမူ ထိုတာဝန်မှာလည်း ပြီးဆုံးသွားခဲ့လေပြီ။ သို့ဖြစ်၍ သားတော် နောက်သို့ လိုက်ပါသွားပြီး သားတော်၏ ဓမ္မအရိပ်ကို ခိုလှုံနေရန် အကြံ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်တွင် **"မီးလောင်ရာလေပင့်"**ဆိုသကဲ့သို့ ရောဟိနီစစ်ပွဲအပြီးတွင် ရဟန်းပြုသွားခဲ့ကြရသည့် မင်းသားငါးရာတို့၏ အိမ်သူ

သက်ထားတို့ကလည်း မိထွေးတော်ကြီးထံ ချဉ်းကပ်လာသည်။ ယောကျ်ားသားတို့က ဘိက္ခုဘဝဖြင့် ဘုရားရှင်သာသနာသို့ ဝင်ရောက်သွားသကဲ့သို့ မိမိတို့ကလည်း ဘိက္ခုနီဘဝဖြင့် ဘုရားရှင်သာသနာသို့ ဝင်ရောက်လိုကြပါကြောင်း၊ ယင်းသို့ ဝင်ရောက်ခွင့် ရရှိရန် မယ်တော်ကြီးက ဦးစီးခေါင်းဆောင်ပြု၍ ဘုရားရှင်အား လျှောက်ကြားပေးစေလိုပါကြောင်း တင်ပြကြလေသည်။

သို့အားဖြင့် မိထွေးတော်ကြီးသည် သာကီဝင် မင်းသမီးငါးရာတို့နှင့်အတူ နိဂြောဓာရုံ ကျောင်းတော်သို့ သွား၍ ဘုရာရှင်အား တောင်းပန်လေသည်။

"အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါသည်၊ မာတုဂါမတို့အားသာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ပြုတော်မူပါ"

"မသင့်လျော်ဘူး ဂေါတမီ၊ မာတုဂါမများ သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်းကို သင် မလိုလားပါနှင့်"

မိထွေးတော်ကြီး၏ တောင်းဆိုချက်ကို ဘုရားရှင်က ပယ်တော်မူသည်။

မိထွေးတော်ကြီးက မကျေနပ်၍ သုံးကြိမ်တိုင်အောင် ထပ်မံတောင်းဆိုသော်လည်း အချည်းနှီးသာ ဖြစ်လေသည်။ မျက်ရည်စက်လက်ဖြင့် နိဂြောဓာရုံကျောင်းတော်မှ မိထွေးတော်ကြီး ပြန်ခဲ့ရလေသည်။

## ဝေသာလီသို့ ခြေလျင်ခရီး

ဘုရားရှင်သည် ခမည်းတော်ကြီးကိစ္စအတွက် ကပိလဝတ်ပြည်၌ ရက်သတ္တ တစ်ပတ်ခန့်သာ နေတော်မူပြီး ဝေသာလီပြည်သို့ ပြန်ကြွတော်မူသည်။ ဓမ္မအမြင်ကို တစ်စွန်းတစ်စ ရရှိထားပြီးဖြစ်သည့်ပြင် သက်တော်အားဖြင့် ၈၀-ကျော်နေပြီဖြစ်သော မိထွေးတော်ကြီးကား ကပိလဝတ်နန်းတော်၌ လုံးဝ မပျော်မွေ့နိုင်တော့ချေ။ သားတော်ဘုရား နောက်သို့ လိုက်ပါသွားပြီး ဘိက္ခုနီမ ဘဝကို မရအရ ယူရန်သာ စိတ်သန်နေလေသည်။

ထို့ကြောင့် တစ်နေ့တွင် မိထွေးတော်ကြီးသည် သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ဆံပင်များကို ရိတ်ဖြတ်၍ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ဆင်ကာ ကပိလဝတ်ပြည်မှ ထွက်ခွာရန် ပြင်ဆင်လေသည်။

ကပိလဝတ်နှင့် ဝေသာလီမှာ ၅၁–ယူဇနာမျှ ဝေး၏။ လမ်းခရီးကလည်း ချောမွေ့လှသည်မဟုတ်။ ထူထပ်သော တောတောင်လျှိုမြောင် အထပ်ထပ်ကို ဖြတ်သန်း၍ သွားရသော ခရီးကြမ်းဖြစ်၏။ ထို့ကြောင့် မိထွေးတော်ကြီးအား ဆွေတော်မျိုးတော်များက ဝိုင်းဝန်း၍ တားကြသည်။ တား၍ မရသောအခါ သင့်လျော်သော ယာဥ်ရထား၊ အစောင့်အရှောက်တို့ဖြင့် လိုက်ပါပို့ဆောင်ပေးရန် စီမံကြသည်။ လမ်းခရီးတစ်လျှောက်၌ စားသောက်ရန် စားနပ်ရိက္ခာများကိုလည်း စီစဥ်ပေးကြသည်။ သို့သော် မိထွေးတော်က မည်သည့် ယာဥ်ရထားကိုမျှ မစီးဘဲ ယူဇနာ ၅၀–ကျော် ခရီးကို ခြေလျင်လျှောက်၍သာ အရောက်သွားခဲ့သည်။

## ရှင်အာနန္ဒာမှတစ်ဆင့်

ဝေသာလီပြည်သို့ ဆိုက်ရောက်သောအခါတွင်မူ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ငါးရာတို့မှာ တစ်ကိုယ်လုံးတွင် ဖုန်အလိမ်းလိမ်း၊ ရွှံ့အထပ်ထပ်ဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။ ခြေဖဝါးများလည်း ဖူးဖူးရောင်၍ နေကြသည်။ ဤသို့ အခြေမလှ ဖြစ်နေသောကြောင့်ပင် မိထွေးတော်ကြီးမှာ သားတော်ဘုရားထံ ဝင်ရောက်ဦးတိုက်ခြင်း မပြုဝံ့ဘဲ ကူဋာဂါရသာလာကျောင်းတိုက်၏ တံခါးမုခ်ဝ၌ စခန်းချ၍ နေရရှာလေသည်။

“မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ငါးရာတို့ ဆံပင်များကို ရိတ်ဖြတ်၊ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ဆင်ကြကုန်လျက် မြတ်စွာဘုရားထံ လိုက်လာကြသတဲ့”ဟူသော သတင်းမှာ ကူဋာသာလာ ကျောင်းတိုက်အတွင်း၌ ချက်ချင်းပျံ့နှံ့သွားသည်။ များစွာသော ရဟန်းသာမဏေတို့သည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်နေသော မိထွေးတော်

ကြီး၏အဖြစ်ကို တွေ့မြင်ကြရသဖြင့် လွန်စွာ ကရုဏာသက်နေကြလေသည်။

မကြာမီ မိထွေးတော်ကြီးထံ ရှင်အာနန္ဒာရောက်လာသည်။ အကျိုးအကြောင်းကို မေးမြန်းပြီး ဖြေသိမ့်စကား ပြောကြားသည်။ ထို့နောက် ရှင်အာနန္ဒာသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြားတောင်းပန်လေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မိထွေးတော် ဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ကျောင်းတံခါးဝ၌ ဆိုက်ရောက်နေပါသည်။ ဘိက္ခုနီဘဝကို ရယူလိုသဖြင့် ဆံပင်များကို ရိတ်ဖြတ်၊ ဖန်ရည်စွန်းသော အဝတ်များကို ဝတ်ဆင်ကြကုန်လျက် ကပိလဝတ်ပြည်မှ ခြေလျင်ခရီးဖြင့် ပင်ပန်းကြီးစွာ လိုက်လာကြခြင်း ဖြစ်ပါသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မာတုဂါမတို့အား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ပြုတော်မူရန် တပည့်တော် ရိုသေစွာ တောင်းပန်ပါသည် ဘုရား"

ရှင်အာနန္ဒာ၏ တောင်းဆိုချက်ကို ဘုရားရှင်က သိမ်မွေ့စွာ ငြင်းပယ်တော်မူသည်။

"အာနန္ဒာ၊ မာတုဂါမများ သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်းကို သင် မနှစ်သက်ပါလင့်"

သို့သော် ရှင်အာနန္ဒာကား လက်မလျှော့ချေ။ မိထွေးတော်ကြီး၏ အလိုဆန္ဒ ပြည့်ဝစေရန် သုံးကြိမ်တိုင်အောင် ထပ်၍ တောင်းပန်သည်။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်အောင် ရှေ့နည်းတူပင် ငြင်းပယ်တော်မူသည်။ ထိုအခါ ရှင်အာနန္ဒာသည် စကားပရိယာယ် တစ်မျိုးပြောင်းလျက် ဤသို့ လျှောက်ကြားပြန်လေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မာတုဂါမသည် ဤသာသနာ့ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုခြင်းဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုခြင်းငှာ မထိုက်တန်ပါသလော"

"အာနန္ဒာ၊ ဤသို့ကား မထိုက်တန်သည်မဟုတ်၊ ထိုက်တန်သည်သာ ဖြစ်ပေ၏"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သို့ဖြစ်ခဲ့သော် တပည့်တော် တောင်းပန်ပါသည်။ မြတ်စွာဘုရားသည် မာတုဂါမတို့အား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ပြုသင့်ပါသည်။ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား များစွာကျေးဇူးပြုခဲ့သူ ဖြစ်ပါသည်။ မယ်တော်မာယာ ကွယ်လွန်သွားသည့်အချိန်မှစ၍ မြတ်စွာဘုရားအား နို့ချိုတိုက်၍ ကျွေးမွေးပြုစုခဲ့သူ ဖြစ်ပါသည်။"

## ဂရုဓမ္မရှစ်ပါး

စကားအရာ လိမ္မာကျွမ်းကျင်လှသော ရှင်အာနန္ဒာ၏ လျှောက်တင်ချက်မှာ မငြင်းသာအောင် ရှိနေပေသည်။ မာတုဂါမတို့အား သာသနာ့ဘောင်သို့ ဝင်ခွင့်ပြုသင့်သည်မှာလည်း အမှန်ပင် ဖြစ်ပေသည်။ ရှေးရှေးသော မြတ်စွာဘုရားတို့၏ သာသနာ၌ ရဟန်းယောကျ်ားဘိက္ခုများ ရှိခဲ့သကဲ့သို့ ရဟန်းမိန်းမ ဘိက္ခုနီတို့လည်း ရှိခဲ့သည်မှာ အထင်အရှားပင် မဟုတ်ပါလော။

သို့သော်လည်း ဘုရားရှင်အနေဖြင့်မူ မာတုဂါမတို့အား ခပ်လွယ်လွယ်ဖြင့် ဘိက္ခုနီ ပြုခွင့်ပေးရန်မသင့်၊ ကြိုတင်ပညတ်ချက်များဖြင့် လေးနက်စွာ စည်းကမ်းသတ်မှတ်၍ ခွင့်ပြုမှသာ သင့်လျော်မည်ဖြစ်ကြောင်း ကောင်းစွာသိမြင်တော်မူသည်။ သို့ဖြစ်၍ လေးကြိမ်တိုင်အောင် လျှောက်ကြားတောင်းပန်သော ရှင်အာနန္ဒာအား ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူလေသည်။

"***အာနန္ဒာ***၊ မဟာပဇာပတိဂေါတမီသည် အကယ်၍ ဂရုဓမ္မရှစ်ပါးကို ခံယူငြားအံ့၊ ထိုသို့ ခံယူခြင်းဖြင့်ပင် ဘိက္ခုနီအဖြစ်သို့ ရောက်ခြင်းသည် ဖြစ်ပါစေလော"

၂၄၊ ၁၁၊ ၈

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဂရုဓမ္မရှစ်ပါးဟူသည် အဘယ်ပါနည်း"

"**အာနန္ဒာ** ၊ ဘိက္ခုနီသည် –

(၁) ဝါ တစ်ရာ ရသူပင်ဖြစ်စေကာမူ ယနေ့မှ ရဟန်းအဖြစ်သို့ ရောက်သော ဘိက္ခုအား အရိုအသေပြုအပ်၏။

(၂) ဘိက္ခုနီသည် ဘိက္ခုတစ်ပါးမျှ မရှိသော ကျောင်း၌ ဝါဆို ဝါကပ်ခြင်း မပြုအပ်။

(၃) ဘိက္ခုနီသည် တစ်လလျှင် နှစ်ကြိမ် ဘိက္ခုသံဃာထံ၌ ဥပုသ်နေ့ မေးလျှောက်ခြင်းနှင့် ဩဝါဒခံယူရန် ချဉ်းကပ်ခြင်းကို ပြုအပ်၏။

(၄) ဘိက္ခုနီသည် ဝါကျွတ်သောအခါတိုင်း ဘိက္ခုသံဃာနှင့် ဘိက္ခုနီ သံဃာနှစ်ပါးလုံးထံ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှား သံသယဖြစ်ခြင်းတို့ဖြင့် အပြစ်ရှိပါက မိမိအား ဆိုဆုံးမရန် ဖိတ်ကြားခြင်း (ပဝါရဏာ)ကို ပြုအပ်၏။

(၅) ဘိက္ခုနီသည် ကြီးလေးသော (သံဃာဒိသိသ်) အာပတ်သင့်ခဲ့သော် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာနှစ်ပါးလုံးထံ၌ ၁၅–ရက်မျှ ပက္ခမာနတ်ဟု ခေါ်သောအကျင့်ကို ကျင့်အပ်၏။

(၆) ခြောက်ပါးသော သိက္ခာပုဒ်တို့၌ နှစ်နှစ်ပတ်လုံး ကျင့်သုံးဆောက်တည်ပြီးသော သိက္ခာမာန်မသည် ဘိက္ခုသံဃာ၊ ဘိက္ခုနီ သံဃာနှစ်ပါးတို့၌ ဘိက္ခုနီအဖြစ် ခံယူအပ်၏။

(၇) ဘိက္ခုနီသည် တစ်စုံတစ်ခုသော အကြောင်းဖြင့် ဘိက္ခုအား ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း မပြုအပ်။

(၈) ဘိက္ခုနီတို့သည် ဘိက္ခုတို့အား ဆိုဆုံးမခြင်း မပြုအပ်။ ဘိက္ခုတို့ကသာလျှင် ဘိက္ခုနီမတို့အား ဆိုဆုံးမခြင်း ပြုအပ်၏။

***အာနန္ဒာ၊*** ဘိက္ခုနီတို့သည် ဤရှစ်ပါးသော အကျင့်တို့ကို အသက်ထက်ဆုံး အရိအသေ အလေးအမြတ်ပြု၍ ကျင့်အပ်၏။

"***အာနန္ဒာ၊*** မဟာပဇာပတိဂေါတမီသည် အကယ်၍ ဤရှစ်ပါးသော ဂရုဓမ္မအကျင့်တို့ကို ခံယူငြားအံ့၊ ထိုသို့ ခံယူခြင်းဖြင့်ပင် ဘိက္ခုနီအဖြစ်သို့ ရောက်ခြင်းသည် ဖြစ်ပါစေလော့။"

# ဘိက္ခုနီသာသနာ

ဗုဒ္ဓမြတ်စွာ၏ အထက်ပါ မိန့်ကြားချက်ကို ကြားနာရသောအခါ ရှင်အာနန္ဒာသည် မိထွေးတော် ဂေါတမီထံ လျင်မြန်စွာ ပြန်သွားပြီး အကြောင်းစုံကို ပြောကြားသည်။ မိထွေးတော် ဂေါတမီကလည်း ဂရုဓမ္မရှစ်ပါးကို ကျေနပ်နှစ်သက်စွာ ခံယူပါကြောင်း ဝန်ခံကတိပြုလေသည်။

"**အရှင်ဘုရားအာနန္ဒာ၊** မိမိကိုယ်ကို လှပတင့်တယ်စွာ ပြုပြင်လေ့ရှိသော လုလင်ပျို၊ လုံမပျိုသည် ရေချိုးပြီးစဥ် ကြာပန်းကိုဖြစ်စေ၊ မြတ်လေးပန်းကိုဖြစ်စေ ရရှိခဲ့သော် လက်နှစ်ဖက်တို့ဖြင့် ကောင်းစွာခံယူ၍ မိမိဦးခေါင်းထက်၌ ပန်ဆင်ရာသကဲ့သို့ ထို့အတူ တပည့်တော်သည် ဤ**ဂရုဓမ္မရှစ်ပါး** တို့ကို ကောင်းစွာခံယူ၍ အသက်ထက်ဆုံး စောင့်ထိန်းပါအံ့"

ဤသို့လျှင် မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရား၏ ဂရုဓမ္မရှစ်ပါးကို ခံယူခြင်းဖြင့် ပထမဦးဆုံးနှင့် တစ်ပါးတည်းသော ဘိက္ခုနီအဖြစ်သို့ ရောက်ရှိသွားလေသည်။ မိထွေးတော်နှင့်အတူ လိုက်ပါလာသော သာကီဝင်မင်းသမီးငါးရာတို့ကိုမူ **ဘိက္ခုသံဃာထံ ဉတ္တိ စတုတ္ထ ကမ္မဝါစာ**ဖြင့် ဘိက္ခုနီအဖြစ်ခံယူကြရန် ဘုရားရှင်က ညွှန်ကြားတော်မူသည်။ သို့အားဖြင့် ဘုရားရှင် ဝေသာလီပြည်၌ ဝါကပ်တော်မူသော ပဥ္စမဝါတွင် မိထွေးတော် ဂေါတမီကို အကြောင်းပြု၍ ဘိက္ခုနီသာသနာ စတင်ပေါ်ထွန်းလာခဲ့လေသည်။

ထိုမှ နောက်တွင်မူ ရာဇဂြိုဟ်ပြည်မှ ခေမာမိဖုရား၊ သူဌေး ကတော် ဓမ္မဒိန္နာ၊ ဘဒ္ဒကာပိလာနီ အစရှိသော အမျိုးသမီ တို့သည်လည်း ကောင်း၊

ကပိလဝတ်ပြည်မှ ယသော်ဓရာဒေဝီ၊ ဇနပဒကလျာဏီ စသော သာကီဝင် မင်းသမီးတို့သည်လည်းကောင်း၊ သာဝတ္ထိပြည်မှ သူဌေးသမီး ဥပ္ပလဝဏ္ဏာ၊ ပဋာစာရာ၊ ကိသာဂေါတမီ အစရှိသော အမျိုးကောင်းသမီးတို့သည် လည်းကောင်း ဘိက္ခုနီဘဝကို ခံယူခဲ့ကြသည်။ အေးမြသော သာသနာ တော်၏ အရိပ်ကို ခိုလှုံလျက် အတုမဲ့ ချမ်းသာကို ရရှိခဲ့ကြသည်။

# အကျင့်မြတ်နှင့် မာတုဂါမ

ဤသို့လျှင် အမျိုးသမီးထု တစ်ရပ်လုံးအား ငြိမ်းချမ်းရေးလမ်းကို ဖွင့်ပေးခဲ့သည့်အတွက် မိထွေးတော် ဂေါတမီအား ထိုအမျိုးသမီးများက ကျေးဇူးတင်၍ မဆုံးအောင် ရှိခဲ့ကြပေသည်။ သို့သော်လည်း မြတ်စွာဘုရား အနေဖြင့်မူ မာတုဂါမတို့အား ဘိက္ခုနီအဖြစ် ခွင့်ပြုရေးကို ထိန်းထိန်း ချုပ်ချုပ်ဖြင့် ပြုတော်မူခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် မိန်းမနှင့် ယောကျ်ား ရောထွေးယှက်တင် ဖြစ်လာလျှင် သာသနာတော်သန့်ရှင်းရေး၊ သာသနာ တော်တည်တံ့ရေးကို ထိခိုက်စေနိုင်ကြောင်း သိမြင်တော်မူသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် မိထွေးတော်ကြီးအား ဘိက္ခုနီပြုခွင့် ပေးလိုက်ပြီးနောက်တွင် ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူခဲ့လေသည်။

"***အာနန္ဒာ*** ၊ ယောကျ်ားနည်းပါးပြီး မိန်းမများသော အိမ်ကို သူခိုး၊ ဓါးပြတို့ လွယ်ကူစွာ ဖျက်ဆီးနိုင်သကဲ့သို့လည်းကောင်း၊ ကောင်းမွန်သော စပါးခင်း၌ စပါးဖျက်ပိုးကျရောက်လျှင် စပါးပင်များ မအောင်မြင်နိုင် သကဲ့သို့လည်းကောင်း၊ ကောင်းမွန်သော ကြံခင်း၌ ကြံဆစ်ပိုးကျရောက် လျှင် ကြံပင်များ မအောင်နိုင်သကဲ့သို့လည်းကောင်း၊ ထို့အတူပင် မာတုဂါမ များ ဝင်ရောက်လာသော သာသနာ၌ အကျင့်မြတ်သည် ကြာမြင့်စွာ မတည်တတ်ချေ။

"***အာနန္ဒာ*** ၊ သို့ပင်ဖြစ်ငြားသော်လည်း လယ်သမားယောကျ်ားသည် တစ်ဖက်ဆည်ကန်ကြီးမှ ရေများ စီးထွက်မသွားစေရန် ကန်ပေါင်၊

ကန်သင်းကို ကြိုတင်ဆည်ဖို့သကဲ့သို့၊ ထို့အတူ ငါသည်လည်း အကျင့်မြတ် ကြာမြင့်စွာ တည်တံ့စေရန် ဘိက္ခုနီတို့အား ဂရုဓမ္မရှစ်ပါးကို ကြိုတင်ပညတ် ခဲ့ရခြင်း ဖြစ်ပေ၏။"

## ဧတဒဂ်ရရှိခြင်း

မိထွေးတော်ဂေါတမီသည် သက်တော်ရှစ်ဆယ်ကျော် ကိုးဆယ် နီးပါးအရွယ်သို့ ရောက်မှ သားတော်ဘုရား၏ ခွင့်ပြုချက်ဖြင့် ဘိက္ခုနီ ဘဝကို ရရှိခဲ့ခြင်း ဖြစ်၏။ ဘိက္ခုနီဘဝကို ရရှိပြီးနောက် မကြာမီပင် သားတော်ဘုရား ညွှန်ကြားသောနည်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများ အားထုတ်သဖြင့် အာသဝေါကင်းစင်သော ရဟန္တာထေရီမကြီး အဖြစ်သို့ ရောက်ရှိသွားလေသည်။ သာကီဝင်မင်းသမီးငါးရာတို့လည်း ဘိက္ခုနီဖြစ်ပြီး မကြာမီပင် ရဟန္တာ ဖြစ်သွားခဲ့ကြသည်။

ထို့နောက် မြတ်စွာဘုရားက ထိုထိုအရာ၌ ထူးချွန်သော တပည့် သာဝကတို့အား ထိုက်တန်သော ဧတဒဂ်ဘွဲ့ထူးများ ချီးမြှောက်တော်မူသော အခါ ဂေါတမီထေရီကြီးအား

**"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ရတ္တညူနံ**
**ဘိက္ခုနီနံ ယဒိဒံ မဟာပဇာပတိ ဂေါတမီ"**

ဟူ၍ သိက္ခာဝါအကြီးဆုံးသော ဘိက္ခုနီအဖြစ်ဖြင့် **"ရတ္တညူဧတဒဂ်"** ကို ပေးတော်မူလေသည်။

## ပဒုမုတ္တရဘုရားထံ၌ ဆုပန်ခဲ့သူ

ဤသို့လျှင် ဘုရားအလောင်းတော်အား ကိုယ်တိုင်ကိုယ်ကြပ် နို့ချို တိုက်၍ ကျွေးမွေးပြုစုရသည့် မိထွေးတော်ဖြစ်ခဲ့ပြီး နောင်တွင်လည်း ပထမဦးဆုံးသော ဘိက္ခုနီအဖြစ်ဖြင့် **ရတ္တညူဧတဒဂ်**ကို ရရှိခဲ့ခြင်းတို့ကား မိန်းမသားတစ်ဦးအဖို့ ရတောင့်ရခဲ အခွင့်အရေးများ ဖြစ်ပေသည်။

မဟာပဇာပတိ ဂေါတမီထေရီမကြီးသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်တွင် ပဒုမုတ္တရမြတ်စွာဘုရားထံ၌ **ရတ္တညူဧတဒဂ်**ရရှိရန် ဆုပန်ခဲ့ပြီး များစွာသော ဘဝတို့၌ ပါရမီသမ္ဘာရကို ဖြည့်ကျင့်ဆည်းပူးခဲ့၏။ ဘုရားလောင်း၏ မယ်တော်ရင်းသော်လည်းကောင်း၊ မိထွေးတော်သော်လည်းကောင်းဖြစ်၍ ဘုရားအလောင်းအား ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော ဘဝတို့သည်လည်း များစွာပင် ရှိခဲ့လေသည်။ အမှန်အားဖြင့် ဂေါတမီထေရီမကြီးသည် များစွာသော ဘဝတို့၌ ဘုရားလောင်း၏ ပါရမီဖြည့်ကျင့်မှုတွင် နောက်ပိုင်းမှနေ၍ ကူညီပံ့ပိုးပေးခဲ့ရသူ တစ်ဦးပင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း နောက်ဆုံးဘဝ၌ ထိုက်တန်သော နေရာကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။

## ဘိက္ခုနီတို့၏ မိခင်ကြီး

ဘိက္ခုနီသာသနာ၌ အသက်သိက္ခာအားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း အကြီးမြတ်ဆုံးသော ဂေါတမီထေရီမကြီးကို သာကီဝင်မင်းသမီးဖြစ်သော ဘိက္ခုနီငါးရာတို့က မိခင်ကြီးသဖွယ် မှီခိုအားထားကြသည်။ မိမိတို့၏ ကျေးဇူးရှင်ကြီးအဖြစ်ဖြင့် လေးစားမြတ်နိုးကြသည်။ ထေရီမကြီး သွားလေရာသို့ ထက်ကြပ်မကွာ လိုက်ပါ၍ ဝတ်ကြီးဝတ်ငယ် ပြုစုကြသည်။ အမှန်အားဖြင့် ထိုဘိက္ခုနီငါးရာတို့သည် များစွာသော ဘတိတ်ဘဝတို့၌ ထေရီမကြီးနှင့် အတူတကွ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြသူများ ဖြစ်ပေသည်။ ထို့ကြောင့်လည်း နောက်ဆုံးဘဝ၌ ပြန်လည်ဆုံစည်းမိကြခြင်း ဖြစ်လေသည်။

ဂေါတမီထေရီမကြီးကို ဘိက္ခုနီတို့ကသာမက ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသည့် သာဝကကြီးများကလည်း ဘုရားရှင်၏ မယ်တော်ကြီးအဖြစ်ဖြင့် အလေးဂရုပြုတော်မူကြသည်။ သားတော် နန္ဒ၊ မြေးတော် ရာဟုလာ၊ တူတော် ရှင်အာနန္ဒာ စသည့် သွေးရင်းသားရင်းတို့ကလည်း လိုအပ်သလို ကူညီဖေးမ စောင့်ရှောက်ကြသည်။ သို့အားဖြင့် ထေရီမကြီးမှာ

သားတော်ဘုရား၏ ကျေးဇူးဖြင့် သာသနာတော်၏ အရိပ်ကို ခိုလှုံရသည့် အချိန်မှစ၍ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းတို့ကို ပြည့်ဝစွာ ခံစားခဲ့ရလေသည်။ ထို့ကြောင့်ပင် သက်တော်လည်း ရှည်ကြာစွာ နေတော်မူခဲ့ရသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးအချိန်၊ သက်တော် (၁၂၀)သို့ ရောက်မှ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေသည်။

## ဝေသာလီတွင် နိဗ္ဗာန်ဝင်

မိထွေးတော်ကြီးသည် ဝေသာလီပြည်၌ ဘိက္ခုနီဘဝကို ရရှိခဲ့သကဲ့သို့ ပရိနိဗ္ဗာန်ပြုသောအခါ၌လည်း ဝေသာလီပြည်၌ပင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေသည်။

မိထွေးတော်ကြီး ပရိနိဗ္ဗာန်ပြုသောအချိန်မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မမူမီ ဆယ်နှစ်ဝန်းကျင်လောက်တွင် ဖြစ်၏။ ထိုအချိန်တွင် ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်၌ သီတင်းသုံးနေပြီး ဂေါတမီထေရီမကြီးမှာလည်း ဝေသာလီ မြို့တွင်းရှိ ဘိက္ခုနီတို့၏ ကျောင်း၌ သာကီဝင်မင်းသမီးများဖြစ်သော ဘိက္ခုနီငါးရာတို့ နှင့်အတူ သီတင်းသုံးလျက် ရှိလေသည်။ ထေရီမကြီးသည် တစ်နေ့သ၌ မိမိ၏ အသက်အရွယ်ကို ဆင်ခြင်ရာ အသက် (၁၂၀)ပြည့်ခဲ့ပြီ ဖြစ်ကြောင်း သိရှိလေသည်။ ထို့ကြောင့် "ငါကား အရွယ်လွန်ခဲ့လေပြီ၊ ဤအသက်၊ ဤခန္ဓာဖြင့် ကြာမြင့်စွာ နေရတော့မည်မဟုတ်၊ သားတော်ဘုရား ပရိနိဗ္ဗာန် စံသည့်တိုင်အောင် တည်နေနိုင်တော့မည်မဟုတ်၊ အဂ္ဂသာဝက အရှင်မြတ်ကြီး နှစ်ပါးနှင့်တကွ သားတော် နန္ဒ၊ မြေးတော် ရာဟုလာ၊ တူတော် အာနန္ဒာတို့ ပရိနိဗ္ဗာန်ပြုသည်ကိုလည်း ငါမြင်ခွင့်ရရှိတော့မည် မဟုတ်။"

ထေရီမကြီးသည် ဤသို့ စဉ်းစားပြီးနောက် မိမိ၏ အသက်အပိုင်းအခြားကို တိကျစွာ ဆင်ခြင်သောအခါ မိမိ၏ သက်တမ်းမှာ ယနေ့ပင် ကုန်ဆုံးနေပြီဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် "ငါသည် ယခုပင်

**ဘုရားရှင်အား ပန်ကြား၍ ပရိနိဗ္ဗာန်ပြုတော့အံ့**"ဟု ဆုံးဖြတ်လိုက်လေသည်။ ထိုခဏမှာပင် အတူနေ ဘိက္ခုနီငါးရာတို့ ထေရီမကြီးထံရောက်လာကြပြီး သူတို့လည်း ထေရီမကြီးနှင့်အတူ ပရိနိဗ္ဗာန်ပြုကြပါတော့မည်ဟု လျှောက်ကြားကြလေသည်။

## ဘုရားရှင်ထံအခွင့်ပန်

သို့အားဖြင့် ဂေါတမီထေရီမကြီးသည် ဘုရားရှင်ထံ သွားရောက်ပန်ကြားရန်အတွက် ဘိက္ခုနီငါးရာ ခြံရံလျက် ဘိက္ခုနီကျောင်းတိုက်မှ ချက်ချင်း ထွက်ခွာလေသည်။ ထိုသို့ ထွက်ခွာစဉ် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ မိမိနေထိုင်ခဲ့သော ဘိက္ခုနီကျောင်းကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုလျက် ကျောင်းစောင့်နတ်တို့အားလည်း ပန်ကြားနှုတ်ဆက်ခဲ့လေသည်။

**"ဇရာ ဝါ မစ္စု ဝါ ယတ္ထ**
**အပ္ပိယေဟိ သမာဂမော**
**ပိယေဟိ ဝိပ္ပယောဂေါ နတ္ထိ**
**တံ ဝဇိဿံ အသင်္ခတံ"**

*"အိုခြင်းလည်းမရှိ၊ သေခြင်းလည်းမရှိသော*
*မချစ်မနှစ်သက်အပ်သူတို့နှင့် အတူတကွနေရခြင်းလည်းမရှိသော*
*ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းလည်း မရှိသော*
*အသင်္ခတဓါတ် မြတ်သောနိဗ္ဗာန်သို့*
*ကျွန်ုပ်သွားပါတော့မည်"*

"ဂေါတမီထေရီမကြီးနဲ့ ဘိက္ခုနီငါးရာ ပရိနိဗ္ဗာန်ပြုကြတော့မည်တဲ့၊ ဘုရားရှင်ကို ပန်ကြားဖို့ ကျောင်းက ထွက်လာကြပြီတဲ့"

ဤသတင်းမှာ ဝေသာလီမြို့ထဲ၌ ချက်ချင်းပျံ့နှံ့သွားသည်။ ထောင်ပေါင်းများစွာသော မြို့သူမြို့သားများ လမ်းသို့ ထွက်လာကြသည်။ ထေရီမကြီးနှင့် ဘိက္ခုနီတို့အား ဝမ်းနည်းပက်လက်ဖြင့် ရှိခိုးကန်တော့

ကြသည်။ သည်းထန်စွာ ငိုကြွေးမြည်တမ်းကြသည်။ ထိုမြို့သူမြို့သား တို့အား သက်သာရာ ရစေရန် ထေရီမကြီးက တရားပြ၍ ဟောပြော ဆုံးမသည်။

*"သားတို့၊ သမီးတို့၊ မငိုကြွေးကြကုန်လင့်၊ ယခုအချိန်အခါသည် ငိုကြွေးရမည့် အချိန်အခါမဟုတ်ပေ၊ ဝမ်းမြောက်ရမည့် အချိန်အခါသာ ဖြစ်ပေ၏။*

*ငါသည် အချိန်ကြာမြင့်စွာက လိုလားတောင့်တခဲ့သော တရားထူးကို ရရှိသည်ဖြစ်၍ ယခုအခါ လေးလံသောခန္ဓာဝန်ကို ချရပေတော့မည်။*

*သားတို့၊ သမီးတို့၊ သင်တို့သည် အကယ်၍ ငါ့အပေါ် အမှန်တကယ် ချစ်ခင်မြတ်နိုးမှုရှိခဲ့ကြပါမူ၊ ငါ့အား ကျေးဇူးတုံ့ပြန်မှု ပြုလိုကြပါမူ သူတော်ကောင်းတရား တည်တံ့စေရန် ထက်သန်စွာ အားထုတ်မှုကို ပြုကြပါကုန်လော။*

*ငါ၏ လျှောက်ထားတောင်းပန်မှုဖြင့် မြတ်စွာဘုရားသည် မိန်းမသားတို့အား ရဟန်းပြုခွင့် ပေးတော်မူခဲ့ပေပြီ။*

*ထို့ကြောင့် ငါသည် ငြိမ်းချမ်းပျော်ရွှင်မှုကို ရရှိသကဲ့သို့ သင်တို့သည် လည်း ငြိမ်းချမ်းပျော်ရွှင်မှု ရရှိရန် ကျင့်ကြံအားထုတ်ကြပါကုန်လော့"*

## နောက်ဆုံးဝန္ဒနာ

ဤသို့လျှင် ဂေါတမီထေရီမကြီးသည် လမ်းဘေးတစ်လျှောက်မှ စောင့်ကြိုနေကြသည့် မြို့သူမြို့သားတို့အား တရားပြ၍ ဆုံးမရင်း ဖြင့်ပင် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်သို့ ဆိုက်ရောက်သွား လေသည်။

ထိုအခါ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံသော ခြေတော်အစုံကို ဦးတိုက်လျက် ဘုရားရှင်အား ရှိသေစွာ ရှိခိုးသည်။ ဘုရားရှင်၏ ကျေးဇူးတော်များကိုလည်း ထုတ်ဖော်လျှောက်ကြားလေသည်။

"အဟံ သုဂတ တေ မာတာ
တွံ စ ဝီရ ပိတာ မမ
သဒ္ဓမ္မသုခဒ နာထ
တယာ ဇာတာမှိ ဂေါတမ"

*"ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား–*
*ကျွန်ုပ်သည် အရှင်၏ လောကမယ်တော်ဖြစ်ပါသည်။*
*အရှင်သည်ကား ကျွန်ုပ်၏ ဓမ္မဖခင် ဖြစ်ပါသည်။*
*ဓမ္မချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရား–*
*ကျွန်ုပ်သည် အရှင်မြတ်၏ ကျေးဇူးကြောင့် ဓမ္မ၌ မွေးဖွားခဲ့ရပါသည် ဘုရား"*

"သံဝဒ္ဓိတောယံ သုဂတ
ရူပကာယော မယာ တဝ
အနိန္ဒိတော ဓမ္မတနု
မမ သံဝဒ္ဓိတော တယာ၊

*"လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား–*
*အရှင်မြတ်၏ တင့်တယ်သော ရူပကာယကို ကျွန်ုပ်က ကြီးထွားစေခဲ့ပါသည်။*
*ကျွန်ုပ်၏ အပြစ်ကင်းစင်သော ဓမ္မကာယကိုမူ အရှင်မြတ်က ကြီးထွားစေခဲ့ပါသည် ဘုရား။"*

"မုဟုတ္တံ တဏှာသမဏံ
ခီရံ တွံ ပါယိတော မယာ

**တယာဟံ သန္တ မစ္စန္တံ**

**ဓမ္မခီရံ သုပါယိတာ"**

*"အိုံ သားတော်အရှင်မြတ်--*

*ကျွန်ုပ်သည် အရှင့်အား တစ်ခဏမျှ ဆာလောင်မှု ပြေစေနိုင်သော*

*နို့ရည်ကိုသာ တိုက်ကျွေးနိုင်ခဲ့ပါသည်။*

*အရှင်မြတ်သည်ကား ကျွန်ုပ်အား*

*ဆာလောင်မှုကို ထာဝစဉ် ငြိမ်းအေးစေသော*

*ဓမ္မနို့ရည်ကို တိုက်ကျွေးခဲ့ပါသည်ဘုရား။"*

**"မန္ဓာတာဒိနဒိန္ဒာနံ**

**ယာ မာတာ သာ ဘဝဏ္ဏဝေ**

**နိမုဂ္ဂါဟံ တယာ ပုတ္တ**

**တာရိတာ ဘဝသာဂရာ"**

*"မန္ဓာတ်မင်း စသည်တို့၏ မယ်တော်များသည်*

*ဘဝသံသရာ ဟူသော သမုဒ္ဒရာ၌*

*နစ်မြုပ်၍သာ နေကြရပါသည်။*

*အရှင်မြတ်သည်ကား ကျွန်ုပ်အား ဘဝသံသရာဟူသော*

*သမုဒ္ဒရာမှ ကယ်တင်တော်မူခဲ့ပါသည်ဘုရား။"*

**"ရညော မာတာ မဟေသီတိ**

**သုလဘံ နာမမိတ္ထီနံ**

**ဗုဒ္ဓမာတာတိ ယံ နာမံ**

**ဧတံ ပရမဒုလ္လဘံ၊"**

*"ဘုရင်ကေရာဇ်တစ်ပါး၏ မယ်တော်မိဖုရားကြီးဟူသော အမည်ကို ကျွန်ုပ်တို့ မိန်းမသားများ ရရှိရန် လွယ်ကူလှပါသည်။ ဘုရားရှင်၏ မယ်တော်ဟူသော အမည်ကိုမူ ကျွန်ုပ်တို့ မိန်းမသားများ လွန်စွာမှ ရခဲလှပါသည် ဘုရား။"*

## ခွင့်လွှတ်တော်မူပါ

ဂေါတမီထေရီမကြီးသည် ဘုရားရှင်၏ ကျေးဇူးတော်များကို ထုတ်ဖော်လျှောက်ကြားပြီး မိမိအား ပရိနိဗ္ဗာန်ပြုခွင့်ပေးပါရန် ပန်ကြားသည်။

ထို့နောက် မိမိ၌ တစ်စုံတစ်ရာ အပြစ်ရှိခဲ့ပါက ခွင့်လွှတ်တော်မူပါရန်လည်း ခြေတော်အစုံကို ဖက်၍ အနူးအညွတ် တောင်းပန်လေသည်။

**"တံ နမာမိ နရာဒိစ္စ**
**အာဒိစ္စကုလ ကေတုန**
**ပစ္ဆိမေ မရဏေ မယှံ**
**န တံ ဣက္ခာမဟံ ပုနော"**

*"နေမျိုးနွယ်တို့၏ မှန်ကင်းသဖွယ်ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ ကျွန်ုပ်သည် နောက်ဆုံး သေဆုံးခြင်းဖြင့် သေဆုံးခြင်း မဖြစ်မီ အချိန်၌ အရှင်မြတ်အား ရှိခိုးကန်တော့ခဲ့ပါသည်။ ကျွန်ုပ်သည် အရှင်မြတ်အား နောက်တစ်ဖန် ဖူးမြင်နိုင်တော့မည် မဟုတ်ပါ။"*

**"ဣတ္ထိယော နာမ လောကဂ္ဂ**
**သဗ္ဗ ဒေါသာကရာ မတာ**
**ယဒိ ကောစတ္ထိ ဒေါသော မေ**
**ခမဿု ကရုဏာကရ"**

*"သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရား။*
*မိန်းမသားတို့မည်သည် အပြစ်ခပ်သိမ်းတို့၏တည်ရာဖြစ်ကုန်၏ဟူ၍*
*လောက၌ အသိအမှတ် ပြုထားကြပါသည်။*
*ကျွန်ုပ်တို့၌ တစ်စုံတစ်ခုသော အပြစ်ရှိခဲ့ပါလျှင်*
*သနား ကရုဏာနှင့် ပြည့်ဝတော်မူသော အရှင်မြတ်က*
*ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါဘုရား"*

**"ဣတ္ထိယာနံ့စ ပဗ္ဗဇ္ဇံ**
**ယမယာစိ ပုနပ္ပုနံ**
**တတ္ထ စေ အတ္ထိ ဒေါသော မေ**
**တံ ခမဿု နရာသဘ"**

*"လူတို့၏ ရှေ့သွားဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ ကျွန်ုပ်သည် မိန်းမသားများ ရဟန်းပြုခွင့်ရရှိရန်*
*ကြိမ်ဖန်များစွာ တောင်းပန်ခဲ့ပါသည်။ ယင်းသို့ တောင်းပန်ခြင်းကြောင့် အပြစ်တစ်စုံတစ်ခု ရှိခဲ့သော် ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါဘုရား"*

**"မယာ ဘိက္ခုနိယော ဝီရ**
**တဝါနုညာယ သာသိတာ**
**တတြ စေ အတ္ထိ ဒုန္နီတံ**
**တံ ခမဿု ခမာဓိပ"**

*"ကြီးသော လုံ့လရှိတော်မူသော အရှင်မြတ်ဘုရား၊ ကျွန်ုပ်သည် အရှင်မြတ်၏ ခွင့်ပြုတော်မူချက်ဖြင့်*

*ဘိက္ခုနီတို့ကို သွန်သင် ဆုံးမခဲ့ပါသည်။*

*ယင်းသို့ ဆုံးမရာ၌ ချွတ်ချော်တိမ်းပါးမှု ရှိခဲ့ပါလျှင် သည်းခံမှုနှင့်*

*ပြည့်ဝတော်မူသော အရှင်မြတ်က*

*ကျွန်ုပ်အား သည်းခံခွင့်လွှတ်တော်မူပါဘုရား။"*

ဘုရားရှင်အား နောက်ဆုံး ဖူးမြင်ခြင်းဖြင့် ဖူးမြင်ပြီး မိမိ၌ အပြစ်ရှိပါလျှင်လည်း ခွင့်လွှတ်တော်မူရန် တောင်းပန်သော ဂေါတမီထေရီမကြီးအား ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူလေသည်။

**"အက္ခဏွေ နာမ ခန္တဗ္ဗံ**

**ကိံ ဘဝေ ဂုဏဘူသနေ**

**ကိမုတ္တရံ တေ ဝက္ခာမိ**

**နိဗ္ဗာနာယ ဝဇန္တိယာ"**

*"သီလ၊ သမာဓိ စသော ဂုဏ်အင်္ဂါအပေါင်းတို့နှင့် တင့်တယ်လှပသော ဂေါတမီ၊*

*သည်းခံစရာမရှိသော သူ၌ သည်းခံဖွယ် ဘယ်မှာ ရှိပါလိမ့်မည်နည်း။*

*ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်သို့ သွားသော သင့်အား အဘယ်သို့လျှင် တုံ့ပြန်ပြောဆိုဖွယ် ရှိတော့အံ့နည်း။"*

# အံ့ဩဖွယ်ရာ တန်ခိုးပြာဋိဟာ

ဘုရားရှင်က ထိုသို့မိန့်ကြားသောအခါ ဂေါတမီထေရီမကြီးနှင့်အတူ လိုက်ပါလာသည့် ငါးရာသော ဘိက္ခုနီတို့က မိမိတို့လည်း ထေရီမကြီးနှင့် အတူပင် ပရိနိဗ္ဗာန်ပြုကြတော့မည်ဖြစ်ကြောင်း ပန်ကြားလျှောက်တင်ကြသည်။ ထိုအခါ ဘုရားရှင်က ထေရီမကြီးအား—

"အချင်း ဂေါတမီ၊ အသိအလိမ္မာ ဉာဏ်ပညာ ခေါင်းပါးသူတို့သည် မိန်းမသားတို့၏ တရားထူးရရှိမှု၌ ယုံမှားသံသယရှိနေတတ်ကြကုန်၏။

ထိုသူတို့၏ ယုံမှား သံသယကင်းပျောက်စေရန် တန်ခိုးပြာဋိဟာကို ပြခဲ့ပါဦးလော့”ဟု မိန့်ကြားတော်မူသည်။

ဤသို့ ဘုရားရှင်က တိုက်တွန်းတော်မူလေသော် ဂေါတမီထေရီမကြီးသည် ဘုရားရှင်အား ရှိခိုးပြီး ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်ပြင်၌ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေခြင်း၊ စင်္ကြံလျှောက်ခြင်း၊ များစွာသော နိမ္မိတရုပ်ပွားတို့ကို ဖန်ဆင်းခြင်း၊ ရေပြင်ပေါ်၌ လမ်းလျှောက်ခြင်း၊ မြေကြီးအောက်၌ ငုပ်လျှိုး၍သွားခြင်း စသည့် အံ့သြဖွယ်ရာများစွာသော တန်ခိုးပြာဋိဟာတို့ကို ပြသလေသည်။

ထိုအခါ အံ့သြဖွယ်ရာ တန်ခိုးပြာဋိဟာတို့ကို ရှုမြင်ရသော ပရိသတ်အပေါင်းက “အဘယ်သို့သောကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့သဖြင့် ဤသို့သော တန်ခိုးဣဒ္ဓိတို့ကို ရရှိခဲ့ပါသနည်း”ဟု ထေရီမကြီးအား မေးလျှောက်ကြသည်။

ထေရီမကြီးက ပဒုမုတ္တရာဘုရားရှင်ထံ ဆုပန်ခဲ့ပုံမှစ၍ များစွာသောဘဝတို့၌ သာကီဝင် မင်းသမီး ငါးရာတို့နှင့်အတူ မိမိ၏ ပါရမီဖြည့်ကျင့်ခဲ့ပုံများကို ပြန်ပြောင်း ပြောကြားလေသည်။

ထို့နောက် ဂေါတမီထေရီမကြီးသည် တူတော် ရှင်အာနန္ဒာ၊ သားတော် အရှင်နန္ဒ၊ မြေးတော် ရှင်ရာဟုလာတို့နှင့်တကွ ရဟန်းသံဃာအပေါင်းအားလည်း ရိုသေစွာ ရှိခိုး၍ မိမိ ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း ပန်ကြားလေသည်။

## ရှင်အာနန္ဒာ ငိုကြွေးခြင်း

ထိုအခါ အရှင်နန္ဒနှင့် အရှင်ရာဟုလာတို့မှာ အာသဝေါကင်းစင်နေကြပြီဖြစ်၍ သင်္ခါရတရားတို့၏ အနိစ္စသဘောကို ဆင်ခြင်ကြကုန်လျက်

ဣန္ဒြေမပျက်နေတော်မူကြလေသည်။ သောတာပန်မျှသာ ဖြစ်သေးသော ရှင်အာနန္ဒာမှာမူ ဣန္ဒြေမဆည်နိုင်ဘဲ သည်းထန်စွာ ငိုကြွေးရာလေသည်။

**"ဟာ သန္တိံ ဂေါတမီ ယာတိ**

**နနု ဗုဒ္ဓေါပိ နိဗ္ဗုတိံ**

**ဂစ္ဆတိ နစိရေနေဝ**

**အဂ္ဂိရိဝ နိရိန္ဓနော"**

*"မယ်တော်ကြီး ဂေါတမီသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ဝင်စံတော်မူတော့မည်တဲ့။*

*ဗုဒ္ဓရှင်တော်မြတ်သည်လည်း မကြာမီပင် မီးပုံကြီး ငြိမ်းသွားသကဲ့သို့ ဘဝဇာတ်ချုပ်ငြိမ်းခြင်းသို့ ရောက်တော်မူတော့မှာတကား။"*

ဤသို့ သည်းထန်စွာ ငိုကြွေးနေသော ရှင်အာနန္ဒာကို ထေရီမကြီးက တရားပြ၍ နားချရပြန်သည်။ မိမိအား ဘိက္ခုနီပြုခွင့်ရရှိရန် ကူညီတောင်းပန်ပေးခဲ့သည့် ကျေးဇူးကို ထုတ်ဖော်၍ အားပေးဖြေသိမ့် စကားပြောကြားရပြန်သည်။

**"တယာ တာတ သမိဒ္ဓိမှော**

**ပဗ္ဗဇ္ဇံ အနုဇာနိ နော**

**မာ ပုတ္တ ဝိမနော ဟောသိ**

**သဖလော တေ ပရိဿမော**

*"ချစ်သား အာနန္ဒာ၊ စိတ်နှလုံး မကြည်မသာ မဖြစ်ပါလင့်၊ သင်၏ ကူညီတောင်းပန်မှုကြောင့် မယ်တော်ကြီးတို့ ဘိက္ခုနီ အဖြစ်ကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ သင်၏ ကြိုးစားအားထုတ်မှုမှာ အမှန်ပင် အကျိုးကျေးဇူးကြီးလှပါပေသည်။"*

ဂေါတမီထေရီမကြီးသည် ဘုရားရှင်နှင့် ရဟန်းသံဃာအပေါင်းအား ရှိခိုးကန်တော့ပြီး ဘိက္ခုနီငါးရာတို့နှင့်အတူ ကူဋာဂါရသာလာကျောင်းတိုက်မှ

ထွက်ခဲ့သည်။ ဘုရားရှင်ကလည်း ရဟန်းသံဃာအပေါင်းခြံရံလျက် မယ်တော်ကြီးအား ကျောင်းတိုက်တံခါးမုခ်အထိ လိုက်ပါပို့ဆောင်တော်မူလေသည်။

## ဘဝဇာတ်ချုပ်ငြိမ်းခြင်း

ထေရီမကြီးနှင့် ဘိက္ခုနီငါးရာ မိမိတို့နေရာကျောင်းသို့ ပြန်ရောက်ကြသောအခါ ထောင်ပေါင်းများစွာသော ဝေသာလီပြည်သူတို့ စုဝေးလာကြပြီး ထေရီမကြီး၏ ခြေရင်း၌ ဝမ်းပန်းတနည်း ငိုပွဲကြီး ဆင်ကြပြန်သည်။ ဆံပင်ကို ကြဲဖြန့်၍လည်းကောင်း၊ လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကို ထု၍လည်းကောင်း၊ မြေပြင်၌ လူးလိမ့်၍ ငိုကြွေးနေကြသော ဝေသာလီမြို့သူတို့ကို ထေရီမကြီးက တရားပြ၍ နားချပြီး ချော့မော့ဖြေသိမ့်ကာ အိမ်သို့ ပြန်ကြရန် တိုက်တွန်းရလေသည်။

ဝေသာလီမြို့သူများ ဘိက္ခုနီကျောင်းမှ ပြန်သွားကြသောအခါ ဂေါတမီထေရီမကြီးနှင့်တကွ ငါးရာသော ဘိက္ခုနီတို့သည် ပထမဈာန်စသော ဈာန်သမာပတ်တို့ကို အနုလုံ ပဋိလုံ အစုန်အဆန် ဝင်စားကြပြီး စတုတ္ထဈာန် သမာပတ်၏ အဆုံး၌ မီးစာကုန် ဆီခန်းသော မီးခွက်မှ မီးတောက်မီးလျှံ ငြိမ်းသွားသကဲ့သို့ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ဘဝဇာတ် ချုပ်ငြိမ်းသွားကြလေသည်။

ထိုအခါ မြေငလျင်ကြီးစွာ တုန်လှုပ်ခြင်း၊ ကောင်းကင်မှ ဥက္ကာကျခြင်း၊ သည်းထန်စွာ မိုးချုန်းခြင်း စသော အံ့ဖွယ်များ တစ်ပြိုင်နက် ဖြစ်ပေါ်လာကုန်၏။ နတ်နဂါး အသုရာ ဗြဟ္မာ သိကြား စသည်တို့၏ ငိုကြွေးကြော်သံများဖြင့်လည်း တစ်လောကလုံး ပွဲတင်ထပ်သွားလေသည်။

**"ဟာ သံယောဂါ ဝိယောဂန္တာ**

**ဟာ နိစ္စံ သင်္ခတံ**

**ဟာ ဧဝိတံ ဝိနာသန္တံ**

**ဣုစ္စာသိ ပရိဒေဝနာ**

*"ချစ်ခင်မြတ်နိုးသူတို့နှင့် အတူတကွ ပေါင်းဖော်ရခြင်းတို့သည်*
*ကွေကွင်းရခြင်းလျှင် အဆုံးရှိကုန်၏။*
*သင်္ခါရတရားဟူသမျှသည် အမြဲမရှိချေ။*
*အသက်ရှည်ခြင်းသည် ပျက်စီးခြင်းလျှင် အဆုံးရှိချေ၏။*
*ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှပါတကား"*

ဂေါတမီထေရီမကြီးနှင့် ဘိက္ခုနီငါးရာတို့ ပရိနိဗ္ဗာန်စံသောအခါ ဤသို့လျှင် နတ်ဗြဟ္မာတို့၏ ငိုကြွေးမြည်တမ်းခြင်းများ ဖြစ်ပေါ်ခဲ့လေသည်။

* * *

# ယသော်ဓရာဒေဝီ

## လင်ကိုဘုရား၊ သားကိုသခင် ထင်ခဲ့သူ

ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးနှင့် မာယာဒေဝီတို့မှ သိဒ္ဓတ္ထမင်းသားကို မွေးဖွားသည့်နေ့မှာပင် ဒေဝဒဟမြို့မှ သုပ္ပဗုဒ္ဓမင်းကြီးနှင့် ကြင်ယာတော် အမိတာတို့မှလည်း သမီးတော်တစ်ပါး မွေးဖွားခဲ့သည်။ ရွှေအဆင်းကဲ့သို့ ဝါဝင်းရွှန်းပသော အသားအရေရှိခြင်းကြောင့် ထိုမင်းသမီးလေးအား **"ဘဒ္ဒကစ္စာနာ"**သို့မဟုတ် **"ဘဒ္ဒကဥ္စနာ"**ဟု နာမည်ပေးခဲ့ကြသည်။

မာယာဒေဝီနှင့် သုပ္ပဗုဒ္ဓမင်းကြီးတို့ကား မောင်နှမအရင်းအချာများဖြစ်ကြသည်။ သာကီဝင်မင်းမျိုးတို့သည် မိမိတို့ အမျိုးအနွယ်ကို စောင့်ထိန်းသောအားဖြင့် သားသမီးများကို ဆွေမျိုးရင်းချာချင်းသာ ထိမ်းမြားလက်ထပ်ပေးလေ့ရှိကြသည်။ ဘဒ္ဒကစ္စနာ မင်းသမီးလေး အသက် တစ်ဆယ့်ခြောက်နှစ်ပြည့်မြောက်၍ အရွယ်ရောက်သောအခါ၌လည်း သူမကို မောင်တစ်ဝမ်းကွဲတော်သူ သိဒ္ဓတ္ထမင်းသားနှင့် လက်ဆက်ပေးခဲ့ကြလေသည်။

သိဒ္ဓတ္ထနှင့် ယသော်ဓရာတို့မှာ ဘဝအဆက်ဆက်က ပါရမီဖြည့်ဖက်များဖြစ်၍ တစ်ဦးနှင့်တစ်ဦး အထူးပင် ချစ်ခင်မြတ်နိုးခဲ့ကြသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကား **"သားတော်သိဒ္ဓတ္ထသည် တစ်နေ့တွင်**

**ကမ္ဘာတစ်ခွင်လုံးကို စိုးမိုးနိုင်သော စကြဝတေးမင်း ဖြစ်လာလိမ့်မည်**”ဟူသော မျှော်လင့်ချက်ထားရှိခဲ့သည်။ သို့ဖြစ်၍ နွေ၊ မိုး၊ ဆောင်း ဟူသော ရာသီဥတုသုံးပါး အားလျော်စွာ ပျော်ပျော်ပါးပါး ခံစားနိုင်စေရန် **ရမ္မ၊ သုဘ၊ သုရမ္မ** ဟူသော စံနန်းသုံးဆောင် ဆောက်လုပ်ပေးပြီး များစွာသော မောင်းမမိဿံတို့ကိုလည်း ထားရှိပေးခဲ့သည်။ ကြင်ယာတော် ဘဒ္ဒကစ္စာမှာလည်း မောင်းမမိဿံ ခြွေရံများစွာတို့ဖြင့် ချမ်းမြေ့ပျော်ရွှင်ဖွယ် ဘဝကို ရရှိခဲ့သည်။ များစွာသော အခြွေအရံတို့ကို ဆောင်ခြင်း၊ တစ်နည်းဆိုသော် များစွာသော အခြွေအရံ ရှိခြင်းကြောင့် ဘဒ္ဒကစ္စနာကို ကပိလဝတ်နန်းတော်၌ **“ယသော်ဓရာ”(ယသောဓရာ)**ဟု အခေါ်များခဲ့ကြသည်။ အချို့ကမူ ရွှေစင်ရုပ်တမျှ လှပတင့်တယ်သော ကိုယ်ခန္ဓာရှိခြင်းကြောင့် **“ဗိမ္ဗာဒေဝီ”**ဟုလည်း တင်စားခေါ်လေ့ ရှိခဲ့ကြသည်။

ယသော်ဓရာသည် မောင်တော်သိဒ္ဓတ္ထမင်းသားနှင့် ၁၃-နှစ်မျှ ပေါင်းဖက်နေထိုင်ခဲ့ရသည်။ မောင်တော်သည် စောစောပိုင်း၌ သူမအား တယုတယ ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ စောစောကလောက် ဟက်ဟက်ပက်ပက်မရှိ ဖြစ်လာသည်ကို သူမသတိပြုမိသည်။ သို့ကြောင့် **“ဗြဟ္မဏသုခမိန်များ ဟောကိန်းထုတ်ခဲ့သည့်အတိုင်း တော ထွက်ဖို့များ ကြံနေသလား”**ဟု သူမက စိုးရိမ်ခဲ့မိသည်။

သို့သော် တစ်ခုသော အကြောင်းရပ်ကြောင့် သူမ၏ စိုးရိမ်ကြောင့်ကြမှုများ လွင့်ပါးသွားခဲ့သည်။ ထိုအကြောင်းရပ်ကား အခြားမဟုတ်၊ သူမမှာ ကိုယ်ဝန်ရှိလာခြင်း ဖြစ်သည်။ **“သားသမီး အနှောင်အဖွဲ့ ရစ်ပတ်လာရင်တော့ မောင်တော်ဟာ ဘယ်ကိုမျှ ထွက်ခွာနိုင်တော့မည် မဟုတ်”**ဟု သူမက ရိုးသားစွာ ယုံကြည်ခဲ့လေသည်။

ယသော်ဓရာ ကိုယ်ဝန်ရှိလာသည်ကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် ဂေါတမီတို့က ဝမ်းသာမဆုံး ရှိကြသည်။ မကြာမီရောက်လာတော့မည် မြေးဦးကလေးကို **“သားယောကျ်ားလေး ဖြစ်ပါစေ”**ဟု တဖွဖွ တောင့်တနေကြသည်။ သို့သော် မောင်တော် သိဒ္ဓတ္ထကမူ ထူးခြားမှု မရှိလှပါ။ ဝတ်ကျေတန်းကျေသာ တုံ့ပြန်မှု ပြုခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ယသော်ဓရာသည် ကိုးလလွန် ဆယ်လပြည့်သော အခါ သားယောကျ်ားလေးတစ်ယောက်ကို ချောမောစွာ ဖွားမြင်ခဲ့ပါသည်။ ထိုနေ့တွင် တစ်နန်းတော်လုံး အုံးအုံးကျက်ကျက် ဖြစ်သွားသည်။ ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော်ဂေါတမီတို့မှာမူ ဣန္ဒြေ မဆောင်နိုင်အောင် ဝမ်းသာနေကြသည်။ သို့သော် သိဒ္ဓတ္ထမင်းသားကား နန်းတော်ထဲ၌ မရှိ။ နန်းတော်ထဲ၌ ငြီးငွေ့၍ နံနက်စောစောကပင် ဥယျာဉ်တော်သို့ ထွက်သွားခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးသည် ဝမ်းမြောက်ဖွယ် မင်္ဂလာသတင်းကို သားတော်ထံသို့ ချက်ချင်း အပို့ခိုင်းလိုက်သည်။ ရွှေသလွန်ထက်တွင် အားနွဲ့စွာ လဲလျောင်းနေရသော ယသော်ဓရာကလည်း **"သားလေး မွေးဖွားသည့်သတင်းကို ကြားရလျှင် မောင်တော်ချက်ချင်း ပြန်လာလိမ့်မည်"**ဟု မျှော်လင့်ခဲ့သည်။ သို့သော် နေဝင်မိုးချုပ်သည့်တိုင်အောင် မောင်တော်က ပေါ်မလာ။ **"ရာဟုတဲ့၊ ရာဟုတဲ့၊ ကိုယ်တော်ကလေးက ရာဟုလို့ ပြောလိုက်သတဲ့"**ဟူသော နန်းတွင်းသူတို့၏ အသံကိုသာ ခပ်သဲ့သဲ့ကြား လိုက်ရပြီး ယသော်ဓရာ မကြာမီ အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့ နံနက် ယသော်ဓရာ အိပ်ရာမှ နိုးသောအခါ နန်းတော်ဆောင်တစ်ခုလုံး ပွက်လောညံနေသည်။ မောင်တော်သိဒ္ဓတ္ထ မရှိတော့သောကြောင့် ဖြစ်လေသည်။ မောင်တော်သည် သားတော်လေး မျက်နှာကိုပင် မကြည့်တော့ဘဲ တောထွက်သွားပြီဖြစ်ကြောင်း ယသော်ဓရာ အတပ်သိလိုက်သည်။ မငိုသာ မရှိုက်သာသဖြင့် မျက်ရည်များကို ကြိတ်မှိတ်၍ ထိန်းထားလိုက်ရသည်။ **"ကြီးမားမြင့်မြတ်သော သူ့မျှော်မှန်းချက် ပြီးမြောက်ပါစေ"**ဟုလည်း ကရုဏာဒေါသောဖြင့် စိတ်ထဲမှ ဆုတောင်းလိုက်သည်။

သိဒ္ဓတ္ထမင်းသားက ရက်စက်စွာ ပစ်ခွာသွားသောအခါ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် ဂေါတမီတို့က ယသော်ဓရာတို့ သားအမိကို ပိုလို့ဂရုစိုက်ကြသည်။ သားတော်လေး မွေးဖွားလို့ သိဒ္ဓတ္ထထံ သွားရောက်

သတင်းပို့စဉ်က သိဒ္ဓတ္ထမင်းသားက **"ရာဟုပဲ၊ ရာဟုပဲ"**ဟု ညည်းတွားခဲ့သည်ဟု ဆိုသည်။ ဘယ်လိုအဓိပ္ပါယ်ဖြင့် သူညည်းတွားခဲ့သည်ကိုတော့ မသိပေ။ သုဒ္ဓေါဒနမင်းကြီးကမူ မြေးတော်ကလေးသည် ရာဟုခေါ် အသုရိန်နတ်မင်းကြီးကိုပင် ဖမ်းချုပ်နိုင်သူ ဖြစ်လာလိမ့်မည်ဟု နိမိတ်ကောက်လျက် မြေးတော်လေးအား **"ရာဟုလာ"**ဟု နာမည်ပေးခဲ့လေသည်။

ဒေဝဒဟမှ ယသော်ဓရာ၏ ခမည်းတော် သုပ္ပဗုဒ္ဓ မင်းကြီးကမူ သူ့သမီးကို ပစ်သွားသည့် သိဒ္ဓတ္ထမင်းသားအပေါ် အတော်ပင် မကျေမနပ်ဖြစ်ခဲ့သည်။ "ငါ့ သမီး ဒေဝဒဟကိုသာ ပြန်ခဲ့ပါ၊ သိဒ္ဓတ္ထက ပစ်သွားပေမယ့် တစ်ခြား သာကီဝင်မင်းသားတွေ ရှိပါသေးတယ်၊ ငါ့သမီး နှစ်သက်တဲ့ မင်းသားနှင့် ပေးစားမယ်"ဟုပင် စာရေးခေါ်ခဲ့သည်။ သို့သော် ယသော်ဓရာကား သူ့မောင်တော့်အပေါ် စိတ်မနာနိုင်ခဲ့ပါ။ မောင်တော် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်၍ တစ်နပ်တည်းသော ထမင်းကိုသာ စားပြီး အခင်းဗလာ မြေကြီးပေါ်၌သာ အိပ်လျက် တရားကျင့်နေကြောင်း ကြားသိရသောအခါ သူမကလည်း မောင်တော်နည်းတူ လိုက်၍ ကျင့်ခဲ့သည်။ ယောဂီရောင်အဝတ်ကို ဝတ်ဆင်ပြီး ညစာထမင်းကို စွန့်ခဲ့သည်။ ဖဲမွေ့ရာခင်းသော သလွန်ပေါ်မှ ဆင်း၍ အခင်းမရှိသော ကြမ်းပြင်ပေါ်၌ အိပ်ခဲ့သည်။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း စသော အလှပြင်မှုများကိုလည်း ပစ်ပယ်ခဲ့သည်။

ဤသို့ဖြင့် မသိမသာ ရက်လတွေ ညောင်းလာခဲ့ပြီး သားတော်လေး ရာဟုလာ အသက် ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ယသော်ဓရာ၏ မောင်တော်သည် ကပိလဝတ်သို့ ပြန်ရောက်လာသည်။ သို့သော် ယခင်ကလို မင်းသားတစ်ပါးအဖြစ်ဖြင့် ရောက်လာခြင်းကားမဟုတ်။ ဆံမုဆိတ်ရိတ်ဖြတ်ထားသည့် မြင့်မြတ်သော ရဟန်းတော်အသွင်ဖြင့် ရောက်လာခြင်းသာ ဖြစ်ပေသည်။

**"ရဟန်းဂေါတမ"**ဟု ဘွဲ့အမည်ခံထားသည့် သိဒ္ဓတ္ထမင်းသားကို ကပိလဝတ်မှ ခမည်းတော် သုဒ္ဓေါဒနနှင့်တကွ ဆွေတော်မျိုးတော်တို့က

လိုက်လှဲစွာ ကြိုဆိုကြသည်။ ထိုသို့ ကြိုဆိုသူများထဲတွင် ယသော်ဓရာ တစ်ယောက်ကား မပါဝင်ခဲ့၊ မောင်တော်နှင့်တကွ ဆွေမျိုးများ အလယ်၌ မိမိ၏ အပူရပ်ကို ထုတ်မပြလိုသဖြင့် တမင်ရှောင်လွဲနေခြင်း ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်တွင် **"သိဒ္ဓတ္ထမင်းသား မြို့ထဲကြွလာပြီတဲ့"**ဟူ သောသတင်းဖြင့် နန်းတွင်းသူများ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ ယသော်ဓရာလည်း မနေနိုင်တော့သဖြင့် လေသာပြတင်းကိုဖွင့်၍ ကြည့် လိုက်ရာ ရှည်လျားသော သံဃာတန်းကြီး၏ ထိပ်ဆုံးမှ တည်ငြိမ်ခံ့ညားစွာ လှမ်းကြွနေသော မောင်တော်ဘုရားကို တွေ့မြင်ရသည်။ ထိုအခါ သူမသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးထံသို့ အူရားဖားရားပြေးသွားပြီး "ခမည်းတော် ဘုရား မောင်တော်ဟာ တစ်နပ်စာ အာဟာရအတွက် ကပိလဝတ်မြို့ကြီး ထဲမှာ အိမ်ပေါက်စေ့ လှည့်ပြီး တောင်းခံနေတာ မသင့်တော်လွန်းပါ ဘုရား"ဟု လျှောက်တင်သည်။ ထို့နောက် သူမသည် ဝမ်းနည်းလွန်းသော ကြောင့် အိပ်ခန်းဆောင်ထဲသို့ ဝင်ကာ ရှိုက်ငိုနေမိသည်။

မောင်တော် သိဒ္ဓတ္ထသည် ခမည်းတော်၏ အဆောင်ပေါ်သို့ ရောက်နေပြီ ဖြစ်ကြောင်း နန်းတွင်းသူများက ယသော်ဓရာထံ လာရောက် သတင်းပို့ကြသည်။ သို့သော် ယသော်ဓရာကား အိပ်ဆောင်ထဲမှ မထွက်။ **"ငါ့ကို သူ တကယ်မြတ်နိုးခဲ့ရိုးမှန်ရင် ငါ့အဆောင်ကိုလည်း သူကြွလာ ရမှာပေါ့"** ဟုသာ သဘောထားနေလိုက်သည်။ မကြာပါချေ။ **"ခမည်း တော်ကြီး ဦးဆောင်လျက် မောင်တော်ကြွလာပြီတဲ့"**ဟု သိရသောကြောင့် ယသော်ဓရာသည် အိပ်ရာမှ ပျာပျာသလဲထကာ ခရီးဦးကြို ပြုလိုက်ရသည်။

မောင်တော်ဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်လိုက်ရသောအခါတွင် ရက်လများစွာ ထိန်းချုပ်ထားခဲ့ရသော သူမ၏ သောကဝေဒနာတို့ ဒလဟော ပေါက်ကွဲကုန်တော့သည်။ မောင်တော်၏ ခြေအစုံကို ဆုပ်ကိုင် လျက် ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။ ငို၍အားရသောအခါကျမှ ဣန္ဒြေကို ပြန်ဆည်ကာ မောင်တော်အား မြတ်နိုးကြည်ညိုစွာ ရှိခိုးကန်တော့ လေသည်။

ထို့နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ချွေးမတော် ယသော်ဓရာသည် သားတော်အား ချစ်မြတ်နိုးလှကြောင်း ၊ သားတော်နှင့် ကင်းကွာနေရသည့် ခုနစ်နှစ်ကာလအတွင်း၌ သားတော်အပေါ် သစ္စာရှိစွာဖြင့် မိမိကိုယ်ကို စောင့်ထိန်းခဲ့ကြောင်း ချီးကျူးပြောဆိုသည်။ ထိုအခါ ဗုဒ္ဓ မြတ်စွာက ယသော်ဓရာသည် ယခုမှသာမဟုတ်၊ ကိန္နရီ ဖြစ်စဉ်ကလည်း လင်သားအပေါ်၌ သစ္စာရှိခဲ့ကြောင်း **"စန္ဒကိန္နရီဇာတ်"** ဖြင့် သက်သေပြကာ မိန့်ကြားတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ ကပိလဝတ်သို့ ဆိုက်ရောက်လာပြီး လေး–ငါးရက် အကြာတွင် ညီတော် နန္ဒမင်းသားကို သူ့နောင်တော်က ကျောင်းခေါ်သွားပြီး ရဟန်းပြုပေးလိုက်ကြောင်း ယသော်ဓရာ ကြားသိရသည်။ ထိုသတင်းကြောင့် သူမ အတော်ကြီး အံ့ဩသွားသည်။ တကယ်တော့ နန္ဒမင်းသားမှာ သူ့နောင်တော်ကိုယ်စား ကပိလဂက် ထီးနန်းကို ဆက်ခံရမည့်သူ မဟုတ်ပါလား။

သို့ရာတွင် နန္ဒမင်းသား မရှိတော့သည့်တိုင်အောင် သားတော်လေး ရာဟုလာ တစ်ယောက်ကတော့ အားကိုးလောက်စရာ ရှိနေသေးသည်။ "ကပိလထီးနန်းကို သားတော်လေး ရာဟုလာ ဆက်ခံနိုင်ရေးအတွက် မောင်တော်ဘုရားက တစ်နည်းနည်းဖြင့် ကူညီစောင့်ရှောက်လိမ့်မည်"ဟု ယသော်ဓရာက မျှော်လင့်ခဲ့သည်။ ထိုမျှော်လင့်ချက်ဖြင့်ပင် တစ်နေ့တွင် ရာဟုလာလေးကို တင့်တယ်သပ်ရပ်စွာ ဝတ်ဆင်ပေးပြီး နန်းတော်သို့ ကြွလာသော မောင်တော်သိဒ္ဓတ္ထထံ အမွေတောင်းရန် လွှတ်လိုက်သည်။ မောင်တော်ရှိစဉ်က သုံးစွဲ၍ မကုန်နိုင်သည့် ရွှေအိုးကြီးလေးလုံး ရှိခဲ့သည်ဟု ကြားခဲ့ဖူးသည်။ သူထွက်သွားပြီးနောက်တွင်မှ ထိုရွှေအိုးများ ဘယ်ရောက် သွားသည်ဟု မသိ၊ ထို့ကြောင့် သားတော်လေးကို လွှတ်၍ အတောင်း ခိုင်းလိုက်ခြင်း ဖြစ်ပေသည်။

သို့သော် ယသော်ဓရာ၏ မျှော်လင့်ချက်ကား နေ့ချင်းပင် ပြိုကွဲသွားခဲ့ရသည်။ မော်တော်သည် သားတော်လေး ရာဟုလာကိုလည်း

ကျောင်းခေါ်သွားပြီး ရှင်ပြုပေးလိုက်သောကြောင့် ဖြစ်လေသည်။ သည်မှ နောက်တွင်မူ ယသော်ဓရာသည် မောင်တော့်ထံမှ ဘာကိုမျှ မျှော်လင့်ချက် မထားတော့။ သားတော်လေးကို အပါခေါ်ပြီး ကပိလဝတ်မှ ပြန်ကြွသွား သည်ကိုပင် မသိကျိုးကျွံ ပြု၍ နေလိုက်သည်။

ထို့နောက် လေး–ငါးနှစ်အကြာတွင်ကား ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ကံတော်ကုန်ခဲ့ပါသည်။ ခမည်းတော်ကြီးအား နောက်ဆုံး ချီးမြှောက်ရန် မောင်တော်သိဒ္ဓတ္ထက ကပိလဝတ်သို့ တစ်ခေါက် ကြွလာပါ သည်။ သို့သော် ဒီတစ်ခေါက်တွင်လည်း ကြာကြာမနေ၊ ခုနစ်ရက်မျှသာ နေပြီး ပြန်ကြွသွားခဲ့သည်။ သူပြန်ကြွသွားပြီး၍ မကြာမီပင် မယ်တော်ကြီး ဂေါတမီသည် သာကီဝင် မင်းသမီး ငါးရာနှင့်အတူ သားတော်ထံလိုက်ပြီး ဘိက္ခုနီ ဘဝကို ခံယူခဲ့သည်။ ညီမတော် ဇနပဒကလျာဏီလည်း မကြာမီ ပင် မယ်တော်ကြီးနောက် ပါသွားပြန်သည်။

ထိုအခါ ကပိလဝတ်နန်းတော်ထဲ၌ ယသော်ဓရာ တစ်ယောက် တည်းသာ **"အထီးတည်း"**ကျန်နေသည်။ ယသော်ဓရာကား ဆွေတော် မျိုးတော်တို့အပေါ်၌ သံယောဇဉ် မဖြတ်နိုင်ဘဲ ရှိနေသည်။ မောင်တော့်ထံ မှ သားတော်လေး ရာဟုလာကို ပြန်တောင်းပြီး အရှိန်အဝါ ကင်းမဲ့နေသည့် သာကီဝင်မင်းမျိုးတို့၏ တန်ခိုးအာဏာကို မြှင့်တင့်ပေးရန် စိတ်ကူးယဉ် နေသည်။

ယသော်ဓရာသည် ထိုစိတ်ကူးယဉ် မျှော်လင့်ချက်ဖြင့် ကပိလဝတ်မှ ယူဇနာခြောက်ဆယ်ဝေးသော ရာဇဂြိုဟ်သို့ စွန့်စွန့်စားစား ထွက်လာခဲ့ သည်။ ရာဇဂြိုဟ်သို့ ရောက်သောအခါတွင်မူ မော်တော်ဘုရားက သူမ၏ တောင်းဆိုချက်ကို ပြတ်ပြတ်တောင်းတောင်းပင် ငြင်းပယ်တော်မူလိုက်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲဒုက္ခများ ပွားစည်းကြောင်းဖြစ်သည့် လောကီအလုပ်တို့ကို အမြန်ဆုံး စွန့်လွှတ်ရန် တိုက်တွန်းတော်မူသည်။

မောင်တော်ဘုရား၏ ပြတ်သားသော သတိပေးချက်ကို ကြားနာသိ သောအခါတွင်မူ **"မီးခဲပြာဖုံး"**ဖြစ်နေသည့် ယသော်ဓရာ၏ ပါရမီဉာဏ် သည် ချက်ချင်းပွင့်လာသည်။ မဆိုင်းမတွပင် ဇနပဒကလျာဏီထေရီ ထံသွား၍ ဘိက္ခုနီဘဝကို ခံယူလိုက်သည်။ ထို့နောက်တွင်လည်း ဝိပဿနာ

ကမ္ဘဌာန်းကို အားထုတ်သဖြင့် အဘိညာဉ်ငါးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ စောလျင်စွာ ဆိုက်ရောက်သွားပါတော့သည်။

ယသော်ဓရာသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည့်အချိန်မှစ၍ မောင်တော်သိဒ္ဓတ္ထနှင့် သားတော် ရာဟုလာတို့အပေါ်၌ သမုဒယတဏှာဖြင့် တွယ်တာမှုကို ဖြတ်တောက်နိုင်ခဲ့သည်။ သို့သော် ဘဝအဆက်ဆက်က ပါရမီ ဖြည့်ဖက်အနေဖြင့်လည်းကောင်း၊ ကျေးဇူးရှင်ကြီးအနေဖြင့်လည်း ကောင်း မောင်တော်ဘုရားအား မြတ်နိုးကြည်ညို၍မဆုံး ရှိခဲ့သည်။ သူမသည် အတိတ်ဘဝတို့ကို ပြန်ပြောင်းမြင်နိုင်သည့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၌ အထူးမွေ့ထုံခဲ့သည်။ ထိုအဘိညာဉ်ဖြင့် ဆင်ခြင်လိုက်တိုင်း လည်း ထိုထိုဘဝတို့၌ မောင်တော်ဘုရားနှင့် လက်တွဲကာ ပါရမီဖြည့်ခဲ့ရပုံများ ထင်မြင်လာသောကြောင့် ဝမ်းသာကြည်နူးမှုများ မကြာခဏ ဖြစ်ခဲ့ရသည်။ မောင်တော်ဘုရားကလည်း သူမအား အဘိညာဉ် အဆင့်မြင့်သော **"မဟာဘိညပ္ပတ္တ"**ထေရီတစ်ပါးအဖြစ်ဖြင့် ချီးကျူးထောမနာ ပြုခဲ့ပါသည်။

ထီးထဲနန်းထဲ၌ နူးညံ့သိမ်မွေ့စွာ နေရသည့် မင်းသမီးအဖြစ်မှ အစား အဝတ် အနေခေါင်းပါးလှသည့် ဘိက္ခုနီဘဝသို့ ကူးပြောင်းလာ သော မယ်တော် ယသော်ဓရာအား တရားအသိ ပြည့်ဝနေပြီဖြစ်သည့် ရာဟုလာကလည်း ဖြူစင်သည့် မေတ္တာကရုဏာဖြင့် အခါမလပ် ကူညီစောင့် ရှောက်ခဲ့သည်။ ယသော်ဓရာသည် မောင်တော် တောထွက်ပြီး ရဟန်းပြုသည့်အချိန်မှစ၍ မောင်တော့်အပေါ် သစ္စာရှိမှုကို ပြသည့်အနေဖြင့် နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ ညစာ မစားခြင်းသည် ခွန်အားဗလ ပြည့်ဝသူတို့အဖို့ မထောင်းတာလှသော်လည်း နူးညံ့သိမ်မွေ့ လွန်းသည့် မိန်းမသားတို့အားမူ အနည်းနှင့်အများ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ယသော်ဓရာမှာလည်း နှစ်ပေါင်းများစွာ ညစာ ရှောင်ခဲ့ခြင်းကို အကြောင်းခံသည့် ဝေဒနာတစ်ရပ် စွဲကပ်ခဲ့သည်။ ထိုဝေဒနာ ကား လေနာရောဂါပင်ဖြစ်၏။ သို့သော် မယ်တော် လေနာ ထသည့် အခါတိုင်း သားတော် ရာဟုလာက သင့်မြတ်သော ဆေးဝါးခါတ်စာ များ ရှာဖွေ ပေးခဲ့သည်။ သားနှင့်မိခင်တို့၏ အတုံ့အပြန် ကြင်နာမှုမှာ သံဃလောက၌ အထူး ထင်ရှားခဲ့သည်။ ထို့ကြောင့် ယသော်ဓရာထေရီကို

သီတင်းသုံးဖေါ်တို့ကလည်း နာမည်ရင်းဖြင့် မခေါ်ဘဲ **"ရာဟုလမာတာ" (ရာဟုလာ့မယ်တော်)**ဟူ၍ ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ခေါ်ဝေါ်ခဲ့ကြပါသည်။

ယသော်ဓရာထေရီသည် သက်တော်လေးဆယ့်ငါးနှစ်ခန့်အရွယ်တွင် ဘိက္ခုနီဘဝသို့ ရောက်ခဲ့၏။ သက်တော် (၇၈)နှစ်အရွယ်တွင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ ၂-နှစ်အလိုတွင် ဖြစ်၏။ ထိုအချိန်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ယသော်ဓရာထေရီကား ရာဇဂြိုဟ်မြို့တွင်းရှိ ဘိက္ခုနီကျောင်းတိုက်၌ သီတင်းသုံးနေ၏။ ယင်းသို့ သီတင်းသုံးနေစဉ် ထေရီအား ဤသို့ အကြံဖြစ်လေ၏-

"ခမည်းတော်ကြီး သုဒ္ဓေါဒနသည် သားတော်ဘုရား၏ တရားအမြိုက်ရေကို သောက်သုံးရသည်ဖြစ်၍ ကပိလဝတ်ထီးနန်းပေါ်၌ပင် အေးချမ်းစွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။

မယ်တော်ကြီး မဟာပဇာပတိဂေါတမီကား ငါတို့ သာကီယအမျိုးသမီးများ၏ ရှေ့သွားခေါင်းဆောင်အဖြစ်ဖြင့် ဘိက္ခုနီဘဝကို ရှေးဦးစွာ ခံယူခဲ့ပြီး သက်တော်တစ်ရာ့နှစ်ဆယ်တွင် ဝေသာလီ၌ ပရိနိဗ္ဗာန်ပြုသွားလေပြီ၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် စသည့် ထင်ရှားသော မဟာထေရ်တို့သည်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီကပင် ပရိနိဗ္ဗာန်ပြုတော်မူကြလေပြီ။ "ငါသည်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူမီမှာပင် ပရိနိဗ္ဗာန်ပြုတော့အံ့"

ဤသို့ အကြံဖြစ်ပေါ်လာသည်ဖြစ်၍ မိမိ၏ အသက်အပိုင်းအခြားကို ဆင်ခြင်ကြည့်ရှုသောအခါ မိမိ၏ အသက်အပိုင်းအခြားမှာ ထိုနေ့တွင်ပင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း သိမြင်လေ၏။ ထို့ကြောင့် သီတင်းသုံးဖေါ်ဖြစ်သော ဘိက္ခုနီ တစ်ထောင်တို့အား ဤအကြောင်းကိုပြောကြားပြီး ထိုဘိက္ခုနီ တစ်ထောင်တို့နှင့်အတူ ဘိက္ခုနီကျောင်းတိုက်မှ ထွက်လာပြီး မြတ်စွာဘုရား သီတင်းသုံးရာ ဂိဇ္ဈကုဋ်တောင်ကျောင်းသို့ ကြွသွားလေသည်။ မြတ်စွာဘုရား ထံသို့ ရောက်သောအခါ မြတ်စွာဘုရားအား ရိုသေစွာရှိခိုးပြီး မိမိ ပရိနိဗ္ဗာန်စံတော့မည့်အကြောင်းကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ယခုအခါ အသက် ခုနစ်ဆယ့် ရှစ်နှစ်ရှိပြီဖြစ်၍ အိုမင်းပါပြီ။ သို့ဖြစ်၍ ယနေ့ညမှာပင် တပည့်တော် ပရိနိဗ္ဗာန်ပြုပါတော့အံ့၊ အနန္တကျေးဇူးရှင် ဘုရားသခင်သည် တပည့်တော် အား ပရိနိဗ္ဗာန်ပြုရန် ခွင့်ပြုတော်မူပါ၊ ဘဝများစွာ သံသရာမှစ၍ ကိုယ်နှုတ်အားဖြင့် တိမ်းပါးလွဲချော် မလျော်သော ပြုလုပ်ပြောဆိုမှုများ ရှိခဲ့ပါလျှင်လည်း တပည့်တော်အား ကရုဏာရှေ့ထား မေတ္တာအားဖြင့် သနားငဲ့ညှာ ခွင့်လွှတ်တော်မူပါဘုရား။

ဤသို့ ယသော်ဓရာထေရီက လျှောက်ကြားသောအခါ ဗုဒ္ဓမြတ်စွာက "အချင်းယသော်ဓရာ၊ ပရိနိဗ္ဗာန်ပြုရန် ခွင့်ပန်သော သင့်အား ငါသည် အဘယ်သို့ ပြောဆိုဖွယ်ရှိမည်နည်း။ အပြစ်တစ်စုံတစ်ခုမျှ မရှိသော သင့်အား ငါသည် အဘယ်သို့ ခွင့်လွှတ်ဖွယ် ရှိမည်နည်း။"

ဗုဒ္ဓမြတ်စွာသည် သုမေဓာရှင်ရသေ့ဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလအတွင်း မရေမတွက်နိုင်သော ဘဝတို့၌ ဒါန သီလ အစရှိသော ပါရမီဆယ်ပါးကို ဖြည့်ကျင့်တော်မူခဲ့ရ၏။ ယင်းသို့ ဖြည့်ကျင့် ရာတွင် သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာများကိုသာမက၊ သားမယားနှင့် မိမိ၏ အသက်ကိုပင် စွန့်လွှတ်ခဲ့သော ဘဝတို့သည်လည်း မြောက်များစွာ ရှိခဲ့၏။ ဘုရားလောင်းပြုလုပ်သည့် ထိုကဲ့သို့သော စွန့်လွှတ်မှုတို့၏ ဒဏ်ကို အများဆုံး ခံခဲ့ရသူကား ယသော်ဓရာပင် ဖြစ်၏။

ယသော်ဓရာသည် ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဘုရားဆုကို ပန်ဆင် သော သုမေဓာရသေ့ကလေးအား မေတ္တာသက်ဝင် ချစ်ခင်ကြည်ညိုလှ သည်ဖြစ်၍ သူ၏ ပါရမီဖြည့်ဖော်ဖြစ်ရန် ဆုတောင်းခဲ့၏။ ဆုတောင်းသည့် အတိုင်းလည်း များစွာသော ဘဝတို့၌ ဘုရားလောင်း၏ ကြင်ဖော်ကြင်ဖက် ဖြစ်လာခဲ့၏။ ဘုရားလောင်းသည် များစွာသော ဘဝတို့၌ သားမယားကို စွန့်၍ တောထွက်ပြီး နေက္ခမ္မပါရမီကို ဖြည့်ကျင့်လေ့ရှိခဲ့ရာ ယသော်ဓရာ သည် သားတွဲလွဲ သမီးတွဲလွဲဖြင့် မျက်နှာငယ်စွာ ကျန်ခဲ့ရရှာ၏။

မဟာဇနကဇာတ်တွင်မူ သီဝလီဒေဝီသည် မဟာဇနကမင်းကြီး တောထွက်ရာသို့ အတူတကွ လိုက်ပါခွင့်ပြုရန် တောင်းဆိုခဲ့၏။ အမျိုးမျိုး၊ အဖုံဖုံ အသနားခံ၍ တောင်းဆိုသော်လည်း မရရှိသောအခါ မိမိဘာသာပင်

ရသေ့ဝတ်၍ မိထီလာဥယျာဉ်တော်၌ ဗြဟ္မစိုရ်တရားလေးပါးကို ပွားများလျက် နေခဲ့လေသည်။

မဟောသဓာဇာတ်တော်၌ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပကုတ် ဟူသော အမတ်ကြီးလေးပါးတို့က စည်းစိမ်ဥစ္စာဖြင့် ဖြားယောင်း၍ အမျိုးမျိုး ဆွဲဆောင်ခဲ့ကြသော်လည်း ထိုအမတ်ကြီးတို့၏ အလိုသို့ မလိုက်ပါဘဲ ဘုရားလောင်း မဟောသဓာအပေါ်၌သာ သစ္စာရှိစွာဖြင့် ရပ်တည်ခဲ့သော တောသူမလေး အမရာဒေဝီမှာ ချီးကျူးစရာ ကောင်းလှပေ၏။ ဤမဟောသဓာဇာတ်နှင့်တကွ အချို့သော ဇာတ်တို့၌ ယသော်ဓရာ အလောင်းသည် ဘုရားလောင်း၏ အသက်ကိုပင် ကယ်တင်ခဲ့၏။

ကုသဇာတ်တွင်မူ ဘုရားလောင်းသည် တစ်ခုသော အကုသိုလ်ကံကြောင့် အလွန်အရုပ်ဆိုးသော ကုသမင်းသား ဖြစ်လာ၏။ မိမိက အရုပ်ဆိုးသလောက် ရွှေစင်တမျှလှပသော မိန်းမကိုမှ လိုချင်ပါသည်ဟု ဆိုသဖြင့် ခမည်းတော် မယ်တော်တို့က မဒ္ဒရာဇ်တိုင်းမှ ပဘာဝတီမင်းသမီးကို ဆောင်ယူပေးခဲ့ကြသည်။ သို့သော် ပဘာဝတီသည် ရုပ်ဆိုးမင်းကုသကို နီးနီးကပ်ကပ် တွေ့မြင်ရသောအခါ မပေါင်းနိုင်ပါဟုဆို၍ မဒ္ဒရာဇ်တိုင်းသို့ ပြန်ပြေးလေသည်။

ထိုအခါ မင်းကုသက မဒ္ဒရာဇ်တိုင်းသို့ လိုက်သွားသည်။ မဒ္ဒရာဇ်မင်း၏ အိုးထိန်းသည်၊ ဆင်ထိန်း၊ စားတော်ချက် စသော အလုပ်များကို ဆင်းရဲပင်ပန်းစွာ ပြုလုပ်၍ ပဘာဝတီကို တွေ့မြင်ခွင့်ရရှိရန် အားထုတ်သည်။ ပဘာဝတီက ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ နောက်ဆုံးတွင်မူ ခုနစ်ပြည်ထောင်မင်းတို့က ပဘာဝတီကို လာရောက်တောင်းဆို ကြသဖြင့် ပဘာဝတီမှာ မင်းကုသ၏ ခြေရင်း၌သာ ဝပ်စင်းတောင်းပန် ရလေတော့သည်။

ဤကုသဇာတ်ကား ဘုရားလောင်းနှင့် ယသော်ဓရာလောင်းတို့ကြား၌ ကသိကအောက် ဖြစ်ခဲ့ရသော ဘဝတစ်ခုဖြစ်၏။ ဝေဿန္တရာဇာတ်တွင်မူ ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည် ထီးနန်းစည်းစိမ်ကို စွန့်၍ တောထွက်ခဲ့ပြီးနောက် သားတော်လေး ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို သာမက မိဖုရားကြီး မဒ္ဒီဒေဝီကိုလည်း လှူဒါန်းခဲ့ပြန်သည်။

ထိးနန်းစည်းစိမ်ကို စွန့်စဉ် မဒ္ဒီဒေဝီ တုန်လှုပ်ခြင်း မရှိခဲ့ပါ။ သားတော်၊ သမီးတော်လေးနှစ်ပါးကို ဇူဇကာပုဏ္ဏားအား လှူဒါန်းလိုက်ကြောင်း သိရှိရသောအခါတွင်မူ ရင်နှင့်အမျှ သောကဝေဒနာကို ခံစားခဲ့ရ၏။ ထို့နောက် သူ၏ တစ်ဦးတည်းသောအဖော်ဖြစ်သည့် မိမိကိုပင် တစ်စုံတစ်ရာ ထောက်ထားငဲ့ညှာခြင်းမပြုဘဲ အလှူခံ ပုဏ္ဏားတစ်ယောက်အား လှူဒါန်းလိုက်သောအခါ၌ကား ဝေဿန္တရာမင်းကြီး၏ ပြတ်သားရက်စက်မှုကို အလွန်ပင် အံ့သြခဲ့မိ၏။ သို့တိုင်အောင် "သြော်–သူက ငါ့ထက်ချစ်သော ဘုရားဖြစ်ဖို့အတွက် ငါ့ကို လှူတာပဲ"ဟု ဖြေသိမ့်၍ ကျေနပ်ခဲ့ရ၏။

ဘုရားလောင်း ပါရမီ ဖြည့်နိုင်ရေးအတွက် နောက်ပိုင်းမှ အများဆုံး ကူညီပံ့ပိုးခဲ့ရသူကား ယသော်ဓရာပင် ဖြစ်၏။ အများဆုံး အနစ်နာခံခဲ့ရသူမှာလည်း သူမပင် ဖြစ်၏။ သိဒ္ဓတ္ထဘဝ၌ သားတော်လေး ရာဟုလာ မွေးသည့်နေ့ ညမှာပင် တောထွက်သွားခြင်းမျိုးကို သာမန်မိန်းမသားတစ်ဦးအဖို့ လွန်စွာပင် အခံရခက်ပေလိမ့်မည်။ ယသော်ဓရာသည်ပင် အတော်ကြီး မျိုသိပ်အောင့်အည်း၍ သည်းခံခဲ့ရပေသည်။

ဤသို့လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမှစ၍ ဘဝပေါင်းများစွာတို့၌ လက်တွဲခဲ့ကြသူ နှစ်ဦးတို့၏ ဤဆုံတွေ့မှုကား နောက်ဆုံးတွေ့ဆုံမှုပင် ဖြစ်၏။ ဤတွေ့ဆုံမှုတွင် သံယောဇဉ်မပါ၊ တွယ်တာမှုတစ်စေ့မျှ မရှိတော့သော်လည်း တစ်ဦး၏ ကျေးဇူးကို တစ်ဦးက ပြန်ပြောင်းအောက်မေ့ခဲ့ကြ၏။ ထုတ်ဖော်ပြောဆိုခဲ့ကြ၏။

ထို့နောက် ယသော်ဓရာထေရီသည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ သီတင်းသုံးဖော် ဘိက္ခုနီတစ်ထောင်တို့နှင့်အတူ ဘိက္ခုနီကျောင်းသို့ ပြန်သွားပြီး ထိုနေ့ညမှာပင် ပရိနိဗ္ဗာန်ပြုခဲ့လေသည်။

✵ ✵ ✵

# ခေမာဒေဝီ

## ရာဇဂြိုဟ်၏ အလှကေရီ

မိထွေးတော်ဂေါတမီ၏ လမ်းဖွင့်ပေးမှုဖြင့် ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒ ဟူသော အမျိုးလေးပါးမှ များစွာသော အမျိုးသမီးတို့ မြတ်စွာဘုရား သာသနာတော်သို့ ဝင်ရောက်လာကြသည်။ မြတ်စွာဘုရား သာသနာတော်၌ အမျိုးဇာတ် စသည်ဖြင့် ခွဲခြားမှုမရှိ။ မည်သည့် အမျိုးဇာတ် ရှိသူပင်ဖြစ်စေကာမူ သာသနာ့ဝန်ထမ်း ဖြစ်သည့်အချိန်မှစ၍ မြတ်စွာဘုရား၏ တပည့်၊ သားတော်–သမီးတော် ဟူသော အမည်နာမကို သာလျှင် ခံယူရရှိသွားကြသည်။

မြတ်စွာဘုရားသည် ဘိက္ခုသံဃာ၌ ရှင်သာရိပုတ္တရာအား ပညာ ဧတဒဂ်၊ ရှင်မောဂ္ဂလ္လာန်အား တန်ခိုးဧတဒဂ်များဖြင့် ချီးမြှောက်တော်မူ သကဲ့သို့ ဘိက္ခုနီသံဃာမှ ထူးချွန်သော ထေရီမအသီးသီးတို့အားလည်း ထိုက်တန်သော ဧတဒဂ်ဘွဲ့ အသီးသီးတို့ဖြင့် ချီးမြှောက်တော်မူခဲ့ပါသည်။ အင်္ဂုတ္တရနိကာယ်၊ ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ်လာ မိန့်ကြားချက်များအရ **ဧတဒဂ်ဘွဲ့ထူး** ရရှိသော မြတ်စွာဘုရား၏ တပည့်သာဝကများမှာ–

| | |
|---|---|
| ဘိက္ခု | ၄၀–ပါး |
| ဘိက္ခုနီ | ၁၀–ပါး |
| ဥပါသကာ | ၁၀–ဦး |

ဥပါသိကာ ၁၀–ဦး

ရှိခဲ့ကြောင်း သိရပါသည်။ ယင်းအချက်ကို ထောက်၍ လောကုတ္တရာရေး၌ မိန်းမသားများသည်လည်း ယောကျ်ားများအောက် များစွာနိမ့်ကျမှု မရှိကြောင်း သိနိုင်ပါသည်။

ဘိက္ခုနီသံဃာ၌ ပညာတေဒဂ်ရသော ဘိက္ခုနီမှာ ခေမာထေရီဖြစ်ပြီး တန်ခိုး တေဒဂ်ရသော ဘိက္ခုနီမှာ ဥပ္ပလဝဏ်ထေရီ ဖြစ်ပါသည်။ ခေမာထေရီသည် လူ့ဘဝတွင် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ၏ ချစ်မငြီးသော မိဖုရားတစ်ပါး ဖြစ်ခဲ့ပါသည်။ လူ့လောက၌ ,မိန်းမသားတစ်ဦးအဖို့ အဆင့် အမြင့်ဆုံးဖြစ်သော မိဖုရားစည်းစိမ်ကို စွန့်ပယ်၍ တစ်ထပ်သာစား၊ တစ်ပါးတည်းနေ၊ တစ်ပါးတည်းအိပ်ရသော ဘိက္ခုနီဘဝကို ခံယူနိုင်ခဲ့ခြင်းမှာ လွယ်ကူသော အလုပ်မဟုတ်။ ဘဝပေါင်းမြောက်များစွာ ပါရမီ ဖြည့်ကျင့်ခဲ့သော မိန်းမမြတ်တို့၏ အရာသာ ဖြစ်ပါသည်။

မဒ္ဒရာဇ်တိုင်း သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်းကြီး၏ မိဖုရားခေါင်ကြီးမှ သမီးတော်တစ်ပါး ဖွားမြင်ခဲ့ပါသည်။ ထိုသမီးတော်လေး ဖွားမြင်သည့်အချိန်တွင် တိုင်းစွန်ပြည်ဖျား အရပ်များကို ဝင်ရောက်နှောင့်ယှက်သော သူပုန်သူကန်တို့၏ အန္တရာယ်များကို ဘုရင့်တပ်မတော်က အပြီးတိုင် ချေမှုန်းနိုင်လိုက်ပြီ ဖြစ်ကြောင်း သတင်းကောင်းများ ရွှေနန်းတော်သို့ ဆိုက်ရောက်လာပါသည်။ ထိုအချိန်မှစ၍ သာဂလပြည်၌ ပြည်တွင်းပြည်ပ ရန်သူများ ကင်းစင်၍ ဆန်ရေစပါး ပေါများကာ တစ်ပြည်လုံး ငြိမ်းချမ်းသာယာခဲ့ပါသည်။ ယင်းသို့သော အကြောင်းများကို အစွဲပြု၍ မင်းသမီးလေးအား **"ခေမာ"**ဟု အမည်ပေးခဲ့ပါသည်။ မြန်မာလိုဆိုသော် **"ခင်ငြိမ်းချမ်း"** ဟုခေါ်နိုင်ပါသည်။

မဇ္ဈိမဒေသ၏ အနောက်မြောက်ဒေသ ခပ်လှမ်းလှမ်းတွင် တည်ရှိသော မဒ္ဒရာဇ်တိုင်းကား ရာသီဥတု မျှတ၍ ပြည်သူပြည်သားတို့သည်လည်း အများအားဖြင့် ရုပ်ဆင်းအင်္ဂါ တင့်တယ်ပြေပြစ်ကြပါသည်။ မိန်းမချော၊ မိန်းမလှများ အများဆုံး ပေါ်ထွက်ရာ ဒေသဟူ၍လည်း ထင်ရှားကျော်ကြားခဲ့ပါသည်။ မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်လေး ခေမာသည် အရွယ်ရောက်လာသည်နှင့်အမျှ မဒ္ဒရာဇ်တိုင်းသူ ပီသစွာ တစ်နေ့တစ်ခြား

အလှကျက်သရေ တိုးတက်လာခဲ့ပါသည်။ ခေမာ၏ အလှဂုဏ်သတင်းကြောင့် တိုင်းတစ်ပါးမှ မင်းညီမင်းသားတို့၏ မေတ္တာသဝဏ်လွှာများ မဒ္ဒရာဇ်နန်းတော်သို့ ဝင်လာမစဲ တသဲသဲ ရှိပါတော့သည်။

သို့ရာတွင် မဒ္ဒရာဇ်မင်းကြီးသည် သူ့ထက်ငါ အပြိုင်အဆိုင် ကမ်းလှမ်းလာကြသော မင်းညီမင်းသားတို့၏ တောင်းဆိုချက်များကို မသိကျိုးကျွန်ပြုလျက် သမီးတော်လေး ခေမာကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရထံ ဆက်သလိုက်ပါသည်။ မဇ္ဈိမဒေသ၌ တန်ခိုးအာဏာကြီးထွားလျက်ရှိသော ဘုရင်တစ်ပါးနှင့် ရာဇပရိယာယ် တစ်မျိုးဖြင့် မဟာမိတ်ပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဗိမ္ဗိသာရမင်းကြီး၌ သက်တူရွယ်တူ ဖြစ်သော ဝေဒေဟီ မိဖုရားကြီး ရှိပါသည်။ မင်းကြီးသည် မိဖုရားကြီးဝေဒေဟီအား ခိုင်မြဲသော မေတ္တာဖြင့် ကြင်နာမြတ်နိုးသကဲ့သို့ မဒ္ဒရာဇ်တိုင်းသူ ဖြစ်သော မိဖုရားလေး ခေမာဒေဝီကိုလည်း ထူးကဲသောအချစ်ဖြင့် အလိုလိုက်အကြိုက်ဆောင်ခဲ့ပါသည်။ ပျိုမျစ်နုနယ် အလှကြွယ်သော ခေမာဒေဝီသည် ဗိမ္ဗိသာရမင်းကြီး၏ မေတ္တာရည်ဖြင့် ရာဇဂြိုဟ်ထီးနန်း၌ အေးချမ်းပျော်ရွှင်မှုများကို အပြည့်အဝ ရရှိခဲ့ပါသည်။

ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓ၏အမြိုက်တရားကို ကြားနာရသဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကာ သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့ပါသည်။ ဘုရားအမှူးပြုသော သံဃာတစ်ထောင်ကျော်တို့အား နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ပြီး ဝေဠုဝန်ဥယျာဉ်ကိုလည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာများ သီတင်းသုံးရန် ရေစက်ချ လှူဒါန်းခဲ့ပါသည်။

ဤသို့ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရား၏ ကျောင်းဒကာ အရိယာသာဝက တစ်ဦး ဖြစ်လာသောအခါ ဝေဒေဟီမိဖုရားကြီးမှာ မင်းကြီးနှင့်အတူ ဘုရားသွားကျောင်းတက် ပါရမီဖြည့်ဖက် ဖြစ်လာခဲ့သော်လည်း ခေမာမိဖုရားမှာမူ ဉာဏ်အမြင် ကွာလှမ်းကာ နောက်တန်းတွင် ကျန်ခဲ့တော့မလို ဖြစ်ခဲ့ရပါသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်း ရင်းကာ

အခြားမဟုတ်၊ ခေမာမိဖုရားလေး၏ မိမိအလှ၌ တွယ်တာမြတ်နိုး တန်ဖိုးထားလွန်းသောစိတ်ကြောင့်ပင် ဖြစ်ပါသည်။

မှန်ပေ၏။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွရောက်လာသော အချိန်မှစ၍ "မြတ်စွာဘုရားသည် မိန်းမတို့၏ အလှအပကို ပစ်ပယ်ရှုတ်ချသော စကားများကို မိန့်ကြားလေ့ရှိသတဲ့"ဟူသော သတင်းစကားကို ခေမာမိဖုရားသည် တစ်စွန်းတစ်စ ကြားမိခဲ့၏။ ထို့ကြောင့် "အကယ်၍ ပရိသတ်လေးပါး အလယ်၌ မြတ်စွာဘုရားက ငါ၏ ရုပ်အဆင်းအားကဲ့ရဲ့ရှုတ်ချသော စကားများ မိန့်ကြားခဲ့သော် အရှက်တကွဲ အကျိုးနည်းဖြစ်ရချေရဲ့"ဟူသော စိုးရိမ်ကြောင့်ကြမှုဖြင့် ခေမာမိဖုရားသည် မြတ်စွာဘုရားအား ရှောင်ရှား၍ နေခဲ့၏။ ဝေဠုဝန်ကျောင်းတော်သို့ သွားတိုင်း မင်းကြီးကခေါ်သော်လည်း အကြောင်းအမျိုးမျိုးပြကာ မလိုက်ပါဘဲ နေသကဲ့သို့ နန်းတော်သို့ မြတ်စွာဘုရား ကြွလာသည့်အခါ၌လည်း မသိမသာ ခပ်ခွာခွာနေခဲ့၏။

ခေမာမိဖုရား၏ အပြုအမူကြောင့် ဗိမ္ဗိသာရမင်းကြီးမှာ များစွာအားမလိုအားမရ ဖြစ်ခဲ့ရ၏။ သို့ရာတွင် ယုံကြည်မှုဟူသည် အမိန့်အာဏာဖြင့် ခိုင်းစေ၍ ရသောအရာမဟုတ်။ အချိန်အခါ၊ အခြေအနေ အားလျော်စွာ နည်းပရိယာယ်ဖြင့် လိမ္မာပါးနပ်စွာ သိမ်းသွင်းနိုင်မှသာလျှင် ခေမာမိဖုရားသည် မြတ်စွာဘုရားနှင့် နီးစပ်ဖွယ်ရှိကြောင်း ဗိမ္ဗိသာရမင်းကြီး စဉ်းစားမိ၏။ ထို့ကြောင့် မင်းကြီးသည် ဝေဠုဝန်ဥယျာဉ်၏ စိမ်းလန်းစိုပြည်ပုံ၊ စိတ်ကြည်နူးဖွယ်ကောင်းပုံများကို ကဗျာ၊ လင်္ကာ၊ သီချင်း၊ ဂီတများဖြင့် ရေးဖွဲ့သီဆိုကြရန် နန်းတွင်းသူ ကချေသည်တို့အား တစ်ဘက်လှည့်ဖြင့် ညွှန်ကြား၏။

နန်းတွင်းသူ ကချေသည်တို့သည် မင်းကြီး၏ ညွှန်ကြားချက်နှင့်အညီ ဝေဠုဝန်ဥယျာဉ်၏ သာယာစိုပြေပုံကို ဖွဲ့ထားသော ကဗျာ၊ လင်္ကာ၊ သီချင်း၊ ဂီတများကို ခေမာမိဖုရားကြားအောင် မကြာခဏ သီဆိုကြသည်။ လေးဘက်လေးတန်မှ ဝါးပင်တန်းများဖြင့် ခြံရံလျက် သီးပင်ပန်းပင်မျိုးစုံဖြင့် သာယာစိုပြေလှသော ဝေဠုဝန်ဥယျာဉ်ကား ရာဇဂြိုဟ်မြို့၏ မြောက်ဘက် မနီးလွန်း၊ မဝေးလွန်းသော အရပ်၌ တည်ရှိ၏။ မင်း၊

မိဖုရားများ မကြာခဏ အပန်းဖြေထွက်ရာအရပ်ဖြစ်၍ မင်းကွန်းတဲနန်း အစရှိသည့် တည်းခိုနားနေရန် ယာယီအဆောက်အအုံငယ်များလည်း ရှိ၏။ ထိုဝေဠုဝန်ဥယျာဉ်သို့ ခေမာမိဖုရားလည်း မကြာခဏ ရောက်ခဲ့ဖူး၏။

ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရား ကြွရောက်လာသောအခါ၌လည်း ဝေဠုဝန်ဥယျာဉ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်း သီတင်းသုံးရာ အရံကျောင်းတိုက်အဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ဇရပ်၊ တန်ဆောင်းကျောင်းကြီး ကျောင်းငယ်အသွယ်သွယ်သော အဆောက်အအုံများလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ ဤသို့ ကျောင်းကန်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာခဲ့သော်လည်း ဝေဠုဝန်ဥယျာဉ်၏ အလှမှာ အနည်းငယ်မျှ ပျက်ပြယ်မသွားဘဲ ယခင်ကထက်ပင် တိုး၍ လာခဲ့ပါသည်။ အကြောင်းမှာ ဝေဠုဝန်ဥယျာဉ်ကျောင်းတိုက်၏ သာယာတင့်တယ်ရေးကို ဘုရင်ဗိမ္ဗိသာရနှင့်တကွ မှူးမတ်ပြည်သူအားလုံးက ယခင်ကထက် ပို၍ ဂရုစိုက်လာကြသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် မိမိ၏ အလှနှင့် လောကစည်းစိမ်တွင် ကျေနပ်ပျော်မွေ့၍ နေသော ခေမာမိဖုရားကား မြတ်စွာဘုရား သီတင်းသုံးနေသည့်အချိန်မှစ၍ ဝေဠုဝန်ဥယျာဉ်ကျောင်းတိုက်သို့ အရောက်အပေါက် နည်းခဲ့ပါသည်။ ထိုသို့အရောက်အပေါက်နည်းခြင်း၏ အကြောင်းမှာလည်း မြတ်စွာဘုရားအား နီးနီးကပ်ကပ် ဖူးမြင်ရန် မဝံ့မရဲ ရှိနေသောကြောင့် ဖြစ်ပါသည်။

နန်းတွင်းသူ ကချေသည်တို့၏ ဝေဠုဝန်ဘွဲ့သီချင်း ကဗျာတို့ကို မကြာခဏ ကြားရသောအခါတွင် ခေမာမိဖုရားအား ဝေဠုဝန်ဥယျာဉ်သို့ တစ်ခါတစ်ခေါက် သွားရောက် ကြည့်ရှုလိုသော စိတ်ဆန္ဒ တဖွားဖွား ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ခေမာသည် ရာသီဥတု သာယာသည့် တစ်ခုသော နံနက်ခင်း၌ မင်းကြီးအား ပန်ကြားပြီး မောင်းမမိဿံ အခြွေအရံများနှင့်တကွ ဝေဠုဝန်ဥယျာဉ်သို့ ထွက်ခဲ့၏။ ဥယျာဉ်တော်သို့ ရောက်ခိုက်တွင် မြတ်စွာဘုရားကိုလည်း ဖူးဖြစ်အောင် ဖူးခဲ့ရန် မင်းကြီးက အမှတ်မထင် မှာကြားလိုက်သည်။

ခေမာဒေဝီသည် စိမ်းလန်းစိုပြည်သော ဝေဠုဝန်ဥယျာဉ်အတွင်း၌ ပျော်ရွှင်ကြည်နူးစွာ လှည့်လည်ကြည့်ရှုရင်း မြတ်စွာဘုရားသီတင်းသုံးရာ ကျောင်းပရိဝုဏ်အနီးသို့ ရောက်လာ၏။ ထိုအခါ မိဖုရားကို စောင့်ရှောက်ရန် လိုက်ပါလာသော အမတ်ကြီးက မြတ်စွာဘုရား သီတင်းသုံးသော ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်ရောက်ကြည့်ရှုရန် မိဖုရားအား တိုက်တွန်း၏။ မိဖုရားအနေဖြင့်လည်း အလွန်တိတ်ဆိတ် ငြိမ်သက်နေသော ကျောင်းပရိဝုဏ် အတွင်း၌ မြတ်စွာဘုရားနှင့် ရဟန်းသံဃာများ ရှိနေလိမ့်မည်ဟု မထင်ချေ။

သို့သော် ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်မိသောအခါ ဂန္ဓကုဋီတိုက်၏ ရှေ့၌ ပရိသတ်လေးပါးအား တရားဟောနေသော မြတ်စွာဘုရားကို ထင်ရှားစွာ တွေ့မြင်ရလေသည်။ ထိုအခါ မိဖုရားသည် မည်သို့မျှ ရှောင်ရှားရန် မသင့်တော့သဖြင့် အခြွေအရံများနှင့်တကွ ပရိသတ်အစွန်၌ ထိုင်ကာ တရားနာရလေသည်။

အမှန်အားဖြင့် ခေမာဒေဝီသည် တရားနာ ပရိသတ်ထဲ၌ ထိုင်နေရသော်လည်း မြတ်စွာဘုရား ဟောကြားသော တရားကို အာရုံမပြုနိုင်၊ မြတ်စွာဘုရားအား ယပ်ခတ်ပေးနေသည့် မိန်းမပျိုတစ်ဦးသို့သာ မျက်စိရောက်နေ၏။ အကြောင်းမှာ ဤကမ္ဘာလောက၌ မိမိကိုယ်ကိုသာ အချောဆုံး၊ အလှဆုံးဟု ထင်မှတ်နေခဲ့သော ခေမာဒေဝီမှာ မိမိထက် အဆများစွာ သာလွန်သော မိန်းမချောလေးတစ်ယောက်ကို အံ့သြဖွယ်ရာ တွေ့မြင်ရသောကြောင့် ဖြစ်ပေသည်။

ခေမာဒေဝီသည် ထိုမိန်းမလှလေးကို တွေ့မြင်ရသောအခါ **"မြတ်စွာဘုရားသည် မိန်းမတို့၏ အလှကို ကဲ့ရဲ့ ရှုတ်ချတော်မူလေ့ရှိသတဲ့ဟု ထင်မှတ်ခဲ့ခြင်းကား မှားလေစွ"**ဟူ၍ နောင်တကြီးစွာ ရရှိလေ၏။ သို့သော် ထိုမိန်းမလှလေးသည် ခေမာဒေဝီ တစိမ့်စိမ့်ကြည့်ရှုနေစဉ်မှာပင် အံ့သြဖွယ်ရာ ရုပ်အသွင်ပြောင်းသွား၏။ ပထမလက်ဦး တွေ့မြင်စက ၁၆-နှစ်အရွယ်မျှ ရှိသော မိန်းမပျိုလေးသည် အသက် ၂၀-ရွယ်၊ ၃၀-ရွယ် စသည်ဖြင့် တဖြည်းဖြည်း အရွယ်ရင့်သွားရာ နောက်ဆုံးတွင် ဆံဖြူသွားကျိုး အမြင်ဆိုးလှသော အဘွားအိုကြီး အဖြစ်သို့ ရောက်ရှိသွားလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသော ခေမာဒေဝီသည် ရုပ်အဆင်း၏ အစိုးမရ အနှစ်သာရ ကင်းမဲ့ပုံကို ရုတ်ချည်းဆင်ခြင်မိလေ၏။ စင်စစ်အားဖြင့်လည်း ခေမာဒေဝီ၏ မှောက်မှားသောအမြင်ကို ပယ်ခွာလိုသောကြောင့် မြတ်စွာဘုရားက နိမ္မိတမိန်းမပျိုအသွင်ကို အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်၏။ ခေမာဒေဝီ အမြင်ပြောင်းလဲသွားသည်ကို သိမြင်တော်မူသောအခါ မြတ်စွာဘုရားက စက်ဆုပ်ဖွယ်အတိဖြစ်သော ခန္ဓာကိုယ်၌ တွယ်တာနှစ်သက်နေသူများသည် လူမိုက်များသာ ဖြစ်ကြောင်း၊ ထိုတွယ်တာနှစ်သက်မှုကို ဖြတ်တောက်နိုင်မှသာလျှင် ဒုက္ခမှ လွတ်နိုင်မည်ဖြစ်ကြောင်း ဟောကြားတော်မူလေသည်။

မြတ်စွာဘုရား၏ ဟောကြားချက်ကို ကြားနာရသောအခါ မီးခဲပြာဖုံးဖြစ်နေသော ခေမာဒေဝီသည် သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိမြင်၍ အာသဝေါ ၄-ပါး ကင်းစင်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားပါသည်။ အာသဝေါကင်းစင်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မည်သည် ယုတ်ညံ့သော လူ့အသွင်ဖြင့် ဆက်လက်ရပ်တည်ခြင်းငှာ မထိုက်တော့ပါ။ သို့ဖြစ်၍ ခေမာဒေဝီသည် ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်၍ ထိုနေ့ချင်းပင် ဘိက္ခုနီမဘဝသို့ ကူးပြောင်းခဲ့ပါသည်။

မြတ်စွာဘုရားဟောကြားသည့် တစ်ပုဒ်တစ်ဂါထာမျှသော တရားကို ကြားနာရုံဖြင့် သူ့အသွင်၌ တည်လျက် အရဟတ္တဖိုလ်ကို ရရှိခဲ့သော ခေမာထေရီသည် နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံသည့် ထေရီတစ်ပါးအဖြစ်ဖြင့် ထင်ရှားခဲ့ပါသည်။ ရဟန်းရှင်လူတို့က မေးလာသမျှသော အမေးပုစ္ဆာပြဿနာတို့ကိုလည်း ရှင်းလင်းပြတ်သားစွာ ဖြေဆိုနိုင်ခဲ့ပါသည်။ အခါတစ်ပါး၌ ခေမာထေရီသည် သာဝတ္ထိနှင့် သာကေတမြို့အကြားရှိ တောရဏဝတ္ထုရွာ၌ သီတင်းသုံးနေပါသည်။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည်လည်း တိုင်းခန်းလှည့်လည်ရင်း ထိုရွာသို့ ဆိုက်ရောက်လာပါသည်။ ကောသလမင်းကြီးသည် တောရဏဝတ္ထုရွာ၌ ခေမာထေရီ သီတင်းသုံးနေကြောင်း ကြားသိလျှင် ထေရီထံ ချဉ်းကပ်၍ နက်နဲသော ပြဿနာတစ်ရပ်ကို မေးလျှောက်ပါသည်။ ထေရီကလည်း ထိုပြဿနာကို ရှင်းလင်းစွာ ဖြေဆိုခဲ့ပါသည်။

ကောသလမင်းကြီးသည် သာဝတ္ထိသို့ ပြန်ရောက်သောအခါ ခေမာထေရီအား မေးလျှောက်ခဲ့သော ပြဿနာကိုပင် မြတ်စွာဘုရားထံ၌ ထပ်မံ မေးလျှောက်ပြန်ပါသည်။ မြတ်စွာဘုရား၏ အဖြေမှာ ခေမာထေရီ၏ အဖြေနှင့် တစ်ထပ်တည်း ကျနေပါသည်။ ထို့ကြောင့် ကောသလမင်းကြီးသည် မိန်းမသားဖြစ်ပါလျက် ဉာဏ်ပညာကြီးမြတ်လှသူ ခေမာထေရီအား ဝမ်းမြောက်ကျေနပ်စွာ ချီးကျူးခဲ့ပါသည်။ မြတ်စွာဘုရားသည် ထိုထိုအရာ၌ ထူးချွန်သော တပည့်သာဝက အသီးသီးတို့အား ဧတဒဂ်ဘွဲ့ ချီးမြှင့်သောအခါ "ရဟန်းတို့၊ ပညာကြီးသော ငါ၏ တပည့် ဘိက္ခုနီတို့တွင် ခေမာသည် အမြတ်ဆုံးဖြစ်၏"ဟူ၍ ခေမာထေရီအား **ပညာဧတဒဂ်ဖြင့်** ချီးမြှင့်တော်မူပါသည်။

ခေမာထေရီသည် နက်နဲကြီးမြတ်သော ပညာနှင့် ပြည့်စုံ၍ ပညာဧတဒဂ်ကို ရရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ လွန်ခဲ့သော ကမ္ဘာ တစ်သိန်းထက်က ပွင့်တော်မူသည့် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ မိမိဆံပင်ကိုပင် ဖြတ်၍ အလှူဒါနပြုကာ ဆုပန်ခဲ့သောကြောင့် ဖြစ်ပါသည်။

ကဿပမြတ်စွာဘုရား လက်ထက်၌ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ပါးအနက် အကြီးဆုံးသမီးတော်ဖြစ်၍ အဗြဟ္မစရိယသိက္ခာပုဒ်ကို ရာသက်ပန် ထိန်းသိမ်းကာ **"ကောမာရီဗြဟ္မစရိယ"** အကျင့်ကို ကျင့်ခဲ့ခြင်း၊ ညီမတော်များနှင့်အတူ ဘုရားအမှူးရှိသော သံဃာအား ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုစုခဲ့ခြင်း စသော ဘဝအဆက်ဆက်မှ ကုသိုလ်ကောင်းမှုတို့ကြောင့်လည်း ခေမာထေရီသည် မြင့်မြတ်သော ဘဝကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

* * *

# ဥပ္ပလဝဏ္ဏာ

## ကြာပန်းလျှံခဲ့သော အလှဘုရင် တန်ခိုးရှင်

### ဣဒ္ဓိမန္တတေဒဂ်

ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ သာသနာ၌ တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်းဟူသော ဣဒ္ဓိမန္တအရာ၌ ထူးချွန်ပြောင်မြောက်ခြင်းဟူသော ဧတဒဂ်ဘွဲ့ထူးကို ရရှိသော ရဟန်းယောက်ျားတစ်ပါးနှင့် ရဟန်းမိန်းမတစ်ပါး ရှိမြဲဖြစ်၏။ ဂေါတမမြတ်စွာဘုရား သာသနာ၌ ရဟန်းယောက်ျားတို့တွင် **ရှင်မဟာမောဂ္ဂလာန်သည် ဣဒ္ဓိမန္တဧတဒဂ်** ရရှိသော ပုဂ္ဂိုလ်ဖြစ်ပြီး ရဟန်းမိန်းမတို့တွင်မူ **ဥပ္ပလဝဏ္ဏာထေရီသည် ဣဒ္ဓိမန္တဧတဒဂ်** ရရှိသော ဘိက္ခုနီ ဖြစ်လေသည်။

ဥပ္ပလဝဏ္ဏာသည် ဣဒ္ဓိမန္တဧတဒဂ် ရရှိသော ဘိက္ခုနီတစ်ပါးအဖြစ်ဖြင့် ဂေါတမမြတ်စွာဘုရားနှင့် တွေ့ဆုံခွင့်ရရှိရန် ပဒုမုတ္တရမြတ်စွာဘုရားထံ၌ ဆုပန်၍ ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ခဲ့ရလေသည်။ သူမ၏ ဣဒ္ဓိမန္တဧတဒဂ် ရရှိလိုသောဆန္ဒ ဖြစ်ပေါ်လာပုံနှင့် ပါရမီဖြည့်ခဲ့ပုံများမှာလည်း အထူးပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သို့ဖြစ်၍ ယခု ဥပ္ပလဝဏ္ဏာထေရီ၏ အကြောင်းကို ဧတဒဂ်ရရှိရန် ဆုပန်သည်မှစ၍ ဖော်ပြလိုက်ပါသည်။

# နဂါးမ ဝိမလာဒေဝီ

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် လွန်ခဲ့သော ကမ္ဘာတစ်သိန်း ထက်ဝယ် ပဒုမုတ္တရမည်သော မြတ်စွာဘုရား သည် လောက၌ ထင်ရှား ဖြစ်တော်မူခဲ့၏။ ထိုအခါ မဟာသမုဒ္ဒရာအနီး ရှိ နဂါးပြည်မှ မဟာဥဂ္ဂ ည်သော နဂါးမင်းနှင့် ဝိမလာဒေဝီမည်သော နဂါးမတို့သည် ရဟန္တာပေါင်း နှစ်သောင်းနှင့်တကွ ပဒုမုတ္တရမြတ်စွာဘုရားကို နဂါးပြည်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ကြလေသည်။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ရဟန္တာထေရီမတစ်ပါးကို ခေါ်၍ တန်ခိုးဣဒ္ဓိ အမျိုးမျိုးကို ပြသရန် မိန့်ကြားတော်မူလေသည်။ ထိုအခါ ထေရီက ဗြဟ္မာမင်းအသွင် ဖန်ဆင်းခြင်း၊ သမုဒ္ဒရာရေပေါ်၌ စင်္ကြံလျှောက်ခြင်း၊ နေဝန်းလဝန်းတို့ကို ဒုကုဋ်သင်္ကန်း ကြား၌ ဆောင်၍ စကြဝဠာတောင်ကို လှည့်ပတ်သွားခြင်း စသော တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ဘုရားအမှူးရှိသော ရဟန္တာနှစ်သောင်းနှင့် နဂါးပရိသတ်တို့၏ ရှေ့မှောက်တွင် ထင်ရှားစွာ ပြုလုပ်ပြသလေသည်။

အံ့မခန်းမျှ ထူးခြားဆန်းကြယ်သော တန်ခိုးပြာဋိဟာတို့ကို တွေ့မြင် ရသော နဂါးမ ဝိမလာဒေဝီသည် ပဒုမုတ္တရ မြတ်စွာဘုရားအား နဂါးပြည်၌ ဖြစ်သည့် အရဏမည်သော ကြာပန်းကို ဆက်ကပ်ပြီး "တပည့်တော်မသည် နောင်ဘဝတို့၌ ကြာပန်းကဲ့သို့ လှပတင့်တယ်သူ ဖြစ်ရပါလို၏၊ နောက်ဆုံး ဘဝ၌လည်း ဤထေရီမကဲ့သို့ လွန်စွာတန်ခိုးကြီးသော ရဟန္တာထေရီမ ဖြစ်ရပါလို၏"ဟူ၍ ဆုတောင်းလေသည်။

# လူ့ဘဝဖြင့် ဆုပန်ခြင်း

ထို့နောက် မကြာမီတွင် ဝိမလာဒေဝီသည် နဂါးမအဖြစ်မှ စုတေ၍ ဟံသာဝတီပြည်၌ သူဌေးသမီး ဖြစ်လာလေ၏။ ထိုသူဌေးသမီးသည် အရွယ်ရောက်သောအခါ မြို့သူမြို့သားတို့နှင့်အတူ ပဒုမုတ္တရမြတ်စွာ ဘုရားထံ ချဉ်းကပ်၍ တရားနာလေသည်။ ထိုသူဌေးသမီးသည် တစ်နေ့သ၌ တရားနာနေစဉ် တန်ခိုးကြီးသော ဘိက္ခုနီတစ်ပါးအား ပဒုမုတ္တရဘုရားရှင်က

ဣဒ္ဓိမန္တ တေဒဂ်ဖြင့် ချီးမြှောက်တော်မူသည်ကို တွေ့မြင်ရသဖြင့် အလွန်အားကျမိလေသည်။ ထို့ကြောင့် သူမသည် ဘုရားအမှူးရှိသော ရဟန္တာနှစ်သောင်းကို မိမိနေအိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းကပ်လေသည်။ ခုနစ်ရက်မြောက်သောနေ့တွင် ဆွမ်းဘုဉ်းပေးပြီးသော ဘုရားရှင်အား ကြာပန်းခုနစ်စည်းဖြင့် ပူဇော်၍ **"တပည့်တော်မသည် ဘုရားအမှူးရှိသော ရဟန်းသံဃာပေါင်းနှစ်သောင်းအား ခုနစ်ရက်ပတ်လုံး ဆွမ်းဆက်ကပ် လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် နောင်ပွင့်တော်မူမည့် တစ်ဆူသော ဘုရားရှင်၏ သာသနာ၌ ဣဒ္ဓိမန္တ တေဒဂ် ရရှိသော ဘိက္ခုနီ ဖြစ်ရပါလို၏"** ဟူ၍ မြွက်ဆိုဆုတောင်းလေသည်။ ပဒုမုတ္တရာဘုရားရှင်ကလည်း ထိုသူဌေးသမီးအား တောင်းသည့်ဆုအတိုင်း ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ဗျာဒိတ်စကားမြွက်ကြားတော်မူလေသည်။

# ဝိပဿီဘုရားလက်ထက်

ထိုသူဌေးသမီးသည် ပဒုမုတ္တရာဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းအား အမြဲမပြတ် လုပ်ကျွေးပြုစုခြင်းဖြင့် များစွာသော ကုသိုလ်ကောင်းမှုတို့ကို အသက်ထက်ဆုံး ဆည်းပူးအားထုတ်ပြီး သက်တမ်းစေ့၍ ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်သွားလေသည်။ ထို့နောက် သူမသည် လူ့ပြည်နတ်ပြည်တို့၌ ကံအားလျော်စွာ ကျင်လည်ခဲ့ပြီး လွန်ခဲ့သော ၉၁-ကမ္ဘာထက်က ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရားလက်ထက်တော်တွင်မူ ဗာရာဏသီပြည်၌ သူဌေးသမီး ဖြစ်ပြန်လေသည်။ ထိုသူဌေးသမီးသည် အရွယ်ရောက်သောအခါ ဝိပဿီမြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားနာယူပြီး ဘုရားအမှူးရှိသော သံဃာများအား အလှူဒါနများပြုလုပ်ခဲ့သည်။ ထို့ပြင် ဘုရားရှင်အား ကြာပန်းဖြင့် ပူဇော်၍ "တပည့်တော်မသည် ဖြစ်လေရာ ဘဝတိုင်း၌ ကြာပန်းကဲ့သို့ လှပတင့်တယ်နှစ်သက်ဖွယ်ရှိသူ ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

## သမဏဂုတ္တာ မင်းသမီး

သူဌေးသမီးသည် ထိုဘဝ၌လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ပြန်လေသည်။ ထိုမှနောက်တွင်လည်း လူ့ပြည်နတ်ပြည်တို့၌ ကံအားလျော်စွာ ကျင်လည်ခဲ့ပြီး ဤဘဒ္ဒကမ္ဘာဝယ် တတိယမြောက် ပွင့်တော်မူသော ကဿပဘုရားရှင်လက်ထက်၌ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ပါးအနက် ဒုတိယမြောက်သမီးတော် ဖြစ်လာလေ၏။ အမည်ကား သမဏဂုတ္တာဟု ခေါ်လေသည်။

သမဏဂုတ္တာမင်းသမီးသည် အရွယ်ရောက်သောအခါ အစ်မတော်၊ ညီမတော်တို့နှင့်အတူ ကဿပဘုရားရှင်အား ဆည်းကပ်ကိုးကွယ်၍ များစွာသော အလှူဒါနတို့ကို ပြုလုပ်ခဲ့သည်။ အသက်ထက်ဆုံး အိမ်ထောင်ဖက်မရှာဘဲ **"ကောမာရိဗြဟ္မစရိယ"**ဟု ခေါ်သည့် အကျင့်မြတ်ကို ကျင့်သုံးခဲ့သည်။

## သူဆင်းရဲမ၏ ဆုတောင်း

သမဏဂုတ္တာမင်းသမီးသည် ထိုဘဝမှ စုတေသောအခါ၌လည်း နတ်ပြည်သို့ပင် ရောက်သွားပြန်လေသည်။ ထိုမှတစ်ဖန် လူ့ပြည်၊ နတ်ပြည် လှည့်ပြောင်းကျင်လည်ခဲ့ပြီး ဘုရားနှစ်ဆူတို့အကြား တစ်ခုသော ဘဝတွင်မူ ဗာရာဏသီပြည်၌ သူဆင်းရဲမတစ်ဦး၏ သမီး ဖြစ်လာလေသည်။ ထိုသတို့သမီးသည် အရွယ်ရောက်သောအခါ နှစ်စဉ် ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်ပွဲသဘင်၌ အခြားသော ရွယ်တူမိန်းကလေးများ လုပသော ဝတ်ပန်းလုံချည်များကို ဝတ်ဆင်လျက် သွားလာကြသည်ကို တွေ့မြင်ရလျှင် အားကျသောစိတ် ဖြစ်ပေါ်လာသဖြင့် မိမိအားလည်း ဝတ်ပန်းလုံချည် တစ်ထည်ဝယ်ပေးရန် မိဘများကို နားပူလေသည်။

မိဘတို့ကလည်း "ချစ်သမီး၊ ငါတို့မှာ ခါးလှအောင်ဝတ်ဖို့ မဆိုထားဘိ၊ ဝမ်းဝအောင် စားဖို့ပင် ခက်ခဲလှချေ၏၊ ဝတ်ပန်းလုံချည်ကို

ဝယ်ချင်လှတယ်ဆိုရင်တော့ သမီးလုပ်အားနှင့်ပဲ သမီးဝယ်နိုင်အောင် ကြိုးစားပါလော့"

မိဘတို့က ထိုသို့ ပြောဆိုသောအခါ ထိုမိန်းကလေးသည် မိမိအား ဝတ်ပန်းလုံချည်တစ်ထည် ဝယ်ပေးပါရန် တောင်းပန်ပြီး သူဌေးတစ်ဦး၏ အိမ်၌ အစေအပါး ခံ၍ နေလေသည်။ အိမ်မှုကိစ္စ အဝဝတို့ကို မခိုမကပ်ဘဲ ကျေပွန်စွာ ဆောင်ရွက်သော ထိုမိန်းကလေးကို အိမ်ရှင်သူဌေး လင်မယားတို့က ကျေနပ်နှစ်သက်လှသည်ဖြစ်၍ ဝန်ခံထားသည့် သုံးနှစ် မပြည့်မီမှာပင် လှပနူးညံ့သော ဝတ်ပန်းလုံချည်တစ်ထည်ကို ဝယ်ယူ ပေးလိုက်ကြလေသည်။

ထိုမိန်းကလေးသည် မိမိလိုချင်လှသော ဝတ်ပန်းလုံချည်တစ်ထည်ကို ရရှိလျှင် ဝမ်းမြောက်လှစွာဖြင့် မိဘအိမ်သို့ ပြန်လာလေ၏။ ယင်းသို့ ပြန်လာစဉ် လမ်းခရီးအကြား၌ ရေကန်တစ်ကန်ကို တွေ့မြင်လျှင် ရေချိုး လိုသောစိတ် ဖြစ်ပေါ်လာသဖြင့် ရေဆင်း၍ ချိုးလေသည်။ သူမ ရေချိုး နေစဉ်တွင် မိမိကိုယ်ကို သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးလွှမ်း၍ ကြွလာသော ရဟန်းတော်တစ်ပါးကို အဝေးမှ လှမ်း၍ မြင်လိုက်ရသည်။ ကိုယ်၌ ဝတ်ဆင်ထားသော သင်္ကန်းကို ခိုးသူတို့က လုယက်လိုက်သဖြင့် ထိုကဲ့သို့ ကြွရောက်လာခြင်း ဖြစ်ကြောင်းကိုလည်း သူမ တွေးမိပိုက် လေသည်။

ထို့နောက် သူမသည် "ငါကား အတိတ်ဘဝတို့၌ ကုသိုလ်ဒါန ခေါင်းပါးခဲ့သောကြောင့် ယခုဘဝ၌ ဆင်းရဲသူဖြစ်နေရ၏။ ယခုဘဝတွင် လည်း ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာကိုမျှ မပြုလုပ်ခဲ့သော် နောင်ဘဝ၌ ပို၍ ဆင်းရဲတွင်း နက်လေရာ၏"ဟု စဉ်းစား ဆင်ခြင်မိသည်။ သို့ဖြစ်၍ ကမ်းပေါ်သို့ ပြန်တက်လာပြီး သုံးနှစ်နီးပါးမျှ သူဌေးအိမ်တွင် အစေအပါး ခံ၍ ရရှိလာသော ဝတ်စုံအသစ်စက်စက်ကို ထိုရဟန်းတော်အား ရက်ရောစွာ လှူဒါန်းလိုက်လေသည်။

ထိုအခါ ရဟန္တာအရှင်မြတ်သည် မိမိကိုယ်ကို ဖုံးလွှမ်းဆင်မြန်း လာသော သစ်ခက်သစ်ရွက်များကို ဖယ်ရှားပြီး ဝတ်စုံသစ်ကို ဝတ်ရုံ တော်မူလေသည်။ သူဆင်းရဲမလည်း မိမိလှူဒါန်းသော ဝတ်စုံဖြင့် ခံ့ညား သပ္ပာယ် ကြည်ညိုဖွယ်ကောင်းသော ရဟန္တာအရှင်မြတ်ကို ဖူးမြော်ရလျှင်

ဝမ်းမြောက်လှသည်ဖြစ်၍ "တပည့်တော်မသည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း၌ ယောကျ်ားတကာတို့၏ စိတ်ကို ယစ်မူးတိမ်းညွှတ်စေနိုင်သော ရုပ်အဆင်းနှင့် ပြည့်စုံသူ ဖြစ်ရပါလို၏"ဟူ၍ ဆုတောင်းခဲ့လေသည်။ ရဟန္တာအရှင်မြတ်သည်လည်း ထိုသူငယ်မအား အနုမောဒနာစကားမြွက်ကြားပြီး လိုရာခရီးသို့ ဆက်လက်ကြွသွားလေသည်။

ထိုသူငယ်မသည် မိဘများအိမ်သို့ ပြန်လာပြီး သူဌေးအိမ်မှ မိမိ၏ လုပ်အားခ အဖြစ်ဖြင့် ရရှိခဲ့သော ဝတ်စုံသစ်ကို လမ်းခရီးမှာပင် ရဟန္တာအရှင်မြတ်တစ်ပါးအား ထူးခြားစွာ လှူဒါန်းလိုက်ရပုံ အကြောင်းစုံကို မိဘနှစ်ပါးအား ဝမ်းမြောက်ဝမ်းသာ ပြောပြလေသည်။ မိဘတို့ကလည်း အရွယ်နှင့်မလိုက်အောင် လိမ္မာလှသော သမီးပျို၏ ဒါနကုသိုလ်ကို ဝမ်းမြောက်ကြည်နူး၍မဆုံးအောင် ရှိကြသည်။

## သူဌေးသမီး ဥမ္မာဒန္တီ

ထိုသတို့သမီးသည် အသက်အတိုင်းနေ၍ စုတေသောအခါ နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီးနောက် သိဝိတိုင်း အရိဋ္ဌပုရမြို့တော်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိဋ္ဌဝစ္ဆသူဌေးကြီး၏ သမီး ဖြစ်လာလေ၏။ ငယ်ရွယ်စဉ်မှစ၍ မြင်မြင်သမျှ ယောကျ်ားတို့ တိမ်းပါးညွှတ်နူး မူးယစ်လောက်ဖွယ် တင့်တယ် လှပသော အဆင်းနှင့် ပြည့်စုံခြင်းတို့ကြောင့် ထိုသမီးငယ်အား ဥမ္မာဒန္တီဟု နာမည်ပေးခဲ့ကြလေသည်။

တိရိဋ္ဌဝစ္ဆသူဌေးကြီး၏ သမီးရတနာဖြစ်သော ဥမ္မာဒန္တီကား အရွယ်ရောက်လာသည်နှင့်အမျှ အလှတိုးလာလေ၏။ ပြည့်ဖြိုးဖွံ့ထွားသော ကိုယ်အင်္ဂါ၊ ဖြူဝင်းချောမွတ်သော ရုပ်ဆင်းလှာတို့နှင့် ပြည့်စုံခြင်းကြောင့် မြင်မြင်သမျှသော ယောကျ်ားတို့သည် တိမ်းပါးညွှတ်နူး ရူးမတတ်ပင် ဖြစ်ကြရလေသည်။

ထို့ကြောင့် ဖခင်သူဌေးကြီးသည် "ငါ့သမီးကား အခြားသူတို့နှင့် မတန်၊ ဘုရင်မင်းမြတ်နှင့်သာ ထိုက်တန်ပေ၏"ဟု ကြံ၍ အရိဋ္ဌပုရပြည့်ရှင် သိဝိမင်းကြီး၏ ရှေ့မှောက်သို့ ဝင်ရောက်ပြီး "အရှင်မင်းကြီး ကျွန်ုပ်မှာ

အရှင်မင်းမြတ်နှင့်သာ ထိုက်တန်သည့် သမီးရတနာတစ်ပါး ထွန်းကားနေပါသည်၊ ရုပ်လက္ခဏာကို လေ့လာစုံစမ်းပြီး နန်းတော်သို့ ဆောင်ယူတော်မူပါလော့”ဟု လျှောက်တင်လေသည်။

ထိုအခါ သိဝိမင်းကြီးသည် အင်္ဂဝိဇ္ဇာ လက္ခဏာဖတ်ပညာ၌ ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်တို့အား ဥမ္မာဒန္တီ၏ ကြန်အင်လက္ခဏာကို ကြည့်ရှုလေ့လာရန် တိရီဋဝစ္ဆသူဌေးကြီး၏ အိမ်သို့ စေလွှတ်လိုက်လေသည်။ သူဌေးကြီးသည် ထိုပုဏ္ဏားရှစ်ယောက်တို့အား ဝမ်းမြောက်ဝမ်းသာ ကြိုဆို၍ နို့ဃနာထမင်းဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ပုဏ္ဏားတော်များ နို့ဃနာထမင်း သုံးဆောင်နေကြစဉ်တွင် သူဌေးသမီး ဥမ္မာဒန္တီသည် အချိုပွဲ၊ အချဉ်ပွဲများ ယူဆောင်လျက် အတွင်းခန်းမှ ထွက်လာလေ၏။ ထူးခြားသော ရုပ်အဆင်းနှင့် ပြည့်စုံသော ဥမ္မာဒန္တီကို ရုတ်တရက် တွေ့မြင်လိုက်ကြရသောအခါ ပုဏ္ဏားတော်တို့သည် နို့ဃနာထမင်းကို ကောင်းစွာ မစားသုံးနိုင်ကြတော့ဘဲ ကယောင်ကတမ်း ဖြစ်ကုန်ကြသည်။ ထမင်းလုပ်ကို လက်မှာကိုင်လျက် ငိုင်သူငိုင်၊ လဲသူလဲ ဖြစ်ကုန်ကြလေသည်။ ထို့ကြောင့် ဥမ္မာဒန္တီက “ဤပုဏ္ဏားတို့သည် ငါ၏ ရုပ်လက္ခဏာကို ဖတ်နိုင်မည့်သူများမဟုတ်”ဟု ဆို၍ အိမ်ထဲမှ ဆွဲထုတ်ပစ်စေလေသည်။

အိမ်ထဲမှ ဆွဲထုတ်ခြင်းခံရ၍ အရှက်တကွဲ ဖြစ်ခဲ့ရသော ပုဏ္ဏားတော်တို့သည် သိဝိမင်းကြီး ရှေ့မှောက်သို့ ရောက်သောအခါ “တိရီဋဝစ္ဆသူဌေးကြီး၏သမီး ဥမ္မာဒန္တီသည် ရုပ်အဆင်းကား တင့်တယ်လှပါ၏။ သို့သော် မိဖုရားမြှောက်ရန်မူ မသင့်လျော်ပါ၊ ယုတ်ညံ့သော မိန်းမ ဖြစ်ပါသည်”ဟူ၍ မင်းကြီးအား လျှောက်တင်ကြလေသည်။ သို့အာဖြင့် သိဝိမင်းကြီးသည် ဥမ္မာဒန္တီအား သိမ်းပိုက်ခြင်း မပြုတော့ဘဲ အမှတ်တမဲ့ဖြစ်သာ နေလိုက်လေသည်။

တိရီဋဝစ္ဆသူဌေးကြီးသည် သမီးလှ ဥမ္မာဒန္တီအား သိဝိမင်းကြီးက သိမ်းပိုက်ခြင်း မရှိကြောင်း သိရသောအခါ စစ်သူကြီး အဘိပါရကနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်လေသည်။ စစ်သူကြီး အဘိပါရကကား ထူးမြတ်သော မိန်းမရတနာကို ရပေသည်ဟူ၍ လွန်စွာ ဝမ်းမြောက်လျက်

ဥမ္မာဒန္တီအား အစွမ်းကုန်မြှောက်စား ထားလေသည်။ သို့အားဖြင့် မိဖုရား မဖြစ်ရသော်လည်း စစ်သူကြီးကတော်ဘဝကိုကား ရရှိခဲ့လေသည်။

အရိဋ္ဌပုရမြို့တော်၌ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့တွင် ကြတ္တိကာနက္ခတ်ပွဲသဘင်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိသည်။ တစ်မြို့လုံးကို လှပတင့်တယ်စွာ တန်ဆာဆင်၍ ညပိုင်းတွင် ဆီမီးရောင်စုံများ ထိန်ထိန်လင်းအောင်ထွန်းကာ ပွဲလမ်းသဘင်များ ခင်းကျင်းပြသကြလေသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင်လည်း သိန္ဓောမြင်း လေးစီးကသော ရထားကို စီးကာ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် မြို့တော်သို့ လှည့်လည်ကြည့်ရှုလေ့ရှိသည်။

## သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီ

တစ်ခုသော ကြတ္တိကာနက္ခတ်ပွဲသဘင်နေ့တွင် အဘိပါရကစစ်သူကြီးသည် တိုင်းရေးပြည်ရေးဖြင့် ခရီးထွက်ရန် ရှိနေသဖြင့် ခရီးထွက်ခါနီး၌ ဇနီးချော ဥမ္မာဒန္တီအား ဤသို့ မှာကြားလေသည်။ "ချစ်နှမ ဥမ္မာဒန္တီ၊ ယနေ့သည် ကြတ္တိကာနက္ခတ်ပွဲသဘင် ကျင်းပသောနေ့ဖြစ်၍ ငါတို့အရှင် သိဝိမင်းကြီးသည် ညအချိန်၌ မြို့တော်ကို လှည့်လည် ကြည့်ရှုပါလိမ့်မည်၊ ငါတို့အိမ်ရှေ့သို့လည်း ရှေးဦးစွာ ရောက်လာပါလိမ့်မည်၊ ထိုအခါ ချစ်နှမကို မင်းကြီး မမြင်ပါစေလင့်"

စစ်သူကြီးကား ဇနီးချောအတွက် စိတ်မချနိုင်သဖြင့် အစိုးရိမ်ကြီးစွာ မှာကြားခဲ့ခြင်း ဖြစ်၏။ သို့သော် ဇနီးချော ဥမ္မာဒန္တီမှာမူ ခင်ပွန်းဖြစ်သူ၏ စကားကို ကြားရသောအခါကျမှ မိန်းမသားတို့ အလှမာန်စိတ် ရုတ်တရက်ဝင်လာသည်။ "ပုဏ္ဏားရူးတွေရဲ့ စကားကိုယုံပြီး ငါ့ကို မိန်းမယုတ်ဟုထင်ကာ ပစ်ပယ်ခဲ့တဲ့ သိဝိမင်းကြီးအား ငါ၏အလှကို အစွမ်းကုန်ပြလိုက်မည်"ဟု ကြံမိလေသည်။ ထို့ကြောင့် ထိုနေ့ညတွင် သူမသည် မိမိကိုယ်ကို အကောင်းဆုံးသော အမွှေးနံ့သာတို့ဖြင့် လိမ်းကျံခြယ်သ၍ အလှဆုံးသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ သိဝိမင်းကြီး အလာကို စောင့်နေသည်။ သိဝိမင်းကြီး စီးနင်းလိုက်ပါလာသော မင်္ဂလာရထား အိမ်ရှေ့သို့ ရောက်

လာသောအခါ ဥမ္မာဒန္တီသည် ကိန္နရီပျိုမကဲ့သို့ သွယ်လျနွဲ့ပျောင်းသော ကိုယ်ဖြင့် အိမ်ရှေ့ပြတင်းတံခါးကို မှီ၍ ရပ်နေပြီး အိမ်စေကျွန်မ ကိုင်ထားသော ငွေဖလားကြီးထဲမှ လှပမွှေးကြိုင်သော ပန်းတို့ဖြင့် သိဝိမင်းကြီး အား ပစ်ကြဲလိုက်လေသည်။

သိဝိမင်းကြီးသည် မိမိကိုယ်ပေါ်သို့ မွှေးပျံ့သော ပန်းများ ကျလာသဖြင့် အိမ်ကြီးဆီသို့ သတိထား၍ ရှုစားလိုက်လေသည်။ ထိုအခါ လပြည့်ဝန်းကဲ့သို့ ပြည့်ရွှန်းသောမျက်နှာ၊ နွဲ့နှောင်းသောအမူအရာဖြင့် ပြတင်းဝ၌ ရပ်နေသော မိန်းမလှ ဥမ္မာဒန္တီကို မြင်လိုက်ရသဖြင့် မူးမေ့ မတတ်ဖြစ်သွားလေ၏။ ဥမ္မာဒန္တီကား မိမိအား မင်းကြီး တွေ့မြင်သွားပြီဖြစ် ကြောင်း သိသည်နှင့်တစ်ပြိုင်နက် အိမ်ခန်းတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုအခါ သိဝိမင်းကြီးက ရထားထိန်း သုနန္ဒအား "အချင်းသုနန္ဒ, ဤအိမ်သည် အဘယ်သူ၏ အိမ်နည်း၊ ငါ့အား ပန်းကြဲသော မိန်းမကား အဘယ်သူပါနည်း" ဟု မေးမြန်းသည်။ ရထားထိန်းသုနန္ဒကလည်း ထိုအိမ် ကြီးသည် အဘိပါရက စစ်သူကြီး၏အိမ်ဖြစ်ကြောင်း၊ မင်းကြီးအား ပန်းကြဲလိုက်သူမှာလည်း စစ်သူကြီးကတော် ဥမ္မာဒန္တီဖြစ်ကြောင်း ဖြေကြား သည်။ ထို့နောက် ဥမ္မာဒန္တီမှာ တစ်ခါက မင်းကြီးအား ဆက်သဖူးသည့် တိရိဋ္ဌဝစ္ဆသူဌေးကြီး၏ သမီးချောရတနာဖြစ်ကြောင်း၊ မင်းကြီးက မသိမ်းပိုက်ခဲ့သောကြောင့် အဘိပါရက စစ်သူကြီးလက်သို့ ရောက်သွားရခြင်း ဖြစ်ကြောင်းများကိုလည်း ရထားထိန်း သုနန္ဒက သိဝိမင်းကြီးအား ဆက်လက်လျှောက်တင်လေသည်။

ရထားထိန်းသုနန္ဒ၏ လျှောက်တင်သော စကားကို ကြားရသောအခါ သိဝိမင်းကြီး အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ "ပုဏ္ဏားမိုက် တို့စကားကို ယုံကြည်မိသဖြင့် မိန်းမလှတစ်ယောက်ကို ငါလက်လွှတ်ဆုံး ရှုံးရလေပြီ" ဟူ၍ ယူကြုံးမရ ဖြစ်သွားလေသည်။ ထို့ကြောင့် နက္ခတ်ပွဲ သဘင်ကိုပင် ဆက်လက်ကြည့်ရှုလိုခြင်း မရှိတော့သည်ဖြစ်၍ ရထားကို နန်းတော်သို့ ပြန်လှည့်ရန် သုနန္ဒအား အမိန့်ပေးလိုက်လေသည်။

## သဘောထားကြီးသော စစ်သူကြီး

သိဝိမင်းကြီးသည် နန်းတော်သို့ ပြန်ရောက်သောအခါ သလွန်တော်၌ လျှောင်းစက်လျက် ဥမ္မာဒန္တီကိုသာ စွဲလမ်းတမ်းတ၍နေသည်။ စက်တော်လည်း မခေါ်နိုင်၊ ပွဲတော်လည်း မတည်နိုင်၊ ညီလာခံ သဘင်ကိုလည်း မတက်နိုင်ဘဲ ဖြစ်နေသည်။ မိဖုရားကြီးနှင့်တကွ မှူးမတ် ကြီးငယ်တို့သည် ဘုရင့်အပါးသို့ မကပ်ဝံ့ဘဲ ဖြစ်နေကြသည်။ နက္ခတ်ပွဲ သဘင်ပြီး၍ သုံးရက်မြောက်နေ့တွင် အဘိပါရက စစ်သူကြီးသည် စစ်ထွက်ရာမှ ပြန်ရောက်လာသည်။ မှူးမတ်တို့၏ ပြောပြချက်အရ သိဝိမင်းကြီး ဥမ္မာဒန္တီကို စွဲလမ်းတမ်းတ၍ အိပ်ရာမှ မထနိုင်ဖြစ်နေကြောင်း ကြားသိရသည်။ ထိုအခါ စစ်သူကြီးသည် ဘုရင့်ထံသို့ ချဉ်းကပ်၍ "အရှင်မင်းကြီး ဥမ္မာဒန္တီကို အလိုရှိလျှင် ယခုပင် သိမ်းပိုက်တော်မူပါ၊ ကျွန်ုပ်ကျေနပ်ပါသည်၊ မိန်းမတစ်ယောက်အတွက် ဤမျှ စိတ်ဒုက္ခ ခံစား၍ နေတော်မမူပါလင့်"ဟူ၍ ပွင့်လင်းစွာ လျှောက်တင်လေသည်။

## အများကိုပြုခဲ့သော ဘုရင်သိဝိ

ဇနီးချောကို ရက်ရောစွာ စွန့်ပါမည်ဆိုသော အဘိပါရကစစ်သူကြီး၏ စကားကို ကြားရသောအခါ သိဝိမင်းကြီး ချက်ချင်း သတိတရား ရရှိသွားသည်။ **"ငါကား တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသူဖြစ်ပါလျက် မိန်းမ တစ်ယောက်အတွက် ကျော်မကောင်းကြားမကောင်း ဖြစ်ရချေပြီ"**ဟူ၍ ထိတ်လန့်တုန်လှုပ်သွားသည်။ ထို့ကြောင့် အဘိပါရက စစ်သူကြီးအား **"အချင်း အဘိပါရက, ငါသည် စိတ်အလိုလိုက်၍ မိုက်မှားမိခဲ့ချေ၏၊ ငါ့အပြစ်ကို သင်ခွင့်လွှတ်ပါလော့၊ ဥမ္မာဒန္တီကို ငါမသိမ်းပိုက်လိုပါ၊ သင်နှင့်သာလျှင် အသက်ထက်ဆုံး ပေါင်းသင်းပါလော့"**ဟု ပြောဆိုလေသည်။ ထိုအခါ အဘိပါရက စစ်သူကြီးလည်း **"ငါတို့မင်းကြီးကား စိတ်ထားမြင့်မြတ်လှပေစွ"**ဟု ချီးကျူးပြောဆိုပြီး ဝမ်းမြောက်ဝမ်းသာ အိမ်သို့ ပြန်လာလေသည်။

•

ဥမ္မာဒန္တီကား အတိတ်ဘဝ၌ ရဟန္တာအရှင်မြတ်အား ပန်းဝတ်လုံချည် လှူဒါန်း၍ ဆုတောင်းခဲ့ခြင်းကြောင့် လွန်ကဲသော အဆင်းနှင့် ပြည့်စုံ သည်ဖြစ်၍ ဘုရားအလောင်းတော်ဖြစ်သော သိဝိမင်းကြီးကိုပင် အရူးအမူး ဖြစ်အောင် ပြုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

## လယ်သမား၏ သမီးပျို

ဥမ္မာဒန္တီသည် ထိုဘဝမှ စုတေသောအခါ နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီး၊ လူ့ပြည်သို့ ပြန်လာသည်။ ဗာရာဏသီပြည်အနီးရှိ တစ်ခုသော ရွာငယ်၌ လယ်သမား၏ သမီး ဖြစ်လာသည်။ ထို လယ်သမား၏ သမီးသည် တစ်နေ့သ၌ လယ်ခင်းထဲ၌ လယ်စောင့်နေစဉ် နိရောဓသမာပတ်ဝင်စားရာမှ ထ၍ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့မြင်၍ မိမိ အဆင်သင့် လှော်ထားသော ဆန်ပေါက်ပေါက်များကို အရှင်၏ သပိတ်၌ လောင်းလှူ လိုက်သည်။ ထို့နောက် သပိတ်ပေါ်၌ ကြာပွင့်ကြီး တစ်ပွင့်ဖြင့် ဖုံးအုပ် ပေးလိုက်ပြီး **"တပည့်တော်မသည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝ၌ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း မြေကြီးမှ ပဒုမ္မာကြာပွင့်များ ပေါ်ထွက်လာ ပါစေ၊ ပေါက်ပေါက်များ လောင်းလှူရသော ကောင်းမှုကြောင့် သား ၅၀၀-ကို ရပါစေ"**ဟူ၍ ဆုတောင်းလိုက်လေသည်။

လယ်သမား၏ သမီးသည် ထိုဘဝမှ စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သမီးဖြစ်၍ ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရသည်။ ပစ္စေကဗုဒ္ဓအား ကြာပွင့်လှူ၍ ဆုတောင်းခဲ့သည်နှင့်အညီ ထိုနတ်သမီး ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း လှည်းဘီးခန့် ပမာဏရှိသော ကြာပွင့်ကြီးများ အောက်မှခံပေးကြသည်။ သို့ဖြစ်၍ ပဒုမဝတီ နတ်သမီးဟု အမည်တွင်ခဲ့လေသည်။

## ကြာပွင့်ထဲမှ သံသေသူ

ပဒုမဝတီ နတ်သမီးသည် တာဝတိံသာနတ်ပြည်၌ သက်တမ်းစေ့အောင်နေပြီး စုတေသောအခါ ဟိမဝန္တာတောင်အနီး ရေအိုင်ကြီး အတွင်း၌

ကြာဖူးကြီးတစ်ဖူးကို အမှီပြု၍ သံသေဒဇ ပဋိသန္ဓေ တည်နေလေ၏။ ထိုရေအိုင်အနီး၌နေသော ရသေ့တစ်ပါးသည် နံနက်စောစောတွင် အိပ်ရာမှ ထ၍ မျက်နှာသစ်ရန်အတွက် ရေအိုင်သို့ သွားလေသော် တစ်ပါးသော ကြာတို့ များစွာပွင့်ကြလျက် မပွင့်သေးဘဲ ဖြစ်နေသည့် ကြာငုံကြီးတစ်ခုကို မြင်လျှင် **"တစ်စုံတစ်ခုသော အကြောင်းထူး ဝိသေသရှိရာ၏"**ဟု ကြံလျက် ရေထဲသို့ ဆင်းပြီး ထိုကြာငုံကြီးကို ကိုင်ကြည့်လေသည်။ ထိုအခါ ကြာငုံကြီးသည် ချက်ချင်းပင် ကားကားစွင့်စွင့် ပွင့်လာပြီး ကြာတိုက်ထဲ၌ အိပ်လျက်နေသော သူငယ်မကို တွေ့မြင်ရလေသည်။ ရှင်ရသေ့သည် ကြာတိုက်နှင့်တကွ ထိုသူငယ်မကို ကျောင်းသင်္ခမ်းသို့ ယူဆောင်လာပြီး သမီးဟူသော အမှတ်ဖြင့် ကျွေးမွေးပြုစုထားသည်။

ထိုသူငယ်မသည် ထိုမှ ဤမှ သွားလာနိုင်သောအခါ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပဒုမ္မာကြာပွင့်များ မြေမှ ထွက်၍ ခံပေးကုန်၏။ ပဒုမ္မာ ကြာဝတ်ဆံကဲ့သို့ နုဖတ်စိုပြည် ချောမွေ့သော အသားအရေရှိသည်ဖြစ်၍ နတ်သမီးတမျှ လှပတင့်တယ်၏။ သို့ဖြစ်၍ ရှင်ရသေ့က သူမအား ပဒုမဝတီဟု နာမည့်ပေးထားလေသည်။

တစ်နေ့သ၌ ရှင်ရသေ့၏ ကျောင်းသင်္ခမ်းသို့ ဗာရာဏသီပြည်မှ တောလိုက်မုဆိုးတစ်ဦး ရောက်လာသည်။ တောလိုက်မုဆိုးသည် ပဒုမဝတီကို တွေ့မြင်လျှင် ရှင်ရသေ့၏ ကျောင်းသင်္ခမ်း၌ ဤမျှချောမောသော မိန်းမပျို ကလေးတစ်ဦး ရှိနေခြင်းအတွက် လွန်စွာ အံ့သြသွားလေသည်။ ရှင်ရသေ့က ထိုတောလိုက်မုဆိုးအား အကြောင်းစုံကို ရှင်းလင်းပြောပြပြီး စားဖွယ် သောက်ဖွယ်တို့ဖြင့် ကျွေးမွေးဧည့်ခံသည်။ ထို့နောက် ဗာရာဏသီပြည်သို့ ပြန်ရောက်သောအခါ မိမိ ကျောင်းသင်္ခမ်း၌ သမီးပျိုကလေး ရှိနေသည် ဟူသော သတင်းကို မည်သူ့အားမျှ မပြောကြားရန် မုဆိုးအား မေတ္တာ ရပ်ခံသည်။ မုဆိုးကလည်း ကောင်းပါပြီဟု ဝန်ခံ၍ ရှင်ရသေ့အား ရိုသေစွာ ရှိခိုးပြီး ကျောင်းသင်္ခမ်းမှ ထွက်လာခဲ့သည်။

# ကတိမတည်သောမုဆိုး

သို့သော် မုဆိုးကား ကတိမတည်ချေ။ **တစ်လုတ်ကျွေးဖူး၊ သူ့ကျေးဇူး** ကို သိတတ်သူမဟုတ်ချေ။ သတင်းကောင်းတစ်ခုကိုအကြောင်းပြု၍ ဆုလာဘ်များစွာ ရရှိရန် ကြံသည်။ ဗာရာဏသီသို့ ပြန်ရောက်သည်နှင့် ဘုရင့်နန်းတော်သို့ အဆောတလျင် ဝင်ခွင့်တောင်းပြီး ဟိမဝန္တာမှ ရသေ့တစ်ပါး၏ ကျောင်းသင်္ခမ်း၌ လူမက နတ်တမျှ ချောမောလှပသော မိန်းမပျိုတစ်ဦးကို မိမိ တွေ့ရှိခဲ့ရကြောင်း ဘုရင်အား လျှောက်တင်လေသည်။

ဗာရာဏသီဘုရင်သည် ထိုသတင်းကို ကြားသိလျှင် ဝမ်းမြောက်လှသည်ဖြစ်၍ မုဆိုးအား ဆုလာဘ်များစွာ ချီးမြှင့်သည်။ ထို့နောက် ထိုမုဆိုးကို လမ်းညွှန်ပြုလျက် စစ်သည်ဗိုလ်ပါ အပေါင်းနှင့်တကွ ဟိမဝန္တာသို့ ကိုယ်တော်တိုင် ချီတက်ခဲ့လေသည်။ ရှင်ရသေ့၏ ကျောင်းသင်္ခမ်းအနီးသို့ ရောက်သောအခါ သင့်လျော်သော နေရာ၌ တပ်စခန်းချနေပြီး လှူဖွယ် တန်းရာပစ္စည်း ပရိက္ခရာတို့ဖြင့် ရှင်ရသေ့ထံ ချဉ်းကပ်သည်။ ရှင်ရသေ့အား ရိုသေစွာ ရှိခိုး၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီးလျှင် ရှင်ရသေ့အား ဤသို့ လျှောက်ကြားလေသည်။

"တပည့်တော်သည် ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်း ဖြစ်ပါသည်ဘုရား၊ အရှင်ရသေ့ထံသို့ ယခုလို ရောက်လာရခြင်းမှာ အရှင်ရသေ့၏ ကျောင်းသင်္ခမ်း၌ ရသေ့ရဟန်းတို့နှင့် မသင့်လျော်သည့် မာတုဂါမ တစ်ယောက် ရှိနေသည်ဟု ကြားသိရခြင်းကြောင့် ဖြစ်ပါသည်။ အရှင်ရသေ့အနေဖြင့် တရားဘာဝနာကို လွတ်လပ်စွာ ပွားများနိုင်စေရန် ထိုမာတုဂါမကို တပည့်တော်အား အပ်နှင်းစေလိုပါသည်၊ တပည့်တော် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ချီးမြှင့်ပါမည် ဘုရား"

ရှင်ရသေ့ကား ဗာရာဏသီဘုရင်ဟု ဆိုသည်နှင့်ပင် တောလိုက်မုဆိုး၏ လက်ချက်ကြောင့် သူရောက်လာခြင်းဖြစ်ကြောင်း ချက်ချင်း နားလည် လိုက်သည်။ ထိုဘုရင် လျှောက်တင်သည့်အတိုင်း၊ မိန်းမပျိုလေး တစ်ဦးကို မိမိကျောင်းသင်္ခမ်း၌ အစဉ်သဖြင့်ထားရန် မသင့်တော်ကြောင်း ကိုလည်း ရှင်ရသေ့အနေဖြင့် ကောင်းစွာ သဘောပေါက်ပေသည်။ သို့သော် သမီးရင်း ဟု

သဘောထား၍ နှစ်ကာလကြာမြင့်စွာ မိမိ တယုတယ ကျွေးမွေးစောင့်ရှောက်ခဲ့ရသော ပဒုမဝတီကလေးကို သူစိမ်းတရံစာများ လက်သို့ ဝကွက်၍ အပ်လိုက်ရမည်ကိုမူ စိတ်မချနိုင်ဘဲ ဖြစ်နေသည်။ အထူးသဖြင့် မိဘုရားကြီးငယ်နှင့် မောင်းမမိဿံ များစွာ ထားရှိသော ဘုရင်တစ်ပါးလက်သို့ အပ်လိုက်ရမည်ကို ပို၍ပင် စိုးရိမ်ကြောင့်ကြနေလေသည်။ ဘုရင်ဆိုသည်မှာ ကြောက်ဖွယ်ကောင်းလှ၏၊ **တစ်နေ့ရွှေ၊ တစ်နေ့ငွေ** ဖြစ်တတ်ပြီး၊ အခြားသော မောင်းမမိဿံတို့က သွေးထိုးကြ၍ ပဒုမဝတီအပေါ် အချစ်ပြယ်သွားခဲ့သော် ငါ့သမီးလေး ဒုက္ခရောက်ရရှာလိမ့်မည်။ ရှင်ရသေ့သည် ဤသို့ စဉ်းစားမိသည်ဖြစ်၍ ဘုရင်ဗြဟ္မဒတ်၏ တောင်းဆိုချက်ကို လက်ခံရန် တွန့်ဆုတ်နေလေသည်။

ထိုအခါ ဗြဟ္မဒတ်ဘုရင်က **"အရှင်ရသေ့ စိုးရိမ်တော်မမူပါလင့်၊ ပဒုမဝတီကို မည်သူမျှ နှောင့်ယှက်ခြင်း မပြုနိုင်အောင် အဂ္ဂမဟေသီ မိဖုရားကြီး အဖြစ်ဖြင့် တပည့်တော် ချီးမြှောက်ပါမည်"**ဟု ဝန်ခံကတိပြုလေသည်။ သို့အားဖြင့် ရှင်ရသေ့သည် ပဒုမဝတီအား ပြောသင့်ပြောထိုက်သော ဆုံးမစကားများကို မှာကြားပြောဆိုပြီး ဗြဟ္မဒတ်မင်းလက်သို့ အပ်နှင်းလိုက်ရတော့သည်။ ဗြဟ္မဒတ်ဘုရင်ကလည်း ရှင်ရသေ့ ကျေနပ်စေရန် ထိုတောစခန်း၌ပင် ပဒုမဝတီအား ရတနာခုနစ်ပါး အတိပြီးသော နေရာ၌ နေစေ၍ အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ်ဖြင့် ဘိသိက်သွန်းလောင်းခြင်း ပြုလေသည်။

## ပဒုမဝတီမိဖုရားနှင့် သား-၅၀၀

ဗြဟ္မဒတ်ဘုရင်ကား ဖြူစင်ရိုးသား၍ ရုပ်အဆင်းအားဖြင့်လည်း ထူးခြားစွာ ချောမောလှပသော ပဒုမဝတီကို အလွန်ပင်ချစ်ခင် မြတ်နိုးတော်မူ၏။ သူမရောက်လာသည့်နေ့မှစ၍ အခြားတစ်ပါးသော မိဖုရားတို့ကို လစ်လျူရှု ထားပြီး သူမနှင့်သာ အစဉ်သဖြင့် ပျော်ပါးနေလေသည်။ ထို့ကြောင့် အခြားသော မိဖုရားတို့က ပဒုမဝတီအပေါ်၌ မနာလိုဝန်တိုဖြစ်လာကြသည်။ ပဒုမဝတီအပေါ်၌ ဘုရင်အချစ်ပြယ်သွားစေရန် နည်းအမျိုး

မျိုးဖြင့် ကြံစည် အားထုတ်လာကြသည်။ တစ်နေ့တွင် မောင်းမ ၅၀၀တို့က ဘုရင့်ထံ ချဉ်းကပ်၍ ပဒုမဝတီသည် လူသားစင်စစ်မဟုတ်၊ ဘီလူးမျိုးသာ ဖြစ်ဖွယ်ရှိကြောင်း၊ ထို့ကြောင့်သာ သူမ၏ ခြေဖဝါးအောက်၌ ပဒုမ္မာကြာပွင့်များ ပေါ်လာခြင်း ဖြစ်ကြောင်း လျှောက်တင်ကြသည်။ တစ်ကြိမ်မျှမက၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်အောင် မောင်းမတို့က ထိုသို့ လျှောက်တင်ကြသော်လည်း ဗြဟ္မဒတ်ဘုရင်က မည်သို့မျှ မပြောဘဲ ဆိတ်ဆိတ်နေလေသည်။

မောင်းမငါးရာတို့ကား ထိုမျှဖြင့် လက်မလျှော့သေးဘဲ တစ်နည်းနည်းဖြင့် ပဒုမဝတီ မိဖုရား ပျက်စီးစေရန် ကြံနေကြသည်။ ပဒုမဝတီသည် မကြာမီကိုယ်ဝန်ရရှိ၍ ပဒုမမင်းသားကို မွေးဖွားလေသည်။ ပဒုမမင်းသားကို ဖွားမြင်သည်နှင့် တစ်ပြိုင်နက်မှာပင် ကိုယ်ဝန်နှင့် စပ်သော သွေးသားတို့ကို အမှီပြု၍ ၄၉၉-ယောက်သော သားငယ်တို့သည် သံသေဒဇ ပဋိသန္ဓေအားဖြင့် ထူးခြားစွာ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်းကြီးသည် ပစ္စန္တရာဇ်အရပ်၌ ပုန်ကန်သောင်းကျန်းမှု ဖြစ်ပေါ်နေသဖြင့် သူပုန်သူကန်တို့ကို နှိမ်နင်းရန် စစ်ထွက်နေရ၏။ မောင်းမတို့သည် ပဒုမဝတီ၏ အလုပ်အကျွေးဖြစ်သော မောင်းမငယ်နှင့် ပူးပေါင်းကြံစည်ကြပြီး ပဒုမဝတီ၏ သား ၅၀၀-ကို ဂင်္ဂါမြစ်၌ မျှောပစ်ကြသည်။ သို့သော် ကံအားလျော်စွာ ဗြဟ္မဒတ်မင်းကြီး ပြန်ရောက်လာသောအခါ ထိုသား ၅၀၀ကို ပြန်လည်ရရှိခဲ့လေသည်။

ပဒုမမင်းသား အမှူးရှိသော မင်းသား ၅၀၀-တို့သည် တဖြည်းဖြည်းကြီးပြင်းလာကြပြီး အရွယ်ရောက်သောအခါ ဥယျာဉ်တော်သို့သွား၍ ပျော်ပါးလေ့ ရှိကြ၏။ တစ်နေ့သ၌ ထိုမင်းသားတို့သည် ဥယျာဉ်တော်အတွင်းရှိ ရေကန်၌ ရေကစားနေကြစဉ် ကားကားစွင့်စွင့် လှပတင့်တယ်စွာပွင့်နေသော ကြာပန်းများ နေပူရှိန်နှင့် ထိတွေ့မှုကြောင့် တဖြည်းဖြည်းညှိုးနွမ်းခြောက်သွေ့သွားသည်ကို သတိထား၍ ကြည့်ရှုမိသည်။ ထို့နောက် မိမိတို့ ကိုယ်ခန္ဓာသည်လည်း ထိုကြာပွင့်များနည်းတူ အနေးနှင့်အမြန် ဖောက်ပြန်ပျက်စီးမည်သာ ဖြစ်ကြောင်း ဆင်ခြင်မိ၍ ဝိပဿနာအမြင်ကို ရရှိကြသဖြင့် ဆရာမရှိ၊ မိမိတို့ဘာသာ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော ပစ္စေကဗုဒ္ဓများအဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။ ထို့နောက်

လူအသွင်မှ သက်န်းသပိတ် ပရိက္ခရာ ရှစ်ပါးနှင့် ပြည့်စုံ၍ ဆံမုတ်ဆိတ်ပယ်ပြီးသော ရဟန်းအသွင်သို့ ပြောင်းလျက် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားကြလေသည်။

ပဒုမဝတီကား ယခင်ဘဝက ဆုတောင်းခဲ့သည်နှင့် လျော်ညီစွာပင် ပစ္စေကဗုဒ္ဓ ၅၀၀–တို့၏ မိခင် ဖြစ်သွားလေ၏။ သို့သော် ထိုသားတော်တို့က မိခင်ကြီးအား နှုတ်မျှပင် မဆက်ဘဲ ရက်စက်စိမ်းကားစွာ ခွဲခွာသွားကြသဖြင့် သားတော်တို့အား လွမ်းဆွတ်သောစိတ်သောက ဝေဒနာကြောင့် ပဒုမဝတီမိဖုရားကြီးမှာ မကြာမီ ကွယ်လွန်သွားရရှာလေ၏။

## မိခင်ဟောင်းနှင့် ပစ္စေကဗုဒ္ဓ–၅၀၀

ပဒုမဝတီ မိဖုရားသည် ကွယ်လွန်သောအခါ ရာဇဂြိုဟ်ပြည် တောရွာတစ်ရွာ၌ လယ်သမား၏ သမီး ဖြစ်လာ၏။ ထိုလယ်သမား၏ သမီးသည် တစ်နေ့သ၌ ခင်ပွန်းဖြစ်သူနှင့်အတူ လယ်တော၌ အလုပ်လုပ်နေစဉ် ဂန္ဓာမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွလာသော ပစ္စေကဗုဒ္ဓရှစ်ပါးကို တွေ့မြင်လေသည်။ ပစ္စေကဗုဒ္ဓတို့ကလည်း မိမိတို့၏ မယ်တော်ဟောင်းဖြစ်သော လယ်သူမကို တွေ့မြင်ကြသဖြင့် ကောင်းကင်မှ ဆင်းသက်လာကြသည်။ လယ်သူမသည် ဘဝဟောင်းက သွေးသားတော်စပ်မှုကြောင့် ပစ္စေကဗုဒ္ဓတို့ကို မြင်လျှင်မြင်ချင်း ကြည်ညိုမိလေသည်။ ထို့ကြောင့် မိမိ၌ အဆင်သင့်ပါရှိသော ဆွမ်းခဲဖွယ်တို့ဖြင့် ပစ္စေကဗုဒ္ဓတို့အား လုပ်ကျွေး ပြုစုသည်။ ထို့နောက် ဤမျှဖြင့် အားမရသေးသည်ဖြစ်၍ နောက်နေ့နံနက် တွင် မိမိအိမ်သို့ ဆွမ်းခံကြွရန် ပင့်ဖိတ်သည်။

နောက်နေ့ နံနက်သို့ရောက်သောအခါ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓ ၅၀၀–တို့သည် မိမိတို့၏ မိခင်အား ချီးမြှောက်ရန်အတွက် လယ်သူမ၏ အိမ်သို့ ကြွလာကြသည်။ လယ်သူမကား နေရာထိုင်ခင်းနှင့် ဆွမ်းဘောဇဉ်တို့ကို ရှစ်ပါးစာအတွက်သာ ပြင်ဆင်ထားသည်။ သို့သော် ပစ္စေကဗုဒ္ဓတို့က တန်ခိုးဖြင့် အဓိဋ္ဌာန်ပြု၍ ထိုင်ကြသဖြင့် ၅၀၀–လုံးအတွက် နေရာ အလုံအလောက်ဖြစ်သွားသည်။ လယ်သူမမှာလည်း ရှစ်ပါးစာ ချက်ထားသော

ဆွမ်းခဲဖွယ်တို့ဖြင့်ပင် ပစ္စေကဗုဒ္ဓ ၅၀၀–တို့အား လုပ်ကျွေးပြုစု၍ မကုန်နိုင်အောင် ရှိလေသည်။ သို့အားဖြင့် သူမသည် ပစ္စေကဗုဒ္ဓတို့အား ဝမ်းမြောက်စွာ လုပ်ကျွေးပြုစုပြီး **"တပည့်တော်မသည် ဤကောင်းမှုကြောင့် နောက်ဘဝတို့၌ ကြာညိုပွင့်ချပ်ကဲ့သို့ လျောက်ပတ်တင့်တယ်သော ကိုယ်အဆင်းရှိသူဖြစ်ရပါလို၏၊ အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူးကိုလည်း လျင်မြန်စွာ သိမြင်ရပါလို၏"**ဟူ၍ ဆုတောင်းလေသည်။ ထို့နောက် ပစ္စေကဗုဒ္ဓတို့လည်း ဂန္ဓမာဒနတောင်သို့ ပြန်လည်ကြွသွားကြလေသည်။

## သူဌေးသမီး ဥပ္ပလဝဏ္ဏာ

သယ်သူမသည် ထိုဘဝ၌ အသက်အတိုင်းနေခဲ့ပြီး စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီးမှ လူ့ပြည်သို့ ပြန်လာ၍ သာဝတ္ထိပြည်၌ သူဌေးကြီးတစ်ဦး၏ သမီး ဖြစ်လာလေသည်။ ပဒုမ္မာကြာပွင့်၏ အတွင်းသားနှင့်တူသော အဆင်းရှိသောကြောင့် ထိုသတို့သမီးအား ဥပ္ပလဝဏ္ဏာဟူ၍ မိဘတို့က နာမည်ပေးကြသည်။ ဥပ္ပလဝဏ္ဏာသည် အရွယ်ရောက်လာသောအခါ ပြည့်တင်းသောကိုယ်၊ ရွှန်းစိုတောက်ပသော အသားအရေနှင့် ပြည့်စုံသည်ဖြစ်၍ ယောကျ်ားတကာတို့ တပ်မက်စွဲလမ်းအပ်သော မိန်းမပျိုတစ်ယောက် ဖြစ်လာသည်။ ထို့ကြောင့် ရပ်နီးရပ်ဝေးမှ သူဌေးသူကြွယ်သားများသာမက မင်းညီမင်းသား အချို့ကပါ ဥပ္ပလဝဏ္ဏာကို ထိမ်းမြားလက်ထပ်လိုပါကြောင်း ဖခင်သူဌေးကြီးထံ ကမ်းလှမ်းကြသည်။ ထိုအခါ ဖခင်သူဌေးကြီးသည် ဥပ္ပလဝဏ္ဏာအား သင့်တော်သူ တစ်ဦးဦးနှင့် ထိမ်းမြားလက်ထပ်ပေးရန် အချိန်တန်ပြီဟု စဉ်းစားမိသည်ဖြစ်၍ သမီး၏ သဘောဆန္ဒကို မေးမြန်းလေသည်။

"ချစ်သမီး၊ ယခု သမီးအရွယ်ရောက်လာပြီ၊ အိမ်ထောင်ရေးကို စဉ်းစားပါလော့"

"ဖခင်၊ အိမ်ထောင်ရေးကို ကျွန်မ စိတ်မဝင်စားပါ၊ ယခုအတိုင်းပင် လွတ်လွတ်လပ်လပ် နေလိုပါသည်"

"ချစ်သမီး၊ မိန်းကလေးဆိုတာ အရွယ်ရောက်လာလျှင် အိမ်ထောင်မပြုဘဲနေလို့ မတင့်တယ်ဘူး၊ အိမ်ထောင်မပြုဘဲ နေချင်ရင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီး ရသေ့၊ ရဟန်းပြုမှ ဖြစ်လိမ့်မယ်"

"ဖခင်၊ ဒီလိုဆိုရင်လဲ သမီးကို မြတ်စွာဘုရားရဲ့ ဘိက္ခုနီသာသနာမှာ ဘိက္ခုနီ ပြုလုပ်ခွင့်ပဲ ပေးပါတော့"

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် သမီးပျို၏ နှုတ်မှ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။ သမီးပျိုအား ဤမျှ ရင့်ကျက်နေလိမ့်မည်ဟု လုံးဝ မမျှော်လင့်ကြချေ။ အစစ ပြည့်စုံစွာဖြင့် ရွှေပုံပေါ်တွင် စံနေခဲ့ရသော သမီးပျိုသည် ဤအရွယ်ဖြင့် ရသေ့၊ ရဟန်းဘဝကို စိတ်ကူးပင် ထည့်မိမည်မဟုတ်ဟူ၍ ထင်ခဲ့ကြသည်။ မိမိတို့ အနေဖြင့်လည်း ချစ်မငြီးသည့် တစ်ဦးတည်းသော သမီးပျိုအား သူဌေးကတော်၊ မင်းကတော်ဘဝဖြင့် လောကစည်းစိမ်ခံစားနေသည်ကို မြင်လိုကြသည်သာ ဖြစ်ပေသည်။ သို့သော်လည်း သမီးဖြစ်သူကိုယ်တိုင်က မိမိ၏ ဆန္ဒကို ဖွင့်ဟတောင်းဆိုလာသောအခါတွင်မူ မိဘများအနေဖြင့် ဟန့်တားရန်မသင့်ကြောင်း သဘောပေါက်ကြသည်။ ထို့ကြောင့် **"သမီးရဲ့ မွန်မြတ်လှတဲ့ ဆန္ဒကိုတော့ အဖေတို့၊ အမေတို့ မတားကောင်းပါဘူး"**ဟူ၍ အဖြေပေးလိုက်ကြရလေသည်။

ထို့နောက် သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် သမီးချစ် ဥပ္ပလဝဏ္ဏာကို တင့်တယ်လျောက်ပတ်သော အစီအစဉ်ဖြင့် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ပေးကြသည်။ ဥပ္ပလဝဏ္ဏာသည်လည်း ဂေါတမီထေရီမကြီးကို ဥပဇ္ဈာယ်ဆရာပြုလျက် ဘိက္ခုနီတစ်ပါးအဖြစ်သို့ ရောက်ရှိသွားလေသည်။

## ဥပ္ပလဝဏ္ဏာထေရီ

ဥပ္ပလဝဏ္ဏာထေရီသည် ဆရာဥပဇ္ဈာယ်တို့ ပြောဆိုဆုံးမသော ဩဝါဒစကားတို့ကို ရိုသေစွာ နာခံလျက် သီလကို စောင့်ထိန်းသည်။ သမထ ဝိပဿနာတရားများကိုလည်း ပွားများ အားထုတ်သည်။ ဘိက္ခုနီ

တို့သည် လစဉ်လတိုင်း လပြည့်လကွယ်နေ့တို့၌ သိမ်အတွင်းတွင် အညီအညွတ် စည်းဝေးလျက် ဥပုသ်ပြုကြရသည်။ ဥပုသ်ပြုရာ သိမ်ကျောင်းဆောင်၌ တံမြက်စည်းလှည်းခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ခြင်း၊ သောက်သုံးရေတည်ထားခြင်း၊ ဆီမီးညှိထွန်းခြင်း စသော ပုဗ္ဗကိစ္စများကို ဘိက္ခုနီတို့သည် တစ်ပါးစီ အလှည့်ကျ တာဝန်ယူ၍ ဆောင်ရွက်ကြရသည်။

တစ်ခုသော ဥပုသ်နေ့၌ ဥပ္ပလဝဏ္ဏာထေရီသည် အထက်ပါတာဝန်များကို ဆောင်ရွက်ရန် တာဝန်ကျလေသည်။ သို့ဖြစ်၍ ထေရီသည် ထိုကိစ္စများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ပြီးနောက် အခြားသော ဘိက္ခုနီများအလာကို စောင့်မျှော်နေသည်။ ထိုစဉ်တွင် သူမသည် ညှိထွန်းထားသော ဆီမီးခွက်မှ မီးတောက်မီးလျှံများကို စူးစိုက်စွာ ကြည့်ရှုလျက် တေဇောကသိဏ်းကို ပွားများရာ တစ်ခဏအတွင်း၌ပင် တေဇောကသိဏ်းလျှင် အာရုံရှိသော ဈာန်သမာပတ်ကို ရရှိသွားသည်။ ထို့နောက် ထိုဈာန်သမာပတ်ကို အခြေခံ၍ ဝိပဿနာကို ဆက်လက်ပွားများပြန်ရာ ဥပုသ်မပြုမီ အချိန်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

## ဣဒ္ဓိမန္တ တော်ရရှိခြင်း

ဥပ္ပလဝဏ္ဏာထေရီသည် အရဟတ္တဖိုလ်နှင့်အတူ ဣဒ္ဓိဝိဓ စသော လောကီအဘိညာဉ်ငါးပါးကိုလည်း တစ်ပါတည်း ရရှိခဲ့သည်။ ဈာန်သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးကို ဝင်စားရာ၌လည်း အလေ့အကျင့် များခဲ့သည်။ မြတ်စွာဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်တွင် တိတ္ထိတို့အား နှိမ်နင်းရန်အတွက် သာဝတ္ထိပြည် ကဏ္ဍမည်သော သရက်ပင်ရင်း၌ ရေမီးအစုံ အစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူခဲ့သည်။ မြတ်စွာဘုရား တန်ခိုးမပြမီတွင် ရှင်မဟာမောဂ္ဂလာန် စသော တပည့်သာဝကတို့က မိမိတို့လည်း တန်ခိုးပြလိုပါကြောင်း အသီးသီး တောင်းပန်ခဲ့ကြသည်။ ထိုသို့ တောင်းပန်ခဲ့ကြသော သာဝကတို့တွင် ဥပ္ပလဝဏ္ဏာထေရီသည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ သို့သော်လည်း မြတ်စွာဘုရားသည် တပည့်

သာဝကအားလုံးတို့၏ တောင်းဆိုချက်ကို ငြင်းပယ်တော်မူပြီး ကိုယ်တော်တိုင်သာလျှင် တန်ခိုးပြာဋိဟာ ပြတော်မူခဲ့လေသည်။

ထို့နောက် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ထိုထိုအရာ၌ ထူးချွန်သော တပည့်သာဝကတို့အား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူရာတွင် ဥပ္ပလဝဏ္ဏာထေရီအား ထူးကဲသော တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသည့် ဘိက္ခုနီတစ်ပါးအဖြစ် အသိအမှတ်ပြုတော်မူလျက် ဣဒ္ဓိမန္တဧတဒဂ်ကို ချီးမြှင့်တော်မူခဲ့လေသည်။ သို့အားဖြင့် ဥပ္ပလဝဏ္ဏာထေရီသည် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားထံတွင် ဆုပန်ခဲ့သည့်အားလျော်စွာ ဂေါတမမြတ်စွာဘုရားသာသနာတော်၌ ဣဒ္ဓိမန္တဧတဒဂ်ရ လက်ဝဲရံ ဘိက္ခုနီတစ်ပါးအဖြစ်ဖြင့် ထင်ရှားလျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်စခန်းသို့ ကြွမြန်းတော်မူခဲ့လေသည်။

✺ ✺ ✺

# ပဋာစာရာ

## ဘဝပျက်မှ ဓမ္မဘက်သို့ရောက်လာသူ

" ရဟန်းတို့ ဝိနည်းကို ဆောင်သည့် ငါ၏တပည့်ဖြစ်သော ဘိက္ခုနီတို့တွင် ပဋာစာရာသည် အမြတ်ဆုံးဖြစ်ပေ၏။"

(အင်္ဂုတ္တရ နိကာယ ဧကနိပါတ်)

ဘိက္ခုသံဃာ၌ အရှင်ဥပါလိသည် ဝိနည်းဆောင် ဧတဒဂ် ရရှိသကဲ့သို့ ဘိက္ခုနီသံဃာ၌ ဝိနည်းဆောင် ဧတဒဂ်ရရှိသော ဘိက္ခုနီကား **ပဋာစာရာထေရီ** ဖြစ်ပါသည်။ မြတ်စွာဘုရားသည် သာသနာတော် ရှည်မြင့်စွာ တည်တံ့ရေးကို ရှေ့ရှုလျက် ဘိက္ခုတို့ စောင့်ထိန်းအပ်သော ပါတိမောက် သိက္ခာပုဒ် (၂၂၇)ပုဒ်၊ ဘိက္ခုနီတို့ လိုက်နာအပ်သော ပါတိမောက်သိက္ခာပုဒ် (၃၁၁)ပုဒ်တို့ကို ပညတ်တော်မူခဲ့ပါသည်။ ထို့ပြင် ဘိက္ခုနှင့် ဘိက္ခုနီတို့ အားလုံး လိုက်နာကျင့်ဆောင်ရန် ညွှန်ကြားသတ်မှတ်သော ဝိနည်းဆိုင်ရာ အထွေထွေကျင့်ဝတ်စည်းကမ်းများမှာလည်း ကုဋေကိုးထောင်ကျော်မျှ ရှိသည်ဟု ဆိုပါသည်။

မြတ်စွာဘုရားသည် မိန်းမသားများ၏ ဘိက္ခုနီ ဘ၀ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်မှုကို မိထွေးတော်ဂေါတမီအား ငဲ့ညှာထောက်ထားကာ လိုက်လျောခွင့်ပြုတော်မူခဲ့ရ၏။ မိန်းမသားများ သာသနာသို့ ဝင်လာမှုကြောင့် သာသနာတော်၏ သန့်ရှင်းတည်တံ့မှုကို အန္တရာယ်ပြုနိုင်ကြောင်းလည်း အရိပ်အမြွက်အားဖြင့် မိန့်ကြားတော်မူခဲ့၏။ သို့ရာတွင် ဘိက္ခုနီတိုင်း အသက်ထက်ဆုံး လိုက်နာရမည့် ဂရုဓမ္မတရားရှစ်ပါးကို ကြိုတင် ပညတ်ခြင်းဖြင့် ထိုသာသနာ့အန္တရာယ်ကို ကာကွယ်တားဆီးတော်မူပြီး မိန်းမသားများအားလည်း ယောကျ်ားများနှင့်တန်းတူ **"ပဗ္ဗဇိတဘာဝ ဒုလ္လဘ"**ဟူသော အခွင့်အရေးကို အပြည့်အဝ ပေးတော်မူခဲ့ပါသည်။

ဤသို့ မိန်းမသားများအား ယောကျ်ားများနှင့်တန်းတူ ဘိက္ခုနီ ပြုခွင့်ပေးခဲ့သော်လည်း လူ့လောက၏ အောက်ခြေသိမ်းတာဝန်များကို ယူကြရသော မိန်းမသားတို့၏ ဘ၀ကား ယောကျ်ားတို့၏ ဘ၀ထက် ပို၍ ရှုပ်ထွေးပါသည်။ ပို၍လည်း အန္တရာယ်များပါသည်။ ထို့ကြောင့်ပင် ဘိက္ခုပါတိမောက်၌ ဝိနည်းသိက္ခာပုဒ် (၂၂၇)ပုဒ်သာ ရှိသော်လည်း ဘိက္ခုနီပါတိမောက်၌ ဝိနည်းသိက္ခာပုဒ် (၃၁၁)ပုဒ်ရှိခြင်း ဖြစ်ပါသည်။ ထို (၃၁၁)ပုဒ်သော ဝိနည်းသိက္ခာပုဒ်တို့၌ ဘိက္ခုနီတို့အား အန္တရာယ်အမျိုးမျိုးမှ ကာကွယ်တားဆီးရန် ပညတ်ရသော သိက္ခာပုဒ်များလည်း အများအပြား ပါဝင်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

တိုက်ဆဲ့သို့ ကျယ်ဝန်းများပြားသော ဝိနည်းသိက္ခာပုဒ်များကို ဘိက္ခုတို့ကလည်း ဘိက္ခုတို့အလျောက်၊ ဘိက္ခုနီတို့ကလည်း ဘိက္ခုနီတို့အလျောက် တတ်ကျွမ်းနားလည်အောင် သင်ယူလေ့ကျက်ကြရပါသည်။ ဥပဒေကို မသိ၍ ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် မရှိသကဲ့သို့ ဝိနည်းသိက္ခာပုဒ်ကို မသိ၍ အပြစ်ကို ကျူးလွန်မိသော ဘိက္ခု၊ ဘိက္ခုနီတို့မှာလည်း အာပတ်မှ ကင်းလွတ်ခွင့် မရှိပါ။ ထို့ကြောင့် မြတ်စွာဘုရား လက်ထက်တော်မှစ၍ သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ဘိက္ခု၊ ဘိက္ခုနီတို့၏ ပထမဦးဆုံးနှင့် အဓိကအကျဆုံးသော တာဝန်မှာ ဝိနည်းသိက္ခာပုဒ်များကို တတ်သိနားလည်အောင် သင်ယူလေ့လာလျက် သိက္ခာပုဒ်များနှင့်အညီ ကျင့်ကြံနေထိုင်ရန် ဖြစ်ပါသည်။ သို့ဖြစ်သည်

နှင့်အညီ ဘိက္ခုနီသံဃာအတွင်း၌လည်း ဝိနည်းသိက္ခာပုဒ်များကို သင်ယူ အားထုတ်မှု၊ သင်ကြားပို့ချပေးမှုများ ထင်ရှားရှိခဲ့ပါသည်။

ဘိက္ခုနီ သံဃလောကမှ ဝိနည်းသိက္ခာပုဒ်များကို သင်ကြားအားထုတ်မှုနှင့် စပ်၍ အထင်ရှားဆုံး ပုဂ္ဂိုလ်ကား **ပဋာစာရာထေရီပင်** ဖြစ်ပါသည်။ သူမသည် ဘိက္ခုနီဘဝသို့ ရောက်၍ ရဟန်းကိစ္စ ပြီးမြောက်သည့်အချိန်မှ စ၍ ဝိနည်းကို သင်ယူလေ့ကျင့်မှု၌ အထူးအားစိုက်ခဲ့ပါသည်။ ဝိနည်းပါရဂူဖြစ်သော အရှင်ဥပါလိမထေရ်ထံ၌ ဝိနည်းဆိုင်ရာ ခက်ခဲ ရှုပ်ထွေးသော အဆုံးအဖြတ်တို့ကို မပြတ်မလပ် ဆည်းကပ်နာယူခဲ့ပါသည်။ သီတင်းသုံးဖေါ် ဖြစ်သော ဘိက္ခုနီအပေါင်းတို့အားလည်း ဝိနည်းသိက္ခာပုဒ်များကို နိယံမပြတ် သင်ကြားပို့ချပေးခဲ့ပါသည်။ ထို့ကြောင့်လည်း ဝိနည်းဆောင် ဘိက္ခုနီတို့တွင် အတော်ဆုံးဟူသော **"ဝိနယဓရ"**တေဒဂ်ဘွဲ့ကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ပဋာစာရာထေရီ၏ ဝိနည်းဆောင် တေဒဂ်ရရှိခြင်းမှာ အထက်ဖေါ်ပြပါ ပစ္စုပ္ပန်အားထုတ်မှုအပြင် အတိတ်ဘဝက မျှော်မှန်းတောင့်တခဲ့သော **"အဓိကာရ"**နှင့်လည်း သက်ဆိုင်ပါသည်။ သူမသည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်၌ ဝိနည်းဆောင် တေဒဂ်ရသော ဘိက္ခုနီတစ်ပါးကို အားကျ၍ အလွန်ထူးကဲသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကာ ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။ ကဿပမြတ်စွာဘုရား လက်ထက်၌လည်း ကိကီမင်းကြီး၏ သမီးတော်ဘဝဖြင့် နှစ်ပေါင်းနှစ်သောင်းပတ်လုံး အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းကာ ရဟန်းသံဃာအပေါင်းအား လုပ်ကျွေးပြုစုခဲ့ပါသည်။

ထိုကဲ့သို့သော ကုသိုလ်ကောင်းမှုများကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရသော ပဋာစာရာသည် ဂေါတမ မြတ်စွာဘုရားလက်ထက်၌ သာဝတ္ထိပြည်ဝယ် ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီး၏ တစ်ဦးတည်းသော သမီးရတနာ ဖြစ်လာခဲ့ပါသည်။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် တစ်ဦးတည်းသော သမီး ကညာအား ဘုံခုနစ်ဆင့်ရှိသော စံအိမ်ကြီးပေါ်၌ မြေပေါ်မြတင်ကာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ထားခဲ့ကြပါသည်။ တစ်ဆယ့်

ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဂုဏ်ရည်တူသော သူဌေးသား တစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးရန် စီစဉ်သတ်မှတ်ကြပါသည်။

သို့သော် ချစ်မငြီးသော သမီးလိမ္မာကား မိဘနှစ်ပါး၏ မျက်နှာကို မထောက်ထားဘဲ ယောက်မမြင်းစီး၍ ထွက်ပါတော့သည်။ အကြောင်းမှာ အိမ်စေလုလင် **"မောင်ဒါသ"**နှင့် ယဉ်ပါးကာ ခိုးရာလိုက် သွားသောကြောင့် ဖြစ်ပါသည်။

အိမ်စေလုလင် ကိုဒါသနှင့် သူဌေးသမီး ပဋာစာရာတို့သည် သာဝတ္ထိမှ အလှမ်းဝေးသော တောရွာဇနပုဒ်တစ်ခုသို့ နှစ်ဦးသဘောတူ ထွက်ပြေးခဲ့ကြပြီး လယ်ယာအလုပ်ဖြင့် အသက်မွေးခဲ့ကြပါသည်။ လင့်တစ်မျက်နှာကို တစ်ကမ္ဘာထင်ခဲ့သော သူဌေးသမီးသည် ရွှေဘုံပေါ်မှ ဆင်း၍ တဲအိုပျက်ပေါ်၌ ပျော်မွေ့နိုင်ခဲ့သော်လည်း ကိုယ်ဝန်ရင့်မာ၍ သားဖွားချိန်နီးလတ်သောအခါ မိဘနှစ်ပါး၏ အရိပ်အာဝါသကို ပြန်လည် တမ်းတခဲ့ပါသည်။ သူစိမ်းတစ်ရံစာတို့၏ အလယ်၌ မျက်နှာငယ်စွာ မီးဖွားရမည့် အရေးကို တွေးမိတိုင်း စိုးရွံ့လာခဲ့ပါသည်။

ထို့ကြောင့် ပဋာစာရာသည် လင်ဖြစ်သူ ကိုဒါသအား မိဘအိမ်သို့ ပြန်၍ မီးဖွားလိုကြောင်း နားပူနားဆာ ပြုပါသည်။ လင်ဖြစ်သူ ကိုဒါသအနေဖြင့်မူ အိမ်စေလုလင်အဖြစ်မှ သူဌေးသားမက် ဘဝဖြင့် ယောက္ခမကြီးများ၏ မျက်နှာကို ရင်ဆိုင်ရန်မှာ တွေးရုံမျှပင် မတွေးရဲအောင် ရှိနေပါသည်။ ထို့ကြောင့် ချစ်ဇနီး၏ ဆန္ဒကို ပွင့်ပွင့်လင်းလင်း မငြင်းပယ်ဝံ့သော်လည်း နေ့ရွှေ့ညရွှေ့ဖြင့် အချိန်ကာလကို ကုန်လွန်စေခဲ့သည်။

လင်ဖြစ်သူ၏ အခြေအနေကို ရိပ်မိသော ပဋာစာရာသည် စိတ်မရှည်နိုင်တော့သဖြင့် ကိုဒါသ အလုပ်သွားနေခိုက်တွင် အိမ်မှ တစ်ယောက်တည်း ထွက်လာခဲ့သည်။ အလုပ်မှ ပြန်လာသော ကိုဒါသသည် ပဋာစာရာ ထွက်သွားကြောင်း သိရှိရသောအခါ စိုးရိမ်တကြီးဖြင့် အဆောတလျင် လိုက်သွားလေရာ လမ်းတစ်ဝက်မှာပင် မီလေ၏။ ပဋာစာရာသည်လည်း ထိုလမ်းခရီးမှာပင် ဆင်းရဲပင်ပန်းစွာ သားဦးရတနာကို ဖွားမြင်လေ၏။ ဤသို့ လမ်းခရီးမှာပင် မီးဖွားမှုကိစ္စပြီးမြောက်သောအခါ ကိုဒါသသည် ချစ်ဇနီးအား ချော့မော့နှစ်သိမ့်ကာ အိမ်သို့ ပြန်ခေါ်ခဲ့လေသည်။

သားဦးကလေး လေးဘက်သွားအရွယ်ရောက်သောအခါ ပဋာစာရာသည် ဒုတိယအကြိမ် ကိုယ်ဝန်ရှိပြန်၏။ တဖြည်းဖြည်း ကိုယ်ဝန်ရင့်လာသောအခါ မိဘအိမ်သို့ပြန်၍ မီးဖွားလိုကြောင်း ဒုတိယအကြိမ် ပူဆာပြန်၏။ ကိုဒါသကလည်း ရှေးနည်းတူ နေ့ရွှေ့၊ လရွှေ့ဖြင့် အချိန်ဆွဲထား၏။ ထိုအခါ ပဋာစာရာသည် ကိုဒါသ အလုပ်သွားခိုက်တွင် သားငယ်ကို ရင်ခွင်ပိုက်လျက် အိမ်မှ ထွက်ခဲ့ပြန်လေသည်။

နောက်မှ လိုက်လာသော ကိုဒါသသည် ချစ်ဇနီးကို လမ်းခရီးမှာပင် မိပါ၏။ သို့သော် တားမရသောကြောင့် သာဝတ္ထိသို့ အရောက်သွားရန် နှစ်ဦးသဘောတူ ခရီးဆက်ခဲ့ရပါ၏။ တောလမ်းခရီးတစ်ခုသို့ အရောက်တွင် မိုးကြီးလေကြီး ပြင်းထန်စွာ ကျရောက်လာသဖြင့် သားအမိသားအဖ သုံးယောက် သစ်ပင်ကြီးတစ်ပင်အောက်တွင် ခိုနား၍ နေကြရပါသည်။ ထိုအချိန်မှာပင် ပဋာစာရာ၏ ဝမ်းတွင်းမှ ကမ္မဇလေသည် လှုပ်ရှားလာ၏။ ထိုအခါ ကိုဒါသသည် အနီးပတ်ဝန်းကျင်၌ ရှာဖွေ ရရှိနိုင်သမျှသော သစ်ကိုင်းသစ်ရွက်များဖြင့် ဇနီးဖြစ်သူအား မိုးဒဏ်လေဒဏ်တို့မှ ကာကွယ်ပေးနိုင်ရန်အတွက် အသင့်ပါလာသည့် သူ့ခါးကို ဆွဲကာ ထွက်လာခဲ့ပါသည်။ မကြာမီ ထူထပ်စွာ ပေါက်ရောက်နေသော ချုံတစ်ခုကို တွေ့သောအခါ ထိုခြုံအတွင်း၌ပင် ဇနီးဖြစ်သူအား နေရာချပေးရန် အကြံဖြင့် အောက်ခြေမှ မြက်ပင်သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ပါသည်။

ထိုစဉ်မှာပင် ထိုချုံအောက်ရှိ တောင်ပို့ထဲမှ မြွေဟောက်က သူ့ခြေထောက်ကို တအားကုန်ပေါက်လိုက်သဖြင့် ကိုဒါသခမျာ တုံးကနဲ လဲကျသွားရှာပါတော့သည်။

ပဋာစာရာသည် ကိုဒါသ ပြန်အလာကို စောင့်မျှော်ရင်းဖြင့်ပင် ဒုတိယသားကို ဖွားမြင်ပါသည်။ မိုးတစိမ့်စိမ့် ရွာလွန်း၍ မှောင်မိုက်သော ညအချိန်တွင် လေမလုံ၊ မိုးမလုံသော သစ်ပင်အောက်၌ အားကိုးရာမဲ့ဖြစ်နေသော ပဋာစာရာတို့ သားအမိသည် ခါးသီးသော ဆင်းရဲဒုက္ခကို ခါးစည်း၍ ခံရင်းဖြင့်ပင် တစ်ညတာအချိန် ကုန်လွန်စေခဲ့ရပါသည်။

နံနက်မိုးသောက် အလင်းရောက်၍ လိုက်ရှာသောအခါ အဖြစ်ဆိုးစွာဖြင့် မိမိအား မျက်ကွယ်ပြုသွားသူ ချစ်လင်၏ အလောင်းကိုသာ

တွေ့မြင်ရသဖြင့် ပဋာစာရာမှာ အမောဆို့၍ သွားရာပါသည်။ သို့ရာတွင် ဤလောကအလယ်၌ ကျေးဇူးရှင် မိဘနှစ်ပါးမှတစ်ပါး အားကိုးရာမရှိပြီဟု စဉ်းစားမိသော ပဋာစာရာသည် သားငယ်ကိုပွေ့ချီ၊ သားကြီးကို လက်ဆွဲကာ သာဝတ္ထိကို ခရီးဆက်ခဲ့ပါသည်။ လမ်းခရီး အကြားရှိ တစ်ခုသော ချောင်း ငယ်သို့ ရောက်သောအခါ တစ်ညလုံး ရွာထားသော မိုးအရှိန်ကြောင့် ထိုချောင်းမှာ အလွန်ရေစီးသန်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ပဋာစာရာသည် သားကြီးကို ဤဘက်ကမ်း၌ ထားခဲ့ပြီး သားငယ်ကို ပွေ့ချီလျက် ချောင်းကို ဖြတ်ကူးကာ ဟိုဘက်ကမ်းသို့ ပို့ပေးပါသည်။ ဟိုဘက်ကမ်းသို့ ရောက်သောအခါ ပဋာစာရာသည် သားငယ်လေးကို ကမ်းပေါ်၌ အဝတ်ဖြင့် ထွေးသိပ်ထားခဲ့ပြီး သားကြီးကို ခေါ်ရန် ချောင်း ကို တစ်ဖန် ဖြတ်ကူးပါသည်။

ထိုအချိန်တွင် ကောင်းကင်မှ စွန်ရဲကြီးတစ်ကောင် ပျံဝဲလာပြီး သားငယ်လေးအား ဆတ်ကနဲ ထိုးသုတ်သည်ကို ပဋာစာရာ တွေ့မြင်လိုက်ရ ပါသည်။ သူမက လက်ခုပ်တီး၍ ခြောက်လှန့်သော်လည်း စွန်ရဲကြီးမှာ သားငယ်လေးကို မလွှတ်ဘဲ အပြီးတိုင် သုတ်ချီသွားပါသည်။ ထို့ပြင် ဟိုဘက်ကမ်းတွင် ကျန်ရစ်ခဲ့သော သားကြီးကလည်း သူ့အား သူ့အမေက လက်ခုပ်တီး၍ ခေါ်သည်ဟူသော အထင်ဖြင့် ချောင်းထဲသို့ ဆင်းလာရာ ရေစီးသန်သော ချောင်းရေဖြင့် တစ်ရှိန်တည်း မျောပါသွားပါသည်။

ဤသို့ လင်နှင့်တကွ သားနှစ်ယောက်လုံး မမျှော်လင့်ဘဲ ရုတ်တရက် ဆုံးရှုံးလိုက်ရသောအခါ ပဋာစာရာမှာ ဆောက်တည်ရာမရ ဖြစ်သွားပါသည်။ သို့သော်လည်း မိဘနှစ်ပါး၏ အေးမြသော မေတ္တာဖြင့် မိမိ၏ သောက ပရိဒေဝကို ဖြေဖျောက်မည်ဟူသော မျှော်လင့်ချက်ဖြင့် သာဝတ္ထိသို့ ခရီးဆက်ခဲ့ပြန်ပါသည်။ သို့ရာတွင် သာဝတ္ထိသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သောအခါကျမှပင် ပဋာစာရာအဖို့ ကမ္ဘာမြေကြီးတစ်ခုလုံးပြိုပျက်သွား သကဲ့သို့ ဖြစ်ရရာပါသည်။ အကြောင်းမှာ ကျေးဇူးရှင် မိဘနှစ်ပါးမှာလည်း ယမန်နေ့ညက ကျရောက်ခဲ့သော မိုးကြီးလေကြီးဒဏ်ကြောင့် ၎င်းတို့ နေထိုင်ရာ တိုက်အိမ်ကြီး ပြိုကျ၍ နှစ်ဦးလုံး အသက်ဆုံးရှုံးသွားကြောင်း ကြားသိရသောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြင့် ပဋာစာရာသည် ခါးသီးလွန်းသော သောကဝေဒနာများကို မည်သို့မျှ ဖြေဖျောက်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ အရူးမဘဝသို့ ရောက်ခဲ့ပါသည်။ ကိုယ်တွင် အဝတ်မကပ်ဘဲ ခြေဦးတည့်ရာ လှည့်လည်သွားလာနေခဲ့ပါသည်။ သို့ရာတွင် တစ်နေ့သ၌ ကံကောင်းထောက်မသဖြင့် သူမသည် မြတ်စွာဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်ထဲသို့ ရောက်သွားပါသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် ပရိသတ်လေးပါးအား တရားဟောတော်မူလျက်ရှိရာ ပဋာစာရာလည်း ထိုပရိသတ်အနီးသို့သွား၍ ရပ်နေပါသည်။

မြတ်စွာဘုရားသည် မဟာကရုဏာတော် ပြည့်လျှမ်းသည့် ချိုသာအေးမြသော အသံတော်ဖြင့် သူမအား **"ချစ်သမီး သတိထားပါလော့၊ သတိထားပါလော့"**ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ပဋာစာရာသည် အသိတရားများ ပြန်လည်ဝင်လာပြီး ရှက်ရွံ့စွာဖြင့် မြေပေါ်၌ ထိုင်ချလိုက်ပါသည်။ ထိုနောက် အနီးရှိ ယောကျ်ားကြီး တစ်ယောက်က မိမိ၏ အပေါ်ရုံဝတ်ထည်ကို ချွတ်၍ ပစ်ပေးလိုက်သောကြောင့် ပဋာစာရာမှာ ဣန္ဒြေရစွာဖြင့် တရားနာခွင့် ရရှိသွားပါသည်။

မြတ်စွာဘုရားသည် ပဋာစာရာ၏ သောကမီးကို ပျောက်ငြိမ်းစေမည့် တရားစကားများကို ဆက်လက်ဟောကြားပါသည်။

> **"ချစ်သမီး ပဋာစာရာ၊ အဘယ်ကြောင့် ပူဆွေးတမ်းတ၍ နေဘိသနည်း၊ အစမထင်သော သံသရာ၌ လင်–သား–မိဘများ သေ၍ ငိုကြွေးခဲ့ရသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့ထက်ပင် များကုန်၏။ ချစ်သမီး ပဋာစာရာ၊ သေမင်းနှင့် ရင်ဆိုင်ရာတွင် သာသမီး–ဇနီး–ခင်ပွန်း တို့သည်လည်းကောင်း၊ မိဘ–ဆွေမျိုး–မိတ်သင်္ဂဟတို့သည်လည်းကောင်း မည်သို့မျှ အကာအကွယ် မပေးနိုင်ကုန်။ သေခြင်းမှ လွတ်ကင်းလိုသူသည် သီလကို စောင့်ထိန်းလျက် ဒုက္ခငြိမ်းကြောင်း လမ်းစဉ်ကို မိမိကိုယ်တိုင် သာလျှင် ရှာမှီးအပ်ပေသည်။"**

ပဋာစာရာသည် မြတ်စွာဘုရား ဟောကြားသော တရားစကားကို ကြားနာနေစဉ်မှာပင် ဆင်းရဲခြင်းဒုက္ခ၊ ဆင်းရဲဖြစ်ကြောင်း သမုဒယ

စသည့် အမှန်တရားလေးပါးကို ဆင်ခြင်သုံးသပ်ကာ သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားပါသည်။ ထို့နောက် ဘိက္ခုနီအဖြစ်ခံယူ၍ ဝိပဿနာ ပွားများသဖြင့် မကြာမီ ရဟန္တာထေရီမကြီး အဖြစ်သို့ ရောက်ခဲ့ပါသည်။

ဘဝ၏ ချမ်းသာမှု၊ ဆင်းရဲမှုတို့ကို ကမ်းကုန်အောင် ခံစားခဲ့ရသော ပဋာစာရာထေရီသည် ချမ်းသာမှု၊ ဆင်းရဲမှုတို့ကြောင့် ယိမ်းယိုင်တုန်လှုပ် ခြင်း မရှိသော ရဟန္တာမကြီးအဖြစ်သို့ ရောက်သောအခါ မြတ်စွာဘုရား ပညတ်အပ်သော ဝိနည်းဥပဒေတော်ကြီးများကို သင်ယူဆည်းပူးခြင်း၊ သင်ကြားပို့ချပေးခြင်းတို့ဖြင့်သာ မိမိဘဝကို မြှုပ်နှံထားခဲ့ပါသည်။ ထို့ကြောင့်လည်း ဝိနည်းဆောင်ဧတဒဂ်ဘွဲ့ကို ရရှိခြင်း ဖြစ်ပါသည်။

ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ခဲ့သော ဝိနည်းဆောင် ဧတဒဂ်ရ ရဟန္တာမကြီးတစ်ပါး၏ အလောင်းလျာဖြစ်ပါလျက် တဏှာရာဂ ဆွဲဆောင်ရာသို့ လိုက်ပါမိသဖြင့် ဆင်းရဲခြင်းကြီးစွာ ခံစားရပုံကား ဤ ပဋာစာရာထေရီဝတ္ထုမှ သင်ခန်းစာယူဖွယ်ပင် ဖြစ်ပါသည်။

* * *

# မိဂါရမာတာ ဝိသာခါ

## သာဝတ္ထိ၏ ကျက်သရေဆောင် အမျိုးသမီး

### ထူးခြားသောပုဂ္ဂိုလ်တစ်ဦး

ဂေါတမမြတ်စွာဘုရား သာသနာတော်၌ အသက် ခုနစ်နှစ်အရွယ်ကပင် ဘုရားရှင်အား တွေ့ဆုံဖူးမြင်ခွင့်ရရှိခဲ့ပြီး သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့သော ပါရမီရှင် အမျိုးသမီးတစ်ဦး ရှိခဲ့သည်။ ထိုအမျိုးသမီးသည် နောင်သောအခါတွင် ၂၇–ကုဋေသော အသပြာငွေတို့ဖြင့် သာဝတ္ထိမြို့တော်၏ အရှေ့ဘက်၌ ပုဗ္ဗာရုံအမည်ရှိသော ကျောင်းတိုက်ကြီးကို ဆောက်လုပ်၍ ဘုရားအမှူးရှိသော သံဃာအား ရေစက်ချ လှူဒါန်းခဲ့သည်။ ထိုအမျိုးသမီးမှာ ဝိသာခါ ဖြစ်၏။ သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီးသည် ဇေတဝန် ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဒါယကာ အဖြစ်ဖြင့် ထင်ရှားခဲ့သကဲ့သို့ ဝိသာခါသည်လည်း ပုဗ္ဗာရုံကျောင်းအမကြီး အဖြစ်ဖြင့် ထင်ရှားခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်သည်မှစ၍ လေးဆယ့်ငါးနှစ် တာပတ်လုံး ရာဇဂြိုဟ်၊ သာဝတ္ထိ စသော မြို့ရွာဒေသ အရပ်ရပ်သို့ လှည့်လည် ကြွသွားတော်မူပြီး မိဂရာသီသို့ ရောက်သောအခါ သင့်လျော်ရာ

အရပ်၌ ဝါကပ်တော်မူသည်။ ယင်းသို့ ဝါကပ်တော်မူရာတွင် အခြားသော အရပ်တို့၌ တစ်ဝါ၊ နှစ်ဝါ စသည်ဖြင့်သာ ဝါကပ်ခဲ့သော်လည်း သာဝတ္ထိ ပြည်၌မူ ၂၅-ဝါတိတိ ဝါကပ်တော်မူခဲ့၏။ ထိုသို့ သာဝတ္ထိပြည်၌ ၂၅-ဝါအထိ ဝါကပ်တော်မူခြင်းမှာ သဒ္ဓါတရား ထက်သန်လှသော ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးနှင့် ပုဗ္ဗာရုံ ကျောင်းအစ်မကြီး ဝိသာခါတို့အား ချီးမြှောက်တော်မူလိုခြင်းကြောင့် ဖြစ်ပေသည်။ အမှန်အား ဖြင့် သူတို့နှစ်ဦးသည် ကျောင်းဒကာ၊ ကျောင်းအမများ ဖြစ်ကြရုံသာမက ဘုရာ ရှင်နှင့်တကွ ရဟန်းသံဃာတော်များအတွက် လိုအပ်သော ပစ္စည်း လေးပါးကို အမြဲတမ်း လှူဒါန်းထောက်ပံ့ခဲ့ကြသည့် ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

ဤဘုရားရှင်သာသနာတော်၌ အနာထပိဏ်သူဌေးကဲ့သို့ များပြား သော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်လှူဒါန်းခဲ့သောဒါယကာ မရှိခဲ့။ ဝိသာခါကဲ့သို့ များပြားသော ပစ္စည်းဥစ္စာကို စွန့်လွှတ်လှူဒါန်းသော ဒါယိကာမလည်း မရှိခဲ့ဟူ၍ပင် အဋ္ဌကထာ ဆရာတို့က မှတ်ချက် ပြုခဲ့ ကြလေသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း **"ရဟန်းတို့၊ အလှူဒါန ပြုခြင်း၌ မွေ့လျော် သော ငါ၏ တပည့်ဒယကာတို့တွင် သုဒတ္တမည်သော အနာထပိဏ်သူကြွယ် သည် အသာလွန်ဆုံးဖြစ်ပေ၏"**ဟူ၍လည်းကောင်း၊ **"ရဟန်းတို့၊ အလှူဒါနပြုခြင်း၌ မွေ့လျော်သော ငါ၏ တပည့် ဥပါသိကာမတို့တွင် မိဂါရမာတာမည်သော ဝိသာခါသည် အသာလွန်ဆုံး ဖြစ်ပေ၏"**ဟူ၍ လည်းကောင်း ထိုပုဂ္ဂိုလ်နှစ်ဦးအား ဒါနဧတဒဂ်ဖြင့် ချီးမြှောက်ဂုဏ်ပြု တော်မူခဲ့ပေသည်။

အဆိုပါ ပုဂ္ဂိုလ်ထူးနှစ်ဦးတို့တွင် ပါရမီရှင် အမျိုးသမီးထူးတစ်ဦး ဖြစ်သော မိဂါရမာတာ ဝိသာခါ၏ အကြောင်းကို ရှေးဦးစွာ တင်ပြ လိုက်ပါသည်။

## ရာဇဂြိုဟ်မှ သူဌေးငါးဦး

အင်္ဂတိုင်း၊ မဂဓတိုင်းဟူသော တိုင်းကြီးနှစ်တိုင်းကို အစိုးရသော ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတော်အတွင်း၌ လွန်စွာထင်ရှားကျော်ကြားသော သူဌေးကြီး ငါးဦး ရှိလေသည်။ သူဌေးကြီး ငါးဦးမှာ ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေး၊ ပုဏ္ဏသူဌေးနှင့် ကာကဝလ္လိယသူဌေးတို့ဖြစ်၏။

ထိုသူဌေးကြီး ငါးဦးမှာ လွန်စွာထူးခြားသော ဘုန်းကံရှိ၍ မရေမတွက်နိုင် သော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသူများဖြစ်၏။ သူတို့ငါးဦးတွင် ဇောတိက၊ ဇဋိလ၊ ပုဏ္ဏနှင့် ကာကဝလ္လိယတို့မှာ ရာဇဂြိုဟ်မြို့တွင်း၌ပင် ကြီးကျယ်ခမ်းနားသော တိုက်အိမ်ပြသာဒ်တို့ဖြင့် အသီးသီး ချမ်းသာစွာ နေထိုင်ကြသည်။ သို့သော် မေဏ္ဍက သူဌေးကား ရာဇဂြိုဟ်မြို့တော်၌ နေသူမဟုတ်ချေ။ အင်္ဂတိုင်း ဘဒ္ဒိယမြို့၌နေသူ ဖြစ်လေသည်။ အမှန်အားဖြင့် အင်္ဂတိုင်းသည် ရှေးအခါက သီးခြားနိုင်ငံတစ်ခု ဖြစ်ခဲ့၏။ မကြာမီကမှ အိမ်နီးချင်းဖြစ်သော မဂဓတိုင်း၏ လက်အောက်သို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ နေထိုင်သော မေဏ္ဍက သူဌေးကြီး၏ သားဖြစ်သော ဓနဥ္စယနှင့် ဇနီး သုမနဒေဝီတို့မှ ထူးခြားသော သမီးတစ်ယောက် ထွန်းကားခဲ့သည်။ **“ဤမိန်းကလေးသည် အရွယ်ရောက်သောအခါ များစွာသော သားသမီး အခြွေအရံတို့နှင့် ပြည့်စုံ၍ အသက် ၁၂၀–ရှည်သူ ဖြစ်လိမ့်မည်”**ဟူ၍ လက္ခဏာဗေဒင် ကျွမ်းကျင်သော ပုဏ္ဏားတို့က ဟောကိန်းထုတ်ကြသည်။ ထိုဟောကိန်းအရ မေဏ္ဍက သူဌေးကြီး၏ မြေးမလေးအား ဝိသာခါဟု နာမည်ပေးခဲ့ကြလေသည်။

## ခုနစ်နှစ်သမီးအရွယ် ဝိသာခါ

ဝိသာခါ အသက် ခုနစ်နှစ်အရွယ်မျှရှိသော အချိန်တွင် ဘုရားရှင်သည် ရာဇဂြိုဟ်မှ ဘဒ္ဒိယမြို့သို့ ကြွလာသည်။ မြို့သူမြို့သားတို့က သောင်းသောင်းဖြဖြ ကြိုဆိုဖူးမြင်ကြသည်။ ဘုရားရှင်အား ကြိုဆိုဖူးမြင်ကြသူများထဲတွင် ဝိသာခါ သတို့သမီးကလေးသည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ အရွယ်နှင့်မမျှ ထူးခြားစွာ လိမ္မာရေးခြားရှိလှသော မြေးကလေး ဝိသာခါကို အဘိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးက ပွဲထုတ်ပေးခဲ့သည်။ အရွယ်တူ သတို့သမီးငါးရာတို့နှင့်အတူ ဘုရားရှင်အား ကြိုဆိုရန် စီစဉ်ပေးခဲ့သည်။

ဝိသာခါသည် ဘုရားရှင်အား ကြိုဆိုပြီးနောက် ဘုရားရှင် ဟောကြားသော တရားကိုလည်း နာကြားခဲ့သည်။ တရားအဆုံး၌ အခြွေအရံဖြစ်သော သတို့သမီးငါးရာတို့နှင့်အတူပင် သောတာပန်အရိယာအဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။ ထို့အတူ အဘိုးဖြစ်သော မေဏ္ဍကသူဌေးကြီးသည်လည်း ဘုရားရှင်ထံ ချဉ်းကပ်၍ တရားနာယူရသဖြင့် သောတာပတ္တိဖိုလ်ကို ရရှိခဲ့သည်။ ဘုရားအမှူးရှိသော ရဟန်းသံဃာပေါင်း တစ်ထောင်ကျော်တို့အား မိမိနေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်လှူခြင်းကိုလည်း ပြုလုပ်ခဲ့လေသည်။

## ရာဇဂြိုဟ်နှင့် သာဝတ္ထိ

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးနှင့် သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးတို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးသော မဟာမိတ်များ ဖြစ်ကြသည်။ ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီ ဝေဒေဟီ မိဖုရားကြီးမှာ ပသေနဒီကောသလမင်း၏ နှမတော်ပင် ဖြစ်သည်။ သို့ဖြစ်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခင်မင်ရင်းနှီးသော ဆက်ဆံမှု ရှိခဲ့ကြလေသည်။

အခါတစ်ပါး၌ သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်းကြီးသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံတို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ချစ်ကြည်ရေးခရီး သွားရောက်လေသည်။ ဗိမ္ဗိသာရမင်းကြီးက ဧည့်သည်တော်

ကောသလမင်းကြီးအား ကောင်းမွန်စွာ ကြိုဆိုပြီး ညှော်ဝတ်ပြုစုသည်။ ပျူငှာသော ပဋိသန္ထာရစကားများကိုလည်း ပြောကြားသည်။

"အဆွေတော်မင်းမြတ်၊ ယခုကဲ့သို့ ကျွန်ုပ်၏ နိုင်ငံသို့ အဆွေတော် မင်းမြတ် ကြွလာခြင်းအတွက် ကျွန်ုပ် ဝမ်းမြောက်လှပါသည်။ အကယ်၍ ကျွန်ုပ်၏ နိုင်ငံမှ အဆွေတော်မင်းမြတ် လိုလားနှစ်သက်သော ပစ္စည်းဝတ္ထု တစ်စုံတစ်ခု ရှိနေပါလျှင် မိန့်ကြားပါလော့၊ အဆွေတော်၏ လိုအင်ဆန္ဒကို ပြည့်ဝအောင် ကျွန်ုပ်ဖြည့်ဆည်းပေးပါမည်"

ဗိမ္ဗိသာရမင်းကြီးက ထိုသို့ ညှော်ဝတ်ကျေပွန်စွာ ဖိတ်ကြားသော အခါ ကောသလမင်းကြီးက အောက်ပါအတိုင်း ပြန်ကြားပြောဆိုလေသည်။

"အဆွေတော် ဗိမ္ဗိသာရ၊ အဆွေတော်က မိတ်ဆွေကောင်း ပီသစွာ ဖိတ်ကြားသဖြင့် ကျွန်ုပ် ဝမ်းမြောက်လှပါသည်။ ကျွန်ုပ်အနေဖြင့် အဆွေတော်ထံမှ တစ်စုံတစ်ခုသော သက်မဲ့ပစ္စည်းဝတ္ထုကို ရယူလိုခြင်း မရှိပါ။ သို့သော်ငြားလည်း အဆွေတော်အား ကျွန်ုပ် မေတ္တာရပ်ခံလိုသော အကြောင်းကိစ္စတစ်ခု ရှိပါသည်။ အဆွေတော်၏ နိုင်ငံ၌ မရေမတွက်နိုင်သော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသည့် သူဌေးကြီးငါးဦးရှိသည်ဟု ကျွန်ုပ် ကြားသိရပါသည်။ ထိုကဲ့သို့သော သူဌေးကြီးများ ရှိခြင်းကြောင့်လည်း အဆွေတော်၏ နိုင်ငံမှ ပိုမို၍ ဂုဏ်သတင်း ထွန်းပြောင်နေခြင်း ဖြစ်ပါသည်။

"အဆွေတော် ဗိမ္ဗိသာရ၊ ကျွန်ုပ်၏သာဝတ္ထိပြည်တွင်မူ အဆွေတော်၏ နိုင်ငံမှာကဲ့သို့ မရေမတွက်နိုင်သော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသည့် သူဌေးကြီးဟူ၍ တစ်ဦးမျှ မရှိ၊ သို့ဖြစ်ပါ၍ အဆွေတော်၏ သူဌေးကြီး ငါးဦးတို့တွင် တစ်ဦးဦးကို သာဝတ္ထိပြည်သို့ ပြောင်းရွှေ့နေထိုင်စေမည် ဆိုလျှင် အလွန်ပင်ကောင်းမွန်ပါလိမ့်မည်၊ ဤလိုလားချက်ကို အဆွေတော် ဖြည့်ဆည်းပေးနိုင်ပါက ဖြည့်ဆည်းပေးပါရန် ကျွန်ုပ် မေတ္တာရပ်ခံပါသည်"

ပသေနဒီကောသလမင်းကြီး၏ မေတ္တာရပ်ခံချက်မှာ ဗိမ္ဗိသာရမင်းကြီး အဖို့ လွယ်မယောင်နှင့် ခက်သောကိစ္စဖြစ်၏။ မိမိတို့၏ ဘုန်းကံအရှိန် အဝါများဖြင့် ထည်ဝါစွာနေကြသော သူဌေးကြီးများအား "သင် သာဝတ္ထိပြည်

သို့ လိုက်သွားလော့”ဟူ၍ ဘုရင်က အမိန့်ပေးပိုင်ခွင့် မရှိချေ။ ထို့ကြောင့် ဗိမ္ဗိသာရက “အဆွေတော်၏ အလိုဆန္ဒပြည့်ဝစေရန် ကျွန်ုပ်အစွမ်းကုန် ကြိုးစားပါမည်။ သို့သော်လည်း ဤကိစ္စကို မှူးမတ်တို့နှင့် တိုင်ပင်ညှိနှိုင်း ပါရစေဦး”ဟု ပသေနဒီကောသလမင်းအား မယုတ်မလွန် အဖြေပေးပြီး ပညာရှိအမတ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလေသည်။

## ရာဇဂြိုဟ်မှ သာကေတသို့

အမတ်ကြီးများကလည်း ဇောတိက၊ ဇဋိလ စသည့် သူဌေးကြီး ငါးဦးကို သာဝတ္ထိပြည်သို့ ထည့်ပေးရန် မလိုလားကြချေ။ အိုးအိမ် တိုက်တာ လယ်ယာ ကျွဲနွား မှစ၍ ခြွေရံပရိသတ်နှင့် ပစ္စည်းဥစ္စာ လွန်စွာများပြားလှသော သူဌေးကြီးများအနေဖြင့် တိုင်းတစ်ပါးသို့ ပြောင်း ရွှေ့ရန် အလွန်ပင်ခက်ခဲလိမ့်မည်ဟု ယူဆကြသည်။ ထို့ကြောင့် ဘုရင်နှင့် အမတ်ကြီးများသည် နောက်ဆုံးတွင် ကောသလမင်းကြီး ကျေနပ်စေရန် အစီအစဉ်တစ်ခုကို အတည်ပြုလိုက်ကြလေသည်။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် ဘဒ္ဒိယမြို့မှ မေဏ္ဍကသူဌေးကြီးနှင့် သားဖြစ်သူ ဓနဥ္စယတို့ကို နန်းတော်သို့ ဖိတ်ခေါ်ပြီး ကောသလမင်းကြီး၏ လိုလားချက်ကို ရှင်းလင်းပြောကြားသည်။ သူဌေးကြီး ငါးဦးအနေဖြင့် တိုင်းတစ်ပါးသို့ ပြောင်းရွှေ့နေထိုင်ရန် လွန်စွာ ခက်ခဲမည်ဖြစ်သောကြောင့် ဓနဥ္စယသူဌေးကလေးအား သာဝတ္ထိပြည်သို့ လိုက်သွားရန် မေတ္တာ ရပ်ခံသည်။ ဗိမ္ဗိသာရမင်းကြီး၏ မေတ္တာရပ်ခံချက်ကို ဖခင်မေဏ္ဍက သူဌေးကြီးကရော၊ သားဖြစ်သူ ဓနဥ္စယသူဌေးလေးကပါ ကျေနပ်စွာ လက်ခံသည်။

သို့ဖြစ်၍ ဗိမ္ဗိသာရမင်းကြီးသည် ဧည့်သည်တော် ပသေနဒီကောသလ မင်းကြီးအား အကြောင်းစုံကို ရှင်းပြပြီး သူဌေးကြီး ငါးဦးအနက် တစ်ဦး အပါအဝင်ဖြစ်သော မေဏ္ဍကသူဌေးကြီး၏ သားဖြစ်သူ ဓနဥ္စယ သူဌေးကလေးကိုသာ သာဝတ္ထိပြည်သို့ခေါ်သွားပါရန် တောင်းပန်သည်။

ပသေနဒီကောသလမင်းကြီးကလည်း ကျေနပ်စွာပင် လက်ခံသည်။ သို့အားဖြင့် ပသေနဒီကောသလမင်းကြီး အပြန်တွင် ဓနဥ္စယ သူဌေးကလေးသည် မိမိ၏ ကျေးကျွန်လုပ်သား သားမယား အခြွေအရံတို့နှင့်အတူ မြောက်များစွာသော သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာတို့ကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ လိုက်ပါသွားရလေသည်။

သာဝတ္ထိနှင့် ရာဇဂြိုဟ်ကား နီးသောခရီးမဟုတ်။ ၄၅–ယူဇနာမျှ ကွာဝေးသည်။ ထိုမှ ရှည်ဝေးသော ခရီးတွင် ပသေနဒီကောသလမင်းကြီး၏ ဆင်မြင်းရထားစစ်သည်ဗိုလ်ပါများနှင့် ဓနဥ္စယသူဌေး၏ ခြွေရံပရိသတ်များမှာ မျက်စိတစ်ဆုံးမက ရှည်လျား၍ နေလေတော့သည်။ သို့အားဖြင့် ထိုပရိသတ်ကြီးသည် အရှိန်မှန်မှန် ခရီးနှင်ခဲ့ကြရာ ၁၀–ရက်ခန့်ကြာသောအခါ သာကေတမြို့သို့ ရောက်လာ၍ ခရီးတစ်ထောက် ရပ်နားကြလေသည်။

သာကေတမြို့မှာ သာဝတ္ထိမြို့တော်နှင့် ခုနစ်ယူဇနာမျှသာ ဝေးတော့သည်။ ကောသလတိုင်း၏ ဒုတိယမြို့တော်လည်း ဖြစ်သည်။ သာကေတမြို့၌ ခရီးတစ်ထောက် ရပ်နားသောအခါ ဓနဥ္စယသူဌေးအား အကြံတစ်ခု ဖြစ်ပေါ်လာသည် "သာဝတ္ထိမြို့တော်မှာ လူနေအိမ်ခြေများ ပြားကျပ်တည်းလှသည်ဟု ငါကြားဖူးသည်။ ငါ့မှာလည်း ခြွေရံပရိသတ်တွေ အများအပြား ပါလာခဲ့သည်။ သို့ဖြစ်၍ သာကေတမြို့၌ပင် အခြေချ၍ နေရသော် ကောင်းပေလိမ့်မည်"

ဓနဥ္စယသူဌေးသည် ထိုသို့ ကြံပြီးနောက် ပသေနဒီကောသလမင်းကြီးအား မိမိ၏ အကြံကို လျှောက်တင်သည်။ သာကေတမြို့၌ နေထိုင်ခွင့်ပြုရန် တောင်းပန်သည်။ ကောသလမင်းကြီးကလည်း ကျေနပ်စွာ ခွင့်ပြုသည်။ သို့အားဖြင့် ဓနဥ္စယ သူဌေးသည် သာကေတမြို့၌ ကျယ်ပြန့်သော မြေနေရာကို ရယူပြီး မိမိအတွက် အိုးအိမ်တိုက်တာများကို ဆောက်လုပ်စေသည်။ ကျေးကျွန်လုပ်သား နောက်လိုက်နောက်ပါ အခြွေအရံတို့အားလည်း သင့်တင့်လျောက်ပတ်သော နေရာအရပ်တို့၌ အသီးအသီး နေရာချထားပေးသည်။

ထိုအချိန်မှစ၍ သူဌေးသမီးလေး ဝိသာခါသည်လည်း သာကေတမြို့သူ ဖြစ်လာလေသည်။

## ကောင်းခြင်းငါးဖြာ

သာဝတ္ထိပြည်၌ မိဂါရအမည်ရှိသော သူဌေးကြီးတစ်ယောက် ရှိသည်။ ထိုသူဌေးကြီးမှာ ပုဏ္ဏဝဍ္ဎနအမည်ရှိသော သားတစ်ယောက်ထွန်းကားခဲ့သည်။ တစ်ဦးတည်းသော သားဖြစ်၍ ပုဏ္ဏဝဍ္ဎနကို မိဘနှစ်ပါးလုံးက လွန်စွာအလို လိုက်၍ အကြိုက်ဆောင်ခဲ့ကြသည်။ အရွယ်ရောက်လာသည်နှင့် ဂုဏ်ရည်တူ သူဌေးသမီးတစ်ယောက်နှင့် အိမ်ထောင်ချပေးရန် စီစဉ်ကြသည်။

ထိုအခါ ပုဏ္ဏဝဍ္ဎနက မိမိအိမ်ထောင်မပြုလိုသေးကြောင်း ငြင်းဆန်သည်။ ထို့နောက် ရက်အတန်ကြာသောအခါ မိဘများက ပုဏ္ဏဝဍ္ဎနကို အိမ်ထောင်ပြုရန် ဒုတိယအကြိမ် တိုက်တွန်းကြပြန်သည်။ ပုဏ္ဏဝဍ္ဎနကလည်း ရှေးနည်းတူပင် ငြင်းပြန်သည်။ သို့သော် မိဘတို့ကလည်း လက်မလျှော့ကြချေ။ တစ်ဦးတည်းသော သားအား ဇနီးမယား သမီးသားနှင့် ခမ်းနားထည်ဝါ ပျော်ရွှင်စွာနေသည်ကို မြင်လိုလှပါပြီဟုဆို၍ အိမ်ထောင်ပြုရန် နားချကြပြန်သည်။

ဤသို့ မိဘများက ထပ်တလဲလဲ တိုက်တွန်းကြသောအခါ ပုဏ္ဏဝဍ္ဎနသည် မိဘစကားကို မလွန်ဆန်လိုသဖြင့် **"ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရမည်ဆိုလျှင် ကျွန်တော် အိမ်ထောင်ပြုပါတော့မည်"**ဟု အဖြေပေးလိုက်လေသည်။

**"ကောင်းခြင်းငါးဖြာဆိုတာ ဘာတွေလဲ သားရဲ့"**

ဤသို့ မိဘများက မေးမြန်းကြသဖြင့်—

**"ဆံပင်၏ ကောင်းခြင်း၊**

**အသား၏ ကောင်းခြင်း၊**

**အရိုး၏ ကောင်းခြင်း၊**

**အရေအဆင်း၏ ကောင်းခြင်း၊**

**အရွယ်၏ ကောင်းခြင်း"**

ဟူသော မိန်းမတို့၏ ကောင်းခြင်းငါးဖြာ အကြောင်းကိုလည်း ပုဏ္ဏာဝဍ္ဍနက ရှင်းလင်းပြောပြလေသည်။

## သတို့သမီးလောင်း ရှာပုံတော်

ထိုအခါ မိဂါရသူဌေးကြီးနှင့် သူဌေးကတော်တို့သည် လက္ခဏာပညာ၌ ကျွမ်းကျင်လိမ္မာသော ဗြာဟ္မဏပညာရှင် ရှစ်ယောက်ကို ဖိတ်ခေါ်၍ ကောင်းမွန်စွာ ကျွေးမွေးပြုစုပြီး မိမိတို့ သားအတွက် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရှာဖွေပေးရန် တောင်းပန်ကြလေသည်။ ဗြာဟ္မဏရှစ်ယောက်တို့ကလည်း ကောင်းပါပြီဟု ဝန်ခံ၍ သူဌေးကြီးထံမှ အဖိုးတစ်သိန်းတန်သော ရွှေပန်းကုံးကို ယူခဲ့ပြီး အမြို့မြို့အနယ်နယ်သို့ သတို့သမီးလောင်း အရှာထွက်ကြလေသည်။

ဗြာဟ္မဏရှစ်ယောက်တို့သည် ရှေးဦးစွာ မြို့ကြီးပြကြီးများ၌ တစ်မြို့ပြီး တစ်မြို့လှည့်လည်လျက် သတို့သမီးလောင်းကို ရှာဖွေကြသည်။ သို့သော် သူဌေးသားအလိုရှိသည့် ကောင်းခြင်းငါးဖြာလုံးနှင့် ပြည့်စုံသော မိန်းမပျိုဟူ၍ တစ်ယောက်တလေမျှပင် မတွေ့ရှိခဲ့ကြ။ တစ်မျိုးမျိုးသော ကောင်းခြင်းလက္ခဏာဖြင့် ချို့ယွင်းနေသော မိန်းမပျိုများကိုသာ တွေ့ရှိကြရလေသည်။ သို့အားဖြင့် ဗြာဟ္မဏရှစ်ယောက်တို့သည် မြို့ကြီး ပြကြီးများမှ ပြန်လှည့်လာခဲ့ကြပြီး သာကေတမြို့၌ ခရီးတစ်ထောက် ရပ်နားကြလေသည်။

သာကေတမြို့မှာ ရာဇဂြိုဟ်၊ သာဝတ္ထိ စသည်တို့ကဲ့သို့ မင်းနေပြည်တော်ကြီး မဟုတ်ချေ။ ကောသလတိုင်း၌ ဒုတိယမြို့တော်မျှသာ ဖြစ်ပေသည်။ ထို့ကြောင့် မြို့တော်ကြီးများ၌ပင် မိမိတို့ လိုချင်သော သတို့သမီးလောင်းကို မတွေ့ရှိခဲ့ကြသော ဗြာဟ္မဏပညာရှိတို့သည် သာကေတမြို့၌လည်း မျှော်လင့်ချက်များစွာ မထားရှိကြတော့ချေ။ သာဝတ္ထိသို့အပြန်တွင် ခရီးလမ်းသင့်၍ တစ်ထောက်တနား ရပ်နားနေကြခြင်းသာ ဖြစ်လေသည်။

## ဖူးစာရှင်ရွေးပွဲ

သို့ရာတွင် ထိုအချိန်၌ သာကေတမြို့တွင် **"ဝိဝဋ္ဋနက္ခတ်ပွဲတော်"** ကျင်းပသောအချိန်နှင့် ကြုံကြိုက်နေသည်။ နှစ်စဉ်နှစ်တိုင်း ရက်သတ္တတစ်ပတ်ကြာမျှ ကျင်းပသော ထိုပွဲတော်မှာ လုံမပျို၊ လုလင်ပျိုများ အထူး ပျော်ရွှင်ကြရသော ပွဲတော်ဖြစ်ပေသည်။ ထိုပွဲတော်ရက်များအတွင်း၌ အမြဲတမ်း အိမ်တွင်းပုန်းနေ လေ့ရှိသော သူဌေးသူကြွယ်တို့၏ သမီးပျိုများသည်ပင်လျှင် အိမ်ပြင်သို့ လွတ်လပ်စွာ ထွက်ခွင့်ရရှိကြသည်။ မိမိတို့၏ အလှကို ပေါ်လွင်အောင်ဖော်ပြလျက် အပေါင်းအဖော် အခြွေအရံတို့နှင့်အတူ မြစ်ဆိပ်၊ ပန်းခြံစသော အရပ်များသို့ ပျော်ပျော်ပါးပါး သွားလာလှည့်လည်လေ့ ရှိကြသည်။

ထိုအချိန်တွင် သာကေတမြို့သား လုလင်များကလည်း လမ်းမှ စောင့်လျက် မိမိတို့ နှစ်သက်ရာ လုံမပျိုကလေးများအား ပန်းစည်းလက်ဆောင်ပေးခြင်း၊ ပန်းကုံးစွပ်ပေးခြင်း ပြုတတ်ကြသည်။ ထိုသို့ပြုခြင်းကို ကာယကံရှင် လုံမပျိုက လက်ခံမည်ဆိုလျှင် သူတို့နှစ်ဦး မကြာမီ ဖူးစာဆုံကြလေတော့သည်။ သို့ဖြစ်ပေရာ ဝိဝဋ္ဋနက္ခတ်ပွဲတော်မှာ သာကေတ လုလင်ပျိုတို့၏ **"ဖူးစာရှင်ရွေးပွဲ"**ပင် ဖြစ်လေသည်။

ပုဏ္ဏဝဍ္ဍနသူဌေးသားအတွက် သတို့သမီးလောင်းကို လှည့်လည်ရှာဖွေနေကြသော ဗြာဟ္မဏသုခမိန်တို့သည် မျှော်လင့်ချက်များစွာ မထားရှိကြစေကာမူ အခါကောင်း အခွင့်ကောင်းနှင့် ကြုံကြိုက်နေသည်ဖြစ်၍ သာကေတ မြို့သူများကို စုံစမ်းလေ့လာရန် မြစ်ဆိပ်မှ စောင့်ကြည့်နေကြသည်။

## ဤကုဖန္တြုင် မိန်းမသား

ထိုအချိန်တွင် ၁၆-နှစ်အရွယ်သို့ ရောက်၍ အလှပန်းပွင့်စ ဖြစ်သော သူဌေးသမီး ဝိသာခါသည် အဖော်တကျိပ်နှင့်အတူ မြစ်ဆိပ်သို့ ရေချိုး

ထွက်လာလေ၏။ ဝိသာခါတို့အုပ်စု မြစ်ဆိပ်သို့ ရောက်ခါနီး အချိန်တွင် မမျှော်လင့်ဘဲ ရုတ်တရက် မိုးရွာချလေသည်။ ထိုအခါ လှပစွာ ဝတ်စားဆင်ယင်၍ လာကြသော မိန်းမပျိုတို့သည် မိမိတို့၏ အဝတ်တန်ဆာတို့ကို စိုမည်စိုးကြကုန်သည်ဖြစ်၍ မိုးလုံရာသို့ အပြေးအလွှား သွားကြသည်။ သို့သော် ဝိသာခါကား ဣန္ဒြေမပျက်ချေ။ မိုးရွာသည်ကို အမှုမထားဘဲ ပုံမှန်အတိုင်းသာ သွားနေလေသည်။ သူမ၏ အဝတ်တန်ဆာများ ရွှဲရွှဲစိုသွားလေ၏။

လမ်းဘေးတစ်နေရာမှ စောင့်ကြည့်နေကြသော ဗြာဟ္မဏသုခမိန်တို့သည် ဝိသာခါ၏ ထူးခြားသော ရုပ်ဆင်းအင်္ဂါနှင့် တည်ငြိမ်သော ဣန္ဒြေ အမူအရာတို့ကို တွေ့မြင်ရလျှင် အလွန်စိတ်ဝင်စားသွားကြသည်။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူ ဖြစ်လိမ့်မည်ဟု ယုံကြည်သွားကြသည်။ ကောင်းခြင်းငါးဖြာတို့တွင် အသား၏ ကောင်းခြင်း၊ အရေအဆင်း၏ ကောင်းခြင်း၊ ဆံပင်၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း ဟူသော ကောင်းခြင်း လေးရပ်နှင့် ပြည့်စုံသူဖြစ်ကြောင်းကို ယုံမှားဖွယ်မရှိ။ လူကို မြင်ရုံဖြင့်ပင် သူတို့ ယုံကြည်သွားကြသည်။ သို့သော် အရိုး၏ ကောင်းခြင်းမှာမူ လူကို မြင်ရုံဖြင့် ဆုံးဖြတ်နိုင်သောကိစ္စမဟုတ်။ သွားကိုမြင်မှသာ တိတိကျကျ ဆုံးဖြတ်နိုင်သောကိစ္စ ဖြစ်ပေသည်။ ထို့ကြောင့် ဗြာဟ္မဏသုခမိန်တို့သည် ဝိသာခါ၏ သွားကို မြင်ခွင့်ရရှိရန် နည်းပရိယာယ်တစ်ခုကို သုံးလိုက်ကြလေသည်။

"ဒီလို အပျင်းကြီးတဲ့ မိန်းမမျိုးကို ရတဲ့ ယောက်ျားကတော့ ပုန်းရည်ဟင်းတောင် မှန်မှန်စားရမှာ မဟုတ်ဘူးဗျို့."

## ပြေးသွားရန် မလောင်တာသူ

အချင်းချင်းပြောလေဟန်ဖြင့် ဝိသာခါကို ရည်ရွယ်၍ ဗြာဟ္မဏတစ်ယောက်က ပြောဆိုလိုက်ခြင်း ဖြစ်၏။ လိမ္မာပါးနပ်သော ဝိသာခါသည် ထိုစကားမှာ မိမိအား ရည်ရွယ်၍ ပြောဆိုလိုက်သော စကားဖြစ်ကြောင်း

ချက်ချင်းရိပ်မိသွားသည်။ ထို့ကြောင့် ရှေ့ဆက်မသွားဘဲ တုန့်ခနဲ ရပ်တန့်လျက် ဤသို့ ပြန်လည်ပြောဆိုလိုက်လေသည်။

"ဆရာတို့၊ လောကမှာ ပြေးသွားရန် မတင့်တယ်သူ လေးဦးရှိပါတယ်၊ သူတို့ကတော့ ပြည့်ရှင်မင်း၊ ပြည့်ရှင်မင်းရဲ့ မင်္ဂလာဆင်၊ ရသေ့ရဟန်းနှင့် မိန်းမပျိုကလေးများ ဖြစ်ပါတယ်။ မိန်းမပျိုကလေးများဟာ ယောကျ်ားတွေလို ပြေးသွားလို့ မတင့်တယ်ပါဘူး၊ ပြေးရင်းလွှားရင်း မတော်တဆ ခြေကျိုးလက်ကျိုး ဖြစ်သွားရင်လည်း လင်ကောင်းသားကောင်း ရနိုင်တော့မည် မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဣန္ဒြေရရနှင့် ကျွန်မ သွားနေခြင်း ဖြစ်ပါတယ်"

ချိုသာသော လေသံဖြင့် အချက်ကျကျ ပြောဆိုလိုက်သော ဝိသာခါကို ဗြာဟ္မဏသုခမိန်တို့ ပို၍ သဘောကျသွားကြသည်။ သူမ၏ သွားများကို မြင်ကြရသဖြင့် အရိုး၏ကောင်းခြင်းနှင့် ပြည့်စုံသူဖြစ်ကြောင်းကိုလည်း ယုံကြည်သွားကြသည်။ သို့ဖြစ်၍ မိဂါရသူဌေးကြီးထံမှ မိမိတို့ ယူဆောင်လာသော အဖိုးတစ်သိန်းတန် ရွှေပန်းကုံးကို ဝိသာခါ၏ လည်၌ ဝတ်ဆင်ပေးလိုက်ကြလေသည်။ သို့သော် ဝိသာခါသည် ထိုရွှေပန်းကုံးကို ချက်ချင်း လက်မခံချေ။ သတို့သား၏ အမည်နာမ၊ မျိုးရိုးဇာတိစသည်တို့ကို မေးမြန်းပြီး မိမိနှင့် ဂုဏ်ရည်တူသူဌေးသားတစ်ဦး ဖြစ်ကြောင်း သိပြီးမှသာ ရွှေပန်းကုံးကို လက်ခံလေသည်။

ဝိသာခါသည် ဗြာဟ္မဏသုခမိန်တို့ပေးသော ရွှေပန်းကုံးကို မင်္ဂလာလက်ဆောင်အဖြစ် လက်ခံပြီးသောအခါ မိမိအတွက် ရထားတစ်စင်း စေလွှတ်ရန် ဖခင်သူဌေးကြီးထံ အကြောင်းကြားလိုက်သည်။ အမှန်အားဖြင့် သူမသည် အိမ်မှ ထွက်လာစဉ်က ခြေလျင် လျှောက်၍ ထွက်လာခြင်းသာ ဖြစ်၏။ သို့သော်လည်း မင်္ဂလာရွှေပန်းကုံးကို လက်ခံလိုက်သောအခါတွင်မူ အလာတုန်းကလို ခြေလျင်လျှောက်ရန် မတင့်တယ်တော့ချေ။ ထို့ကြောင့် ရထားတစ်စီး စေလွှတ်ပေးရန် မှာကြားလိုက်ခြင်း ဖြစ်ပေသည်။

ဖခင် ဓနဉ္စယသူဌေးကြီးသည် သမီးပျို ဝိသာခါ၏ အမှာစကားကို ကြားရလျှင် ထူးခြားသော အကြောင်းကိစ္စ တစ်ခု ရှိနေပြီဖြစ်ကြောင်း တွေးဆမိသည်။ ထို့ကြောင့် ဝိသာခါအတွက် အထူးပြင်ဆင်ထားသော ရထားတစ်စီးနှင့် အခြွေအရံမိန်းကလေးများစီးရန် ရထားများကိုပါ လျင်မြန်စွာ စီစဉ်ပေးသည်။ ဝိသာခါသည် အခြွေအရံတို့နှင့်အတူ ရထားဖြင့် အိမ်သို့ ပြန်လာသည်။ ဗြာဟ္မဏသုခမိန် ရှစ်ယောက်တို့သည်လည်း ဝိသာခါနှင့် မရှေးမနှောင်းမှာပင် အိမ်သို့ လိုက်လာကြလေသည်။

## ဆွေကြီးမျိုးကြီး

ဓနဉ္စယသူဌေးကြီးသည် ဧည့်သည်တော် ဗြာဟ္မဏပညာရှိတို့အား ကောင်းမွန်စွာ ဧည့်ခံပြီး အကြောင်းကိစ္စကို မေးမြန်းသည်။ ဗြာဟ္မဏတို့က မိမိတို့သည် သာဝတ္ထိပြည်မှ မိဂါရသူဌေးကြီး၏ သားဖြစ်သူ ပုဏ္ဏဝဍ္ဎန သတို့သားအတွက် သတို့သမီးလောင်းကို ရှာဖွေနေသူများ ဖြစ်ပါကြောင်း၊ ယခု ဝိသာခါကို တွေ့ရှိ၍ နှစ်သက်သဘောကျပါသဖြင့် သူဌေးကြီး၏ သဘောတူခွင့်ပြုချက်ကို တောင်းခံရန်လာခြင်း ဖြစ်ပါကြောင်း လိမ္မာယဉ်ကျေးစွာ ပြောဆိုကြသည်။ ထိုအခါ ဓနဉ္စယသူဌေးကြီးသည် သမီးဖြစ်သူကလည်း လက်ခံသဘောတူကြောင်း သိရှိရသဖြင့် ဗြာဟ္မဏတို့၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်လေသည်။ ဗြာဟ္မဏရှစ်ယောက်တို့သည် ဓနဉ္စယသူဌေးကြီး၏ အိမ်၌ တစ်ရက်၊ နှစ်ရက်မျှ တည်းခိုနေထိုင်ခဲ့ကြပြီး သာဝတ္ထိပြည်သို့ ပြန်လာခဲ့ကြသည်။

သာဝတ္ထိပြည်သို့ ပြန်ရောက်သောအခါ မိဂါရ သူဌေးကြီးအား ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီး လောင်းကို တွေ့ရှိခဲ့ကြပြီဖြစ်ကြောင်း၊ ထိုသတို့သမီးလောင်းမှာ သာကေတမြို့မှ ဓနဉ္စယသူဌေးကြီး၏ သမီး ဝိသာခါဖြစ်ကြောင်း ပြောပြကြသည်။ မိဂါရသူဌေးကြီးသည် **"ငါ့သားအတွက် ဆွေကြီးမျိုးကြီးထဲမှ သတို့သမီးလောင်းကို ရပေပြီ၊**

**အချိန်မဆိုင်းဘဲ လျင်မြန်စွာ သွားရောက်တောင်းယူသင့်၏**”ဟု ကြံ၍ ထိုအကြောင်းကို ကောသလမင်းကြီးထံ လျှောက်တင်သည်။

ကောသလမင်းကြီးကလည်း “ဝိသာခါသည် ဆွေကြီးမျိုးကြီးထဲက ဖြစ်၏။ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံမှ ငါကိုယ်တော်တိုင် တောင်းယူခဲ့ပြီး သာကေတမြို့၌ နေရာချထားပေးခဲ့သော အမျိုးမှ ဖြစ်၏။ ထိုအမျိုးအား ငါချီးမြှောက်ခြင်းငှာ သင့်ပေ၏။ သတို့သမီးကို ဆောင်ယူရန် ငါလည်း လိုက်ပါမည်”ဟု ပြောကြားလေသည်။

ထိုအခါ မိဂါရသူဌေးကြီးက “ကောင်းပါပြီအရှင်မင်းမြတ်” ဟု ဝန်ခံ၍ “သတို့သမီးကို ဆောင်ယူရန် ဤမည်သော နေ့ရက်၌ ကျွန်ုပ်တို့ လာကြပါမည်၊ ကျွန်ုပ်တို့နှင့်အတူ ကောသလမင်းကြီးလည်း လိုက်ပါလာလိမ့်မည်။ စစ်သည်ဗိုလ်ပါတွေ အလွန်များပြားပါလိမ့်မည်။ ဤမျှ များပြားသော လူအပေါင်းအား ဧည့်ခံကျွေးမွေးခြင်းပြုရန် အဆွေတော် စွမ်းနိုင်ကြပါမည်လော”ဟူ၍ သာကေတသို့ သတင်းပို့သည်။ သာကေတမှ ဓနဉ္စယသူဌေးကြီးကလည်း “ကောသလမင်းကြီး တစ်ပါးမျှမက မင်း ၁၀–ပါးပင် လာပါစေ၊ ကျွန်ုပ်ဧည့်ခံနိုင်ပါသည်”ဟု ပြန်ကြားလိုက်လေသည်။

## မိဂါရတို့ လာကြပြီ

သာဝတ္ထိပြည်မှ မိဂါရသူဌေးကြီးသည် သတ်မှတ်ထားသော နေ့ရက်နီးကပ်လာသောအခါ များစွာသော ပရိသတ် အခြံအရံတို့ဖြင့် သာကေတမြို့သို့ ထွက်ခွာလာသည်။ ကောသလမင်းကြီးသည်လည်း စစ်သည်ဗိုလ်ပါများစွာ ခြံရံလျက်လိုက်ပါလာသည်။ သာကေတမြို့အနီး ယူဇနာဝက်ခရီးသို့ ရောက်သောအခါ ထိုနေရာ၌ စခန်းချ ရပ်နားနေပြီး မိမိတို့ရောက်လာပြီ ဖြစ်ကြောင်း ဓနဉ္စယသူဌေးကြီးထံ သတင်းပို့စေသည်။

ဓနဉ္စယသူဌေးကြီးသည် သမီးဖြစ်သူ ဝိသာခါနှင့် တိုင်ပင်လျက် သာဝတ္ထိမှ ရောက်ရှိလာကြမည့် ဧည့်သည်တော်တို့အတွက် နေရာထိုင်ခင်း

နှင့် စားရေးသောက်ရေး စသော ကိစ္စများကို စီစဉ်ဆောင်ရွက်သည်။ ဝိသာခါမှာ ရှေးဘုန်းရှေးကံနှင့် ပြည့်စုံသူ၊ ထက်မြက်သော ဉာဏ်ပညာရှိသူ ဖြစ်ပေသည်။ ထို့ကြောင့် "မိဂါရသူဌေးကြီးအတွက် ဤအိမ်ကို ပြင်ဆင်ပေးပါ၊ အိမ်ရှေ့မင်းသားနှင့် စစ်သည်ဗိုလ်ပါတို့အား ဤသို့ နေရာချထားပါ" စသည်ဖြင့် သူမကိုယ်တိုင် ဦးဆောင်လျက် ဆောင်ရွက်ဖွယ်ရှိသမျှကို စီမံဆောင်ရွက်သည်။

ဝိသာခါသည် ကျေးကျွန်အလုပ်သမားတို့အားလည်း "ဤမျှသော သူတို့က ကောသလမင်းကြီး၏ ပြုဖွယ်ကိစ္စကို ဆောင်ရွက်ကြရမည်၊ ဤမျှသော သူတို့က အိမ်ရှေ့မင်းသား၏ ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ကြရမည်။ မင်းကြီးနှင့် စစ်သည်ဗိုလ်ပါတို့၏ ဆင်မြင်းရထား တို့ကိုလည်း သင်တို့က တာဝန်ယူ၍ ကျွေးမွေး စောင့်ရှောက်ကြရမည်" ဟူ၍ စီမံညွှန်ကြားသည်။ "မင်းကြီး၏ ပရိသတ်၌ ပါလာသော ဆင်ထိန်း၊ မြင်းထိန်းတို့သည်လည်း မင်္ဂလာပွဲကို လွတ်လွတ်လပ်လပ်ကြည့်ရှုကြပါစေ" ဟူ၍ ညွှန်ကြားပြောဆိုသည်။ "ငါတို့တော့ ဝိသာခါရဲ့ မင်္ဂလာပွဲကို လိုက်ပါသွားကြရပေမယ့် ဘာမှ မကြည့်ခဲ့ရပါဘူး၊ မြင်းတွေ၊ ဆင်တွေကို ထိန်းကျောင်းစောင့်ရှောက်နေကြရလို့ လွတ်လွတ်လပ်လပ် လှည့်လည်ကြည့်ရှုခြင်း မပြုခဲ့ကြရပါဘူး" ဟူ၍ ပြောစရာမဖြစ်စေရန် စီမံညွှန်ကြားထားလေသည်။

ဓနဉ္စယသူဌေးကြီးသည် တစ်ဖက်မှ ဧည့်သည်တော်များအား ဝတ္ထုရားကျေပွန်စွာ ဧည့်ခံပြုစုရေးကိစ္စများကို ဆောင်ရွက်နေစဉ် အခြားတစ်ဖက်မှလည်း ရွှေပန်းတိမ်သည် ၅၀၀-တို့ကို ခေါ်၍ ဝိသာခါအတွက် မဟာလတာမည်သော ကိုယ်ဝတ်တန်ဆာကို ပြုလုပ်ပေးရန် စေခိုင်းသည်။ မဟာလတာတန်ဆာ ပြုလုပ်ရန်အတွက် ရွှေစင်နိက္ခတစ်ထောင်နှင့် ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ စိန် စသော ရတနာတို့ကို လိုအပ်သမျှ ထုတ်ပေးလေသည်။

မိဂါရသူဌေးကြီးနှင့် ခြွေရံပရိသတ်တို့သည် အိမ်ရှင်ဖြစ်သူ ဓနဉ္စယသူဌေးကြီး စီမံပေးသော နေရာထိုင်ခင်း၊ စားဖွယ်သောက်ဖွယ် စသည်တို့ဖြင့် ချမ်းချမ်းသာသာ နေကြရသည်။ ကောသလမင်းကြီးမှာလည်း

သာဝတ္ထိနန်းတော်၌ စံတော်မူရသည့်အတိုင်းပင် မူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ အစစပြည့်စုံစွာဖြင့် သာကေတယာယီစံနန်းတော်၌ ချမ်းချမ်းသာသာ စံနေတော်မူရလေသည်။ ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ တရွေ့ရွေ့ ကုန်လွန်သွားသော်လည်း မင်္ဂလာပွဲအတွက် ပြင်ဆင်မှုကား မပြီးစီးသေးချေ။ နေ့ရက် အတိအကျကိုပင် မသတ်မှတ်နိုင်သေးချေ။

တစ်မြို့တစ်ရွာ၌ ရက်၊ လ ကြာမြင့်စွာနေရသည့်အတွက် မိဂါရသူဌေးကြီးအဖို့ ပူပန်စရာ အကြောင်းမရှိသော်လည်း ကောသလမင်းကြီးမှာမူ တိုင်းရေးပြည်ရေးအတွက် နောက်ကြောင်းမအေး ဖြစ်ရသည်။ ထို့ကြောင့် တစ်နေ့တွင် ကောသလမင်းကြီးက ဓနဥ္စယသူဌေးကြီးထံ ဤသို့ အကြောင်းကြားလေသည်။

"သူဌေးကြီးအနေနှင့် ငါရဲ့ မူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ ထောင်ပေါင်းများစွာသော ဧည့်ပရိသတ်တို့အား ကျွေးမွေးပြုစုရသည်မှာ တာဝန်ကြီးလေးလွန်းလှပါသည်။ ဒါကြောင့် ရက်၊ လ ကြာကြာ မဆွဲဘဲ မင်္ဂလာပွဲ လျင်မြန်စွာ ပြီးစီးအောင် ပြုလုပ်ပါလော့"

ထိုအခါ ဓနဥ္စယသူဌေးကြီးက ကောသလမင်းကြီးထံ ဤသို့ ပြန်လည် သတင်းပို့လိုက်လေသည်။

"အရှင်မင်းမြတ်၊ ယခုအခါ မိုးရာသီဝင်လာပါပြီ၊ စစ်သည်ဗိုလ်ပါ ပေါင်း မြောက်များစွာဖြင့် သာဝတ္ထိကို ပြန်လည်ကြွချီရန် ဖြစ်နိုင်တော့မည် မဟုတ်ပါ၊ အရှင်မင်းမြတ်ရဲ့ စစ်သည်ဗိုလ်ပါ အပေါင်းအတွက် လိုအပ်သမျှကို ကျွန်ုပ် လုံးဝ တာဝန်ယူပါသည်။ မင်္ဂလာပွဲ ပြီးဆုံးသည့်တိုင်အောင် စောင့်ဆိုင်းတော်မူပါလော့"

ဓနဥ္စယသူဌေးကြီး၏ တောင်းပန်ချက်ဖြင့် ကောသလမင်းကြီးသည် သာကေတ၌ပင် ဆက်လက်စံနေတော်မူရသည်။ တိုင်းရေး၊ ပြည်ရေးအတွက် အထူး အရေးကြီးသောကိစ္စများကိုမူ သာဝတ္ထိနန်းတော်၌ ယာယီအားဖြင့် တာဝန်ချထားခဲ့သော ပုရောဟိတ်အမတ်ကြီးထံ တမန်တော်များ စေလွှတ်၍ ညွှန်ကြားချက်များ ပေးတော်မူရလေသည်။

## ပွဲတော်ကြီးတာမျှ သာကေတာ

သာဝတ္ထိမှ ဘုရင်မင်းမြတ်နှင့် ထောင်ပေါင်းများစွာသော ဧည့်ပရိသတ်တို့ ဆိုက်ရောက်လာကြသည့်နေ့မှစ၍ သာကေတတစ်မြို့လုံး နေ့စဉ်မပြတ်နက္ခတ်ပွဲတော်ကြီး ကျင်းပနေသကဲ့သို့ ရှိလေသည်။ နေ့ရော ညပါ လှည့်လည်သွားလာနေကြသည့် မြို့သူမြို့သားများနှင့် ဧည့်ပရိသတ်များဖြင့် အမြဲတမ်း စည်ကားနေသည်။ ညစဉ် ညတိုင်းလည်း လမ်းကြီးလမ်းငယ်တို့၌ ဇာတ်ပွဲ-အငြိမ့်ပွဲများ ခင်းကျင်းကပြနေကြလေသည်။

## ထင်းပြဿနာအဖြေရှာ

ဤသို့ဖြင့် အချိန်ကာလ သုံးလမျှကြာမြင့်သွားခဲ့သည်။ သို့သော်လည်း ဓနဥ္စယသူဌေးကြီး၏ မင်္ဂလာပွဲအတွက် ပြင်ဆင်မှုများကား မပြီးဆုံးနိုင်သေးဘဲ ရှိနေသည်။ အထူးသဖြင့် သတို့သမီး ဝိသာခါ ဆင်မြန်းရန်အတွက် ရွှေ၊ ငွေ အစရှိသော ရတနာခုနစ်ပါးဖြင့် စီခြယ်ပြုလုပ်နေသော မဟာလတာ တန်ဆာကြီး မပြီးစီးနိုင်သေးခြင်းမှာ အဓိက အကြောင်းပင် ဖြစ်၏။ ထိုအချိန်တွင် ဧည့်သည်တော်များအတွက် နေ့စဉ် ထမင်းဟင်းချက်ပြုတ်ရေး တာဝန်ကို ဆောင်ရွက်နေကြရသော အမှုဆောင် လူကြီးများက ဓနဥ္စယ သူဌေးကြီးထံ လာ၍ ပြဿနာတစ်ရပ်ကို တင်ပြကြသည်။ ပြဿနာမှာ အခြားမဟုတ်။ ထမင်းဟင်းချက်ရန်အတွက် ထင်းများ ရှာဖွေမရရှိတော့ခြင်းပင် ဖြစ်၏။

"အရှင်သူဌေးမင်း၊ ဧည့်ပရိသတ်ထောင်ပေါင်းများစွာတို့အတွက် နေ့စဉ် ထမင်းဟင်းချက်ရာမှာ ဆန်၊ ဆီ စသော ပစ္စည်းများအားလုံး ပြည့်စုံပါသည်။ သို့သော်လည်း ထင်းကတော့ အခက်အခဲ တွေ့နေပါသည်။ လှည့်လည်ရှာဖွေ၍လည်း မရ၊ ဝယ်ယူ၍လည်း မရ ဖြစ်နေပါသည်။ ကျွန်ုပ်တို့ အဘယ်ကဲ့သို့ ပြုလုပ်ကြရပါမည်နည်း"

ထိုအခါ ခနဥယ သူဌေးကြီးမှာ ထိုအမှုဆောင် လူကြီးများအား အိမ်အို အိမ်ဟောင်းများနှင့် ဆင်းတင်းကုတ်၊ မြင်းတင်းကုတ်တို့ကို ဖျက်၍ ထင်းအဖြစ် အသုံးပြုကြရန် ညွှန်ကြားသည်။ အမှုဆောင်လူကြီးများကလည်း သူဌေးကြီး ညွှန်ကြားသည့်အတိုင်း ပြုလုပ်ကြသည်။ သို့သော် ၁၅–ရက်မျှသာ ခံသည်။ ထင်းများ ကုန်သွားပြန်၏။ ထိုအခါ သူဌေးကြီးက မိမိ၏ အဝတ်ဂိုဒေါင်တို့မှ အဝတ်အထည်ကြမ်းများကို ထုတ်ယူ၍ ဆီဖြင့်စိမ်ပြီး ထင်းအဖြစ် အသုံးပြုကြရန် ညွှန်ကြားရလေသည်။

## မဟာလတာ တန်ဆာ

သုံးလလွန်၍ လေးလပိုင်းရောက်သောအခါ ရွှေပန်းတိမ်သည်တို့သည် မဟာလတာတန်ဆာ ပြုလုပ်မှုကို အပြီးသတ်လိုက်ကြသည်။ ရွှေစင်နိက္ခတစ်ထောင်နှင့် ပတ္တမြား၊ ပုလဲ၊ သန္တာ၊ စိန် အစရှိသည့် ရတနာမျိုးစုံတို့ဖြင့် စီခြယ်ပြုလုပ်အပ်သော မဟာလတာကန်ဆာကား လွန်စွာ ထူးခြားသော အဆင်းတန်ဆာ ဖြစ်ပေသည်။ ဥဒေါင်းရုပ်သဏ္ဍာန် ပြုလုပ်ထားပြီး ဦးခေါင်းမှ စွပ်လိုက်လျှင် အောက်ပိုင်း ခြေဖမိုးတိုင်အောင် ရောက်၏။

ဥဒေါင်းရုပ်၏ နှစ်ဖက်သော တောင်ပံတို့၌ နီဖလံရွှေဖြင့် ပြီးသော အတောင်ငယ် ငါးရာစီ ပါရှိကုန်၏။ နှုတ်သီးမှာ သန္တာဖြင့် ပြီး၏။ မျက်လုံးနှစ်ဖက်တို့သည် ပတ္တမြားနီဖြင့် ပြီးကုန်၏။ လည်ပင်းနှင့် အမြီးတို့သည် ပတ္တမြားဖြင့် ပြီးကုန်၏။ အတောင်ရိုးနှင့် ခြေထောက်ရိုးတို့သည် ငွေဖြင့် ပြီးကုန်၏။ ထိုတန်ဆာကို ဝတ်ဆင်လိုက်သောအခါ တောင်ထွတ်၌ တည်လျက် ကနေသော ဥဒေါင်းငှက်သို့ ထင်ရလေသည်။

## မင်္ဂလာပွဲပြီးသောအခါ

မဟာလတာတန်ဆာပြီးစီးသောအခါ ဓနဥ္စယသူဌေးကြီးသည် ဝိသာခါအား ထိုတန်ဆာကို ဝတ်ဆင်စေပြီး ဘုရင်မင်းမြတ်နှင့်တကွ ထောင်ပေါင်းများစွာသော ပရိသတ်တို့ အလယ်၌ ဝိဝါဟ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ မင်္ဂလာပွဲပြီးစီးသည်နှင့် ကောသလမင်းကြီးသည် မိမိ၏ ခစ်သည်ဗိုလ်ပါတို့နှင့်အတူ သာဝတ္ထိပြည်သို့ ပြန်သည်။ မိဂါရသူဌေးကြီးလည်း ချွေးမချော ဝိသာခါကို ခေါ်ဆောင်လျက် မိမိ၏ ခြွေရံပရိသတ်တို့နှင့်အတူ သာဝတ္ထိသို့ ပြန်သည်။

ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါအား လက်ဖွဲ့ပစ္စည်းအဖြစ်ဖြင့် အသပြာငွေသားများနှင့်တကွ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းမျိုးစုံတို့ကို လှည်းအစီးပေါင်းများစွာဖြင့် ဘင်ဆောင်ပေးလိုက်သည်။ နွားခြံမှ ရာပေါင်းများစွာသော နွားထီး၊ နွားမတို့ကိုလည်း ထုတ်ပေးစေသည်။ ထို့ပြင် မိမိ၏ ကျေးကျွန်အလုပ်သမားတို့ကိုလည်း "ဝိသာခါနောက်သို့ လိုက်လိုသူများ လိုက်သွားကြပါစေ"ဟု ခွင့်ပြုလိုက်ရာ လိုက်လိုသူများလွန်းနေသဖြင့် အချို့ကို ဝိသာခါကပင် ဖျောင်းဖျ တောင်းပန်၍ ထားပစ်ခဲ့ရလေသည်။

ဓနဥ္စယသူဌေးကြီးသည် သမီး ဝိသာခါအား အိမ်မှ မထွက်ခွာမီ တစ်နေ့တွင် မိမိအနီးသို့ ခေါ်၍ ဆုံးမစကား ပြောကြားသည်။ အဆုံးသဖြင့် **"လင်ယောကျ်ားအိမ်သို့ လိုက်ပါ၍ အိမ်ထောင်ရှင်မ ဖြစ်လာသော မိန်းမတို့သည် အတွင်းမီးကို အပြင်သို့ မထုတ်ရ၊ အပြင်မီးကို အတွင်းသို့ မသွင်းရ"**စသော ရှေးလူကြီးသူမတို့၏ ဩဝါဒ **၁၀-ချက်** ကို လိုက်နာအပ်ကြောင်း သွန်သင်ဆုံးမသည်။ ထို့ပြင် သူဌေးကြီးသည် သာဝတ္ထိပြည်မှ လိုက်ပါလာသော ဘဏ္ဍာထိန်းသုကြွယ် ရှစ်ယောက်တို့အားလည်း ဝိသာခါကို သွန်သင်ဆုံးမကြပါရန် မှာကြားလိုက်သည်။

"ကျုန်ုပ်သမီး ဝိသာခါမှာ ငယ်လှပါသေးသည်၊ အသက် (၁၆)နှစ်မျှသာ ရှိပါသေးသည်၊ မိဘနှင့်ပါးနှင့် ခွဲခွာပြီး အရပ်တစ်ပါးမှာ

နေရသည့်အခါ မလိမ်မိုး မလိမ္မာ ပြုမိခြင်းများ ရှိကောင်းရှိပါလိမ့်မည်။ တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါ ပြုမိခြင်းများလည်း ရှိနိုင်ပါသည်။ ထိုကဲ့သို့ ပြုလုပ်သည့်အခါ အဆွေတော်တို့က သာယာဖျောင်းဖျ ဆိုဆုံးမကြပါ၊ သမီးရင်းကဲ့သို့ သဘောထား၍ ထိန်းသိမ်းစောင့်ရှောက်ကြပါ။"

သူဌေးကြီးက ဘဏ္ဍာထိန်းသူကြွယ် ရှစ်ယောက်တို့အား ဤသို့ အပ်နှံလိုက်လေသည်။

## သာဝတ္ထိမှ ကြိုဆိုပါသည်

သာဝတ္ထိမြို့သူ မြို့သားတို့သည် များစွာသော ခြွေရံပရိသတ်တို့ဖြင့် မြို့ထဲသို့ ဝင်လာသော ဝိသာခါကို တအံ့တသြ ကြည့်ရှုကြသည်။ ဝမ်းသာအားရ နှုတ်ဆက်ကြိုဆိုကြသည်။ ဝိသာခါသည် လမ်းတစ်လျှောက်လုံး အမိုးအကာတို့ဖြင့် လုံခြုံသော ယာဉ်ကို စီးနင်းခဲ့သော်လည်း သာဝတ္ထိမြို့တွင်းသို့ ဝင်သောအခါတွင် အမိုးအကာ မပါသော ပက်လက်ရထားကိုသာ စီး၍ ဝင်ခဲ့သည်။ သို့အားဖြင့် ဝိသာခါ၏ အလှနှင့် သူမဝတ်ဆင်ထားသော မဟာလတာတန်ဆာ၏ ဂုဏ်သတင်းတို့သည် တစ်မြို့လုံးသို့ ချက်ချင်းပျံ့နှံ့သွားလေသည်။ "တကယ်ကျက်သရေရှိတဲ့ မိန်းမပါပဲ၊ တကယ့် ဘုန်းကံကြီးတဲ့ မိန်းမပါပဲ"ဟူသော ချီးကျူးစကားများ လူတိုင်း၏ နှုတ်ဖျားမှ ထွက်ပေါ်လာလေသည်။

မိဂါရသူဌေးကြီး၏ အိမ်သို့ ဝိသာခါ ဆိုက်ရောက်လာပြီးနောက် မကြာမီမှာပင် သာဝတ္ထိမြို့သူမြို့သားတို့ထံမှ လက်ဆောင်ပဏ္ဏာများ ဝိသာခါထံသို့ တစ်ခုပြီးတစ်ခု ဝင်လာသည်။ မိဂါရသူဌေးကြီးနှင့်အတူ သာကေတမြို့သို့ လိုက်ပါခဲ့ကြရသော သာဝတ္ထိမြို့သူမြို့သားတို့သည် သာကေတ၌ လေးလမျှ မိမိတို့ နေခဲ့ကြရစဉ်က မိမိတို့အား ဘာမျှ လိုလေသေးမရှိအောင် ကျွေးမွေးပြုစုခဲ့ကြသည့် ဓနဉ္စယသူဌေးကြီးနှင့် သမီးဝိသာခါတို့၏ ကျေးဇူးကို အထူးသတိရနေကြသည်။ ထို့ကြောင့်

မိမိတို့ မြို့သို့ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဝိသာခါထံသို့ လက်ဆောင်ပစ္စည်းများ ပေးပို့ကြခြင်း ဖြစ်လေသည်။

အသက်အရွယ်အားဖြင့် ငယ်သော်လည်း ဉာဏ်ပညာနှင့် ပြည့်စုံ၍ လူမှုရေးရာတို့၌ လိမ္မာကျွမ်းကျင်လှသော ဝိသာခါသည် မိမိထံ ရောက်လာသော လက်ဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာ စီမံခန့်ခွဲသည်။ တစ်ဦးထံမှ ပေးပို့သော လက်ဆောင်ပစ္စည်းကို အခြားတစ်ဦးထံသို့ မိမိ၏ လက်ဆောင်အဖြစ် အတုံ့အပြန် ပေးပို့စေသည်။ "ဒီပစ္စည်းကို အမိ ဘယ်သူ့အား ပေးလိုက်ပါ၊ ဒီပစ္စည်းကို အဘ ဘယ်သူ့အား ပေးလိုက်ပါ၊ ဒီပစ္စည်းကိုတော့ အစ်မ ဘယ်သူ့အား ပေးလိုက်ပါ" စသည်ဖြင့် ချစ်ခင်ဖွယ် စကားများကို ပြောဆိုလျက် အိမ်တိုင်းအိမ်တိုင်းသို့ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးပို့စေသည်။ ဤသို့သောနည်းဖြင့် သာဝတ္ထိတစ်မြို့လုံးကို ဆွေမျိုးရင်းချာများကဲ့သို့ ဖြစ်အောင် ပြုလုပ်လိုက်လေသည်။

## အိမ်ရှင်မ ဝိသာခါ

မိဂါရသူဌေးကြီးအိမ်သို့ ဝိသာခါရောက်သည့် နေ့ညတွင် ထူးခြားသော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်ရပ်ကား ထိုနေ့ည သန်းခေါင်ယံအချိန်၌ သူဌေးအိမ်ရှိ မြည်းမတစ်ကောင်မှ အာဇာနည်မြည်းကလေး မွေးဖွားခြင်း ဖြစ်၏။

ဝိသာခါကား အသက်အရွယ်အားဖြင့် ၁၆–နှစ်မျှသာ ရှိသေးသော်လည်း မိန်းမသား ပီသလှ၏။ ယောက္ခမအိမ်သို့ ရောက်သည့်အချိန်မှစ၍ အိမ်ထောင်ရှင်မတစ်ယောက်၏ အလုပ်တာဝန်ဟူသမျှကို မဆိုင်းမတွ ဆောင်ရွက်သည်။ မိမိကိုယ်တိုင် လုပ်သင့်သည်တို့ကို ကိုယ်တိုင်လုပ်ပြီး အိမ်စေတို့အား စေခိုင်းသင့်သည်များကိုလည်း ထောင့်စေအောင် ညွှန်ကြားစေခိုင်းသည်။ ရောက်စဖြစ်သော်လည်း ဧည့်သည်လို မနေ။ အိမ်သူအိမ်သားများအပေါ်၌လည်း ရှက်ရွံ့နေခြင်းမရှိဘဲ ဖျတ်လတ်သွက်လက်စွာ

လှုပ်ရှားနေသော ချွေးမသစ်ကလေးကို သူဌေးကြီး ဇနီးမောင်နှံတို့က တစ်စေ့တစောင်းမှကြည့်ကာ အံ့သြနေကြလေသည်။

အစေခံမိန်းကလေးတစ်စုနှင့်အတူ များပြားစွာသော အိမ်မှုကိစ္စတို့ကို တစ်နေကုန်စီမံဆောင်ရွက်နေသော ဝိသာခါမှာ ညသန်းခေါင်ယံတိုင်အောင် အိပ်ရာမဝင်နိုင်သေးဘဲ ရှိနေသည်။ သာကေတမြို့မှ ပါလာသည့် လူများနှင့် ပစ္စည်းအသုံးအဆောင်များကို နေရာချထားပေးနေရသည့်အတွက်လည်း ပို၍ အလုပ်များခဲ့ရခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ အိမ်နောက်ဘက်ရှိ မြင်းခြံမှ မြည်းမကြီးတစ်ကောင် သားဖွားနေကြောင်းကို ခြံစောင့်က လာရောက်ပြောကြားသဖြင့် ဝိသာခါ ချက်ချင်းသိရှိသွားသည်။ ဝိသာခါက ဤအိမ်ရှိ ကျေးကျွန်လုပ်သားများနှင့်တကွ ကျွဲ၊ နွား၊ မြည်း စသော တိရစ္ဆာန်တို့ကိုလည်း လိုအပ်သလို မိမိထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ယူဆသည်။ ထို့ကြောင့် မြည်းမကြီး သားဖွားနေကြောင်း ကြားလျှင်ကြားချင်း အစေခံတစ်ယောက်နှင့်အတူ မြင်းခြံသို့သွား၍ မြည်းမကြီးနှင့် မြည်းပေါက်ကလေးအား ရေနွေးဖြင့် ဆေးကြောသုတ်သင်ခြင်း ပြုလုပ်ပေးလေသည်။

## မင်္ဂလာဆွမ်းကပ်ပွဲ

မိဂါရသူဌေးကြီးနှင့် သူဌေးကတော်တို့သည် ချွေးမသစ်ကလေး ရောက်လာပြီးနောက် သုံးရက်မြောက်နေ့တွင် မင်္ဂလာပွဲအထိမ်းအမှတ်အဖြစ်ဖြင့် မိမိကိုးကွယ်ဆည်းကပ်နေသော တက္ကတွန်းရဟန်းငါးရာတို့ကို ပင့်ဖိတ်၍ နို့ဃနာဆွမ်းဆက်ကပ်သည်။ တက္ကတွန်းရဟန်းများ ကြွလာသောအခါ "ရဟန္တာတွေကို ဖူးမြင်ရန် ဝိသာခါကို ခေါ်လိုက်ပါ"ဟု အစေခံတစ်ယောက်ကို စေခိုင်းသည်။ ဝိသာခါသည် "ရဟန္တာတွေ ကြွလာသတဲ့"ဟု ကြားရသဖြင့် ဝမ်းသာအားရ အိမ်ရှေ့သို့ ထွက်လာသည်။ အိမ်ရှေ့သို့ ရောက်သောအခါ အဝတ်မဆီး အချည်းနှီးသော တက္ကတွန်းတို့ကို တွေ့မြင်ရသဖြင့် "ဒီလို အရက်အကြောက်ကင်းတဲ့သူတွေဟာ ရဟန္တာ မဟုတ်ပါဘူး၊

စက်ဆုပ်ဖွယ်ကောင်းလေစွ”ဟု ဆို၍ အိမ်ထဲသို့ ချက်ချင်း ပြန်ဝင်သွားလေသည်။

ဝိသာခါမှာ အသက်ခုနစ်နှစ်အရွယ်မှစ၍ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိခဲ့သော အရိယာသူတော်စင်မလေး တစ်ဦး ဖြစ်၏။ မိဂါရသူဌေးကြီးတို့ မိသားစုမှာမူ ကြာမြင့်စွာသော ကာလမှစ၍ တက္ကတွန်းရဟန်းတို့ကို ကိုးကွယ် ဆည်းကပ်နေကြသူများ ဖြစ်လေသည်။ ဤသို့ အယူဝါဒ ကွဲပြားသော မိသားစုထဲသို့ ရောက်ရှိသွားရခြင်းမှာ ဝိသာခါအဖို့ ကံမကောင်း အကြောင်းမလှသကဲ့သို့ ထင်ရလေသည်။ သို့သော်လည်း နောက်ပိုင်း၌ ဝိသာခါကို အကြောင်းပြု၍ မိဂါရတို့ မိသားစုတစ်ခုလုံး မှန်ကန်သော ဘဝလမ်းကြောင်းသို့ ကူးပြောင်းရောက်ရှိသွားကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။ သို့ဖြစ်ပေရာ မိဂါရတို့ မိသားစုအား ကယ်တင်နိုင်စေရန် ကံကြမ္မာက ဝိသာခါအား ထိုမိသားစုထဲသို့ တွန်းပို့ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုလျှင် မှားမည် မဟုတ်ချေ။

ဝိသာခါက မိမိတို့အား မထီမဲ့မြင်ပြုသွားသည်ကို တွေ့မြင်ရသဖြင့် တက္ကတွန်းရဟန်းများ အမျက်ဒေါသ ထွက်သွားကြသည်။ ထို့ကြောင့် မိဂါရ သူဌေးကြီးကို အပြစ်ဆိုကြသည်။ “ဒကာကြီး၊ ဘာကြောင့် ရဟန်းဂေါတမရဲ့ တပည့်ဖြစ်တဲ့ ဒီအယုတ်မကို ခေါ်လာရတာလဲ၊ တစ်ခြား မိန်းမ ရှာမရတော့ဘူးလား၊ ဒီမိန်းမကို အိမ်က အမြန်ဆုံး မောင်းထုတ်ပစ်လိုက်ပါ”

မိဂါရသူဌေးကြီးကား မကျေနပ်သော်လည်း “ဒီတက္ကတွန်းတွေရဲ့ စကားလောက်နှင့်တော့ ဝိသာခါကို ငါနှင်လို့ မဖြစ်သေးဘူး၊ သူက ဆွေကြီးမျိုးကြီးရဲ့ သမီးပဲ”ဟု စဉ်းစားမိသည်။ ထို့ကြောင့် “အရှင်ဘုရားတို့၊ တပည့်တော် ချွေးမ ဝိသာခါက အသက်ငယ်လှပါသေးတယ်၊ ငယ်ရွယ်သူများဟာ သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ တစ်ခုခုကို လုပ်တတ်ကြပါတယ်။ အရှင်ဘုရားတို့ ခပ်မဆိတ်နေတော်မူကြပါ”ဟူ၍ တက္ကတွန်းတို့အား လျှောက်ကြားတောင်းပန်သည်။

# အဘောင်းကိုစားသူ

တက္ကတွန်းရဟန်းများ ပြန်ကြွသွားကြသောအခါ မိဂါရသူဌေးကြီးသည် ကောင်းမွန်သော နေရာ၌ ထိုင်နေလျက် ရွှေခွက်၌ ထည့်ထားသည့် ရေမပါသော နို့ဃနာထမင်းကို သုံးဆောင်သည်။ ထိုအခိုက် ဆွမ်းခံရဟန်းတစ်ပါးသည် သူဌေးကြီး၏ အိမ်ရှေ့၌ ဆွမ်းရပ်လာသည်။ ယောက္ခမကြီးအား ယပ်ခတ်ပေးနေသော ဝိသာခါက ထိုရဟန်းတော်အား သူဌေးကြီး မြင်စေရန် ရှေ့မှ ကွယ်မထားဘဲ နေရာဖယ်ပေးသည်။ သူဌေးကြီးကား ဆွမ်းရပ်နေသော ရဟန်းကို မြင်သော်လည်း မမြင်ဟန်ဆောင်ပြီး ခေါင်းငုံ့လျက် နို့ဃနာထမင်းကို စားနေသည်။ ထိုအခါ ဝိသာခါက "ကန်တော့ပါသေးဘုရား၊ တပည့်တော်မရဲ့ ယောက္ခမက အဟောင်းကိုသာ စားပါတယ်"ဟု ရဟန်းတော်အား လှမ်း၍ လျှောက်လိုက်လေသည်။

ဝိသာခါ၏ စကားကို ကြားရသောအခါ မိဂါရ သူဌေးကြီး အကြီးအကျယ် ဒေါသထွက်သွားသည်။ "ဝိသာခါသည် ငါ့အိမ်သို့ ရောက်လာသည်မှာ မကြာသေး၊ ရက်ပိုင်းမျှသာ ရှိသေးသည်။ သို့ပါလျက် ငါကိုးကွယ်ဆည်းကပ်နေသည့် တက္ကတွန်း ရဟန်းတို့ကို ထိပါးပုတ်ခတ်ပြောဆိုခဲ့သည်။ ယခုမူ တက္ကတွန်းရဟန်းများကိုသာမက ငါ့ကိုပင် ထိပါး လာချေပြီ။ အဟောင်းကို စားပါသည်ဟု ဆိုခြင်းမှာ မစင်ကို စားသည်ဟု ဆိုခြင်းပင် ဖြစ်၏။ ဆက်ပြီး ငါသည်းခံနေလို့ မဖြစ်တော့ဘူး" သူဌေးကြီးသည် ဤသို့ စဉ်းစားမိသည်ဖြစ်၍ နို့ဃနာထမင်းကို ဆက်မစားတော့ဘဲ ရွှေခွက်ကို ဘေးသို့ ဖယ်ရှားစေလိုက်သည်။

ထို့နောက် "ဤအယုတ်မသည် ငါ့ကို မစင်စားသူဟု ဆို၏၊ သူ့ကို ငါအိမ်ထဲမှ အမြန်ဆုံး ဆွဲထုတ်ပစ်လိုက်ကြ"ဟု ကျေးကျွန်တို့အား စေခိုင်းလေသည်။ သို့သော် အိမ်ရှိ ကျေးကျွန်အားလုံး ဝိသာခါဘက်သို့ ပါနေကြပြီဖြစ်၍ ဝိသာခါကို လက်ဖျားနှင့် တို့မည့်သူပင် မရှိချေ။

## ယောက္ခမနှင့်ချွေးမပြဿနာ

ထိုအခါ ဝိသာခါကလည်း အိမ်မှ မိမိ ဆင်းမသွားနိုင်ကြောင်း ရှင်းလင်းပြောပြသည်။

"ဖခင် ဒီလိုနှင်ရုံနှင့်တော့ ကျွန်မ ဒီအိမ်မှ ထွက်မသွားနိုင်ပါ၊ ရေဆိပ်မှ ရေအိုးရွက်တဲ့ မိန်းမကို ခေါ်လာသလို ဖခင်က ကျွန်မကို ခေါ်လာခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မမှာ မိဘနှစ်ပါး ထင်ရှားရှိနေပါတယ်၊ ကျွန်မကို ဖခင်တို့အိမ်သို့ ထည့်ပေးလိုက်စဉ်တုန်းကလည်း ဆိုဆုံးမစရာ ရှိရင် ဆိုဆုံးမဖို့ သူကြွယ်ရှစ်ယောက်အား ကျွန်မဖခင်က အပ်နှံလိုက်ပါတယ်၊ ဒါ့ကြောင့် ခုကိစ္စမှာ ကျွန်မ အပြစ်ရှိ၊ မရှိကို သူကြွယ်ရှစ်ယောက်ရဲ့ ရှေ့မှာ ရှင်းလင်းစေလိုပါတယ်"

ဝိသာခါ၏ ပြောစကားမှာ သဘာဝကျနေသဖြင့် မိဂါရ သူဌေးကြီးသည် သူကြွယ်ရှစ်ယောက်ကို ဖိတ်ခေါ်၍ ပြဿနာကို တင်ပြရလေတော့သည်။

"ဒီမိန်းကလေးဟာ မင်္ဂလာယူနေတဲ့အချိန်မှာ ရွှေခွက်နှင့် နို့ဃနာထမင်းစားနေတဲ့ ကျွန်ုပ်ကို မစင်စားနေတယ်လို့ ပြောခဲ့ပါတယ်။ ဒါကြောင့် သူ့ကို ဒီအိမ်မှ နှင်ထုတ်ပေးကြပါ"

"သမီး ဒီလို ပြောတယ်ဆိုတာ အမှန်ပဲလား"

"သမီး ဒီလို ပြောတာ မဟုတ်ပါဘူး၊ သမီးရဲ့ ယောက္ခမကြီး နို့ဃနာထမင်း စားနေတုန်းမှာ ဆွမ်းခံကိုယ်တော်တစ်ပါး အိမ်ရှေ့မှာ လာရပ်ပါတယ်၊ ဒါကို ယောက္ခမကြီးက မမြင်ချင်ဟန်ဆောင်နေပါတယ်၊ ဒါကြောင့် သမီးရဲ့ ယောက္ခမကြီးဟာ ခုဘဝမှာ ကုသိုလ်ကောင်းမှု မလုပ်ဘူး၊ ရှေးဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကိုသာ ခံစားနေတယ်ဆိုတဲ့ အဓိပ္ပါယ်နှင့် "ကန်တော့ပါဘုရား၊ တပည့်တော်ရဲ့ ယောက္ခမက အဟောင်းကိုသာ စားပါတယ်"လို့ သမီးပြောဆိုခြင်း ဖြစ်ပါတယ်၊ ဒီလို ပြောဆိုတဲ့အတွက် သမီးမှာ ဘာအပြစ်ရှိပါသလဲ"

ဤသို့ ဝိသာခါက အချက်ကျကျ ရှင်းပြသည်ကို သူကြွယ်ရှစ်ယောက်တို့ကလည်း ကျေနပ်ကြသည်။ ထို့ကြောင့် "သမီးပြောတာ ဟုတ်သားပဲ၊

သူဌေးမင်းက ဘာကြောင့် စိတ်ဆိုးရတာလဲ”ဟု သူကြွယ်တို့က ဆိုကြလေသည်။ သို့သော် မိဂါရသူဌေးကား ဝိသာခါအပေါ် မကျေနပ်သေးသဖြင့် နောက်ထပ် ပြဿနာတစ်ခုကို တင်ပြပြန်သည်။

“ဒါဖြင့် ဒီကိစ္စကရှိပါစေတော့၊ နောက်ပြဿနာတစ်ခုက ဝိသာခါဟာ ရောက်စနေ့ သန်းခေါင်ယံအချိန်ကြီးမှာ ကျွန်မတွေနှင့်အတူ အိမ်နောက်ဖေးကို ဆင်းသွားတာ တွေ့ခဲ့ရပါတယ်။ အိမ်ထောင်ရှင်မိန်းကလေး တစ်ယောက်အနေနှင့် ခင်ပွန်းယောကျ်ားမပါဘဲ ဒီလို ဆင်းသွားခြင်းဟာ မသင့်လျော်ပါဘူး”

“ဒီကိစ္စကရော အမှန်ပဲလား သမီး”

“သမီး ဆင်းသွားခဲ့တယ်ဆိုတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အကြောင်းက ဒီလိုရှိပါတယ်၊ အဲဒီနေ့ညက အိမ်နောက်ဘက် မြင်းခြံထဲမှာ မြည်းမကြီး တစ်ကောင်က အာဇာနည်မြည်းကလေး မွေးဖွားနေတယ်လို့ သမီးကြားသိခဲ့ရတယ်၊ ဒီကိစ္စကို တစ်အိမ်လုံးက အမှတ်မဲ့ မနေသင့်ဘူးလို့ သမီး ယူဆခဲ့တယ်။ အဲဒါကြောင့် သမီးဆင်းသွားပြီး မြည်းမကြီးနှင့် မြည်းကလေးကို ပြုစုစောင့်ရှောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကိစ္စအတွက် သမီးမှာ ဘာအပြစ်ရှိပါသလဲ”

“ဟုတ်သားပဲ သူဌေးမင်း၊ သူဌေးမင်းရဲ့ အိမ်မှာ ကျေးကျွန်တွေတောင် မလုပ်ချင်တဲ့ အလုပ်ကို သမီးက လုပ်ပေးခဲ့တာပဲ၊ ကျွန်တော့်တို့ သမီးမှာ အပြစ်မရှိပါဘူး”

## ဩဝါဒစကားဆယ်ခွန်း

ဤကိစ္စ၌လည်း သူကြွယ်ရှစ်ယောက်တို့က ဝိသာခါဘက်မှ ပါသွားကြပြန်လေရာ မိဂါရသူဌေးကြီး အရှုံးပေးရပြန်သည်။ သို့သော် လုံးဝ လက်မလျှော့သေးဘဲ နောက်ဆုံးပြဿနာတစ်ချက်ကို တင်ပြပြန်လေသည်။

“သို့ဖြစ်လျှင် ဒီကိစ္စလည်း ရှိပါစေတော့၊ သို့ပေမယ့် ဝိသာခါကို ကျွန်ုပ်တို့နှင့် ထည့်ပေးလိုက်ခါနီးမှာ သူ့ဖခင်က စကားဆယ်ခွန်း မှာကြား

လိုက်တာကို ကျွန်ုပ်ကြားသိခဲ့ရပါတယ်၊ အဲဒီစကားဆယ်ခွန်းက လျှို့ဝှက်တဲ့ အဓိပ္ပါယ်တွေ ပါဝင်နေတယ်လို့ ကျွန်ုပ်ထင်ပါတယ်၊ ဘယ်လို အဓိပ္ပါယ်နှင့် ဒီစကားတွေကို တိုးတိုးတိတ်တိတ် မှာကြားလိုက်တာလဲ၊ ရှင်းပြစေချင်ပါတယ်"

"ကဲ ဒီလိုဆိုရင် သမီးက ရှင်းပြလိုက်ပါဦး"

"ဟုတ်ပါတယ်၊ သမီးရဲ့ ဖခင်က သမီးကို စကားဆယ်ခွန်း မှာကြားလိုက်ပါတယ်။ အမှန်တော့ အဲဒီစကားတွေဟာ အိမ်ထောင်ရှင်မ တစ်ဦးအနေနှင့် သမီးလိုက်နာ စောင့်ထိန်းသင့်တဲ့အချက်တွေကို သတိပေးထားတဲ့ ဆုံးမစကားတွေသာ ဖြစ်ပါတယ်၊ တစ်ခြား ဘာမှ လျှို့ဝှက်စရာ မရှိပါဘူး"

"သမီး ဖခင်ရဲ့ ဩဝါဒ ဆယ်ခွန်းကို ဦးတို့လည်း သိရအောင် တစ်ခုစီ အဓိပ္ပါယ်ရှင်းပြပေးပါဦးကွယ်"

"သမီး ဖခင် မှာကြားလိုက်တဲ့ ပထမဆုံး ဩဝါဒစကားက **အတွင်းမီးကို အပြင်မထုတ်ရ** လို့ ဖြစ်ပါတယ်။ ဒီစကားက လင်ယောကျ်ားနှင့် ယောက္ခမတို့ရဲ့ အပြစ်ကို အခြားသူတို့အား မပြောရလို့ ဆိုလိုပါတယ်"

"လွန်စွာ မှတ်သားစရာကောင်းတဲ့ ဩဝါဒစကားပဲ၊ နောက်ဩဝါဒတွေကိုလည်း ဆက်ပြီး ရှင်းပြပါဦး သမီး"

"သမီးဖခင် မှာကြားလိုက်တဲ့ ဒုတိယဩဝါဒက **အပြင်မီးကို အတွင်းသို့ ယူမလာရ** လို့ ဖြစ်ပါတယ်၊ ဒီစကားက လင်ယောကျ်ားနှင့် ယောက္ခမတို့ရဲ့ အပြစ်ကို တစ်ခြားသူတွေ ပြောဆိုတာ ကြားခဲ့ရင်လည်း အိမ်မှာ ပြန်မပြောရလို့ ဆိုလိုခြင်း ဖြစ်ပါတယ်"

"ဒါလည်း အလွန်အဖိုးတန်တဲ့ ဆုံးမစကားပါပဲ၊ ဆက်ပြောပါဦး"

"တတိယဩဝါဒကတော့ **ပေးသူအားသာ ပေးရမည်**လို့ ဖြစ်ပါတယ်။ အဓိပ္ပါယ်က မိမိထံမှ ငွေကြေးပစ္စည်း ချေးငှားသွားပြီး ပြန်ပေးဆပ်သူအားသာ နောက်ထပ် ချေးငှားရမယ်လို့ ဆိုလိုပါတယ်"

"စတုတ္ထဩဝါဒက **မပေးသူအား မပေးရ**လို့ ဖြစ်ပါတယ်၊ မိမိထံမှ ငွေကြေးပစ္စည်း ချေးငှားသွားပြီး ပြန်၍ မပေးမဆပ်သူအား နောက်ထပ် မချေးငှားရလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

"**ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပေးရမည်** လို့လည်း ဖခင်က မှာကြားလိုက်ပါတယ်၊ ဒီ ပဉ္စမဩဝါဒရဲ့ အဓိပ္ပါယ်ကတော့ ဆင်းရဲနွမ်းပါးသည့် ဆွေမျိုးသားချင်းများအားမူ ပြန်၍ ပေးဆပ်နိုင်သည်ဖြစ်စေ၊ မပေးဆပ်နိုင်သည်ဖြစ်စေ ငွေကြေးပစ္စည်းများကို ထိုက်သင့်သလောက် ပေးကမ်းရမည်လို့ ဆိုလိုပါတယ်"

"ဆဋ္ဌမ မှာကြားချက်ကတော့ **ကောင်းစွာနေထိုင်ရမည်**လို့ ဖြစ်ပါတယ်၊ လင်ယောကျ်ားနှင့် ယောက္ခမတွေ ရှေ့မှာ ကျိုးကျိုးနွံနွံ သေသေဝပ်ဝပ် နေထိုင်ရမယ်လို့ ဆိုလိုပါတယ်"

"သတ္တမ ဆုံးမစကားကတော့ **ကောင်းစွာစားသောက်ရမည်**လို့ ဖြစ်ပါတယ်၊ လင်ယောကျ်ားနှင့် ယောက္ခမတို့ မစားသေးမီ မိမိက ဦးဦးဖျားဖျား မစားရဘူး၊ သူတို့ စားပြီးမှ စားရမယ်လို့ ဆိုလိုပါတယ်။

"အဋ္ဌမဩဝါဒ **ကောင်းစွာအိပ်ရမယ်**လို့ ဖြစ်ပါတယ်။ ဒါကလည်း လင်ယောကျ်ား မအိပ်ခင် မိမိက အရင် မအိပ်ရဘူး၊ လင်ယောကျ်ား အိပ်ရာဝင်မှသာလျှင် မိမိလည်း အိပ်ရာဝင်ရမယ်လို့ ဆိုလိုပါတယ်"

"နဝမဩဝါဒကတော့ **မီးကို လုပ်ကျွေးရမည်**လို့ ဖြစ်ပါတယ်၊ ဒါဏာတော့ လင်ယောကျ်ားနှင့် ယောက္ခမတို့ကို မီးပုံကြီးကဲ့သို့ ရိုသေကြောက်ရွံ့ရမယ်လို့ ဆိုလိုပါတယ်"

"သမီးရဲ့ ဖခင်ကြီး နောက်ဆုံး မှာကြားလိုက်တဲ့ စကားကတော့ **အိမ်တွင်းနတ်ကို ရှိခိုးရမယ်**လို့ ဖြစ်ပါတယ်၊ ဒါကလည်း လင်ယောကျ်ားနှင့် ယောက္ခမတို့ကို အမြဲတမ်း ရိုသေလေးစားဖို့ ဆုံးမလိုက်ခြင်းသာ ဖြစ်ပါတယ်"

ဤသို့ ဝိသာခါက မိမိဖခင်၏ ဩဝါဒဆယ်ချက်ကို ရှင်းပြလိုက်သောအခါ သူကြွယ်ရစ်ယောက်တို့ အလွန်ကျေနပ်သွားကြသည်။ "**အလွန်ကောင်းတဲ့ ဩဝါဒတွေပဲ သူဌေးမင်း၊ ဒီလို လိမ္မာတဲ့ ချွေးမကို ရတာ အလွန်ကံကောင်းလို့ပဲ**"ဟူ၍ ချီးကျူးပြောဆိုကြသည်။ မိဂါရ သူဌေးကလည်း ဝိသာခါအပေါ် မိမိ၏ အထင်မှားခဲ့မိခြင်းကို ပြန်၍ တောင်းပန်ရ

တော့သည်။ ထိုအခါ ဝိသာခါက **"မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခွင့် ရရှိမှသာ ဤအိမ်၌ ဆက်၍ နေနိုင်ပါမည်၊ မရလျှင် သာကေတသို့ ပြန်ပါတော့မည်"**ဟု တောင်းဆိုလေရာ သူမ၏ တောင်းဆိုချက်ကို မိဂါရသူဌေးကြီးက လိုက်လျောလိုက်ရလေတော့သည်။

## ဝိသာခါ၏ ဆွမ်းကပ်ပွဲ

ဝိသာခါသည် ယောက္ခမကြီး၏ ခွင့်ပြုချက်ကို ရရှိသောအခါ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ရဟန်းသံဃာအပေါင်းနှင့်တကွ ပင့်ဖိတ်၍ ဆွမ်းကပ်ရန် ပြင်ဆင်သည်။ တက္ကတွန်းရဟန်းတို့သည် **"မိဂါရသူဌေးကြီး၏ အိမ်သို့ ဘုရားရှင်ကြွတော်မူလိမ့်မည်"**ဟူသော သတင်းကို ကြားသိကြလျှင် သူဌေးကြီးအိမ်ကို ဝန်းရံ၍ နေကြသည်။

ဝိသာခါသည် ရဟန်းသံဃာအပေါင်းနှင့်တကွ ကြွရောက်တော်မူလာသော ဘုရားရှင်အား ဆွမ်းကပ်ရန် ပြင်ဆင်ပြီးသောအခါ ယောက္ခမကြီးကိုလည်း လာရောက် ဆွမ်းကပ်ရန် ဖိတ်ခေါ်သည်။ ထိုအခါ အပြင်ဘက်မှ စောင့်နေကြသည့် တက္ကတွန်းရဟန်းတို့က "သူဌေးကြီး၊ ရဟန်းဂေါတမအနားကို သင်မသွားပါနှင့်၊ မသွားပါနှင့်"ဟု လှမ်း၍ ဟစ်အော် တားဆီးကြသည်။ ထို့ကြောင့် သူဌေးကြီးမှာ ဆွမ်းကပ်ရာသို့ မသွားဝံ့တော့ဘဲ "ငါ့ချွေးမပဲ ဆွမ်းကပ်လိုက်ပါတော့"ဟု အပြောခိုင်းလိုက်ရလေတော့သည်။

ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းကပ်ပြီးသောအခါ တရားနာရန်အတွက် ယောက္ခမကြီးကို ထပ်မံဖိတ်ခေါ်လေပြန်သည်။ အမှန်အားဖြင့် မိဂါရသူဌေးကြီးသာမက သားဖြစ်သူ ပုဏ္ဏဝဍ္ဎန အပါအဝင် သူ့မိသားစု တစ်ခုလုံးသည် ကြာမြင့်စွာသော ကာလမှစ၍ တက္ကတွန်းရဟန်းတို့အား ကိုးကွယ်ဆည်းကပ်နေခဲ့ကြသူများဖြစ်၍ ဘုရားရှင်အား ဆွမ်းကပ်ရာ၌ မပါဝင်ဘဲ နေခဲ့ကြသည်။ သို့သော် ဝိသာခါကား သူဌေးကြီးပါလာလျှင် တစ်အိမ်သားလုံး ပါလာလိမ့်မည်ဟု ယုံကြည်သည်။ သို့ဖြစ်၍ မိမိခင်ပွန်း

ဖြစ်သူ ပုဏ္ဏဝဍ္ဎနကိုပင် မခေါ်ဘဲ သူဌေးကြီးကိုသာ မရအရ ခေါ်နေခြင်း ဖြစ်ပေသည်။

မိဂါရသူဌေးကြီးလည်း ဝိသာခါက ဒုတိယအကြိမ် ခေါ်လာသော အခါ "လုံးလုံး ငါမသွားဘဲ နေလို့တော့ သင့်လျော်မည်မဟုတ်"ဟု စဉ်းစားမိသည်ဖြစ်၍ သွားရန် ပြင်ဆင်လေသည်။ ထိုအခါ အိမ်ပြင်မှသာမက အိမ်ဝင်းထဲသို့ပါ ဝင်လာ၍ စောင့်ကြည့်နေကြသည့် တက္ကတွန်းရဟန်းတို့က မသွားရန် တားဆီးကြပြန်သည်။ မိမိတို့ တားဆီး၍ ရတော့မည် မဟုတ်ကြောင်း သိရှိကြသောအခါတွင်မူ သူဌေးကြီးအား "ရဟန်းဂေါတမ မမြင်စေရန် ကန့်လန့်ကာ နောက်ကွယ်၌ ထိုင်ပါ"ဟု ပြောဆိုကြသည်။ "ရဟန်းဂေါတမသည် မိမိမျက်နှာကို မြင်သူတိုင်းအား မိမိ၌ ကြည်ညို လာစေရန် ဆွဲဆောင်နိုင်သော **အာဝဋ္ဋနီမာယာကို** တတ်မြောက်၏"ဟု တက္ကတွန်းရဟန်းတို့က ယုံကြည်ကြသည်။ သို့ဖြစ်၍ သူဌေးကြီးအား ထိုကဲ့သို့ ပြောဆိုကြခြင်း ဖြစ်လေသည်။

မိဂါရသူဌေးကြီးသည် ဆွမ်းကပ်သည့်နေရာသို့ ရောက်သောအခါ တက္ကတွန်းရဟန်းတို့ ပြောဆိုသည့်အတိုင်း ကန့်လန့်ကာတစ်ခု၏ နောက် ကွယ်၌ ထိုင်နေလေသည်။ ထိုအခါ ဘုရားရှင်က "ကန့်လန့်ကာနောက် ကွယ်၌ ထိုင်နေသည်ဖြစ်စေ၊ နံရံတစ်ဖက်၊ တောင်တစ်ဖက်တို့၌ ထိုင်နေသည် ဖြစ်စေ၊ တစ်ပါးသော စကြဝဠာ၌ ထိုင်နေသည်ဖြစ်စေ ငါဘုရားသည်ကား ငါ့အသံကို သင့်အား ကြားစေရန် စွမ်းနိုင်သည်သာ ဖြစ်ပေ၏"ဟု ဆိုဘိ သကဲ့သို့လည်းကောင်း၊ ဇမ္ဗူသပြေပင်ကြီးကို ပင်စည်၌ ကိုင်၍ လှုပ်ဘိ သကဲ့သို့လည်းကောင်း၊ အမြိုက်ရေစင်တည်းဟူသော မိုးကို ရွာသွန်းချဘိ သကဲ့သို့လည်းကောင်း တရားဒေသနာကို စတင်ဟောကြားတော်မူ လေသည်။

# မြတ်စွာဘုရား၏ အသံတော်

မြတ်စွာဘုရားတရားတော် ဟောကြားတော်မူသောအခါ ရှေ့မှ တည်သော သူတို့သည် လည်းကောင်း၊ နောက်မှတည်သော သူတို့သည် လည်းကောင်း၊ စကြဝဠာတစ်ရာ၊ စကြဝဠာ တစ်ထောင်ကိုလွန်၍ တည်သောသူတို့သည်လည်းကောင်း၊ အကနိဋ္ဌဗြဟ္မာဘုံ၌ တည်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း **"မြတ်စွာဘုရားရှင်သည် ငါ့ကိုသာ ကြည့်နေ တော်မူ၏၊ ငါ့အားသာလျှင် တရားကို ဟောကြားနေတော်မူ၏"**ဟူ၍ မှတ်ထင်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုထိုပုဂ္ဂိုလ်တစ်ဦးစီကို ကြည့်ရှုနေတော်မူ သကဲ့သို့လည်းကောင်း၊ ထိုထိုပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စကားပြောဆိုနေတော် မူသကဲ့သို့လည်းကောင်း ထင်မှတ်ရလေသည်။ မြတ်စွာဘုရားရှင်တို့သည် ကောင်းကင်မှ လဗိမာန်ဝန်းကြီးနှင့် တူတော်မူကြကုန်၏ဟုလည်း အဆိုရှိ ပေသည်။ ကောင်းကင်၌တည်သော လဗိမာန်ဝန်းကြီးသည် ခပ်သိမ်းသော သတ္တဝါတို့အား **"လသည် ငါ့အပေါ်၌ တည်နေ၏၊ လသည် ငါ့အပေါ်၌ တည်နေ၏"**ဟု အသီးအသီး ထင်ရသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားတို့ သည် မည်သည့်အရပ်၌မဆို တည်၍ တရားနာနေသော သတ္တဝါတို့အား မိမိ၏ ရှေ့တည့်တည့်၌ တည်နေသကဲ့သို့ ထင်ကြရလေသည်။

ထိုကဲ့သို့ဖြစ်ခြင်းသည် မရေမတွက်နိုင်သော အတိတ်ဘဝတို့၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော ဒါနပါရမီ၏ အကျိုးကျေးဇူးပင် ဖြစ်ပေ၏။ ထိုစကားမှန်၏။ ဘုရားလောင်းသည် ထိုထိုအတိတ် ဘဝတို့၌ တန်ဆာ ဆင်အပ်သော ဦးခေါင်းကို ဖြတ်၍လည်းကောင်း၊ မျက်ရေးကွင်းထား အပ်သော မျက်လုံးတို့ကို ထုတ်၍လည်းကောင်း၊ နှလုံးသားကို ထုတ်၍ လည်းကောင်း၊ ဇာလီမင်းသား၊ ကဏှာဇိန်မင်းသမီးတို့နှင့်တူသော သားသမီး များနှင့် မဒ္ဒီဒေဝီနှင့်တူသော ဇနီးမယားတို့ကို သူတစ်ပါးတို့အား ကျေးကျွန်

အဖြစ်ဖြင့် အသုံးပြုရန် စွန့်လွှတ်၍လည်းကောင်း အလွန်တရာ ပြုနိုင်ခဲ့လှသည့် ဒါနပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပေသည်။

## မိဂါရမာတာ အမည်တွင်ခဲ့ပုံ

မိဂါရသူဌေးသည်လည်း မြတ်စွာဘုရား၏ တရားဒေသနာအဆုံး၌ တစ်ထောင်သောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်၍ ရတနာသုံးပါးတို့၌ ခိုင်မြဲသော ယုံကြည်မှုနှင့် ပြည့်စုံသူ ဖြစ်သွားလေသည်။ သူဌေးကြီးသည် ချွေးမဖြစ်သူ ဝိသာခါအား လွန်စွာ ကျေးဇူးတင်လှသည်ဖြစ်၍ **"သင်သည် ယနေ့မှစ၍ ငါ၏ မိခင်အရာ၌ တည်ပါလော့"**ဟုဆို၍ မိခင်အရာ၌ ထားလေသည်။ ထိုအချိန်မှစ၍ ဝိသာခါသည် မိဂါရမာတာ(မိဂါရမိခင်)ဟူသော အမည်ဖြင့် ထင်ရှားလာလေသည်။ ဝိသာခါကား နောင်တွင် သားတစ်ယောက် ရရှိသောအခါ၌လည်း ထိုသားအား မိဂါရဟု နာမည်ပေးခဲ့သည်။ သို့အားဖြင့် သူမသည် ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီး၏ မိခင်အရာ၌ တည်သူဖြစ်ရုံသာမက မိဂါရ သတို့သား၏ မိခင်ရင်းလည်း ဖြစ်လာခဲ့သည်။ ထို့ကြောင့် မိဂါရမာတာဟူသော အမည်မှာ ပိုမိုထင်ရှားလာခဲ့လေသည်။

ထို့နောက် မိဂါရသူဌေးကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်သွားပြီး မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် ဦးတိုက်သည်။ ခြေတော်အစုံတို့ကို လက်ဖြင့်လည်း ဆုပ်နယ်၊ ပါးစပ်ဖြင့်လည်း နမ်းစုပ်လျက် **"တပည့်တော် မိဂါရပါဘုရား၊ တပည့်တော် မိဂါရပါဘုရား"**ဟု သုံးကြိမ်တိုင်အောင် လျှောက်ကြားသည်။

ထို့နောက် ဤသို့ ဆက်၍ လျှောက်ကြားပြန်လေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ဤမျှလောက်သော ကာလပတ်လုံး ဘယ်ပုဂ္ဂိုလ်၌ လှူဒါန်းအပ်သော ဒါနသည် ကြီးမြတ်သော အကျိုးရှိ၏ဟူ၍ မသိခဲ့ပါ၊ ယခုအခါတွင်မူ ချွေးမဖြစ်သူ ဝိသာခါကို အမှီပြု၍ ထိုအကြောင်းကို သိခဲ့ပါပြီ၊ အပါယ်ဆင်းရဲ ဟူသမျှမှလည်း လွတ်မြောက်ခဲ့ပါပြီ၊ တပည့်တော်၏ ချွေးမ ဤအိမ်သို့ ရောက်လာခြင်းမှာ တပည့်တော်၏ အကျိုးစီးပွားအတွက် ရောက်လာခြင်းပင် ဖြစ်ပါသည်ဘုရား"

## မိဂါရသူဌေးကြီး၏ လက်ဆောင်

ဝိသာခါသည် နောက်နေ့၌လည်း ဘုရားအမှူးရှိသော သံဃာအားပင့်ဖိတ်၍ ဆွမ်းကပ်သည်။ ထိုနေ့တွင် မိဂါရ သူဌေးကတော်ကြီး သုမနဒေဝီ သောတာပန်အဖြစ်သို့ ရောက်သည်။ ထိုအချိန်မှစ၍ မိဂါရ သူဌေးကြီး၏ အိမ်သည် သာသနာတော်အတွက် အမြဲတမ်း တံခါးဖွင့်ထားသော အိမ်တစ်အိမ် ဖြစ်လာခဲ့လေသည်။

ထိုအခါ မိဂါရသူဌေးကြီးသည် ဤသို့ စဉ်းစားမိလေသည်။ "ငါ့ချွေးမ ဝိသာခါကား ငါ့အား များစွာ ကျေးဇူးပြုခဲ့ပေ၏။ ယခု သူမအတွက် လက်ဆောင်ကောင်းတစ်ခု ငါ ပြုလုပ်မည်၊ သူမ၏ မဟာလတာတန်ဆာသည် လေးလံလှပေ၏။ အမြဲတမ်း ဝတ်ဆင်နိုင်မည်မဟုတ်၊ ပေါ့ပါး၍ နေ့ရောညပါ အခါမရွေး ဝတ်ဆင်နိုင်သည့် အဆင်တန်ဆာတစ်ခုကို ငါ ပြုလုပ်ပေးမည်"

သူဌေးကြီးသည် ထိုသို့ စဉ်းစားပြီးနောက် မဟာလတာတန်ဆာကဲ့သို့ အပြောက်အမွမ်း အချွန်အတက် စသည်တို့ မပါရှိသည်ဖြစ်၍ ပြေပြစ်ချောမွေ့သည့် **"ဃနမဋ္ဌက"**မည်သော အဖိုး တစ်သိန်းတန် အဆင်တန်ဆာ တစ်ခုကို ပြုလုပ်စေသည်။ ထိုအဆင်တန်ဆာ ပြုလုပ်ပြီးစီးသောအခါ

ဘုရားအမှူးရှိသော သံဃာအား ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ ဝိသာခါကိုလည်း တစ်ဆယ့်ခြောက်အိုးသော နံ့သာရည်တို့ဖြင့် ရေချိုးပြီး မြတ်စွာဘုရား ရှေ့တော်၌ပင် **ဃနမဋ္ဌကတန်ဆာ**ဖြင့် ဝတ်ဆင်ပေးလေသည်။ မြတ်စွာ ဘုရားသည် ဆွမ်းအနုမောဒနာ တရား ဟောကြားပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

## ဝိသာခါမျိုးဆက်

ဝိသာခါသည် မိဂါရသူဌေးကြီးနှင့်တကွ တစ်အိမ်သားလုံးကို သာသနာတော်၌ သက်ဝင်စေပြီးနောက် မိမိကိုယ်တိုင်လည်း အလှူဒါန ပေးခြင်း၊ သီလဆောက်တည်ခြင်း၊ တရားနာခြင်း စသော ကုသိုလ်ကောင်း မှုတို့ကို လွတ်လပ်စွာ ပြုလုပ်နိုင်ခဲ့သည်။ မြတ်စွာဘုရားထံမှ ရှစ်ပါးသော ဆုတို့ကို ရရှိသည်ဖြစ်၍ ကောင်းကင်ပြင်မှ လပြည့်ဝန်းကဲ့သို့ ထင်ရှားလျက် သား သမီးတို့ဖြင့် ကြီးပွားခြင်းသို့ ရောက်ခဲ့လေသည်။ ဝိသာခါမှ သား ဆယ်ယောက်နှင့် သမီးဆယ်ယောက် မွေးဖွားခဲ့သည်။ ထိုသားသမီးတို့ မှလည်း သားဆယ်ယောက်နှင့် သမီးဆယ်ယောက်စီ မွေးဖွားကြပြန်သည်။ ဤသို့လျှင် သားသမီးမြေးမြစ် စသည်အားဖြင့် အဆက်ဆက် တိုးပွားခဲ့ရာ ဝိသာခါမျိုးဆက်၌ လူပေါင်း ၈၄၂၀-မျှ ရှိခဲ့သည်ဟု ဆိုလေသည်။

ဝိသာခါသည် ခြွေရံ ပရိသတ်ပေါများသည့်ပြင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်းတို့နှင့်လည်း အထူး ပြည့်စုံခဲ့သည်။ နှစ်ပေါင်း ၁၂၀-အသက်ရှည်ခဲ့ပြီး ထိုကာလအတွင်း ဆံပင်ဖြူတစ်ချောင်း မျှပင် မပေါက်ဘဲ အသက် ၄၀-အရွယ်ကဲ့သို့ နုပျိုလှပစွာဖြင့်သာ ရှိခဲ့သည်။ ခွန်အားဗလနှင့် ပတ်သက်၍လည်း ဆင်ပြောင်ငါးစီးနှင့် ညီမျှသော ခွန်အားရှိကြောင်း အဆိုရှိလေသည်။

# ပုဗ္ဗာရုံကျောင်းတော်

ဝိသာခါကား သူမတစ်ဦးတည်းသာ အသက်ရှည်သည် မဟုတ်။ သူမ၏ သားသမီး၊ မြေးမြစ်တို့တွင်လည်း သက်တမ်းမစေ့ဘဲ သေဆုံးသူဟူ၍ မ,ရှိသလောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် ဝိသာခါကို မင်္ဂလာရှိသော အမျိုးသမီးကြီးဟူ၍ သာဝတ္ထိတစ်မြို့လုံးက အသိအမှတ် ပြုထားကြသည်။ မင်္ဂလာပွဲ၊ အလှူပွဲတို့၌ ဝိသာခါကို အထူးတလည် ဖိတ်ကြားကြသည်။

တစ်နေ့သ၌ ဝိသာခါသည် အလှူပွဲတစ်ခုမှ တစ်ဆင့် အခြွေအရံတို့နှင့်အတူ ဇေတဝန်ကျောင်းတော်သို့ တရားနာရန် ဆက်သွားသည်။ ထိုအခါ သူမသည် အိမ်မှ ဝတ်ဆင်လာသည့် **မဟာလတာတန်ဆာ**ကို ချွတ်၍ မိဂါရသူဌေးကြီး ပြုလုပ်ပေးသည့် **ဃနမဋ္ဌတန်ဆာ**ကို လဲလှယ်ဝတ်ဆင်သည်။ မဟာလတာတန်ဆာကို အစေခံတစ်ယောက်က အဝတ်ဖြင့် ထုပ်၍ ယူဆောင်ခဲ့ရသည်။ တရားနာပြီး၍ ကျောင်းတော်မှ ပြန်သောအခါ အစေခံမိန်းမသည် မဟာလတာတန်ဆာကို မေ့ကျန်နေသည်။ အရှင်အာနန္ဒာက တွေ့မြင်၍ သင့်လျော်သော အရပ်၌ သိမ်းဆည်းထားသည်။

အစေခံမိန်းမသည် လမ်းရောက်မှ သတိရ၍ ပြန်လာပြီး ထိုတန်ဆာကို ယူခဲ့လေသည်။ ဤအကြောင်းကို ဝိသာခါ သိရှိလျှင် "အရှင်မြတ်တို့ လက်ဖြင့် ထိပြီးသော ပစ္စည်းကို ငါဝတ်ဆင်ရန် မသင့်တော်ပြီ၊ အရှင်မြတ်တို့အတွက်သာ ငါလှူဒါန်းတော့မည်"ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် သူမသည် ကိုးကုဋေမျှ တန်ဖိုးရှိသော မဟာလတာတန်ဆာကို သာဝတ္ထိမြို့၌ လှည့်လည်ရောင်းချစေသော်လည်း ဝယ်နိုင်သူမရှိသဖြင့် မိမိဘာသာပင် ပြန်၍ ဝယ်ယူပြီး ရရှိသော အသပြာကိုးကုဋေဖြင့် သာဝတ္ထိမြို့၏ အရှေ့ဘက်၌ မြေနေရာတစ်ကွက်ကို ဝယ်ယူသည်။ ထိုမြေကွက်၌ နောက်ထပ်အသပြာ ကိုးကုဋေဖြင့် အခန်းပေါင်း တစ်ထောင်ပါရှိသော နှစ်ထပ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ပြီး ကျောင်းရေစက်ချ

အလှူပွဲကိုလည်း အသပြာကိုးကုဋေ အကုန်အကျခံပြီး ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ထိုကျောင်းကား ပုဗ္ဗါရုံကျောင်းတော်ဟု အမည်တွင်ခဲ့လေသည်။

## ပုဗ္ဗာရုံကျောင်းတော်

ကောသလတိုင်း သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီးသည် ၅၄–ကုဋေသော အသပြာငွေတို့ဖြင့် မြို့တောင်ဘက်တွင် ဇေတဝန်ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းသကဲ့သို့ မိဂါရသူဌေးကြီး၏ ချွေးမဖြစ်သော ဝိသာခါကလည်း ၂၇–ကုဋေသော အသပြာငွေတို့ဖြင့် မြို့၏ အရှေ့ဘက်၌ ပုဗ္ဗာရုံမည်သော ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ အနာထပိဏ်သူဌေးသည် မြို့တောင်ဘက်မှ ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်ယူ၍ ကျောင်းဆောက်ခဲ့သကဲ့သို့ ဝိသာခါသည်လည်း မြို့၏ အရှေ့ဘက်မှ ပုဗ္ဗာရာမမည်သော ဥယျာဉ်ကို ဝယ်ယူ၍ ကျောင်းဆောက်ခဲ့ခြင်း ဖြစ်သည်။

အမှန်အားဖြင့် မြို့၏ အရှေ့ဘက် အစိရဝတီ မြစ်ကမ်းနား၌ တည်ရှိသော ပုဗ္ဗာရာမဥယျာဉ်မှာ အေးချမ်းတိတ်ဆိတ်၍ မွေ့လျော်ဖွယ်ရှိသော အရပ်ဖြစ်၍ ဘုရားရှင်သည် ယခင်ကပင် ထိုဥယျာဉ်သို့ မကြာခဏ ကြွရောက် သီတင်းသုံးတော်မူလေ့ ရှိခဲ့ပေသည်။ ထို့ကြောင့်ပင် ကျောင်းဆောက်လိုသော ဝိသာခါအား ထိုဥယျာဉ်၌ ဆောက်ရန် ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဝိသာခါသည် ဘုရားရှင်၏ ညွှန်ကြားချက်နှင့်အညီ ပုဗ္ဗာရာမဥယျာဉ်ကို အသပြာငွေကိုးကုဋေဖြင့် ဝယ်ယူပြီး ကျောင်းဆောက်လုပ်ရန် ပြင်ဆင်လေသည်။ ထိုအချိန်တွင် ဇေတဝန်ကျောင်း၌ ဝါဆိုတော်မူခဲ့သော ဘုရားရှင်သည် ဝါကျွတ်ချိန်ရောက်ပြီဖြစ်၍ ဒေသစာရီ ကြွချီရန် သာဝတ္ထိ

ပြည်မှ ထွက်ခွာတော်မူသည်။ ထိုအခါ ဝိသာခါက ဘုရားရှင်နောက်သို့ လိုက်သွားပြီး ကျောင်းဆောက်ရာတွင် လိုအပ်သည့် ကိစ္စများ ညွှန်ကြား စီမံပေးနိုင်မည့် ရဟန်းတော်တစ်ပါးကို ထားရှိခဲ့ပါရန် တောင်းပန်သည်။ "သင်အလိုရှိသော ရဟန်းတစ်ပါးကို ပင့်ထားလိုက်ပါ"ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။ ဝိသာခါက တန်ခိုးဣဒ္ဓိအရာ၌ ထင်ရှားသော ရှင်မဟာမောဂ္ဂလ္လာန်ကို ပင့်ထားလိုက်လေသည်။

ရှင်မဟာမောဂ္ဂလ္လာန်သည် ကျောင်းဆောက်လုပ်မှုလုပ်ငန်း၌ ညွှန်ကြားစီမံသင့်သည့်ကိစ္စများကို လိုအပ်သလို ညွှန်ကြား စီမံပေးတော်မူသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ပြီးစီးစေရန် အတွက် မိမိ၏ တန်ခိုးအာနုဘော်ဖြင့်လည်း ကူညီစောင့်ရှောက်တော်မူသည်။ မြို့တော်မှ ယူဇနာလေးငါးဆယ် ကွာဝေးသော တောအရပ်များသို့သွားက သစ်သားကိုလည်းကောင်း၊ ကျောက်တုံး၊ ကျောက်ခဲများကို လည်းကောင်း သယ်ယူသော အလုပ်သမားတို့သည် မိမိတို့ အလိုရှိသော ပစ္စည်းများကို မပင်ပန်းဘဲ လွယ်ကူစွာ ရရှိကြသည်။ လမ်းခရီး၌ သားရဲတိရစ္ဆာန်တို့သည် အန္တရာယ်နှင့် တွေ့ကြုံရခြင်း၊ မတော်တဆ ထိခိုက်ခြင်း စသည်တို့မှလည်း လွတ်ကင်းလျက် မြို့သို့ မြန်မြန်ဆန်ဆန် ပြန်ရောက်လာကြသည်။ ကြီးမားလေးလံသော သစ်တုံး၊ ကျောက်တုံးကြီးများကိုလည်း လွယ်လွယ် ကူကူ သက်သက်သာသာဖြင့်ပင် အတင်အချ ပြုလုပ်နိုင်ကြလေသည်။

ဝိသာခါသည် အခန်းပေါင်း တစ်ထောင်ပါရှိသည့် နှစ်ထပ်ကျောင်းဆောင်ကြီးနှင့်အတူ ထိုပင်မကျောင်းဆောင်ကြီးကို ဝန်းရံလျက် ကမ္ဗဋ္ဌာန်းကျောင်းပေါင်း ၅၀၀၊ တန်ဆောင်း ၅၀၀–တို့ကိုလည်း တစ်ဆက်တည်း ဆောက်လုပ်စေသည်။ ပင်မကျောင်းဆောင်ကြီး၏ အထွတ်ထုပိကာကို ရေအိုးအလုံး ခြောက်ဆယ်ခန့် ပမာဏရှိသည့် တစ်ခဲနက်သော နီဖလဲရွှေဖြင့် ပြုလုပ်စေသည်။ ရာပေါင်းများစွာသော အလုပ်သမားတို့ဖြင့် အားတက် သရော ဆောက်လုပ်ခဲ့ခြင်း၊ ရှင်မဟာမောဂ္ဂလ္လာန်ကလည်း တန်ခိုးအာနုဘော် ဖြင့် ကူညီစောင့်ရှောက်ခဲ့ခြင်းတို့ကြောင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးမှာ ကိုးလခန့်မျှဖြင့် ပြီးဆုံးခြင်းသို့ ရောက်လေသည်။ သိတင်းကျွတ်ပြီး၏

အချိန်မှစ၍ အမြို့မြို့အနယ်နယ်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သော ဘုရားရှင်သည်လည်း တစ်ဖန် ဝါဆိုချိန်နီးလာပြီ ဖြစ်၍ ရဟန်းငါးရာတို့နှင့်အတူ သာဝတ္ထိပြည်သို့ ပြန်လည်ဆိုက်ရောက်တော် မူလာလေသည်။

## ကျောင်းတော်လှူပွဲမင်္ဂလာ

ဝိသာခါသည် ဘုရားရှင် ပြန်လည် ကြွလာပြီဟူသော သတင်းကို ကြားသိရလျှင် လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ ခရီးဦးကြိုဆိုပြီး ရဟန်းငါးရာတို့နှင့်တကွ ဘုရားရှင်ကို ပုဗ္ဗာရုံကျောင်းသို့ ပင့်ဆောင်သည်။ "တပည့်တော်မအား ချီးမြှောက်သောအားဖြင့် ပုဗ္ဗာရုံကျောင်း၌ ဝါဆိုတော်မူပါဘုရား" ဟူ၍ လျှောက်ကြားတောင်းပန်သည်။ ဘုရားရှင်ကလည်း လက်ခံတော်မူသည်။

သို့အားဖြင့် ဝိသာခါသည် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ပုဗ္ဗာရုံ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည့် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းအား ဆွမ်း ခဲဖွယ် အလှူပွဲကြီးကို စတင်ကျင်းပလေသည်။ များစွာသော သာဝတ္ထိပြည်သူတို့သည် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို လာရောက်ကြည့်ရှုကြပြီး သဒ္ဓါတရား ထက်သန်လှသော ကျောင်းအမ ဝိသာခါအား ချီးကျူးမဆုံး ရှိကြလေသည်။

ဝိသာခါသည် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးလေးလပတ်လုံး ဘုရားရှင်နှင့် သံဃာအပေါင်းတို့အား နေ့စဉ်မပြတ် ဆွမ်းကပ်လျက် ကျောင်းအလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ နောက်ဆုံးနေ့တွင်မူ ရဟန်းတော်အားလုံးတို့အား စတုမဓုသပိတ်တစ်လုံးနှင့် သင်္ကန်းတစ်စုံစီ လှူဒါန်းသည်။ ဝိသာခါသည် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းရာ၌ မြေနေရာအတွက် ကိုးကုဋေ၊

အဆောက်အအုံများအတွက် ကိုးကုဋေ၊ ကျောင်းအလှူပွဲအတွက် ကိုးကုဋေ အားဖြင့် နှစ်ဆယ့်ခုနစ်ကုဋေသော အသပြာငွေတို့ကို စွန့်လွှတ်ခဲ့လေသည်။ မိန်းမသားတစ်ဦးအနေဖြင့် ဤမျှ များပြားသောပစ္စည်းကို စွန့်လွှတ်နိုင်သူကား ဝိသာခါမှတစ်ပါး အခြားတစ်စုံတစ်ယောက်မျှ မရှိခဲ့ချေ။ သို့ဖြစ်၍ ဝိသာခါသည် ကျောင်းအလှူပွဲကြီး၏ နောက်ဆုံးနေ့တွင် သားသမီး၊ မြေးမြစ် အပေါင်းခြံရံလျက် ကျောင်းတိုက်ကို လှည့်လည် ကြည့်ရှုပြီး **"ငါကား ထူးမြတ်သော အလှူကြီးကို လှူဒါန်းရလေပြီ၊ ငါ၏ အလိုဆန္ဒ အားလုံး ပြည့်ဝလေပြီ"**ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်ခဲ့လေသည်။

## ဇေတဝန်နှင့် ပုဗ္ဗာရုံ

ဘုရားရှင်သည် ဝါတော်နှစ်ဆယ်မတိုင်မီက မိဂဒါဝုန်၊ ရာဇဂြိုဟ် ဝေသာလီ စသော အရပ်ဒေသအသီးသီး၌ အကြောင်းအားလျော်စွာ ဝါဆိုတော်မူခဲ့သော်လည်း ဝါတော် နှစ်ဆယ်မှ နောက်ပိုင်းတွင်မူ ၄၅- ဝါမြောက် နောက်ဆုံးဝါမှတစ်ပါး သာဝတ္ထိ၌သာ နှစ်စဉ် ဝါဆိုတော်မူခဲ့လေ သည်။ သာဝတ္ထိ၌ ဝါဆိုရာတွင် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်း၌ ခြောက်ဝါဆို ခဲ့ပြီး၊ ကျန်ဝါများတွင်မူ ဇေတဝန်ကျောင်း၌ ဝါကပ်တော်မူခဲ့လေသည်။ ဇေတဝန်ကျောင်း၌ ဝါကပ်သည့်အခါ ဆွမ်းစားပြီးနောက် နေ့ခင်းပိုင်းတွင် ပုဗ္ဗာရုံကျောင်းသို့ကြွ၍ သီတင်းသုံးတော်မူသည်။ ထို့အတူ ပုဗ္ဗာရုံကျောင်း၌ ဝါကပ်သည့်အခါတွင်လည်း နေ့ခင်းပိုင်း၌ ဇေတဝန်ကျောင်းသို့ ကြွ၍ သီတင်းသုံးတော်မူလေ့ ရှိပေသည်။

ဝိသာခါသည် ပုဗ္ဗာရုံကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းပြီးသည့် အချိန်မှစ၍ ထိုကျောင်းတိုက်၌ သီတင်းသုံးနေသော ဘုရားရှင်နှင့် ရဟန်းသံဃာတို့အတွက် ပစ္စည်းလေးပါး ပြည့်စုံရေးကို အထူး ဝါယမ

စိုက်၍ ထောက်ပံ့လှူဒါန်းခဲ့သည်။ နေ့စဉ်နေ့တိုင်း တစ်ကြိမ်ထက်မနည်း ကျောင်းသို့သွားဖြစ်အောင် သွားခဲ့သည်။ ကျောင်းသို့ သွားသည့်အခါ တိုင်းလည်း လက်ချည်းသက်သက် သွားသည်ဟူ၍ မရှိ။ နံနက်ဆိုလျှင် ဆွမ်း ခဲဖွယ် ဘောဇဉ် အမျိုးမျိုးကိုလည်းကောင်း၊ နေ့ခင်းပိုင်း၊ ညနေပိုင်း ဖြစ်လျှင် စတုမဓု သို့မဟုတ် အဖျော်ယမကာ တစ်မျိုးမျိုးကို လည်းကောင်း ယူဆောင်၍ သွားလေ့ရှိပေသည်။ အယုတ်ဆုံးအားဖြင့် အခြားပစ္စည်းများ မပါသည့်တိုင်အောင် သာမဏေများ အဆာပြေစားဖို့အတွက် သကာခဲမျှတော့ ပါတတ်ပေသည်။

အမှန်အားဖြင့် ဝိသာခါသည် မိမိဆောက်လုပ်သော ပုဗ္ဗာရုံကျောင်း ကိုသာမက ဇေတဝန်ကျောင်းကိုလည်း ထပ်တူထပ်မျှပင် ဂရုစိုက်ခဲ့လေသည်။ သူမသည် ဇေတဝန်ကျောင်းသို့လည်း နေ့စဉ်သွားရောက်၍ ကျောင်းထဲ၌ လှည့်လည်ပြီး မကျန်းမာသော ဂိလာနရဟန်း၊ ခရီးသွားမည့် ဂမိကရဟန်း၊ ရောက်သစ်စဖြစ်သည့် အာဂန္တုရဟန်းတို့အတွက် လိုအပ်သော ပစ္စည်းများကို လှူဒါန်းထောက်ပံ့လေ့ရှိပေသည်။ ကျောင်းသို့ မကြာခဏ သွား၍ ရဟန်း သာမဏေတို့၏ လိုအပ်ချက်များကိုလည်း အတွင်းကျကျ သိရှိအောင် စုံစမ်းလေ့လာခဲ့လေသည်။

## ဆုရှစ်ပါးကို ရရှိခဲ့သူ

သို့ဖြစ်သည့်အားလျော်စွာ ဝိသာခါသည် တစ်နေ့တွင် ဘုရားအမှူး ရှိသော သံဃာအား အိမ်သို့ပင့်၍ ဆွမ်းကပ်ပြီး ရဟန်းတို့၏ လိုအပ်ချက် ကို အစွမ်းကုန်ဖြည့်ဆည်းပေးလိုသော ဆန္ဒဖြင့် ဘုရားရှင်ထံ၌ ဆုရှစ်ပါးကို တောင်းဆိုခဲ့လေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ရဟန်းတို့အား မိုးရေခံသင်္ကန်းကို လှူဒါန်းလိုပါသည်။

အာဂန္တုရဟန်း၊ ခရီးသွားမည့် ဂမိကရဟန်း၊ ဖျားနာသော ဂိလာနရဟန်း၊ သူနာပြုစုသော ဂိလာနုပဋ္ဌာကရဟန်းတို့အား ဆွမ်းလောင်း လှူလိုပါသည်။

ထို့ပြင် ဖျားနာသော ဂိလာန ရဟန်းတို့အား ဆေးဝါး လှူဒါန်းလိုပါသည်။

သံဃာအား အမြဲတမ်း ယာဂု ကပ်လိုပါသည်။

ဘိက္ခုနီတို့အားလည်း ရေသနုပ်သင်္ကန်းကို လှူဒါန်းလိုပါသည်၊ ခွင့်ပြုတော်မူပါ ဘုရား"

*"ဝိသာခါ၊ သင်သည် အဘယ်သို့သော အကျိုးကျေးဇူးကို ရည်မျှော်လျက် ဤဆု ရှစ်ပါးကို တောင်းဆိုဘိသနည်း"*

ဘုရားရှင်က ဤသို့ မေးမြန်းတော်မူလေရာ ဝိသာခါက မိမိ၏ ရည်ရွယ်ချက်များကို ထုတ်ဖော်လျှောက်ကြားခဲ့သည်။ အမှန်အားဖြင့် သူမ၏ ရည်ရွယ်ချက်မှာ ရဟန်းသံဃာတို့အတွက် အဘက်ဘက်မှ လိုအပ်ချက်များ ပြည့်စုံစေရန်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်ကလည်း သူမ၏ တောင်းဆိုချက်အားလုံးကို ခွင့်ပြုတော် မူခဲ့လေသည်။

သို့အားဖြင့် အမြို့မြို့အနယ်နယ်မှ သာဝတ္ထိပြည်သို့ ရောက်လာကြသည့် အာဂန္တုရဟန်းတို့သည် ဝိသာခါ၏ အိမ်သို့ ဆွမ်းခံကြရသည်။

ခရီးသွားရန်ရှိသော ဂမိကရဟန်း၊ မကျန်းမာသော ဂိလာနရဟန်း၊ သူနာပြုသော ဂိလာနုပဋ္ဌာက ရဟန်းတို့သည်လည်း ဝိသာခါအိမ်၌ ဆွမ်းခံကြရသည်။

ထို့ပြင် ဝိသာခါသည် အခြားသော ရဟန်းငါးရာတို့အားလည်း နိဗဒ္ဓဝတ်အနေဖြင့် နေ့စဉ် မပျက်မကွက် ဆွမ်းလောင်းလှူနေခဲ့သည်။

ထို့ကြောင့် ဝိသာခါ၏ နေအိမ်မှာ နေ့စဉ်နေ့တိုင်း ရဟန်းသံဃာတို့၏ သင်္ကန်းရောင်များဖြင့် တပြောင်ပြောင် တောက်ပလျက် ရှိလေသည်။

# ဒါနဇေတဒဂ်

ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ဝိသာခါသည် အသက်ခုနစ်နှစ်အရွယ်ကပင် ဘုရားရှင်ကို ဖူးတွေ့၍ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော တရားအစစ်ကို ရရှိခဲ့သည်။ ထို့နောက် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ဆောက်လုပ် လှူဒါန်းရုံသာမက ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အား ပစ္စည်းလေးပါးဖြင့် အသက်ထက်ဆုံး လုပ်ကျွေးပြုစုခဲ့သည်။ ထို့ကြောင့်ပင် **"အလှူဒါနနှင့် မွေ့လျော်သော ဥပါသိကာမတို့တွင် ဝိသာခါသည် အမြတ်ဆုံးပေတည်း"**ဟူ၍ ဘုရားရှင်က ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုခြင်းကို ခံရသည်။

အမှန်အားဖြင့် ဝိသာခါသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်ကပင် ပဒုမုတ္တရ မြတ်စွာဘုရားထံ၌ ဆုပန်၍ ဘဝများစွာ ပါရမီဖြည့်ခဲ့သောကြောင့်လည်း ထိုကဲ့သို့သော ဧတဒဂ်ဘွဲ့ထူးကို ရရှိခြင်း ဖြစ်ပေသည်။

ဝိသာခါသည် အသက် ၁၂၀–အရွယ်တိုင်အောင် ဆံဖြူသွားကျိုးခြင်းမရှိဘဲ အသက်လေးဆယ်အရွယ်ကဲ့သို့ နုပျိုလှပစွာ ရှိခဲ့သည်။ များစွာသော သားသမီးမြေးမြစ် အခြွေအရံတို့ဖြင့်လည်း တစ်သက်တာပတ်လုံး ပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့ရသည်။ သို့သော်လည်း တစ်ကြိမ်တွင်မူ သူမသည် မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရဖူး၏။ အကြောင်းမှာ သူမ လွန်စွာ ချစ်သော မြေးမကလေးတစ်ယောက် သေဆုံးသွားသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် သားသမီး မြေးမြစ်တွေ များပြားသည်နှင့်အမျှ ဆင်းရဲဒုက္ခတွေ တိုးပွားနေမည်ဖြစ်ကြောင်း ဟောကြားဆုံးမသော ဘုရားရှင်၏ ဩဝါဒဖြင့် ဝိသာခါသည် မိမိ၏ သောကဝေဒနာများကို သိမ်းဆည်းနိုင်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ဝိသာခါကား ထူးချွန်ထင်ရှားသော သာဝတ္ထိ၏ ကျက်သရေဆောင် မိန်းမသားတစ်ဦးပင် ဖြစ်ပေသည်။

✱ ✱ ✱

# စာပါ သို့မဟုတ် ဆာဝါ

## နောက်တန်းမှ ချောက်လှမ်းခဲ့သူ

ကျွန်မရဲ့ ဇာတိက မဂဓတိုင်း "ဝက်ဟာရ"လို့ခေါ်တဲ့ ရွာကလေးပါ။ တစ်ချိန်ကတော့ ကျွန်မဟာ ဝက်ဟာရရွာမှ ကွမ်းတောင်ကိုင် အပျိုချောလေး တစ်ယောက် ဖြစ်ခဲ့ပါသည်။ ကျွန်မမှာ အမေမရှိ၊ အဖေသာ ရှိပါတော့သည်။ ကျွန်မ-မိခင်မှာ ကျွန်မ သုံးနှစ်သမီး အရွယ်လောက်ကပင် ကွယ်လွန်သွားခဲ့ကြောင်း သိရပါသည်။ ဤသို့ ငယ်စဉ်ကပင် မိတဆိုးသမီးလေး ဖြစ်ခဲ့ရသောကြောင့်ဟုပင် ထင်ပါသည်။ ကျွန်မအဖေသည် ကျွန်မကို အလွန်ချစ်ရှာပါသည်။ ကျွန်မ ဖခင်တွင် သူအမြတ်နိုးဆုံး အရာနှစ်ခု ရှိသည်ဟု ဆိုပါသည်။ ထိုနှစ်ခုမှာ သူတောလိုက်ရာတွင် ကိုင်စွဲသော ဒူးလေးကြီးနှင့် တစ်ဦးတည်းသော သမီးလေး ကျွန်မတို့ပင် ဖြစ်ပါသည်။

ကျွန်မသည် ငယ်စဉ်က ဖြူဖြူဖွေးဖွေး၊ သေးသေးသွယ်သွယ် ကလေးသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖခင်က သူမြတ်နိုးသော လေးကိုင်းနှင့် တင်စားလျက် ကျွန်မနာမည်ကို "စာပါ"ဟု မှည့်ခေါ်ခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။ သို့ရာတွင် အပျိုဖော်ဝင်လာသည်နှင့်အမျှ ကျွန်မ၏ ကိုယ်ခန္ဓာမှာ တစ်နေ့တစ်ခြား ဖွံ့ထွားလာသဖြင့် လေးကိုင်းနှင့်မတူတော့ဘဲ

မိုးဦးကျတွင် ပေါက်သော မျှစ်စို့ပေါက်နှင့် တူလာခဲ့ပါသည်။ ထို့ကြောင့် ရွာမှ ကာလသားတို့က ကျွန်မကို **"စာပါ"**ဟု မခေါ်ဘဲ **"ဆာဝါ"**ဟု ခေါ်လာခဲ့ကြပါသည်။

ကျွန်မ၏ ဖခင်သည် တောထဲမှ သမင်၊ ဒရယ် စသော တောကောင်တို့ကို ဖမ်းဆီးသတ်ဖြတ်၍ အသားများကို ရောင်းချကာ ကျွန်မကို ကျွေးမွေးစောင့်ရှောက်ပါသည်။ သူ့ကို မုဆိုးကြီးစဏ္ဍာမိဟူ၍ အများကပင် သိနေကြပါသည်။ သို့သော် ကျွန်မမှာ မုဆိုးသမီးပင် ဖြစ်လင့်ကစား ကြမ်းကြမ်းတမ်းတမ်း၊ နွမ်းနွမ်းပါးပါး ဘဝဖြင့် နေရသည် မဟုတ်။ ဖခင်က အရာရာတွင် အလိုလိုက် အကြိုက်ဆောင်ထားသဖြင့် အမြဲတမ်း ကျော့ကျော့မော့မော့ လှလှပပဖြင့်သာ နေခဲ့ရပါသည်။ ထို့ကြောင့်ပင် ဝက်ဟာရရွာနှင့်တကွ အနီးပတ်ဝန်းကျင်ရှိ အစ်ကို ကာလသား ရွေ့စွန်ညို များသည် ကျွန်မကို တရစ်ဝဲဝဲ ရှိနေကြပါသည်။

သို့ရာတွင် ဖခင်မုဆိုးကြီး စဏ္ဍာမိ၏ အရှိန်အဝါကြောင့် မည်သည့် ကာလသားကမျှ ကျွန်မကို တွေ့တွေ့ဆိုင်ဆိုင်တော့ မစဝံ့ကြပါ။ ဖခင်သည် ကျွန်မကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ချက်ရေးပြုတ်ရေး စသော အိမ်မှုကိစ္စများကို ဆောင်ရွက်ရန်အတွက် သူ့ညီမ ဒေါ်သာမိကို အိမ်တွင် ခေါ်ထားပါသည်။ အဒေါ်ဖြစ်သူ မုဆိုးမကြီး ဒေါ်သာမိ၏ ထိန်းကျောင်းမှုကြောင့် ကျွန်မကိုယ်တိုင်ကလည်း ရည်းစားသနာထားရန် စိတ်ကူးပင် မထည့်မိဘဲ နေခဲ့ပါသည်။

တစ်နေ့တွင် ကျွန်မ ဖေဖေသည် တောလိုက်ရာမှ အပြန် ထူးထူး ခြားခြား ပုဂ္ဂိုလ်တစ်ဦးကို အိမ်သို့ ခေါ်လာခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ ကိုယ် အောက်ပိုင်းတွင် အရက်လုံရုံမျှ အဝတ်ပိုင်းတစ်ခုကို စည်းထားပြီး ခေါင်းမှ ဆံပင်များမှာလည်း လက်နှစ်သစ်သာသာမျှသာ ရှိပါသည်။ ဥပကအမည်ရှိသော အာဇီဝက ရဟန်းတစ်ပါး ဖြစ်ကြောင်း ဖေဖေက ကျွန်မတို့အား ပြောပြပါသည်။ ဖေဖေသည် ထိုအာဇီဝက ရဟန်းကြီး ဥပကအား ကောင်းမွန်စွာ နေရာထိုင်ခင်းပေးပြီး ဆွမ်းခဲဖွယ်များ ဆက်ကပ်

ရွေးမွေးရန် စီစဉ်စေခဲ့ပါသည်။ ကျွန်မနှင့် ဒေါ်သာမိတို့သည် ဖခင် ယူလာသော ဟင်းလျာအသားများကို ကောင်းမွန်စွာ ချက်ပြုတ်၍ ရဟန်းကြီး အား ဆွမ်းကပ်ကြရပါသည်။ အမှန်အားဖြင့် ရဟန်းကြီးဟု ဆိုသော်လည်း ကျွန်မ ဖေဖေလောက်တော့ အသက်ကြီးသေးဟန် မတူပါ။ ညစ်နွမ်းသော အဝတ်၊ ရှုပ်ပွသောဆံပင်တို့ဖြင့် ဖြတ်ကတတ်ဆန်းနေသူဖြစ်၍ ရုတ်တရက် အားဖြင့် အသက်ကြီးပြီဟု ထင်ရစေကာမူ နီးနီးကပ်ကပ် မြင်ရသောအခါ မျက်နှာမှာ အတော်နုသေးကြောင်း တွေ့ရပါသည်။ ကျွန်မဖေဖေထက်တော့ ကိုးနှစ်၊ ဆယ်နှစ်လောက် ငယ်လိမ့်ဦးမည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မ ဖခင်သည် ရဟန်းကြီးဥပကကို အတော် ပင် ကြည်ညိုနေပါသည်။ "ရဟန်းဆိုတာ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ကိစ္စ တွေကို ဇာချဲ့မနေဘဲ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ပြီး ခြိုးခြိုးခြံခြံနေမှ ကြည်ညိုစရာကောင်းတာ"ဟု ကျွန်မတို့အား ပြောပြပါသည်။ သူသည် ရဟန်းကြီး ဥပကအား "အရှင်ဘုရား ဒီနေ့ကစပြီး အရင်ကလို ဟိုဟို သည်သည် လှည့်လည် သွားမနေပါနဲ့တော့၊ ရွာအရှေ့ဘက်က တောစပ် နားမှာ တပည့်တော် ကျောင်းကလေး တစ်ဆောင် ဆောက်ပေးပါမယ်၊ အဲဒီကျောင်းမှာပဲအမြဲနေပြီး ဆွမ်းစားချိန်ကျရင်လဲ တပည့်တော်အိမ်ကိုသာ နေ့စဉ်ကြွခဲ့ပါ"ဟု လျှောက်ကြားပါသည်။

ထို့နောက် ကျွန်မဖခင်သည် ရွာအရှေ့ဘက်ရှိ တောစပ်နားတွင် ထရံကာ ထန်းရွက်မိုးကျောင်းလေးတစ်ဆောင်ကို အလျင်အမြန် ဆောက် လုပ်ပေးသည်။ ရဟန်းကြီး ဥပကလည်း ထိုကျောင်းကလေးတွင် အတည်တကျ နေထိုင်လျက် ကျွန်မတို့အိမ်သို့ နံနက်တိုင်း ဆွမ်းစားကြွ လေသည်။ ကျွန်မတို့ တူအရီးနှစ်ယောက်ကလည်း ရဟန်းကြီး ဥပကအား နေ့စဉ်ဆွမ်းကပ်ရသည့်အတွက် အလုပ်တစ်ခု ပိုလာသည့်တိုင်အောင် ဘယ်အခါမျှ မညည်းညူခဲ့ကြပေ။ ဖခင်ကြီး အိမ်မှာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နေ့စဉ် ဂရုတစိုက်ပင် ချက်ပြုတ်ဆက်ကပ်ခဲ့ကြပေသည်။

ထူးခြားသောနေ့တစ်နေ့။ ထိုနေ့တွင် ဖခင်ကြီး အိမ်မှာမရှိ၊ တောလိုက်သွားနေသည်။ တောလိုက်သွားသည်မှာလည်း အခါတိုင်းလို နီးနီးနားနား မဟုတ်။ ရွာနှင့် အတော်လှမ်းသော တောနက်ထဲသို့ အပေါင်းများနှင့်အတူ သွားကြခြင်းဖြစ်၍ ခုနစ်ရက်လောက် ကြာလိမ့်မည်ဟု ပြောသွားသည်။ ထို့ကြောင့် သူ့ဆရာ ရဟန်းကြီးကို နေ့စဉ် ဂရုတစိုက် ဆွမ်းကပ်ကြရန် ထပ်တလဲလဲ မှာကြားသွားပါသည်။

ကျွန်မတို့ တူအရီးလည်း ဖခင်မှာခဲ့သည့်အတိုင်း ရဟန်းကြီး ဥပကအား ဆွမ်းကပ်ရန် အထူးဂရုစိုက်ခဲ့ကြပါသည်။ ဖခင်ထွက်သွားပြီး နောက် တတိယမြောက်နေ့တွင်မူ ကျွန်မအဒေါ်မှာ အနည်းငယ်နေမကောင်း ဖြစ်နေသဖြင့် အိမ်ခန်းထဲ၌ အိပ်နေပါသည်။ ကျွန်မ တစ်ဦးတည်းပင် ချက်ပြုတ်ပြင်ဆင်၍ ရဟန်းကြီး ကြွအလာကို အိမ်ရှေ့ခန်းမှ စောင့်နေ ပါသည်။

ကျွန်မသည် မုဆိုးသမီးဖြစ်သော်လည်း အမြဲတမ်း သပ်သပ်ရပ်ရပ် သာ နေတတ်ပါသည်။ အလှအပကိုလည်း မြတ်နိုးပါသည်။ ထိုနေ့တွင်လည်း ခပ်စောစောကပင် ရေချိုးပြီး အမွှေးနံ့သာ လိမ်းခြယ်၍ သစ်လွင်ပေါ့ပါးသော အဝတ်အစားများကို ဝတ်ဆင်ပြီး ဖခင်၏ အင်္ကျီတစ်ထည်ကို အပျင်းပြေ ချုပ်နေပါသည်။ ထိုစဉ်တွင် အိမ်ရှေ့မှ ခြေသံကြားသဖြင့် ချုပ်လုပ်ဆဲ အင်္ကျီကို လွှတ်ချပြီး ထိုနေရာမှ ရုတ်ချည်းထလိုက်ရာ ခပ်လျော့လျော့ ဝတ်ထားသော ခါးဝတ်ထဘီမှာ ပေါင်လယ်ခန့်အထိ လျှောကျသွားပါသည်။ ကျွန်မသည် တစ်ကိုယ်လုံး ထူပူသွားပြီး ခါးဝတ်ကို ချက်ချင်းပြန်ထိန်း၍ တံခါးပေါက်ဆီသို့ ကြည့်လိုက်ရာ တံခါးဝ၌ မားမားကြီးရပ်နေသော ရဟန်းကြီး ဥပကကို တွေ့မြင်ရပါသည်။

ကျွန်မသည် မည်သို့မျှ မတတ်နိုင်တော့။ မျက်နှာပူပူဖြင့်ပင် ရဟန်းကြီးအား ဆွမ်းကပ်ရပါတော့သည်။ သို့သော် ရဟန်းကြီးသည် နေ့တိုင်းလို မြိန်မြိန်ယှက်ယှက် ဘုဉ်းပေးခြင်းမပြု၊ တစ်ချက် တစ်ချက်တွင် ကျွန်မကို စိုက်ကြည့်ပြီး မသက်မသာဖြင့် ပင့်သက်ချနေသည်ကို တွေ့ရ

ပါသည်။ ကျွန်မလည်း ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေသဖြင့် စကားတစ်ခွန်းမျှ မဟဝံ့ပါ။ ရဟန်းကြီးကလည်း စကားတစ်ခွန်းမျှ မပြော၊ ဆွမ်းပွဲမှ ဆွမ်းဟင်းများကိုလည်း အရာယွင်းအောင်ပင် မစားဘဲ မကြာမီ ပြန်ကြွသွားပါတော့သည်။

နောက်နေ့တွင်မူ ရဟန်းကြီးဥပကသည် အချိန်တန်သော်လည်း ပေါ်မလာချေ။ တူဝရီးနှစ်ယောက် ဆွမ်းပွဲတန်းလန်းဖြင့် တစ်မနက်လုံး စောင့်ကာ အချိန်ကုန်ခဲ့ကြသည်။ ကျွန်မအဒေါ်က "တို့ကိုယ်တော်ကြီး ဘယ်ဆီများ ကြွနေပါလိမ့်"ဟု ညည်းတွားသော်လည်း ကျွန်မကမူ ကိုယ့်လိပ်ပြာကိုယ်မလုံသဖြင့် ခပ်ဆိတ်ဆိတ်ပင် နေရပါသည်။ စိတ်ထဲတွင် ပေါ်လာသော စိုးရိမ်ကြောင့်ကြမှုကိုလည်း ဣန္ဒြေမပျက်အောင် မျိုသိပ်ထားရပါသည်။

ရဟန်းကြီးကား ပထမနေ့သာမက နောက်နေ့၊ နောက်နေ့များတွင်လည်း ပေါ်မလာဘဲ ရှိနေသည်။ တတိယမြောက်နေ့တွင် အဒေါ်က ကျွန်မကို ဖွင့်မေးပါတော့သည်။ "ငါနေမကောင်းတဲ့နေ့က ကိုယ်တော်ကြီး ညည်းနဲ့ အဆင်မပြေတာ တစ်ခုခု ဖြစ်သွားသလား၊ ညည်းက မရိုမသေများ လုပ်လိုက်မိသလား"

ထိုအခါ ကျွန်မသည် ထိုနေ့က အဖြစ်အပျက်ကို အဒေါ်အား ဖွင့်ပြောရပါတော့သည်။ ကျွန်မစကားကို ကြားရသောအခါ အဒေါ်သည် "မိန်းကလေးနယ် အပျိုရွယ်ကလေးတန်မယ့် အနေအထိုင် ပေါ့လျော့လိုက်တာ၊ ညည်းအဖေပြန်လာရင် ငါဘယ်လို ပြောရမလဲ၊ ဒုက္ခတော့ ရောက်တော့မှာပဲ" စသည်ဖြင့် ညည်းတွားနေပါတော့သည်။

ဖေဖေသည် ခုနစ်ရက်လွန်၍ ရှစ်ရက်မြောက်နေ့ ညနေပိုင်းတွင်မှ ပြန်ရောက်လာပါသည်။ တောလိုက်၍ ရခဲ့သော အသားစို၊ အသားခြောက်များကို ဈေးတွင်ရောင်းချခဲ့ပြီးဖြစ်၍ အိမ်တွင်ချက်ရန် တောဝက်သားအနည်းငယ်နှင့် ယုန်သားသာ ပါလာပါသည်။ ဖေဖေက တောဝက်သားကို ကြိုက်သလို၊ သူ့ဆရာ ရဟန်းကြီးက ယုန်သားကို အလွန်ကြိုက်ပါသည်။

ဖေဖေသည် လေးမြားစသော ဝန်ထုပ်များကို ချပြီးသည်နှင့် တစ်ပြိုင်နက် အမောပင် မပြေသေးဘဲ သူ့ဆရာအကြောင်းကို စမေးပါသည်။

"ဟော့သာမိတို့ တူအရီး၊ ငါ့ကိုယ်တော်ကြီးကို ဆွမ်းမှန်မှန် ချက်ကပ်ကြရဲ့လား"

ဖေဖေ့စကားကို ကြားရသောအခါ ကျွန်မ ရင်တုန်သွားပါသည်။ သို့သော် ပါးနပ်သော ဒေါ်ဒေါ်က မသိမသာ မျက်စိတစ်ဖက် မှိတ်ပြသဖြင့် ဖေဖေနှင့် ပါလာသော ပစ္စည်းများကို သိမ်းဆည်းဟန်ပြုလျက် အိမ်နောက်ဖက်တွင် ရှောင်နေလိုက်ပါသည်။ ထိုအချိန်တွင် ဒေါ်ဒေါ်သည် ဖေဖေ့အနားသို့ တိုးကပ်သွားပြီး တတွတ်တွတ်နှင့် အဖြစ်အပျက်ကို ပြောပြနေကြောင်း တွေ့ရပါသည်။ ဖေဖေသည် အဒေါ့်စကားကို နားထောင်ပြီး မကြာမတင်ပင် အိမ်မှ ထွက်သွားပါသည်။ ဖေဖေက ကျွန်မကို မည်သို့မျှ ဆူပူကြိမ်းမောင်းခြင်း ပြုမသွားသဖြင့် ကျွန်မ အတော်ကလေး စိတ်အေးရပါသည်။

မှောင်ရီပျိုးစအချိန်တွင် ဖေဖေ ပြန်ရောက်လာပါသည်။ သို့သော် သူတစ်ယောက်တည်းမဟုတ်။ သူ့ဆရာ ဥပကကြီးလည်း သူ့နောက်မှ ခပ်ကုပ်ကုပ် ပါလာသည်။ ဥပကသည် အရင်ကလို ရဟန်းဝတ်ဖြင့် မဟုတ်တော့။ ဖေဖေဝတ်သော အဝတ်ပိုင်းတစ်ထည်ကို ဝတ်လျက် လူ့အသွင်ဖြင့် ပါလာခြင်း ဖြစ်၏။ ဖေဖေသည် သူ့ဆရာ ဥပကကို သူကိုယ်တိုင်ပင် ရှုပ်ထွေးညစ်ပေနေသော ဆံပင်နှင့် မုတ်ဆိတ်ကျင်စွယ်တို့ကို ရိတ်ပယ်သန့်ရှင်းပေးပြီး ရေမိုးချိုးစေသည်။ ထို့နောက် သူနှင့်အတူပင် ညစာထမင်းကို ကျွေးလေသည်။

ထိုအချိန်အထိ ကျွန်မသည် ဖေဖေ၏ အပြုအမူကို သဘောမပေါက်သေးပါ။ သို့သော်--ဒေါ်ဒေါ်ကတော့ ရိပ်မိနေပြီ ထင်ပါသည်။ "အင်း-ညည်းအဖေကတော့ မကြားကောင်း မနာသာ လုပ်တော့မယ် ထင်တယ်"ဟု တီးတိုးပြောပါသည်။

ဖေဖေသည် ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်မတို့ တူအရီးနှစ်ယောက်လုံးကို ခေါ်ပြီး သူ့ဆန္ဒကို မျက်နှာစုံညီ ပြောပြပါသည်။

"ဒီမယ်သမီး၊ ဖေဖေတို့မှာ ဖအေတစ်ခု၊ သမီးတစ်ခုပဲ ရှိကြတာမို့ ဘွင်းဘွင်းပဲ ဖေဖေပြောရတော့မယ်၊ ဥပက,က သမီးကို ကြိုက်နေတယ်တဲ့၊ သူဟာ အသက်နည်းနည်းကြီးပေမယ့် ဆွေကောင်းမျိုးကောင်းပဲ၊ စိတ်သဘောထားလဲ သိပ်ကောင်းတဲ့လူ၊ ဒီတော့ သမီးလဲ အချိန်တန် အရွယ်ရောက်ပြီမို့ အိမ်ထောင်ပြုရမယ့် အတူတူ သူ့ကိုပဲ လင်မှတ်မှတ်၊ သားမှတ်မှတ် ပေါင်းသင်းပါတော့"ဟု ပြောပြီး အိမ်ထဲသို့ ဝင်သွားပါတော့သည်။

ဝင်္ကဟာရ ရွာသား လူပျိုကာလသားများသည် မိမိတို့ရွာ၏ ကွမ်းတောင်ကိုင် အပျိုချောလေးတစ်ယောက် တက္ကတွန်းရဟန်း လူထွက်ကြီးနှင့် ညားသွားရသည့်အတွက် အတော်ကြီး အခံရခက်သွားကြကြောင်း ကြားသိရပါသည်။ အချို့ကမူ "မိန်းကလေးအပြစ် မဟုတ်ဘူး၊ သူ့အဖေကြီး သဒ္ဓါလွန်တာပါ"ဟု ဝေဖန်ကြကြောင်း သိရပါသည်။ မည်သို့ပင် ဆိုကြသည်ဖြစ်စေ ကာယကံရှင်ဖြစ်သော ကျွန်မအနေဖြင့်မူ အထူးအထွေ မကျေနပ်ခြင်း မရှိခဲ့ပါ။ မိမိ၏ ဖြူစင်သော အပျိုဘဝကို နမြောမိသည်မှန်သော်လည်း ရည်စားသနာ တစ်ယောက်မျှ မရှိခဲ့ဘူးသဖြင့် နလုံးသားဝေဒနာကိုမူ ခံစားခဲ့ရခြင်း မရှိပါ။ ထိုအချိန်တွင် ဥပကမှာ အသက်လေးဆယ်နီးပါး ရှိနေပြီ၊ ကျွန်မမှာမူ နှစ်ဆယ်ကျော်ရုံသာ ရှိပါသေးသည်။ ဤသို့ အသက်ချင်း ထက်ဝက်နီးပါးမျှ ကွာခြားသော်လည်း သူ၏ ချစ်ခင်ကြင်နာယုယစွာ ပြုစုဆက်ဆံမှုများကြောင့် ကျွန်မတို့ အိမ်ထောင်ရေးမှာ သာယာချမ်းမြေ့ခဲ့ပါသည်။

ဥပကမှာ ငယ်ရွယ်စဉ်မှစ၍ တက္ကတွန်းရဟန်းဘဝဖြင့် နေလာခဲ့သူဖြစ်၍ အစပိုင်းတွင် မနေတတ်၊ မထိုင်တတ် ခပ်ကြောင်ကြောင် ဖြစ်နေခဲ့ပါသည်။ သို့သော် သူသည် ထူထူထိုင်းထိုင်း လူစားထဲက မဟုတ်ချေ၊ မကြာမီ ပြောင်းလဲလာသော အခြေအနေနှင့်အညီ အဆင်ပြေအောင်

နေတတ်လာပါသည်။ ထင်းခွဲ၊ ရေခပ် စသော အိမ်အလုပ်များကို ပေါ့ပေါ့ပါးပါး ဝင်လုပ်သည်။ ဖေဖေ တောလိုက်သွားတော့မည်ဆိုလျှင် လေး,မြား စသော ပစ္စည်းများကို လွယ်၍ နောက်မှ လိုက်သွားသည်။ တောလိုက်ရာမှ ရရှိလာသည့် အသားစို၊ အသားခြောက်များကိုလည်း ဈေးသို့ သွား၍ ရောင်းချသည်။ သို့အားဖြင့် ဖေဖေ၏ ကျေနပ်မှုကိုလည်း ရရှိနေခဲ့ပါသည်။

အိမ်ထောင်သက် တစ်နှစ်ခန့် ရှိသောအခါ ကျွန်မ သားလေးတစ်ယောက် မွေးဖွားပါသည်။ သူ့အဖိုးက မြေးဦးကလေးကို သုဘဒ္ဒဟု ချစ်စနိုး အမည်ပေးပါသည်။ ချက်ရေး၊ ပြုတ်ရေးကိစ္စများကို အဒေါ်ဖြစ်သူက အပြည့်အဝ တာဝန်ယူထားသဖြင့် ကျွန်မမှာ သားကလေးနှင့်ပင် အချိန်ရှိသရွေ့ ကြည်နူးနေနိုင်ခဲ့ပါသည်။ ကျွန်မသည် တစ်ခါတစ်ရံ ကလေးကို ချော့သိပ်သည့်အခါ "မုဆိုးနောက်လိုက် ကိုလူမိုက်ရဲ့သား အိပ်ပါတော့လား၊ သားထမ်းသမား လူ့ဗာလရဲ့သား အိပ်ပါတော့လား"စသည်ဖြင့် နှုတ်မှ ဆိုမိတတ်ပါသည်။ ဤသို့ ဆိုမိခြင်းမှာ သူ့ကို စ,လိုခြင်းအပြင် ရဟန်းဘဝမှ လူထွက်လာပြီး ဆင်းဆင်းရဲရဲ လုပ်ကိုင်နေရသော သူ့ဘဝကို ကရုဏာဒေါသဖြင့် သနားမိခြင်းလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါသည်။ ကိုယ့်လင်သားကို စော်ကားလိုခြင်းကား အလျဉ်းမရှိပါ။

သို့သော် သူကား အနာပေါ် တုတ်ကျသလို အခံရခက်သွားဟန် တူပါသည်။

"ဟေ့ စာပါ။ ငါ့ကို ဒီလိုတော့ မစော်ကားနဲ့"ဟု လေသံမာမာဖြင့် အိမ်ရှေ့မှ လှမ်း၍ ပြောပါသည်။ တစ်ခါမျှ မပြောဘူးသော လေသံဖြင့် ခပ်ထန်ထန် ပြောသည်ကို ကြားရသောအခါ ကျွန်မမှာလည်း မိန်းမသားတို့၏ မာနလေး ထောင်းခနဲ ထလာပါသည်။

"အို--မှန်တာကို ဆိုတာပဲ၊ ရှင် ဘာမခံချင်စရာရှိသလဲ"ဟု ပြန်ပက်မိပါသည်။ ထိုအခါ သူသည် "အေး--မခံချင်လို့ ငါ ရဟန်းပြန်ဝတ်သွားရင်တော့ မင်းပဲ ကလေးတစ်ယောက်နဲ့ ကျန်ရစ်မှာပဲ"ဟု ဆိုပြီး အိမ်အောက်သို့ ဆင်းသွားပါတော့သည်။

ဤသို့လျှင် သူနှင့် ကျွန်မ မကြာခဏ စကားများကြပြီး တစ်နေ့တွင်မူ နံနက်စောစောက သူထွက်သွားရာ ညနေမိုးချုပ်သည့်တိုင်အောင် ပြန်ရောက် မလာသဖြင့် ကျွန်မ စိုးရိမ်လာပါသည်။ အဒေါ်ကမူ "မပူပါနဲ့ သမီးရယ်– ညည်းတို့ သားအမိကို သူပစ်မသွားနိုင်ပါဘူး"ဟု ဖြေသိမ့်ပါသည်။ ထိုအချိန်တွင် ဖေဖေက အိမ်မှာမရှိ။ ဝေဠုရွာရှိ သူ့မိတ်ဆွေထံ အလည်သွား နေပါသည်။ သုံးရက်မြောက်နေ့တွင် ဖေဖေ ပြန်ရောက်လာသော်လည်း သူကတော့ ပေါ်မလာပါ။ ကျွန်မက စိုးရိမ်တကြီးဖြင့် ဖေဖေ့အား အကျိုး အကြောင်းကို ပြောပြပါသည်။

"အင်း––သူစိတ်လည်သွားပြီလား မသိဘူး၊ အနန္တဇိနလို့ ခေါ်တဲ့ သူ့မိတ်ဆွေ ရဟန်းတစ်ပါးရှိတယ်လို့ ပြောတယ်၊ အဲဒီ ရဟန်းဆီကို သူသွားလိမ့်မယ် ထင်တယ်"

ဖေဖေသည် ဤသို့ ပြောဆိုပြီး အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများသို့ သူကိုယ်တိုင်လိုက်၍ စုံစမ်းသည်။ ဖေဖေ့ အထင် မှန်နေပါသည်။ ဂယာမြို့မှတစ်ဆင့် သူ့မိတ်ဆွေ အနန္တဇိနရှိသည်ဆိုသော သာဝတ္ထိသို့ သူထွက်သွားကြောင်း ဖေဖေ စုံစမ်းသိရှိခဲ့ရလေသည်။

ကျွန်မ အကြီးအကျယ် တုန်လှုပ်သွားပါသည်။ နှလုံးသားဖြင့် တည်ဆောက်ခဲ့ရသော အိမ်ထောင်မဟုတ်ငြားသော်လည်း နှစ်ကာလ အတော်ကြာအောင် ပေါင်းသင်းခဲ့ရသော လင်ယောကျ်ားအပေါ်၌ မိန်းမသား တစ်ယောက်၏ သံယောဇဉ် ငြိတွယ်မှု အတိုင်းအတာ မည်မျှ နက်ရှိုင်း ကြောင်း လက်တွေ့သိလာရပါသည်။ "သြော်––သူ့ခမျာလဲ ငါ့ကို တစ်ဖက်သတ် စွဲလမ်းမိလို့ မုဆိုးနှောက်လိုက်ဘဝကိုတောင် မရှက်မကြောက် ခံယူခဲ့တာ သနားစရာပေပဲ"ဟု တွေးမိလာပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်မ သူ့ကို တွေ့ချင်ပါသေးသည်။ သူ့ခြေအစုံကို ဖက်ပြီး ကျွန်မ၏ ဝစီကံ ကျူးလွန်မှုများကို ခွင့်လွှတ်ရန် တောင်းပန် ကန်တော့ချင်ပါသေးသည်။ တကယ်တော့ သူသည် ကျွန်မ၏ ကျေးဇူးရှင် ကြီးပါ။ ကျွန်မ ဆိုးသမျှ၊ မိုက်သမျှကို သူမညည်းမညူ သည်းခံခဲ့ပါသည်။

ကျွန်မက အလိုက်ကမ်းဆိုး မသိဘဲ သူ့သိက္ခာကို စော်ကားမိသောကြောင့် သာလျှင် သူရှက်ပြီး ထွက်သွားခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မကို သူ မငဲ့သည့်တိုင်အောင် သူ့သားလေး သုဘဒ္ဒ၏ မျက်နှာကို မြင်ရရင်တော့ သူ့စိတ်လျှော့သွားလိမ့်မည်ဟု ထင်ပါသည်။

သို့ဖြစ်၍ ကျွန်မသည် သုံးခါလည် သားလေး သုဘဒ္ဒနှင့်အတူ သာဝတ္ထိသို့ လိုက်သွားလိုကြောင်း ဖေဖေ့ထံ ခွင့်တောင်းပါသည်။ ဖေဖေ့ခမျာ လည်း သူ့ဖန်တီးမှုကြောင့် ကျွန်မ ဒုက္ခရောက်ရသည်ဟု တွေးမိသဖြင့် စိတ်မကောင်းဖြစ်နေဟန် တူပါသည်။ ကျွန်မနှင့်အတူ သူ့ညီမ ဒေါ်သာမိ ကိုပါ ထည့်ပေးလိုက်ပါသည်။ ထို့ပြင် သူကိုယ်တိုင် ဂယာအထိ လိုက်လာပြီး သာဝတ္ထိသို့သွားမည့် လှည်းကုန်သည်တစ်စုနှင့်အတူ ကျွန်မတို့ သုံးယောက်ကို ထည့်ပေးလိုက်ပါသည်။

ဂယာနှင့် သာဝတ္ထိကား ခုနစ်ရက်ခရီး ဖြစ်ပါသည်။ ခရီးရှည်သော် လည်း ကျွန်မမှာမူ မျှော်လင့်ချက်နှင့်မို့ မောရပန်းရမှန်း မသိခဲ့ပါ။ သာဝတ္ထိသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနန္တဗိနဟု သူပြောခဲ့သည့် ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်သို့ ဝင်၍ သူ့အကြောင်းကို မေးမြန်းစုံစမ်းရပါသည်။ သို့သော် ရှည်ရှည်ဝေးဝေးတော့ လိုက်ရှာမနေခဲ့ရပါ။ ကျောင်းမုခ်ဝတွင် တွေ့ရသော ရဟန်းငယ်တစ်ပါးက ရဟန်းတော် အရှင်ဥပကသီတင်းသုံးရာ ကျောင်းခန်းလေးကို တန်းတန်းမတ်မတ် လမ်းညွှန်လိုက်ပါသည်။

တွေ့ရပါပြီ၊ သူ့ကို တွေ့ရပါပြီ။ သို့သော် သူသည် ကျွန်မတို့ သားအမိကို ဖက်လှဲတကင်း ကြိုဆိုနှုတ်ဆက်ခြင်း မပြုပါ။ တည်ငြိမ်သော လက္ခဏနှင့် မျက်စိနှစ်ဖက်ကို မပွင့်တပွင့်သာ ဖွင့်ကြည့်ပြီး “ဒကာမလေး စာပါ၊ ဒီလောက် ခရီးဝေးကြီးကို ဒုက္ခခံပြီး ဘာကြောင့် လိုက်လာသလဲ”ဟု မေးပါသည်။ ပြောင်းလဲနေသော အသွင်အပြင်နှင့် အေးစက်စက် အမူအရာ ကြောင့် သားလေး သုဘဒ္ဒသည်ပင် သူ့အဖေနားသို့ မကပ်ဝံ့ဘဲ ရှိနေပါသည်။ ကျွန်မကား ဘာကိုမျှ အမှုမထားနိုင်တော့ပါ။ မျက်ရည်များကို ဒလဟော

သွန်ချပြီး မိမိ၏ မိုက်မှားခဲ့မှုကို သည်းခံပါရန်နှင့် သားလေး သုဘဒ္ဒကိုလည်း ငဲ့ညှာပါရန် အမောတကော တောင်းပန်မိပါသည်။

"သည်းခံပါတယ် စာပါ၊ တစ်ချိန်က မိုက်မှားခဲ့မိတဲ့ ကျုပ်ရဲ့အပြစ်ကိုလဲ ဒကာမလေးက ခွင့်လွှတ်ဖို့ ကျုပ်တောင်းပန်ပါတယ်။ ခုတော့ဖြင့် သားမယားဆိုတဲ့ အနှောင်အဖွဲ့တွေ မရှိတော့ပါဘူး၊ အနန္တဇိနရဲ့ ကျေးဇူးကြောင့် ဒုက္ခငြိမ်းအေးတဲ့ တရားကို တွေ့နေရပြီမို့ ကာမနယ်ထဲကို ဘယ်လိုမှ ပြန်မလိုက်နိုင်တော့ပါဘူး"

ပြတ်တောင်းလှသော သူ့အဖြေကြောင့် ကျွန်မ ဘယ်လိုမှ အထွန့်မတက်သာတော့ပါ။ သို့သော် ထိုအချိန်တွင် ရုတ်ချည်းဆိုသလို လင်းလက်သော အတွေးတစ်ခု ဝင်လာပါသည်။ **"သဲယောဇဉ်အနှောင်အဖွဲ့ကို သူတို့ ယောကျ်ားသားတွေ ဖြတ်နိုင်သလို တို့မိန်းမသားတွေလဲ ဖြတ်နိုင်ရမပေါ့"**ဟု စဉ်းစားမိလာပါသည်။ ထိုအတွေးဝင်လာသည်နှင့် တစ်ပြိုင်နက် ကျွန်မမှာ ဝမ်းနည်းအားငယ်စိတ်များ ပျောက်သွားပါသည်။ သားငယ် သုဘဒ္ဒကို အဒေါ်၏ လက်သို့ ပေးအပ်လိုက်ပြီး ဘိက္ခုနီမများကျောင်းရှိရာသို့ တစ်ကိုယ်တည်း ထွက်လာခဲ့ပါသည်။ အဒေါ်ဖြစ်သူမှာမူ ကျွန်မ၏ အပြုအမူကို နားမလည်သဖြင့် ခပ်ကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့ရှာပါသည်။

ကျွန်မသည် ဘိက္ခုနီမများ ကျောင်းသို့ ရောက်သောအခါ ဥပ္ပလဝဏ် ထေရီမကြီးထံ၌ ဘိက္ခုနီဘဝကို ခံယူလိုက်ပါသည်။ ထို့နောက် ထေရီမကြီးထံမှပင် ကမ္မဋ္ဌာန်းတောင်းယူပြီး ဝိပဿနာကို အားထုတ်ရာ မကြာမတင်ပင် ကိလေသာငြိမ်းအေးသော တရားထူးကို မျက်မှောက်ပြုနိုင်ခဲ့ပါသည်။ ဘိက္ခုနီဖြစ်စတွင် သားလေး သုဘဒ္ဒအတွက် နောက်ဆံတငင်ငင် ရှိခဲ့သော်လည်း တရားထူးရရှိသည့်အချိန်မှစ၍ နောက်ပိုင်းတွင်မူ အနှောင်အဖွဲ့ဟူသမျှကို ကျွန်မ ဖြတ်နိုင်ခဲ့ပါသည်။ တကယ်တော့ ဤသည်မှာ သူ့ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ သူလျှောက်သွားသော လမ်းသို့ လိုက်ခဲ့သောကြောင့်သာ မွန်မြတ်သော တရားထူးကို ကျွန်မ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မသည် ဘိက္ခုနီဘ၀ဖြင့် ငြိမ်းအေးသော တရားချမ်းသာကို ရရှိခဲ့ပြီးနောက် တစ်ဆယ့်ငါးနှစ်ခန့်ကြာသောအခါ ကျွန်မ၏ ကျေးဇူးရှင် ဥပကမထေရ်မြတ်ကြီး ဘ၀ဇာတ် ချုပ်ငြိမ်းသွားခဲ့ပါသည်။ သံယောဇဉ် ငြိတွယ်မှု မရှိတော့ငြားသော်လည်း လမ်းမှန်ကို ညွှန်ပြခဲ့သော သူ့ကျေးဇူး များကို တုံ့ပြန်သောအားဖြင့် သူ့အလောင်းကို မီးသင်္ဂြိုဟ်ရာသို့ ကျွန်မ ကိုယ်တိုင်သွားရောက်၍ နောက်ဆုံး ကန်တော့ခြင်းဖြင့် ကန်တော့ခဲ့ပါသည်။

ကျွန်မသည် ကျွန်မ၏ ကျေးဇူးရှင်ကြီး ညွှန်ပြသော လမ်းသို့ လျှောက်လှမ်းနိုင်ခဲ့သည့်နည်းတူ အဒေါ်၏ လက်သို့ ကျွန်မ လွှဲအပ်ခဲ့သော သားလေး သုဘဒ္ဒသည်လည်း နောက်ဆုံးတွင် ကျွန်မတို့ လမ်းသို့ ရောက် လာခဲ့ပါသည်။ သူသည် အရွယ်ရောက်လာချိန်မှစ၍ သူ့ဖခင်နည်းတူ ပရိဗိုဇ်ရဟန်းဘ၀ဖြင့် တရားကျင့်နေခဲ့ပြီး နောက်ဆုံးတွင်မှ ဗုဒ္ဓထံ ရောက်လာပြီး အကျွတ်တရား ရရှိသွားခဲ့ပါသည်။ အဘယ်သို့သော အတိတ်ကံတရားက ကျွန်မတို့ သားအမိ၊ သားအဖ သုံးယောက်အား ဤလမ်းကြောင်းသို့ ပို့ပေးခဲ့သည်ကိုမူ ဘုရားရှင်ကိုယ်တော်မြတ် တစ်ပါးသာ သိမြင်တော်မူလိမ့်မည်ထင်ပါသည်။

✳ ✳ ✳

# ဥတ္တရာနှင့်သီရိမာ
## ဘဝမတူဘဲ ဆုံဆည်းခဲ့ရသူနှစ်ဦး

ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့သည် အမ္ဗပါလီမည်သော မိန်းမချော လေးတစ်ဦးအား တော်ဝင်အလှမယ်အဖြစ် ရွေးချယ်ခန့်ထားခဲ့သည်။ ရာဇဂြိုဟ်ပြည်မှ မှူးမတ်ပြည်သူအချို့က မိမိတို့ ရာဇဂြိုဟ်၌လည်း ဝေသာလီနည်းတူ အလှမယ်တစ်ဦးကို ရွေးချယ်ခန့်ထားသင့်ကြောင်း ဘုရင် ဗိမ္ဗိသာရအား လျှောက်တင်ကြသည်။ ဘုရင်၏ ခွင့်ပြုချက်ဖြင့် သာလဝတီမည်သော မိန်းမပျိုအား နေစရာတိုက်အိမ်၊ စီးနင်းသွားလာရန် ယာဉ်ရထား၊ အလုပ်အကျွေးပြုစုရန် အခြွေအရံများနှင့်တကွ တော်ဝင် အလှမယ်အဖြစ် ရွေးချယ်ခန့်ထားကြလေသည်။

သာလဝတီသည် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပြီး အပြောအဆို ချိုသာခြင်း စသော အရည်အချင်းများကြောင့် ယောကျ်ားတကာတို့၏ စိတ်ကို ဖွဲ့ဆောင်နိုင်ခဲ့သည်။ သူမနှင့် ပျော်ပါးလိုသော ယောကျ်ားတို့သည် တစ်ညလျှင် အသပြာတစ်ထောင်ပေး၍ ပျော်ပါးကြရသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသော ယောကျ်ားများမှာ သူမအနားသို့ မသီနိုင်ကြချေ။ မင်းညီမင်းသား၊ သူဋ္ဌေးသူကြွယ်များကား သူမအနား၌ ဝိုင်းဝိုင်းလည်နေ ကြလေသည်။

တစ်ချိန်တွင်မူ သာလဝတီသည် ဗိမ္ဗိသာရမင်းကြီး၏ သားတော်တစ်ပါးဖြစ်သော အဘယမင်းသားနှင့် ပျော်ပါးရာမှ ကိုယ်ဝန်စွဲငြီ၍ သားလေးတစ်ယောက်ကို မွေးဖွားခဲ့သည်။ သို့သော် သားယောကျ်ားတစ်ဦး ရှိနေခြင်းမှာ မိမိဘဝနှင့် မသင့်လျော်ဟု စဉ်းစားမိသဖြင့် သာလဝတီသည် မွေးစသားငယ်လေးအား လမ်းဘေး အမှိုက်ပုံထဲသို့ စွန့်ပစ်စေခဲ့သည်။ သို့ရာတွင် ထိုကလေးငယ်လေးမှာ လွန်စွာကံကောင်းခဲ့ပေသည်။ သူ၏ ဖခင်အရင်းဖြစ်သော အဘယမင်းသားကပင် သူ့ကို တွေ့ရှိ၍ ကောက်ယူ မွေးစားခဲ့သည်။ ထိုကလေးငယ်သည် ကြီးပြင်းလာသော် ဆရာဇီဝက ဟူ၍ ထင်ရှားသော သမားတော်ကြီး ဖြစ်လာခဲ့ပေသည်။

သာလဝတီ သားတစ်ယောက်ကို မွေးဖွားပြီးနောက် သုံးနှစ်ခန့် အကြာတွင်လည်း ဒုတိယအကြိမ် ပဋိသန္ဓေ ရရှိပြန်သည်။ ထို ဒုတိယ ပဋိသန္ဓေကို မွေးဖွားသောအခါတွင်မူ မိမိလိုလားတောင့်တနေသည့် သမီး မိန်းကလေးဖြစ်သဖြင့် သူမ ကျေနပ်နှစ်သက်ခဲ့သည်။ ထိုသမီး မိန်းကလေး သည် အရွယ်ရောက်လာသောအခါ မိမိ၏ အလုပ်ကို အမွေဆက်ခံနိုင်လိမ့် မည်ဟူသော မျှော်လင့်ချက်ဖြင့် သူမ ကျေနပ်နှစ်သက်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် သမီးငယ်ကလေးအား **"သိရိမာ"**ဟူ၍ လှပစွာ အမည်ပေးပြီး ကောင်းမွန်စွာ ကျွေးမွေးပြုစုထားခဲ့လေသည်။ သိရိမာ အသက် ၁၆- နှစ်အရွယ်သို့ ရောက်လာသောအခါ၌ကား ဇရာနယ်သို့ နင်းလာပြီဖြစ်၍ ရုပ်အဆင်း ညှိုးမှိန်လာပြီဖြစ်သော သာလဝတီသည် မိမိအလုပ်ကို သမီး ဖြစ်သူ သိရိမာအား လွှဲပြောင်း ပေးလိုက်လေသည်။

ပျိုပြစ်နုနယ်အလှကြွယ်သော သိရိမာကား မိခင်ဖြစ်သူ သာလာဝတီ ထက်ပင် ပိုမို၍ ယောကျ်ားသားများကို ဆွဲဆောင်နိုင်ခဲ့၏။ ရာဇဂြိုဟ်မြို့သား များကို ဆွဲဆောင်နိုင်ခဲ့၏။ ရာဇဂြိုဟ်မြို့တော်၏ အထက်တန်းလွှာ လူတန်းစားများဖြစ်သော မင်းညီမင်းသား သူဌေးသူကြွယ်သားများသည် သိရိမာထံပါး၌ တဝဲလည်လည် ဖြစ်နေကြလေသည်။

ရာဇဂြိုဟ်ပြည်၌ ထင်ရှားသော သူဌေးကြီးတစ်ဦးဖြစ်သော ပုဏ္ဏသေဋ္ဌိနှင့် သူဌေးကတော်ကြီး ဘာရိတာတို့မှာ ဥတ္တရာခေါ် သမီးပျိုတစ်ယောက်ရှိလေသည်။ ဥတ္တရာမှာ ရုပ်အဆင်းချောမောလှပရုံသာမက အသိလိမ္မာဉာဏ်ပညာနှင့်ပြည့်စုံ၍ လွန်စွာလိမ္မာယဉ်ကျေးသူကလေး ဖြစ်၏။ တစ်နေ့တွင် ပုဏ္ဏသေဋ္ဌိ၏ မိတ်ဆွေ သုမနသူဌေးကြီးက ဥတ္တရာကို မိမိသား နန္ဒနှင့် ထိမ်းမြားလက်ထပ်ပေးစေလိုကြောင်း ကမ်းလှမ်းလေသည်။

အမှန်အားဖြင့် ပုဏ္ဏသေဋ္ဌိသည် တစ်ချိန်က သုမနသူဌေးကြီး အိမ်၌ အခစားလုပ်ရသော သူဆင်းရဲတစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့သ၌ လယ်တောတွင် လယ်ထွန်နေသော ခင်ပွန်းသည်ထံသို့ ထမင်းပို့ရန်အတွက် ဇနီးသည် ဘာရိတာသည် ထမင်းထုပ်ကို ယူဆောင်လျက် အိမ်မှ ထွက်လာခဲ့သည်။ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ရှင်သာရိပုတ္တရာမထေရ်သည် ခုနစ်ရက်တိုင်တိုင် နိရောဓသမာပတ်မှ ထ၍ ဆွမ်းအလို့ငှာ ရာဇဂြိုဟ်မြို့ဆီသို့ ရှေ့ရှုကြွလာတော်မူသည်။ မထေရ်သည် ပုဏ္ဏလယ်ထွန်နေသော လယ်ကွက်အနီးမှ ဖြတ်သန်းကြွလာရာ လမ်းဘေးရေတွင်းတစ်တွင်းကို တွေ့မြင်၍ မျက်နှာသစ်တော်မူလိုသဖြင့် ရေတွင်းနား၌ ရပ်နေတော်မူသည်။ ဤသို့ ရပ်နေသော မထေရ်ကို လယ်ထွန်သော ပုဏ္ဏက လှမ်းမြင်လေသည်။ ရေကို အလိုရှိသဖြင့် မထေရ်ရပ်နေခြင်းဖြစ်ကြောင်းလည်း တွေးမိသည်။ ထို့ကြောင့် လယ်ကွက်ထဲမှ လျင်မြန်စွာ ထွက်လာခဲ့ပြီး ရေတွင်းထဲမှ ရေကို ခပ်ယူပြီး မထေရ်၏ သပိတ်၌ ရှိသေစွာ လောင်းလှူလေသည်။

ရှင်သာရိပုတ္တရာမထေရ်သည် မောင်ပုဏ္ဏလောင်းလှူသော ရေဖြင့် မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင် ဆေးကြောခြင်းများ ပြုလုပ်ပြီး ဆွမ်းခံခရီးကို ဆက်လက်ကြွသွားလေသည်။ ထမင်းပို့ရန် အိမ်မှထွက်လာသော ဘာရိတာသည် မြို့တံခါးအနီး၌ ရှင်သာရိပုတ္တရာမထေရ်နှင့် ဆုံမိလေသည်။ ထူးခြားသော အေးချမ်းတည်ငြိမ်မှုဖြင့် ကြွလာသော မထေရ်မြတ်ကို နီးကပ်စွာ ဖူးမြင်ရသော ဘာရိတာသည် သဒ္ဒါတရား တဖွားဖွား

ဖြစ်ပေါ်လာသဖြင့် ခင်ပွန်းသည်အတွက် ချက်လာသော ထမင်းဟင်းများကို မထေရ်၏ သပိတ်၌ ရက်ရောစွာ လောင်းလှူလိုက်လေသည်။

ဘာရိတာသည် စောစောက ချက်ပြုတ်ယူဆောင်လာသော ထမင်းဟင်းများကို ရှင်သာရိပုတ္တရာအား လောင်းလှူလိုက်ပြီးနောက် အိမ်သို့ တစ်ဖန် ပြန်၍ ထမင်းချက်ပြန်သည်။ ကသုတ်ကရက်ဖြင့် ချက်ပြုတ်ပြီး လယ်တောသို့ ထမင်းပို့ ထွက်လာသောအခါ နေမွန်းတိမ်းချိန်သို့ပင် ရောက်နေပြီဖြစ်သောကြောင့် ခင်ပွန်းဖြစ်သူ စိတ်ဆိုးနေတော့မည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် ထွန်ဖြုတ်ပြီး မောလည်းမော၊ ထမင်းလည်းဆာနေပြီဖြစ်၍ သစ်ပင်ရိပ်တွင် ခွေခွေကလေး အိပ်နေသော ခင်ပွန်းသည်အား သူ့အနားသို့ မရောက်မီကပင် လှမ်း၍ အကျိုးအကြောင်းကို ပြောပြရသည်။

မိမိအတွက် ယူဆောင်လာသော ထမင်းထုပ်ကို ရှင်သာရိပုတ္တရာအား လောင်းလှူလိုက်သဖြင့် ထမင်းပို့နောက်ကျရခြင်းဖြစ်ကြောင်း သိရှိရသောအခါ ကိုပုဏ္ဏမှာ ခပ်စောစောက စိတ်မကြည်မသာဖြစ်နေမှုများ ပြေပျောက်သွားပြီး ဇနီးသည်၏ ဆွမ်းအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လေသည်။ မိမိကိုယ်တိုင် နံနက်စောစောပိုင်းက ထိုမထေရ်မြတ်ကြီးအား မျက်နှာသစ်ရေ ကပ်လှူလိုက်ရပုံကိုလည်း ဇနီးသည်အား ဝမ်းပမ်းတသာ ဖေါက်သည် ချလေသည်။ သို့အားဖြင့် သူဆင်းရဲ ဇနီးမောင်နှံနှစ်ဦးတို့သည် ထိုနေ့ နံနက်၌ ထူးခြားသော တိုက်ဆိုင်မှုဖြင့် ရှင်သာရိပုတ္တရာနှင့် တွေ့ဆုံခွင့်ရရှိပြီး အလှူဒါနပြုခဲ့ရခြင်းကို ကျေနပ်နှစ်သက်ကြည်နူးစွာ ပြောဆိုကြရင်း နေ့လယ်စာ ထမင်းကို မြိန်ယှက်စွာ စားသောက်ကြလေသည်။

ထမင်းစားပြီးနောက် ဇနီးသည်၏ ပေါင်ပေါ်၌ ခေါင်းတင်လျက် အတန်ကြာမျှ အိပ်ပျော်သွားသော ကိုပုဏ္ဏသည် မကြာမီမှာပင် အိပ်ရာမှ နိုးလာ၍ မိမိထွန်ယက်ထားသော လယ်ကွင်းဘက်သို့ လှမ်းကြည့်လိုက်ရာ ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်သလို ဖြစ်သွားသည်။ ဂယောင်ချောက်ခြား အိပ်မက် မက်နေလေသလားဟုလည်း တွေးမိလေသည်။ အကြောင်းကား လယ်ကွင်းတစ်ပြင်လုံး၌ ရွှေတုံးရွှေခဲတွေ ပြန့်ကျဲနေသည်ကို တွေ့မြင်ရသော

ကြောင့် ဖြစ်၏။ ထို့ကြောင့် ဇနီးသည် ဘာရိတာအား နှိုး၍ပြသရာ သူမမှာလည်း ရုတ်တရက်အားဖြင့် မယုံနိုင်ဘဲ ဇဝေဇဝါ ဖြစ်နေသည်။ ဇနီးမောင်နှံ နှစ်ဦး အမျိုးမျိုးတွေးတော စဉ်းစားနေကြပြီး ခေတ္တမျှကြာသောအခါတွင်မှ ကောင်းစွာ နားလည်သဘောပေါက်လာကြသည်။ ယနေ့နံနက်တွင် တိုက်တိုက်ဆိုင်ဆိုင်ဖြင့် ထူးမြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကြီးအား မျက်နှာသစ်ရေနှင့် တစ်နပ်စာမျှဖြစ်သော ဆွမ်းကို လောင်းလှူလိုက်ရသော ဒါနစေတနာ၏ ဒိဋ္ဌဓမ္မအကျိုးပင်ဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်သွားကြလေသည်။

သို့ဖြစ်၍ ဇနီးမောင်နှံနှစ်ဦးတို့သည် ထမင်းအုပ်ဖြင့် ရွှေတုံးရွှေခဲများ အပြည့်ထည့်ယူခဲ့ပြီး ရာဇဂြိုဟ်နန်းတော်သို့ ဝင်၍ ဗိမ္ဗိသာရမင်းကြီးအား ပြသကာ အကြောင်းစုံကို တင်လျှောက်ကြသည်။ မင်းကြီးက လယ်တောမှ ရွှေတုံးရွှေခဲများကို သယ်ယူရန် မင်းချင်းယောကျာ်းများကို စေလွှတ်လိုက်သည်။ မင်းချင်းယောကျာ်းတို့သည် **“ငါတို့ဘုရင်မင်းမြတ်၏ ဘုန်းတော်ကြောင့် ပေါ်လာသောပစ္စည်းများတည်း”** ဟုဆိုကာ ရွှေတုံးရွှေခဲများကို ကောက်ယူကြသည်။ သို့သော် ၎င်းတို့ လက်ထဲသို့ ရောက်သောအခါ မြေစိုင်ခဲများ ဖြစ်သွားကြလေသည်။ ထို့ကြောင့် နန်းတော်သို့ပြန်၍ အကျိုးအကြောင်းကို တင်လျှောက်ကြသည်။ မင်းကြီးက မိမိဥစ္စာမဟုတ်ကြောင်း မိန့်ကြားပြီး မောင်ပုဏ္ဏာပစ္စည်းများဟု ဆို၍ ကောက်ယူကြသောအခါတွင်မှ ရွှေတုံးရွှေခဲများကို ရရှိ၍ ယင်းတို့ကို လှည်းများဖြင့် သယ်ဆောင်လာပြီး မင်းရင်ပြင်၌ ပုံထားကြလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် မောင်ပုဏ္ဏာတို့ ဇနီးမောင်နှံအား နေထိုင်ရန် အိမ်ယာဝင်းခြံနှင့်တကွ ရွှေတုံးရွှေခဲအားလုံးကို ပေးအပ်ပြီး ရာဇဂြိုဟ်မြို့တော်၏ သူဌေးကြီးတစ်ဦးအဖြစ် ခန့်ထားလိုက်လေသည်။

မောင်ပုဏ္ဏာတို့ ဇနီးမောင်နှံသည် ဗိမ္ဗိသာရမင်းကြီးက ချီးမြှောက်သော အိမ်ကြီးကို ကောင်းစွာပြင်ဆင်မွမ်းမံပြီး အိမ်တက်မင်္ဂလာပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ သူတို့၌ ဥတ္တရာမည်သော သမီးငယ်

တစ်ယောက် ရှိလေရာ သမီးငယ်အားလည်း အိမ်တက်မင်္ဂလာနှင့်အတူ နားထွင်းမင်္ဂလာ ပြုလုပ်ပေးသည်။ ထိုမင်္ဂလာပွဲများ ကျင်းပရာတွင် ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူဒါနကြီးစွာ ပြုလုပ်သည်။ ခုနစ်ရက်မြောက်သော နေ့တွင်ကား ဘုရားရှင် ဟောကြားအပ်သော တရားဒေသနာကို ကြားနာရသဖြင့် သားအမိ၊ သားအဖ သုံးယောက်လုံး သောတာပန်အရိယာ ဖြစ်သွားကြလေသည်။

သုမနသူဌေးကြီးကိုမှီ၍ အသက်မွေးနေခဲ့ရသော သူဆင်းရဲ မောင်ပုဏ္ဏတို့ ဇနီးမောင်နှံသည် ရှင်သာရိပုတ္တရာမထေရ်မြတ်၏ ချီးမြှောက်မှုကြောင့် နေ့ချင်း၊ ညချင်း သူဌေးကြီး၊ သူဌေးကတော်များ ဖြစ်သွားကြသည်ဟူသော သတင်းကား ရာဇဂြိုဟ်မြို့တော် တစ်ခုလုံးသို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ အမှန်အားဖြင့် ဗုဒ္ဓမြတ်စွာ၏ လက်ယာရံ အဂ္ဂသာဝကဖြစ်သော ရှင်သာရိပုတ္တရာသာမက၊ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်နှင့်တကွ လက်ဝဲရံ အဂ္ဂသာဝကကြီးဖြစ်သော ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့သည်လည်း အခါအားလျော်စွာ နိရောဓသမာပတ်ကို ဝင်စားပြီး နိရောဓသမာပတ်မှ ထသောအခါ သူဆင်းရဲတို့၏ ဆွမ်းအလှူကို ခံယူတော်မူလေ့ ရှိကြပေသည်။ အကြောင်းမှာ နိရောဓသမာပတ်မှ ထလာသော ဘုရားရဟန္တာတို့အား ရှေးဦးစွာ ဆွမ်းလောင်းလှူရသော အလှူဒါနသည် မျက်မှောက်ဘဝ၌ပင် ချက်ချင်းအကျိုးပေးနိုင်သော ဒိဋ္ဌဓမ္မဝေဒနိယကံ ဖြစ်သောကြောင့်ပေတည်း။

မည်သို့ပင်ဖြစ်စေ မောင်ပုဏ္ဏတို့ ဘဝသစ်ပြောင်းလာခြင်းမှာ တစ်ဦးတည်းသော သမီးလေး ဥတ္တရာအတွက် ကံကောင်းခြင်းပင် ဖြစ်၏။ ငယ်ရွယ်စဉ်ကလေးဘဝက ချို့တဲ့သိမ်ငယ်စွာ နေခဲ့ရသော ဥတ္တရာကလေးသည် အရွယ်ရောက်စအချိန်တွင် မမျှော်လင့်ဘဲ သူဌေးသမီးကလေး ဖြစ်လာခဲ့သဖြင့် သူမ၏ ဘဝမှာ လုံးဝ ပြောင်းလဲသွားသည်။ ရုပ်အဆင်းချောမောလှပပြီး လိမ္မာယဉ်ကျေးသူလေး ဖြစ်ခြင်းကြောင့်လည်း သူဌေးသမီးလေး ဥတ္တရာဟူသောအမည်မှာ ရာဇဂြိုဟ်ပြည်၌ လူသိများ ထင်ရှား

လာခဲ့သည်။ များစွာသော သူဌေးသူကြွယ်သားများကလည်း ဥတ္တရာ၏ မေတ္တာကို ရယူနိုင်ရန် ကြိုးစားအားထုတ်လာကြလေသည်။

ဥတ္တရာ၏ မေတ္တာကို ရရှိရန် ကြိုးစားအားထုတ်ခဲ့ကြသူများတွင် သုမနသူဌေးကြီး၏ သား မောင်နန္ဒသည်လည်း တစ်ဦးအပါအဝင် ဖြစ်၏။ အမှန်အားဖြင့် ဥတ္တရာ၏ မေတ္တာကို ရရှိရေးတွင် မောင်နန္ဒမှာ အခြားသော ပြိုင်ဘက်များထက်များစွာ အခွင့်အလမ်းသာခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဥတ္တရာ၏ မိဘများနှင့် သူ့မိဘများမှာ ကျေးဇူးခံ၊ ကျေးဇူးစားများ ဖြစ်ကြသောကြောင့် ဖြစ်လေသည်။ သို့ဖြစ်၍ မောင်နန္ဒသည် လူငယ်တို့ဘာဝဖြင့် ဥတ္တရာနှင့် နီးစပ်ခွင့်ရရှိရန် ကြိုးပမ်းပြီး တစ်ခြားတစ်ဖက်မှာလည်း မိဘနှစ်ပါးထံ၌ နားပူနားဆာ ပြုလေသည်။

သုမနသူဌေးကြီးမှာလည်း သားတော်မောင်၏ နားပူနားဆာ ပြုမှုကြောင့် မနေသာတော့ဘဲ ပုဏ္ဏသေဋ္ဌိသူဌေးကြီးထံ ချဉ်းကပ်၍ သားတော် နန္ဒအား ဥတ္တရာနှင့် လက်ထပ်ခွင့်ပေးရန် ကမ်းလှမ်းရလေတော့သည်။ ပုဏ္ဏသေဋ္ဌိအနေဖြင့် သုမနသူဌေးကြီး၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့ပါ၏။ သုမနသူဌေးကြီးသည် နှစ်ပေါင်းများစွာ မိမိ၏ မှီခိုအားထားရာ ကျေးဇူးရှင်ကြီး ဖြစ်ခဲ့ပြီး ယခုအချိန်တွင်လည်း မိမိနှင့် ဂုဏ်ရည်တူ သူဌေးကြီးတစ်ဦး ဖြစ်ပေရာ လောကအမြင်အားဖြင့် စဉ်းစားမည်ဆိုလျှင် သူ၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ရန်အကြောင်း မရှိချေ။ သို့သော်လည်း ဘဝအမြင်အားဖြင့် ကြည့်သောအခါတွင်မူ သူတို့နှစ်ဦးမှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းကဲ့သို့ ဖြစ်၍နေပေသည်။ အကြောင်းမှာ သုမနသူဌေးကြီးတို့ မိသားစုသည် နိဂဏ္ဌာခေါ် တက္ကတွန်းများကို ကိုးကွယ်ဆည်းကပ်နေသူများ ဖြစ်ကြပြီး ပုဏ္ဏသေဋ္ဌိမိသားစုမှာမူ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများ ဖြစ်နေကြသောကြောင့်ပေတည်း။

လူသားတို့သည် ဘိုးဘွားမိဘတို့မှ ဆင်းသက်လာသော ရိုးရာအစဉ်အလာများဖြင့်ဖြစ်စေ၊ အခြားသော အကြောင်းတစ်ခုခုကြောင့် ဖြစ်စေ၊ ဘာသာတရားတစ်မျိုးမျိုးကို ကိုးကွယ်ဆည်းကပ်လေ့ရှိကြ၏။ မိမိ ကိုးကွယ်

ဆည်းကပ်အပ်သော ဘာသာတရားနှင့် လျော်ညီသော ဘဝအမြင်များလည်း ရှိနေတတ်ကြ၏။ ဘဝအမြင်ဟူသည် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်၏။ ထို့ကြောင့် စီးပွားရေး၊ လူမှုရေး စသော လောကရေးရာတို့၌ မိမိနှင့် ဘဝအမြင်မတူသူတို့နှင့်လည်း အကြောင်းအားလျော်စွာ ပေါင်းသင်း ဆက်ဆံမှု ဖြစ်ကြရပေသည်။

သို့သော် အသက်ထက်ဆုံး နီးကပ်စွာ ပေါင်းသင်းနေထိုင်သွားရမည့် အိမ်ထောင်ရေးကိစ္စတွင်မူ ဇနီးမောင်နှံနှစ်ဦး စိတ်တူကိုယ်တူဖြစ်ရန် အထူး လိုအပ်ပေသည်။ ကိုးကွယ်ရန် ဘာသာတရား ကွဲပြား၍ ဘဝအမြင်ချင်း မတူလျှင် စိတ်တူကိုယ်တူဖြစ်ရန် လွန်စွာ ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် အသက်ထက်ဆုံး ခိုင်ခိုင်မာမာ လက်တွဲနေထိုင်သွားလိုသော ဇနီးမောင်နှံ နှစ်ဦးတို့သည် တူသော ယုံကြည်မှု၊ တူသော အကျင့်သီလ၊ တူသော အတွေးအမြင်ရှိဖို့ လိုအပ်ကြောင်း၊ ထိုကဲ့သို့သော တူညီမှုများ ရှိကြမည် ဆိုလျှင် ဤတစ်ဘဝမျှသာမက ဘဝပေါင်းများစွာ သံသရာအဆက်ဆက် တို့၌ပင် ဆုံစည်းသွားနိုင်ဖွယ် အကြောင်းရှိကြောင်း အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့ပေသည်။

ပုဏ္ဏာသေဋ္ဌီသည် သူဆင်းရဲဘဝမှ မမျှော်လင့်ဘဲ ရုတ်တရက် သူဌေးကြီး တစ်ဦး ဘဝရောက်လာခဲ့သူ ဖြစ်ငြားသော်လည်း ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးအမြင်နှင့်ကား ပြည့်စုံသူ ဖြစ်၏။ ထို့ပြင် ဗုဒ္ဓမြတ်စွာ၏ တရားကို ကြားနာရသဖြင့် ပထမအရိယာအဆင့်သို့ ရောက်ရှိနေပြီး ဖြစ်ခြင်းကြောင့်လည်း အရာရာ၌ မှန်ကန်စွာ တွေးခေါ်နိုင်စွမ်း ရှိနေပြီ ဖြစ်ပေသည်။ ထို့ကြောင့် သမီးပျို ဥတ္တရာ၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍ မိမိ၏ ကျေးဇူးရှင်သုမနသူဌေးကြီး၏ ကမ်းလှမ်းချက်ကို ချက်ချင်း အဖြေမပေးဘဲ အချိန်ဆွဲ၍ နေလေသည်။

သုမနသူဌေးကြီးကလည်း တစ်ကြိမ်တည်းဖြင့် အဖြေမရသောအခါ ဒုတိယအကြိမ် ထပ်၍ ပြောဆိုသည်။ ထိုဒုတိယအကြိမ်တွင်လည်း

"ကျွန်တော့်သမီးလေးက အိမ်ထောင်ရေးကို စိတ်ပါပုံ မရပါဘူး–သူဌေးမင်းရယ်"ဟူ၍ ရှောင်ဖယ်ဖယ် အဖြေကိုသာ ပုဏ္ဏသေဌ္ဌိက ပေးခဲ့လေသည်။

သုမနသူဌေးကြီးကား သားဖြစ်သူ မောင်နန္ဒ၏ ထပ်တလဲလဲ ပူဆာမှုကြောင့်လည်းကောင်း၊ ဥတ္တရာကလေး၏ လိမ္မာယဉ်ကျေးပုံကို သဘောကျနေသောကြောင့်လည်းကောင်း ဥတ္တရာကိုသာ ချွေးမတော်လိုပေသည်။ ထို့ကြောင့် တတိယအကြိမ်တွင် မိမိတစ်ဦးတည်းအနေဖြင့် မပြောတော့ဘဲ မိမိ၏ မိတ်ဆွေများလည်းဖြစ်၊ ပုဏ္ဏသေဌ္ဌိ၏ မိတ်ဆွေများလည်းဖြစ်သည့် သူဌေးကြီး ငါးဦးကို ခေါ်၍ ပုဏ္ဏသေဌ္ဌိတို့ အိမ်သို့ သွားလေသည်။

မိတ်ဆွေများနှင့်အတူ မိမိအိမ်သို့ ရောက်လာသော သုမနသူဌေးကြီးကို ပုဏ္ဏသေဌ္ဌိတို့ ဇနီးမောင်နှံက လှိုက်လှဲစွာ ကြိုဆိုဧည့်ခံသည်။ သို့သော် သုမနသူဌေးကြီးအနေဖြင့် ယခုကဲ့သို့ မိတ်ဆွေများနှင့်အတူ မိမိတို့အိမ်သို့ ရောက်လာခြင်းမှာ အလည်အပတ် သက်သက်တော့ မဟုတ်နိုင်။ သမီးဥတ္တရာ၏ကိစ္စအတွက် လာခြင်းဖြစ်ဖွယ်ရှိကြောင်း တွေးမိသည်။ ထို့ကြောင့် ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံစကား ပြောနေကြရသော်လည်း အိမ်ရှင်ဇနီးမောင်နှံ နှစ်ဦးလုံး၏ စိတ်တွင်မူ စနိုးစနောင့် ဖြစ်နေကြလေသည်။

သုမနသူဌေးကြီးကား လူမှုရေး၌ လိမ္မာပါးနပ်လှပေသည်။ လာရင်းကိစ္စကို မိမိကိုယ်တိုင် စမပြောဘဲ မိတ်ဆွေသူဌေးကြီးတစ်ဦးအား စပြောစေသည်။ ထိုသူဌေးကြီးက စကားစရာတွင် သုမနသူဌေးကြီးနှင့် ပုဏ္ဏသေဌ္ဌိသူဌေးကြီးနှစ်ဦးလုံးပင် မိမိ၏ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ပါကြောင်း၊ သူတို့နှစ်ဦးလုံးအနေဖြင့်လည်း ကာလကြာမြင့်စွာကပင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်ဆံမှုရှိခဲ့သူများ ဖြစ်ပါကြောင်း၊ သူတို့နှစ်ဦး မှာ သားပျို၊ သမီးပျို တစ်ဦးစီ အသီးသီး ရှိကြရာတွင် သုမနသူဌေးကြီးက မိမိ၏ သား မောင်နန္ဒကို ပုဏ္ဏသေဌ္ဌိ၏ သမီး ဥတ္တရာနှင့် ထိမ်းမြား လက်ထပ်ပေးလိုပါသည်ဟု ပြောဆိုပါကြောင်း။ မောင်နန္ဒနှင့် ဥတ္တရာတို့ကို

ထိမ်းမြားလက်ထပ်ပေးမည်ဆိုလျှင် **"နေနှင့်လ ရွှေနှင့်မြ"**ဆိုသကဲ့သို့ လွန်စွာ လိုက်ဖက်တင့်တယ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤကိစ္စကို သတို့သမီး ဥတ္တရာ၏ မိဘများဖြစ်သည့် ပုဏ္ဏာသေဋ္ဌိနှင့် ဘာရိတာတို့ကလည်း ကျေနပ်နှစ်သက် သဘောတူကြပါရန် သုမနသူဌေးကြီး၏ ကိုယ်စား မိမိက အနူးအညွတ် တောင်းပန်အပ်ပါကြောင်းဖြင့် ရှိန်းရှိန်းဝေအောင် ပြောဆိုလေသည်။

ဤသို့ သုမနသူဌေးကြီးက မိတ်ဆွေများ၏ အကူအညီဖြင့် မငြင်းသာအောင် လာရောက်ပြောဆိုသောအခါ ပုဏ္ဏာသေဋ္ဌိတို့ ဇနီးမောင်နှံမှာ အကြပ်ရိုက်သွားလေသည်။ မိတ်ဆွေများ အလယ်၌ ပွင့်ပွင့်လင်းလင်း ငြင်းပယ်လိုက်မည်ဆိုလျှင်၊ သုမနသူဌေးကြီး လွန်စွာမျက်နှာပျက်သွားပေလိမ့်မည်။ မိမိတို့အားလည်း ကျေးဇူးမသိတတ်သူများဟူ၍ မှတ်ယူသွားကြပေလိမ့်မည်။ သုမနသူဌေးကြီး၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ခြင်းမပြုဘဲ လက်ခံရန်မှာလည်း ဘာသာရေး ယုံကြည်မှု ကွဲပြားနေခြင်းက အဟန့်အတားပြုနေပေသည်။ ထိုခေတ်က လူမှုရေးထုံးစံအရ မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦး လက်ထပ်လိုက်လျှင် မိန်းကလေးမှာ ယောကျ်ားလေးအိမ်သို့ လိုက်ပါသွားပြီး ယောက္ခမတို့၏ အလိုကျနေထိုင်ကြရမြဲဖြစ်၏။ သောတာပန်အရိယာ အဆင့်သို့ ဝင်ရောက်နေပြီဖြစ်၍ **ဘုရား၊ တရား၊ သံဃာ**တို့နှင့် မကင်းမကွာနေလေ့ရှိသော သမီးလေး ဥတ္တရာမှာ နိဂဏ္ဌဝါဒီ ယောက္ခမတို့အိမ်သို့ ရောက်သွားလျှင် ကိုယ်ရောစိတ်ပါ များစွာ ဆင်းရဲဒုက္ခခံစားရရှာပေလိမ့်မည်။ ကျောင်းတော်သို့သွား၍ တရားနာရန်လည်းကောင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူရန်လည်းကောင်း အခွင့်ရတော့မည် မဟုတ်ချေ။

ဤသို့လျှင် ပုဏ္ဏာသေဋ္ဌိ သူဌေးကြီးသည် သမီးလေး ဥတ္တရာအတွက် စိုးရိမ်ကြောင့်ကြဖွယ်ရာများကို တွေး၍နေသဖြင့် သုမနသူဌေးကြီး၏ ကမ်းလှမ်းချက်ကို ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေသည်။ ဘာသာရေး အယူဝါဒ မတူသောကြောင့် လက်မခံနိုင်ပါဟု ငြင်းပယ်လိုက်မည်ဆိုလျှင်

လည်း လူမှုဆက်ဆံရေးအားဖြင့် ရိုင်းစိုင်းရာကျမည် ဖြစ်၏။ သို့သော်လည်း ထိုသို့ မထွေးနိုင် မအန်နိုင် ဖြစ်နေစဉ်မှာ ပုဏ္ဏာသေဋ္ဌိသူဌေးကြီးသည် သာဝတ္ထိပြည်မှ ဝိသာခါတို့အကြောင်းကို သတိရသွားသည်။ သာကေတမြို့မှ ဓနဥ္စယသူဌေးကြီး၏ သမီး ဝိသာခါသည် အသက်ခုနစ်နှစ်အရွယ်မှာပင် ဘုရားရှင်ကို ဖူးမြင်၍ တရားနာယူရသဖြင့် သောတာပန်အဖြစ်သို့ ရောက်ခဲ့သည်။ သို့သော်လည်း မမျှော်လင့်သော ဖူးစာကံ၏ ဖန်တီးမှုကြောင့် သာဝတ္ထိပြည်မှ နိဂဏ္ဌဝါဒီတိတ္ထိတို့၏ တပည့်ဒကာဖြစ်သည့် မိဂါရသူဌေးကြီး၏ သားပုဏ္ဏဝဍ္ဎနနှင့် လက်ထပ်ခဲ့ရသည်။ သို့ရာတွင် ထူးချွန်ထက်မြက်သော မိန်းကလေးတစ်ဦး ဖြစ်သော ဝိသာခါသည် ယောက္ခမတို့၏ အယူဝါဒကို ဆန့်ကျင်ရှုတ်ချပြီး ထိုအိမ်သားများအားလုံးကို ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများဖြစ်အောင် ပြုလုပ်နိုင်ခဲ့ပေသည်။

ထို့ပြင် သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းဒကာ အနာထပိဏ် သူဌေးကြီး၏ သမီး စူဠသုဘဒ္ဒါသည်လည်း သောတာပန်ဖြစ်ပြီးမှပင် နိဂဏ္ဌသာဝကဖြစ်သော ဥဂ္ဂသူဌေးသားနှင့် လက်ထပ်ခဲ့ရ၏။ သူမသည် လည်း ဝိသာခါနည်းတူပင် ရတနာသုံးပါး၏ ဂုဏ်တော်များကို ထင်ရှား ပြသခြင်းဖြင့် ယောက္ခမနှင့် မိသားစုအားလုံးကို ဗုဒ္ဓမြတ်စွာ တပည့်သာဝက များ ဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့လေသည်။

အထက်ပါအကြောင်းများကို စဉ်းစားမိသောအခါ ပုဏ္ဏာသေဋ္ဌိအား မျှော်လင့်ချက်တစ်ခု ပေါ်လာသည်။ သမီးလေး ဥတ္တရာကို အကြောင်း ပြုပြီး သုမနသူဌေးကြီး၏ မိသားစုများ ရတနာသုံးပါး၌ သက်ဝင်ယုံကြည် သူများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း စဉ်းစားမိလာသည်။ ထို့ကြောင့် မိမိ၏ အဖြေကို မျှော်လင့်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြသည့် သူဌေးကြီးများကို “ဒီက မိတ်ဆွေကြီးများကို ကျွန်ုပ် အားနာလှပါပြီ။ သမီးလေးက သဘောတူမယ်ဆိုရင် သုမနသူဌေးကြီးရဲ့ ကမ်းလှမ်းချက်ကို လက်ခံပါ တော့မယ်”ဟု အဖြေပေးလိုက်လေသည်။

ထို့နောက် သမီးလေး ဥတ္တရာကိုခေါ်ပြီး အကျိုးအကြောင်းများကို ပြောပြ၍ သူမ၏ဆန္ဒကို ညှော်သည်များ ရှေ့မှောက်၌ပင် မေးမြန်းလေသည်။ သမီးအလိမ္မာလေး ဥတ္တရာကမူ ဘာမျှ အထူးအထွေ မပြော၊ လူကြီးမိဘများ စီမံသည့်အတိုင်း လိုက်နာပါမည်ဟူ၍သာ အဖြေပေးလေသည်။ မှန်ကန်သော အသိအမြင်ရှိနေပြီဖြစ်သော ဥတ္တရာအနေဖြင့် မည်သည့်အခြေအနေ၌မဆို ခိုင်မာရဲဝံ့စွာ ရပ်တည်သွားနိုင်လိမ့်မည်ဟူ၍ ယုံကြည်မှု အပြည့်အဝရှိနေပြီ ဖြစ်ဟန်တူပါသည်။ ထို့ကြောင့်သာလျှင် မိမိ၏ အိမ်ထောင်ရေးကိစ္စ၌ အယူဝါဒရေးရာကြောင့် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြမှု မရှိဘဲ ထိုကဲ့သို့ လွယ်ကူစွာ အဖြေပေးလိုက်ခြင်း ဖြစ်ဖွယ်ရှိပါသည်။

ထိုအခါ သုမနသူဌေးကြီးမှာ လွန်စွာဝမ်းသာကျေနပ်လျက် လက်ထပ်ပွဲကျင်းပရန် နေ့ရက်ကိုပါ တစ်ခါတည်း ညှိနှိုင်းသတ်မှတ်ပြီး အိမ်သို့ ပြန်သွားသည်။ သတ်မှတ်သောနေ့ရက်သို့ ရောက်သောအခါ မောင်နန္ဒနှင့် ဥတ္တရာတို့၏ လက်ထပ်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြီး ချွေးမတော်ဥတ္တရာကို မိမိတို့အိမ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

သူဌေးပုဏ္ဏသေဋ္ဌိနှင့် သူဌေးကတော် ဘာရိတာတို့မှာ တစ်ဦးတည်းသော သမီးကလေး ဥတ္တရာနှင့် ခွဲခွာလိုက်ရသဖြင့် ရင်တွင်း၌ ဟာ၍ ကျန်ရစ်ခဲ့ကြသည်။ နှစ်ဦးလုံးသော သောတာပန်အဆင့်သို့ ရောက်ပြီးသော လူအရိယာများ ဖြစ်သည့်တိုင်အောင် တဏှာပေမ လုံးဝ မကင်းစင်သေးသဖြင့် သမီးလေးအပေါ်၌ သံယောဇဉ်ကြိုးတင်းလျက်ပင် ရှိနေကြသည်။ သားသမီးများ အိမ်ထောင်ပြုသွားကြလျှင် မိဘတို့မှာ မိမိတို့၏ သားသမီးများကို ဆိုင်ရုံသာဆိုင်ပြီး မပိုင်ကြတော့ဟု ပြောဆိုလေ့ရှိသည်။ ထိုခေတ်၊ ထိုဒေသမှ အိမ်ထောင်ရေးစနစ်တွင်ကား အိမ်ထောင်ကျသွားသော သမီး၏ မိဘများမှာ မိမိတို့ သမီးကို ဆိုင်ရုံမျှပင် မဆိုင်တော့သလို ဖြစ်ခဲ့ရလေသည်။

ဥတ္တရာကား လိမ္မာယဉ်ကျေးသော မိန်းကလေးပီသစွာဖြင့် ယောက္ခမ အိမ်သို့ ရောက်သည်နေ့မှစ၍ အိမ်တွင်းမှု အလုပ်များကို ကျွမ်းကျင်စွာ ဆောင်ရွက်သည်။ ခင်ပွန်းသည် မောင်နန္ဒအား ယုယမြတ်နိုးစွာ လုပ်ကျွေးပြုစု

သည်။ ယောက္ခမကြီးများအပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ္တရားများကိုလည်း တစ်စုံတစ်ရာ လစ်ဟင်းမှု မရှိစေဘဲ အမြဲတစေ ဂရုစိုက်သည်။ အိမ်တွင်း လုပ်သား အစေအပါးများကိုလည်း ထောက်ထားညှာတာ ကြင်နာမှု အပြည့်အဝဖြင့် စီမံအုပ်ချုပ်သည်။ ထို့ကြောင့် ဥတ္တရာ ရောက်လာသည့် နေ့မှစ၍ သုမနသူဌေးကြီးတို့အိမ်မှာ ယခင်ကနှင့် မတူဘဲ ပို၍ သာယာ စိုပြည်လာလေသည်။

သုမနသူဌေးကြီးအိမ်သို့ ဥတ္တရာ ရောက်လာသည့်နေ့မှစ၍ သာယာစို ပြည်မှု တိုးတက်လာသည်မှာကား အမှန်ပင် ဖြစ်၏။ ဥတ္တရာမှာလည်း အခိုင်းအစေ ခြွေရံပရိသတ် အပြည့်အစုံနှင့် သူဌေးကတော်လေးတစ်ဦး အဖြစ်ဖြင့် ထည်ထည်ဝါဝါ နေရပါ၏။ သို့သော်ငြားလည်း သူမ၏ တစ်ခုသော အလိုဆန္ဒမှာမူ မပြည့်ဝဘဲနေသဖြင့် စိတ်ဆင်းရဲမှုကို တစ်စ တစ်စ ခံစားလာရလေသည်။

ဥတ္တရာသည် မိဘများအိမ်၌ နေထိုင်စဉ်က နံနက်တိုင်း မိခင်ကြီး နှင့်အတူ သံဃာတော်များအား နိစ္စဘတ်ဆွမ်းလောင်းလှူခြင်း အမှုကို နေ့စဉ်မပျက် ပြုလုပ်ခဲ့သည်။ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ဆောက်တည်ပြီး မိဘများနှင့်အတူ ကျောင်းတော်သို့သွား၍ တရားနာခဲ့သည်။ သုမနသူဌေးကြီး တို့အိမ်တွင်မူ ဆွမ်းခံကြွလာသော သံဃာတော်တစ်ပါးမှ မရှိ။ နိဂဏ္ဌ တက္ကတွန်းများအားသာ ဆွမ်းလောင်းနေကြသည်။ သူတို့၏ ယုံကြည်ချက် အရ ထိုသို့ပြုလုပ်နေကြခြင်းကို ဥတ္တရာအနေဖြင့် ဟန့်တားခြင်း မပြုနိုင်။ ထိုနိဂဏ္ဌတက္ကတွန်းများအား မိမိကိုယ်တိုင်၊ ဆွမ်းလောင်းခြင်း၊ ရှိခိုးခြင်းများ မပြုလုပ်ဘဲ ရှောင်လွှဲနေနိုင်ခဲ့သော်လည်း အိမ်ရှင်မတစ်ဦးအနေဖြင့် စီမံ ချက်ပြုတ်မှုများကိုမူ မလွှဲသာ၊ မရှောင်သာ ပြုလုပ်နေရ၏။

အမှန်အားဖြင့် မိမိတို့က **"ဘုရားတစ်ဆူ ဝူတစ်လုံး"**ကဲ့သို့ပြု၍ ကိုးကွယ်ဆည်းကပ်နေသည့် တက္ကတွန်းရဟန်းများအား ဥတ္တရာက ဦးချခြင်း မျှပင် မပြုဘဲ ရှောင်ဖယ်ဖယ်လုပ်နေသည်ကို သုမနသူဌေးကြီးနှင့် အိမ် သားများကလည်း အကဲခတ်မိကြ၏။ သို့သော်လည်း တစ်နေ့သောအခါ

သူတို့ဘက်သို့ ပါလာလိမ့်မည်ဟု မျှော်လင့်နေကြဟန်တူပါသည်။ မည်သို့မျှ ဝေဖန်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်း မပြုဘဲ မသိကျိုးကျွံ ပြု၍သာ နေကြလေသည်။

မောင်နန္ဒကား ဘာသာတရား၌ စိတ်ဝင်စားမှုမရှိ၊ လူငယ်စိတ်မကုန်သေးသည်ဖြစ်၍ ပျော်ပျော်ပါးပါး၊ စားစားသောက်သောက်ဖြင့်သာ နေလေ့ရှိ၏။ အထူးသဖြင့် လိမ္မာယဉ်ကျေးသော ဇနီးချောကလေး၏ ပြုစုယုယမှုများ၌ လွန်စွာကျေနပ်ပျော်မွေ့နေလေသည်။ သို့အားဖြင့် အချိန်ကာလ လေးလကျော်၊ ငါးလမျှ ကုန်လွန်သွားခဲ့သည်။ ထိုအတောအတွင်း ဥတ္တရာမှာ သံဃာတော် တစ်ပါးကိုမျှ ဆွမ်းမလောင်းရ၊ ဥပုသ်လည်း တစ်ရက်မျှ မစောင့်ရ၊ ဘုရားကျောင်းတော်သို့ သွား၍ တရားနာရန်မှာမူ ပို၍ပင် အလှမ်းဝေးခဲ့လေသည်။ ထို့ကြောင့် ဥတ္တရာသည် မိမိ၏ ခံစားချက်ကို ဆက်၍ မျိုသိပ်မထားနိုင်တော့သည့်အဆုံးတွင် မိဘများထံသို့ စာတစ်စောင်ရေးသားပြီး အကြောင်းစုံကို ရင်ဖွင့်ပြလိုက်လေသည်။

ပုဏ္ဏသေဋ္ဌေး သူဌေးကြီးနှင့် သူဌေးကတော်ကြီး ဘာရိတာတို့မှာ သမီးလေးထံမှ စာကို ဖတ်ရှုသောအခါ ရင်ထုမနာ ဖြစ်ကြရသည်။ မိမိတို့၏ ဆုံးဖြတ်ချက် လွဲမှားလေပြီဟု နောင်တရမိကြသည်။ သို့သော်လည်း လက်လွန်ပြီး ကိစ္စဖြစ်၍ ပြန်နုတ်၍ ရနိုင်တော့မည် မဟုတ်။ လောလောဆယ်အားဖြင့် သမီးလေး စိတ်ချမ်းသာမှုရရှိစေနိုင်မည့် နည်းလမ်းများကိုသာ ဇနီးမောင်နှံ နှစ်ဦး နှီးနှောတိုင်ပင်ကြရတော့၏။ ထို့နောက်တွင်မူ ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသော အကြံတစ်ခု စဉ်းစားမိကြသဖြင့် သမီးထံသို့ ခပ်မြန်မြန်ပင် စာပြန်လိုက်ကြသည်။ ထိုအကြံကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အသပြာငွေများကိုလည်း စာနှင့်အတူ တစ်ပါတည်း ပို့လိုက်ကြလေသည်။

ဥတ္တရာသည် မိဘများထံမှ ပြန်စာ ရရှိသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ထိုစာတွင် ဖော်ပြထားသော အကြံအစည်ကို အကောင်အထည်ဖော်ရန် အားထုတ်သည် ရှေ့ဦးစွာ ရာဇဂြိုဟ်ပြည်တွင် နာမည်ကြီးနေသော ပျော်တော်ဆက်အလှမယ် သီရိမာကို အိမ်သို့ ဖိတ်ခေါ်၍ ဆွေးနွေးသည်။

"ညီမ သီရိမာ၊ ညီမဆီက အကူအညီတစ်ခု တောင်းချင်ပါတယ်"

"ဘယ်လို အကူအညီပါလဲ မမ။ ညီမ တတ်နိုင်တဲ့ အကူအညီဆိုရင် ပေးဖို့ အဆင်သင့်ပါပဲ"

"မမက ဝါမကျွတ်ခင် ၁၅-ရက်လောက် ဥပုသ်စောင့်ချင်ပါတယ်။ ဒီအတောအတွင်းမှာ ညီမက မမကိုယ်စား မမရဲ့ ခင်ပွန်း ကိုနန္ဒကို အချိန်ပြည့် လုပ်ကျွေးပြုစုပေးဖို့ ဖြစ်ပါတယ်။ ဒီအတွက် အသပြာငွေ တစ်သောင်းငါးထောင်ကို ကြိုပြီး ယူထားပါ။ ကိစ္စပြီးတဲ့အခါကျတော့လည်း ထပ်ပြီးတော့ မမဆုကြေးပေးပါဦးမယ်"

သူဌေးကတော်လေးတစ်ဦး ဖြစ်စေကာမူ မိမိအား နှိမ့်ချ၍ မဆက်ဆံဘဲ တန်းတူရည်တူ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံသည့်အတွက် သီရိမာ ကျေနပ်သွားသည်။ မိန်းမသားအချင်းချင်း စာနာထောက်ထားတတ်သူ တစ်ဦးအဖြစ်ဖြင့်လည်း လေးစားယုံကြည်သွားလေသည်။ ထို့ကြောင့် "ကောင်းပါပြီ မမ၊ မမကို ကူညီတဲ့အနေနဲ့ ဒီတာဝန်ကို ညီမ ကျေပွန်အောင် ဆောင်ရွက်ပေးပါ့မယ်"ဟု ဆိုကာ ဥတ္တရာ၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်လေသည်။

ဥတ္တရာသည် မိမိ၏ ရည်ရွယ်ချက် ပြည့်ဝစေရန်အတွက် သီရိမာ၏ ဝန်ခံချက်ကို ရယူပြီးနောက် ခင်ပွန်းဖြစ်သူ ကိုနန္ဒထံ ချဉ်းကပ်ရပြန်သည်။

"မောင်မောင်၊ ဒီနေ့ မောင်မောင့်ဆီက ကျွန်မ တောင်းဆိုချင်တာ တစ်ခု ရှိပါတယ်။ မောင်မောင် ခွင့်ပြုနိုင်ပါ့မလား"

"ဘာများ တောင်းဆိုချင်ပါသလဲ ဥတ္တရာ၊ မင်းမှာ ဘာများ လိုအပ်တာရှိနေလို့လဲ"

"တစ်ခြားတော့ မဟုတ်ပါဘူး မောင်မောင်၊ ကျွန်မဟာ အဖေတို့၊ အမေတို့ အိမ်မှာ နေစဉ်က ခုလို ဝါတွင်းကာလမှာ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ခဲ့ပါတယ်။ ဒီနှစ်ဝါတွင်းမှာတော့ တစ်ရက်မှ ဥပုသ် မစောင့်ရသေးပါဘူး။ ဒါကြောင့် အခု ဝါမကျွတ်မီမှာ ၁၅-ရက်လောက် ဥပုသ်စောင့်ချင်ပါတယ်။ မောင်မောင်ခွင့်ပြုနိုင်ပါ့မလား"

"၁၅-ရက်ကြီးတောင်လား ဥတ္တရာရဲ့၊ ဘယ်ဖြစ်ပါ့မလဲ။ ပြီးတော့ မောင်မောင်တို့ လက်ထပ်ပြီးတာလည်း ဘာမှ မကြာသေးဘူး။ သုံးလ လောက်ပဲ ရှိသေးတယ်။ ခုလို ချမ်းချမ်းသာသာ၊ ပျော်ပျော်ပါးပါး နေရမယ့်အချိန်မှာ ဥတ္တရာက ဘာကြောင့် ဒုက္ခရှာပြီး ဥပုသ်စောင့်ချင် ရတာလဲ။ မောင်မောင့်အနားမှာ ဥတ္တရာမရှိရင်လည်း မောင်မောင် တစ်ယောက်တည်း ဘယ်လိုမှ နေတတ်တော့မှာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် မောင်မောင်၊ ဒါပေမယ့် မောင်မောင့်အတွက်လည်း အဆင်ပြေအောင် ကျွန်မ စီစဉ်ထားပါတယ်။ အဲဒီ ၁၅-ရက်အတွင်းမှာ မောင်မောင့်ကို လုပ်ကျွေးပြုစုဖို့ တာဝန် မလစ်ဟင်းစေရပါဘူး။ ကျွန်မ သူငယ်ချင်း သီရိမာက မောင်မောင့်အနားမှာ အမြဲမကွာ ရှိနေပါလိမ့်မယ်"

"သီရိမာ၊ ဟုတ်လား။ သူက မင်းတာဝန်ကို ယူနိုင်မတဲ့လား"

"သီရိမာ"ဟူသော အသံကို ကြားရသောအခါတွင်မူ ကိုနန္ဒ လေသံပြောင်းသွားသည်။ သူဌေးသားပီပီ အပျော်အပါး၌ လွန်စွာ စိတ်ဝင် စားသော ကိုနန္ဒသည် အလှမယ်သီရိမာနှင့် ၁၅-ရက်မျှ အတူနေရမည်ဟု ဆိုသဖြင့် များစွာ ကျေနပ်သွားလေသည်။ ထို့ကြောင့် ဥတ္တရာအား ၁၅- ရက်မျှ ဥပုသ်ဆောက်ရန် သဘောတူလိုက်လေသည်။ ဥပုသ်စောင့်ရုံမျှမက ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများအား အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်ပါရစေ ဟူသော ဥတ္တရာ၏ တောင်းဆိုချက်ကိုလည်း လိုက်လျောလိုက်လေသည်။

ဥတ္တရာ၏ အစီအစဉ်ဖြင့် သီရိမာသည် သူဌေးသား ကိုနန္ဒ၏ ခြေရင်းသို့ ရောက်လာသည်။ တစ်ဆယ့်ငါးရက်သော အချိန်ကာလအတွက် တစ်သောင်းငါးထောင်သော အသပြာငွေကို ရရှိထားပြီးဖြစ်သည့်အပြင် ယာယီသူဌေးကတော်လေးဘဝဖြင့် သူဌေးသား ကိုနန္ဒ၏ တိုက်အိမ်ကြီး ပေါ်၌ ခံညားထည်ဝါစွာ နေရသဖြင့် သီရိမာ လွန်စွာ ကျေနပ်နေလေသည်။ ကိုနန္ဒအနေဖြင့်လည်း ဥတ္တရာထက်ပို၍ လှပတင့်တယ် နုနယ်ပျိုမျစ်ပြီး ဆွဲအားကောင်းလှသော သီရိမာ၏ ပြုစုယုယမှုများ၌ အပျော်ကြီး ပျော်နေ လေသည်။

ဤသို့လျှင် ကိုနန္ဒနှင့် သီရိမာတို့က အိမ်ကြီးပေါ်၌ ပျော်ပွဲဆင်နေကြချိန်တွင် ဥတ္တရာက ထိုတိုက်အိမ်ကြီး၏ အနောက်ဘက်ရှိ သီးခြားအဆောင်တစ်ခုထဲသို့ ဆင်း၍ နေသည်။ သူမသည် နေ့စဉ် နံနက်စောစော အိပ်ရာမှထပြီး အခိုင်းအစေများနှင့်အတူ ဆွမ်းဘောဇဉ်များ စီမံချက်ပြုတ်၍ သံဃာတော်များအား ဆွမ်းလောင်းလှူသည်။ ဥပုသ်လည်း နေ့စဉ်စောင့်သည်။ မိမိတို့၏ တပည့်ဒကာဖြစ်သော သုမနသူဌေးကြီးအိမ်သို့ ဗုဒ္ဓဂေါတမ၏ တပည့်သာဝကဖြစ်သော ရဟန်းသံဃာများ ဝင်၍ ဆွမ်းခံနေကြသည်ကို တွေ့မြင်ရသောအခါ နိဂဏ္ဍတက္ကတွန်းများ အထိတ်တလန့် ဖြစ်ကုန်ကြသည်။ သုမနသူဌေးကြီးထံ ချဉ်းကပ်၍ "ဒကာကြီး ဘယ်လို ဖြစ်တာလဲ။ ရဟန်း ဂေါတမရဲ့တပည့် ခံလိုက်ပြီလား"စသည်ဖြင့် မေးမြန်းစုံစမ်းကြသည်။ ထိုအခါ သူဌေးကြီးက မဟုတ်ပါဘူးဘုရား။ အရှင်ဘုရားတို့ မစိုးရိမ်ကြပါနဲ့။ သားတော်မောင်က သူ့ဇနီးကို အလိုလိုက်ပြီး ခွင့်ပြုထားလို့ ဥတ္တရာက သူ့ဆရာတွေကို ဆွမ်းလောင်းနေတာပါ။ သားမျက်နှာကိုထောက်ပြီး ဒါလောက်ကိုတော့ တပည့်တော်လည်း တားလို့ မကောင်းပါဘူး"

သုမနသူဌေးကြီး၏ အဖြေကို တက္ကတွန်းများ မကျေနပ်လှချေ။ ချွေးမလုပ်သမျှကို ယောက္ခမတွေက လက်ပိုက်ကြည့်နေကြရခြင်းမှာ သဘာဝမကျ။ သူလည်းပဲ သာဝတ္ထိက မိဂါရသူဌေးကြီးလို မကြာခင်မှာ ရဟန်းဂေါတမဘက် ပါသွားတော့မှာပဲ"ဤသို့ တွေးကာ စိုးရိမ်ပူပန်နေကြသည်။ သို့သော်လည်း မည်သို့မျှမတတ်နိုင်ကြသဖြင့် သူဌေးကြီးအိမ်ကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှု၍သာ နေကြရလေသည်။

ဥတ္တရာကား သီတင်းကျွတ်လဆန်းတစ်ရက်နေ့မှစ၍ နေ့စဉ် ဥပုသ်စောင့်ခြင်း၊ သံဃာများအား ဆွမ်းလောင်းခြင်း၊ တရားဘာဝနာပွားများခြင်း စသော ကုသိုလ်ကောင်းမှုတို့ဖြင့်သာ အချိန်ပြည့် ပျော်မွေ့နေခဲ့ရာ သီတင်းကျွတ်လပြည့် အဖိတ်နေ့သို့ ရောက်လာသည်။ ထို့ကြောင့် သူမအဖို့ နောက်ဆုံး အခွင့်အရေးဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင်

ဘုရားရှင်နှင့်တကွ သံဃာငါးရာပင့်ဖိတ်၍ ဆွမ်းကပ်ရန် စီစဉ်နေသည်။ ထိုအချိန်တွင် တိုက်အိမ်ကြီးပေါ်မှ ကိုနန္ဒက ပြတင်းပေါက်မှနေ၍ အောက်သို့ လှမ်းကြည့်လိုက်ရာ ခြေလက်မျက်နှာတို့၌ အိုးမဲနှင့်ပြာများ လိမ်းကပ်ပေကျံလျက် အစေခံတစ်ယောက်နှင့်မခြား၊ အလုပ်များနေသော ဥတ္တရာကို တွေ့မြင်သွားလေသည်။ ထိုအခါ ကိုနန္ဒက "ဪ ဒီမိန်းမနှယ် မိုက်မဲလှပါဘိ။ ချမ်းချမ်းသာသာ နေနိုင်ပါလျက် မနေဘူး။ သူ့ဆရာ ဦးပြည်းကတုံးတွေအတွက် အဆင်းရဲခံနေလိုက်တာ။ သနားစရာပါပဲ"ဟု တွေးမိသဖြင့် တစ်ဦးတည်း အခြောက်တိုက် ပြုံးရယ်ကာ တိုက်ခန်းထဲသို့ ပြန်ဝင်သွားလေသည်။

တစ်ယောက်တည်း အခြောက်တိုက် ပြုံးရယ်ကာ တိုက်ခန်းထဲသို့ ဝင်လာသော ကိုနန္ဒကို အိပ်ရာပေါ်၌ ကပိုကရို လဲလျောင်းနေသော သီရိမာက အမှတ်ထင်ထင် လှမ်းမြင်သည်။ "ဘာကိုများ သဘောကျပြီး ပြုံးလာတာလဲ မောင်ရဲ့"ဟု ကန့်ကရ အမူအရာဖြင့် မေးလိုက်သည်။ သို့သော် ကိုနန္ဒက မည်သို့မျှ မဖြေ။ တုဏှိဘော လုပ်၍နေသည်။ ထိုအခါ သိလိုစိတ်ပြင်းပြသော သီရိမာက အခန်းထဲမှ ထွက်ပြီး ပြတင်းပေါက်မှနေ၍ အောက်သို့ လှမ်းကြည့်သည်။ ဥတ္တရာကို တွေ့မြင်ရသောအခါ "ဪ သူတို့နှစ်ဦးက တိတ်တိတ်ပုန်း ကြည်နေကြတာပဲ"ဟု တွေးမိလျက် မနာလိုစိတ်ပြင်းစွာ ဖြစ်ပေါ်လာသည်။ မိမိသည် ကိုနန္ဒ၏ ယာယီအငှား မယားမျှသာ ဖြစ်ကြောင်းကိုလည်း မေ့လျော့သွားလေသည်။

ထို့ကြောင့် သီရိမာသည် တိုက်အိမ်ကြီးပေါ်မှ အပြေးဆင်းသွားပြီး မီးဖိုပေါ်တွင် ကျိုက်ကျိုက်ဆူနေသော ဒယ်အိုးထဲမှ ထောပတ်ဆီများကို ယောက်ချိုဖြင့် ခပ်ယူ၍ ဥတ္တရာ၏ ကိုယ်ပေါ်သို့ လောင်းပက်လိုက်လေသည်။ ဥတ္တရာကား တိုက်အိမ်ကြီးပေါ်မှ သီရိမာ ကသောကမျော ဆင်းလာသည်ကို တွေ့မြင်ရသဖြင့် အံ့အားသင့်သွားသည်။ ထို့နောက် ယောက်ချိုဖြင့် ထောပတ်ဆီပူများကို ခပ်ယူပြီး မိမိထံသို့ ဦးတည်လာနေသည်ကို မြင်ရသောအခါ မိမိအား ရန်ပြုရန်လာနေခြင်း ဖြစ်ကြောင်း ရိပ်မိခဲ့သည်။ သူမ၏ မျက်နှာမှာ ဒေါသအရိပ်များဖြင့် ခက်ထန်တင်းမာ

လျက်ရှိရာ တစ်စုံတစ်ခုသော အကြောင်းဖြင့် မိမိအပေါ်၌ အကြီးအကျယ် မကျေမနပ် ဖြစ်နေကြောင်း တွေးမိလေသည်။

သို့သော်လည်း ဥတ္တရာအနေဖြင့် သီရိမာအပေါ်၌ အမျက်ဒေါသစိတ် စိုးစဉ်းမျှ ဖြစ်ပေါ်မလာခဲ့။ **"သူဟာ ငါ့ကျေးဇူးရှင်ပဲ။ သူ့ကျေးဇူးကြောင့်သာ ငါဟာ ခုလို ဥပုသ်စောင့်ဖို့၊ အလှူဒါနပြုဖို့ အခွင့်အရေး ရရှိခဲ့တာ ဖြစ်တယ်"**ဟူ၍ ဆင်ခြင်ပြီး မေတ္တာစိတ်ကိုသာ ပွားများနေခဲ့သည်။ ထို့နောက် ***"အကယ်၍ သီရိမာအပေါ် ငါအမျက်ဒေါသပွားခဲ့မိလျှင် ထောပတ်ဆီပူသည် ငါ့ကို ပူလောင်ပါစေ၊ အမျက်ဒေါသ မပွားခဲ့မိလျှင်ကား မပူလောင်ပါစေနဲ့"*** ဟု သစ္စာပြုလိုက်လေသည်။ ဥတ္တရာ၏ ခေါင်းပေါ်သို့ သီရိမာ လောင်းလိုက်သော ထောပတ်ဆီပူမှာ အေးမြသော ရေခဲရေဖြင့်သာ လောင်းလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

မိမိလောင်းပက်လိုက်သော ဆီပူရည်ကြောင့် ဥတ္တရာ၌ မည်သို့မျှ ထိခိုက်မှုမရှိသည်ကို တွေ့မြင်ရသောအခါ သီရိမာ မကျေမနပ် ဖြစ်သွားသည်။ ထို့ကြောင့် ဒုတိယအကြိမ် ထပ်ပက်ရန် ဒယ်အိုးကြီးထဲမှ ဆီပူများကို သွားခပ်ပြန်သည်။ ထိုအခါ ဥတ္တရာနှင့်အတူ ဆွမ်းချက်ပြုတ်ရေးကိစ္စများ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် အခိုင်းအစေများက လက်ပိုက်၍ ကြည့်မနေကြတော့ဘဲ သီရိမာကို ဖမ်းချုပ်ပြီး ရိုက်နှက်ကြသည်။ ဥတ္တရာက ဝင်ရောက် တားဆီးမှ သီရိမာ သက်သာရာ ရသွားလေသည်။ ဥတ္တရာသည် သီရိမာအား ရိုက်နှက်ခြင်းမပြုရန် မိမိ၏ အစေအပါးများအား တားဆီးပြီး သီရိမာ၏ ကိုယ်မှ ဒဏ်ရာများကိုလည်း နံ့သာဆီဖြင့် လိမ်းကျံပြုစုပေးလေသည်။

သီရိမာကား ထိုအခါကျမှ မိမိအမှားကို မြင်လာသည်။ "ငါသည် မိမိ၏ ဘဝမှန်ကို မေ့လျော့ပြီး မနာလိုဝန်တိုစိတ်ဖြင့် သူတော်ကောင်းမလေး ဥတ္တရာကို ပြစ်မှားမိလေပြီ။ ဥတ္တရာလို စိတ်ထားမွန်မြတ်သူ တစ်ဦးအား ပြစ်မှားမိခြင်းကား လွန်စွာမှ အပြစ်ကြီးလေးလှပေ၏။ ထိုအပြစ်ကို ဝန်ချတောင်းပန်ခြင်း မပြုလျှင် ငါ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၍ ကျပေရာ၏"

သီရိမာသည် ဤသို့ စဉ်းစားမိသည်ဖြစ်၍ ဥတ္တရာ၏ ခြေရင်း၌ ဝပ်စင်းဦးတိုက်ပြီး "သခင်မ၊ ကျွန်မ မိုက်မဲစွာ ပြုမိသော အပြစ်ကို သည်းခံပါ"ဟု တောင်းပန်သည်။ ထိုအခါ ဥတ္တရာက "အချင်း သီရိမာ၊ သင်သည် ငါ၏ ဖခင်သဖွယ်ဖြစ်သော မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ငါ့ကို တောင်းပန်ပါလော့"ဟု ပြောဆိုသည်။ သီရိမာကလည်း ကောင်းပါပြီဟု ဝန်ခံသည်။ နောက်နေ့ နံနက်တွင် ဘုရားရှင်နှင့်တကွ ရဟန်းငါးရာတို့ ဥတ္တရာ၏အိမ်သို့ ဆွမ်းအလို့ငှာ ကြွရောက်လာကြသည်။ ဥတ္တရာက သီရိမာနှင့်အတူ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော သံဃာအား လုပ်ကျွေးပြုစုသည်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဥတ္တရာသည် သီရိမာနှင့်အတူ ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးသည်။ ထို့နောက် သီရိမာက ဥတ္တရာအား ယမန်နေ့က နည်းတူ မိမိ၏ အပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်သည်။ ထိုအခါ ဘုရားရှင်က "သမီး ဥတ္တရာ၊ သီရိမာက သင့်ကို ဘယ်လို ပြစ်မှားခဲ့သလဲ"ဟု မေးတော်မူသည်။ ဥတ္တရာက ယမန်နေ့၌ ဖြစ်ပျက်ခဲ့သော အကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားသည်။ ဥတ္တရာ၏ လျှောက်ကြားချက်ကို ကြားရသောအခါ ဘုရားရှင်က ဥတ္တရာအား ဤသို့ မေးမြန်းတော်မူသည်။

"သမီး ဥတ္တရာ၊ သီရိမာက ကျိုက်ကျိုက်ဆူသော ထောပတ်ရည်ဖြင့် သင့်ကို လောင်းပက်သောအခါ သင်သည် အဘယ်သို့ နှလုံးသွင်းနေခဲ့သနည်း"

"ငါသည် သီရိမာကြောင့် ဥပုသ်စောင့်ခွင့် ရရှိခဲ့၏၊ အလှူဒါနပြုခွင့် ရရှိခဲ့၏။ ဘုရားရှင်ကို ဖူးမြင်ခွင့် ရရှိခဲ့၏။ သီရိမာ၏ ကျေးဇူးကား ကြီးမားလှပေ၏။ ဤသို့လျှင် တပည့်တော်သည် သီရိမာအပေါ်၌ အမျက်ဒေါသ မပွားဘဲ မေတ္တာစိတ်ကိုသာ ထားရှိခဲ့ပါသည် ဘုရား"

"ချစ်သမီး ဥတ္တရာ၊ **သာဓု–သာဓု–သာဓု ကောင်းပေစွ၊ ကောင်းပေစွ**"

ဘုရားရှင်သည် ဥတ္တရာအား သာဓု သုံးကြိမ်ခေါ်၍ ချီးမွမ်းတော်မူပြီး **"အက္ကောဓေန ဇိနေကောဓံ"**အစရှိသော တရားဂါထာကို ဟောကြားတော်မူသည်။ ထိုဂါထာ၏ အဓိပ္ပါယ်ကား–

"အမျက်ဒေါသထွက်နေသူကို အမျက်ဒေါသ မပွားဘဲ
မေတ္တာစိတ်ထားခြင်းဖြင့်သာလျှင်
အောင်မြင်ရာ၏။
အကျင့်ဖေါက်ပြား လူမိုက်များကို
စိတ်ထားကောင်းမွန်ဖြူစင်သော အကျင့်ဖြင့်သာလျှင်
အောင်မြင်ရာ၏။
ဝန်တိုစေးနဲ မစ္ဆရိယစိတ် လွှမ်းကဲသူကို-
စွန့်ကြဲပေးကမ်းခြင်းဖြင့်သာလျှင်
အောင်မြင်ရာ၏။
စကားမမှန် ဖောက်ပြန်စွာ ပြောဆိုတတ်သူကို-
မဖောက်မပြန် မှန်ကန်သောစကားဖြင့်သာလျှင်
အောင်မြင်ရာ၏"

ဟူ၍ ဆိုလိုပါသည်။ ထိုတရားဒေသနာအဆုံး၌ သီရိမာသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းကွာသော သောတာပန်အရိယာ အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

ဤသို့လျှင် သောတာပန်အဖြစ်သို့ ရောက်၍ အသိမှန်အမြင်မှန် ရရှိသွားသော သီရိမာသည် နောက်တစ်နေ့တွင် ဘုရားအမှူးရှိသော သံဃာအား မိမိနေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ ထို့နောက် မိမိအိမ်သို့ နေ့စဉ်နေ့တိုင်း သံဃာရှစ်ပါး ဆွမ်းခံကြွပါရန်လည်း ပင့်ဖိတ်သည်။ ထို့ကြောင့် ဝေဠုဝန်ကျောင်းတော်မှ **"ဘတ္တုဒ္ဒေသက"** ခေါ် ဆွမ်းညွှန်းရဟန်းသည် ကျောင်းတိုက်အတွင်းရှိ သံဃာများထဲမှာ ဝါစဉ်အားဖြင့် အလှည့်ကျသော ရဟန်းရှစ်ပါးကို သီရိမာ၏ အိမ်သို့ နေ့စဉ် စေလွှတ်ပေးရလေသည်။

သီရိမာ၏အိမ်သို့ အလှည့်ကျအားဖြင့် ဆွမ်းခံသွားရသော ရဟန်းတို့တွင် တရားအသိ ပြည့်ဝသော ရဟန်းများ ပါဝင်သကဲ့သို့ တစ်ခါတစ်ရံ တရားအသိ မပြည့်ဝသေးသော ရဟန်းများလည်း ပါဝင်ကြ လေသည်။ တရားအသိ ပြည့်ဝသော ရဟန်းများအနေဖြင့် သီရိမာအိမ်သို့ ဆွမ်းခံသွားရခြင်းအတွက် မည်သို့မျှ အကြောင်းမထူးဘဲ သမဏသိက္ခာ ပြည့်စုံစွာနှင့်ပင် ကြွသွားကြ၏။ တရားအသိ နုနယ်သေးသော ရဟန်းများ

အဖို့ကား ထိုသို့မဟုတ်ချေ။ သီရိမာအိမ်သို့ မိမိဆွမ်းလှည့်ကျကြောင်း သိရသည့်အချိန်မှစ၍ စိတ်လှုပ်ရှားတတ်ကြ၏။ ဆွမ်းခံသွားသောအခါ၌လည်း ရတောင့်ရခဲ အခွင့်အရေးအနေဖြင့် သီရိမာကို စိတ်ဝင်တစား ကြည့်ရှုတတ်ကြ၏။ အမှန်အားဖြင့် သီရိမာသည် သောတာပန်ဖြစ်သည့် အချိန်မှစ၍ ပျော်တော်ဆက်အလုပ်ကို စွန့်ပယ်ပြီး ရိုးရိုးကလေးသာ နေခဲ့သည်။ မိမိကိုယ်ကိုလည်း ယခင်ကကဲ့သို့ လှပတင့်တယ် စွဲမက်ဖွယ်ဖြစ်အောင် အထူးတလည် ဆင်ယင်ချယ်သခြင်း မပြုတော့ချေ။ သို့သော်လည်း ရိုးရိုးယဉ်ယဉ်နှင့် ပင်ကိုယ်လှဖြစ်နေသော သီရိမာကို တွေ့မြင်ရသော ရဟန်းတို့ကမူ သီရိမာ၏ ဆွမ်းကိုစားရခြင်းထက် သီရိမာအား နီးကပ်စွာ တွေ့မြင်ရခြင်းကို ပို၍ ကျေနပ်အားရ ဖြစ်နေကြလေသည်။

တစ်နေ့သ၌ ရာဇဂြိုဟ်မြို့တော်မှ ရဟန်းတစ်ပါးသည် မြို့တော်မှ သုံးယူဇနာမျှဝေးသော တောရွာကျောင်းတစ်ကျောင်းသို့ ရောက်ရှိသွား၏။ ကျောင်းနေရဟန်းတို့သည် ထိုအာဂန္တုရဟန်းနှင့် အာလာပ သလ္လာပ စကားပြောဆိုကြရင်း ရာဇဂြိုဟ်၌ ဆွမ်းကွမ်းပြည့်စုံမှုရှိကြောင်း ဖြေကြားပြီး သီရိမာ၏ အိမ်၌ မိမိဆွမ်းခံခဲ့ရပုံကိုပါ ဖြည့်စွက် ပြောကြားလေသည်။ သီရိမာမှာ နာမည်ကြီးသလောက် ရုပ်ရည်ချောမောလှပကြောင်း၊ သဒ္ဓါတရားလည်း ထက်သန်လှသဖြင့် လွန်စွာ ကောင်းမွန်သော ဆွမ်းခဲဖွယ်များကို ကိုယ်တိုင်ကပ်လှူလေ့ရှိကြောင်း ထိုရဟန်းက ချီးမွမ်းပြောဆိုသည်။ ထိုရဟန်းမှာ ခရီးမထွက်မီ တစ်နေ့ကပင် သီရိမာအိမ်သို့ ဆွမ်းခံသွားခဲ့ရသူ ဖြစ်လေသည်။

အပြောကောင်းလှသော ထိုအာဂန္တုရဟန်း၏ စကားကြောင့် ထိုတောရွာကျောင်းမှ ရှင်သောမ အမည်ရှိသော ရဟန်းပျိုတစ်ပါးသည် သီရိမာကို တွေ့လိုမြင်လိုသော စိတ်ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် "တပည့်တော်တို့လည်း တစ်ခါလောက်တော့ သီရိမာရဲ့ ဆွမ်းကို စားဖူးချင်ပါရဲ့ဘုရား"ဟု ဖွင့်ဟ ပြောဆိုလေသည်။ ထိုအခါ အာဂန္တုရဟန်းက ရှင်သောမအား "ငါ့ရှင်၊ ဘယ်နှစ်ဝါရှိပြီလဲ"ဟု မေးသည်။

"ငါးဝါပဲ ရပါသေးတယ်ဘုရား" ဟု ရှင်သောမက ဖြေသည်။ "ဒီလိုဆို ခုအချိန်မှာ ရာဇဂြိုဟ်ကိုသွားရင် မကြာခင်မှာ သီရိမာအိမ်ကို ဆွမ်းလှည့်ကျဖို့ သေချာတယ်"ဟု အာဂန္တုရဟန်းက ပြောလေသည်။

အာဂန္တုရဟန်း၏ စကားကို ကြားရသောအခါ ရဟန်းပျိုရှင်သောမသည် အချိန်မဆိုင်းတော့ဘဲ နောက်နေ့နံနက်မှာပင် မျှော်လင့်ချက်ကြီးစွာဖြင့် ရာဇဂြိုဟ်သို့ ခရီးထွက်ခဲ့သည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်သွားပြီး တစ်ရက်နှစ်ရက်အတွင်းမှာပင် သီရိမာအိမ်သို့ ဆွမ်းခံရန် အလှည့်ကျလေသည်။ ထိုနေ့ အလှည့်ကျသော ရဟန်းရှစ်ပါးတို့တွင်လည်း ရှင်သောမမှာ ဝါအကြီးဆုံးဖြစ်သဖြင့် သူကပင် ဦးဆောင်ကာ သီရိမာ အိမ်သို့ ကြွသွားရသည်။

သီရိမာ၏ အိမ်သို့ရောက်သောအခါတွင်မူ သီရိမာကို အရိပ်အယောင်မျှပင် မတွေ့ရ၊ အခိုင်းအစေများကသာ ရဟန်းတို့၏ လက်မှ သပိတ်များကို ယူ၍ ဆွမ်းခဲဖွယ်များကို လောင်းထည့်နေကြသည်။ ထို့ကြောင့် "သီရိမာရှိမှ ရှိပါရဲ့လား၊ အပြင်များ သွားနေလေသလား"ဟု တွေးလျက် ရှင်သောမ အားမလိုအားမရ ဖြစ်နေလေသည်။ သပိတ်များ၌ ဆွမ်းခဲဖွယ်ဘောဇဉ်များ ထည့်ပြီးသောအခါတွင်မူ အစေခံမိန်းမနှစ်ယောက်က "ကဲ-သံဃာတွေကို ဆွမ်းကပ်ပြီး ကန်တော့ဖို့ သခင်မကို သွားခေါ်ကြစို့"ဟု ဆိုကာ အိမ်ခန်း ထဲသို့ ဝင်သွားကြသည်။ ရှင်သောမသည် စက္ခုန္ဒြေကိုပင် မထိန်းနိုင်တော့ဘဲ ထိုအိမ်ခန်းဘက်ဆီသို့ စိတ်ဝင်စားစွာ ကြည့်ရှုနေလေသည်။

မကြာမီတွင် အစေခံမိန်းမနှစ်ယောက်က နွမ်းနွမ်းလျလျဖြင့် မကျန်း မမာဖြစ်နေပုံရသည့် သူတို့ သခင်မကို ဘေးတစ်ဖက်တစ်ချက်စီမှ ဖေးမကာ သံဃာတော်များရှေ့သို့ ခေါ်လာကြသည်။ သီရိမာမှာ သစ်လွင်တောက်ပခြင်း မရှိသည့် တစ်ပတ်နွမ်း အဝတ်များကို ဝတ်ဆင်ထားစေကာမူ စိုပြည် ဝင်းညက်သော အသားအရေနှင့် ပြေပြစ်သော ကိုယ်ခန္ဓာ အဆစ်အပိုင်းများက သူမ အလှကို မဖုံးမကွယ်နိုင်ဘဲ ရှိနေကြလေသည်။ နောက်ဘက်သို့ တွဲကျနေသည့် ရှည်လျားသော ပိတုန်းရောင်ဆံပင်များနှင့် ကော့ရွန်းတောက် ပသော မျက်လုံး၊ မျက်ခုံးတို့ကလည်း ဆွဲဆောင်မှု အပြည့် ရှိနေလေသည်။

သီရိမာသည် သံဃာတော်များအား ရိုသေစွာ ရှိခိုးပြီး "တပည့်တော်မ ရက်တရက် နေမကောင်းဖြစ်နေလို့ ဆွမ်းလောင်းဖို့ကိစ္စအတွက် ကိုယ်တိုင် မစီမံနိုင်တာကို ခွင့်လွှတ်တော်မူကြပါဘုရား"ဟူ၍ ခပ်တိုးတိုးအသံဖြင့် လျှောက်ကြားသည်။ ထို့နောက် **"သံဃထေရ်"**ဖြစ်သော ရှင်သောမ၏ ဆွမ်းသပိတ်ကို မနိုင့်တနိုင်ဖြင့် မ၍ ကိုယ်တိုင်ဆက်ကပ်သည်။ ရှင်သောမ ကလည်း **"သုခိဟောတု–ဒကာမကြီး ကျန်းမာချမ်းသာပါစေ"**ဟု မြွက်ဆို လျက် ဆွမ်းသပိတ်ကို အကပ်ခံသည်။ ကျန်သံဃာခုနစ်ပါးတို့၏ ဆွမ်း သပိတ်များကိုမူ သီရိမာကိုယ်တိုင် မကပ်နိုင်သဖြင့် အစေခံမိန်းကလေး များကသာ ကပ်လှူကြရလေသည်။

သီရိမာ၏ နေအိမ်မှ ဆွမ်းခံ၍ ကျောင်းသို့ ပြန်ကြွလာသော ရဟန်းပျို အရှင်သောမကား အလာတုန်းကလို ခြေမသွက်တော့ချေ။ မကြည်သာသော နှလုံး၊ မပြုံးမရွှင်နိုင်သော မျက်နှာဖြင့် လေးလံစွာ ပြန်ကြွလာ၏။ အမှန်တော့ အရှင်သောမ ဤသို့ ဖြစ်ရသည်မှာ ဆွမ်း ဒါယိကာမလေး သီရိမာ မကျန်းမမာ ဖြစ်နေရှာသည်ကို တွေ့မြင်ရခြင်း ကြောင့်မဟုတ်၊ သီရိမာ၏ ရုပ်အသွင်ကို တရေးရေး မြင်နေသောကြောင့် ဖြစ်၏။

"မကျန်းမာ၍ မပြင်နိုင်၊ မဆင်နိုင် ပင်ကိုယ်အတိုင်းပင် ဤမျှ ချောမောလှပနေဘိ၏၊ ကျန်းကျန်းမာမာနှင့် ဝတ်စားဆင်ယင် ပြင်ဆင် ထားလိုက်ရင်တော့ ပြောစရာပင် ရှိမည်မဟုတ်"

အရှင်သောမသည် ဤသို့သောအတွေးဖြင့် သီရိမာအပေါ်၌ စွဲမက် စိတ်များ ပိုမိုတိုးပွားလာသောကြောင့် ကျောင်းသို့ရောက်သောအခါ ဆွမ်းကိုပင် မစားနိုင်တော့၊ မိမိ နေထိုင်ရာ ကျောင်းသခ်န်းထဲသို့သာ တန်းဝင်သွားပြီး သပိတ်ကို ဘေးနား၌ ချထားပြီး အိပ်ယာထဲတွင် သင်္ကန်းကို ခေါင်းမြီးခြုံကာ လှဲအိပ်နေလေသည်။

သီရိမာကား အရှင်သောမတို့အား ဆွမ်းကပ်ပြီးသော ထိုနေ့၏ ညပိုင်းမှာပင် ရက်တရက် စွဲကပ်လာသော ထိုဝေဒနာဖြင့် မမျှော်လင့်ဘဲ ကွယ်လွန်သွား ရရှာလေသည်။ လှတုန်းပတုန်း အရွယ်ကောင်းတုန်းမှာပင် စောစီးစွာ ကွယ်လွန်သွားရခြင်းအတွက် သာမန်လူများအဖို့ ဝမ်းနည်းဖွယ်

နမျောဖွယ်ပင် ဖြစ်၏။ သို့သော်လည်း သီရိမာအဖို့မှာမူ သူတော်ကောင်းမလေး ဥတ္တရာ၏ ကျေးဇူးကြောင့် ဘုရားရှင်နှင့်တွေ့၍ တရားထူးကိုပင် သိမြင်ခဲ့ပြီးဖြစ်ရာ စောစီးစွာ သေလွန်ရခြင်းအတွက် ဆုံးရှုံးမှု မရှိချေ။ အတိတ်ကံ အကျိုးပေးကြောင့် စောစောပိုင်း၌ ယောကျ်ားသားတို့၏ အလိုရမက်ကို ဖြည့်ဆည်းပေးရသော ပျော်တော်ဆက်မယ် ဘဝဖြင့် အသက်မွေးခဲ့ရစေကာမူ ထိုကျေးဇူးရှင်မလေးနှင့် တွေ့ဆုံရပြီး နောက်ပိုင်းတွင် စင်ကြယ်သော ဘဝကို ထူထောင်နိုင်ခဲ့ပေသည်။ သေလွန်ပြီး နောက်တွင်လည်း သာယာအေးချမ်းသော သုဂတိဘုံနန်းက သူမအား လက်ကမ်း၍ ကြိုနေမည်သာ ဖြစ်ပါသည်။

ရာဇဂြိုဟ်၏ ကျက်သရေဆောင် အလှမယ် သီရိမာ ကွယ်လွန်သွားကြောင်းကို သက်ဆိုင်ရာ မှူးမတ်တို့က ဗိမ္ဗိသာရမင်းကြီးအား တင်လျှောက်ကြသည်။ မင်းကြီးကလည်း သမားတော် ဇီဝက၏ နှမဖြစ်သူ သီရိမာ ကွယ်လွန်သွားပါကြောင်း ဘုရားရှင်အား လျှောက်ကြားစေသည်။ ဘုရားရှင်က သီရိမာ၏ အလောင်းကို သုသာန်၌ မပျက်မစီးအောင် ကောင်းစွာ စောင့်ရှောက်ထားပြီး စတုတ္ထမြောက်နေ့ကျမှ မီးသဂြိုဟ်ရန် မိန့်ကြားတော်မူလိုက်သည်။

မင်းကြီးသည် ဘုရားရှင် မိန့်ကြားတော်မူလိုက်သည့်အတိုင်း သီရိမာ၏ အလောင်းကို သုသာန်၌ အစောင့်အရှောက်များဖြင့် ကောင်းစွာ ထားရန် အမတ်တို့အား အမိန့်ပေးထားသည်။ သီရိမာအား မီးသဂြိုဟ်သော အသုဘပွဲတွင် ဘုရားရှင်ကိုယ်တိုင်ကြွလာပြီး ထူးခြားသော တရားဒေသနာကို ဟောကြားတော်မူလိမ့်မည်ဟူ၍လည်း မျှော်လင့်ထားသည်။ ထို့ကြောင့် မြို့သူမြို့သားများကိုလည်း သီရိမာ၏ အသုဘပွဲသို့ တစ်အိမ်တစ်ယောက် လာရောက်ကြရန် ဆင့်ခေါ်ထားသည်။

ဗုဒ္ဓမြတ်စွာသည် စတုတ္ထမြောက်နေ့ ဆွမ်းစားပြီးချိန်တွင် သီရိမာ၏ အသုဘသို့ ကြွသွားရန်အတွက် ရဟန်းတို့ကို နှိုးဆော်ရန် ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာက ကျောင်းအသီးသီးသို့ လှည့်၍ ရဟန်းတို့ကို နှိုးဆော်သောအခါ ငါးရက်လုံးလုံး ဆွမ်းကိုပင် မစားနိုင်ဘဲ အိပ်ယာထဲ၌သာ လဲနေသော ရှင်သောမက သီရိမာဟူသော အသံကို

ကြားသဖြင့် ရုတ်တရက် ခေါင်းထောင်၍ ထလာသည်။ ထိုစဉ်မှာပင် သီတင်းသုံးဖော် ရဟန်းတစ်ပါးကလည်း သူ၏ ကျောင်းခန်းတံခါးဝသို့ ရောက်လာပြီး “ဦးသောမရေ ထ-ထ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် သီရိမာရဲ့ အသုဘသို့ ကြွတော်မူမလို့တဲ့၊ တပည့်တော်တို့လဲ လိုက်သွားကြရအောင်”ဟု ဆိုလေသည်။

ထိုအခါတွင်မူ မိမိစွဲလမ်းနေသော သီရိမာမှာ သေလွန်ရှာပြီ ဖြစ်ကြောင်း အရှင်သောမ သိလိုက်ရတော့၏။ ယင်းသို့ သိလိုက်ရသည်နှင့် တစ်ပြိုင်နက် သူမအား နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုလိုသည်ဖြစ်၍ သပိတ်ထဲမှ ဆွမ်းများကို စွန့်ပစ်ဆေးကြောပြီး ဘုရားရှင်နောက်မှ လိုက်ပါနိုင်ရန် အမြန်ဆုံး ပြင်ဆင်လေတော့သည်။

ထိုနေ့တွင်ကား ရာဇဂြိုဟ်မြို့တော်၏ မြောက်ဖက်ရှိ သုသာန်၌ နံနက်ပိုင်းမှစ၍ လူထုပရိသတ် အထူးစည်ကားနေ၏။ နန်းတော်မှ စည်လှည့်၍ နှိုးဆော်ထားသည့်ပြင် နိုင်ငံကျော်အလှမယ်အား နောက်ဆုံးအနေဖြင့် ကြည့်ရှုလိုကြခြင်းကြောင့်လည်း ယောက်ျား၊ မိန်းမ၊ လူကြီးလူငယ် စသည်အားဖြင့် လူမျိုးစုံ ရောက်လာကြခြင်း ဖြစ်၏။ ထို့ပြင် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာတော်မူလိမ့်မည်ဟူသော သတင်းကြောင့် တရားထူးကို နာကြားလိုသော မျှော်လင့်ချက်ဖြင့် လာကြသူများလည်း ပါရှိ၏။ အထူးအားဖြင့်ကား သီရိမာ၏ ကျေးဇူးရှင် သူဌေးကတော်လေး ဥတ္တရာသည်လည်း မိမိ၏ ခြွေရံပရိသတ်နှင့်အတူ ခပ်စောစော ရောက်ရှိလာ၏။

ဤသို့ လူအများ ရောက်ရှိလာကြသော်လည်း ထိုလူတို့သည် သီရိမာ၏ အလောင်းကို နီးနီးကပ်ကပ် ကြည့်ရှုခွင့် မရရှိကြသေးချေ။ လေးဘက်လေးတန်၌ အကာအရံများ ပြုလုပ်ထားပြီး ရဲမက်စစ်သည်တို့က ဝန်းရံစောင့်ရှောက်နေကြသောကြောင့် ခပ်ဝေးဝေးမှသာ အလောင်းကို မျှော်၍ ကြည့်ကြရ၏။ အလောင်းကို ကောင်းစွာ မမြင်ကြရသော်လည်း တစ်ဦးနှင့်တစ်ဦး တိုးကြဝှေ့ကြ၊ လဲကြ၊ ပြိုကျဖြင့် များစွာ ပင်ပန်းကြလေသည်။ ရန်းရင်ဆန်ခတ် မဖြစ်စေရန် တာဝန်ရှိသူများက အထူးကြပ်မတ်၍ ထိန်းသိမ်းနေကြရလေသည်။

အမှန်အားဖြင့် သီရိမာအလောင်းကိုသာ နီးနီးကပ်ကပ် တွေ့မြင်ကြရမည်ဆိုလျှင် ရောက်လာသော လူထုပရိသတ်ထဲမှ အနည်းဆုံးအားဖြင့် တစ်ဝက်မျှသော လူတို့သည် နှာခေါင်းရှုံ့ပြီး နောက်ဆုတ်၍ ပြန်သွားကြပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်– လေးရက်တိုင်တိုင် မပြုမပြင် ပင်ကိုယ်အတိုင်းထားရှိခဲ့သော သီရိမာ၏ အလောင်းမှာ ထိုအချိန်တွင် ဖူးရောင်ပုပ်ပွလျက် စက်ဆုပ်ရွံရှာဖွယ်အတိ ဖြစ်နေပြီ ဖြစ်သောကြောင့်ပေတည်း။

နေမွန်းတည့်အချိန်လောက်တွင် သမားတော် ဇီဝက အပါအဝင်မှူးမတ်ဗိုလ်ပါ မြောက်မြားစွာ ခြံရံလျက် ဗိမ္ဗိသာရမင်းကြီး ဆိုက်ရောက်လာသည်။ ဝိသာခါကျောင်းအစ်မကြီးသည်လည်း အမျိုးသမီး ငါးရာအခြံအရံဖြင့် နောက်ပါ သံဃာများတွင် ဘိက္ခုသံဃာများသာမက ဘိက္ခုနီသံဃာများလည်း ပါရှိလာ၏။ မြတ်စွာဘုရားနှင့် ဘိက္ခုသံဃာတို့က အလောင်း၏ ညာဘက်မှနေရာယူကြပြီး ဘိက္ခုနီသံဃာများနှင့် ဗိမ္ဗိသာရမင်းကြီး အမှူးရှိသော လူပရိသတ်တို့က လက်ဝဲဘက်မှ စီတန်းရပ်တည်ကြကုန်လျက် အလောင်းကို ကြည့်ရှုကြသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်၍ အပုပ်နံ့ထွက်နေသော အလောင်းကောင်ကို တွေ့မြင်ရသော လူအပေါင်းသည် နှာခေါင်းပိတ်၍ စိတ်မသက်မသာ ဖြစ်နေကြသည်။ သို့တိုင်အောင် မမြင်ရသော နောက်တန်းမှ လူများက တားမနိုင်ဆီးမရ ရှေ့သို့ တိုးဝှေ့လာကြသည်။ ထိုအချိန်တွင် ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးအား မိန့်ကြားတော်မူသည်။

"မင်းကြီး၊ ဤသီရိမာသည် အသက်ရှင်စဉ်က မည်မျှ အဖိုးထိုက်တန်ပါသနည်း"

*"သူမနှင့် ပျော်ပါးလိုသူများ တစ်ညလျှင် အသပြာတစ်ထောင် ပေးကြရပါသည် ဘုရား။"*

"ယခု သီရိမာ၏ အလောင်းကို အသပြာတစ်ထောင်ပေး၍ ယူမည့်သူ ရှိပါဦးမည်လော။"

*"အသပြာတစ်ထောင် မဆိုထားဘိ၊ အသပြာတစ်ပြားမျှ မပေးဘဲ အခမဲ့ပင် ယူမည့်သူ မရှိတော့ပါ ဘုရား။"*

ဤသို့ ဗိမ္ဗိသာရမင်းကြီးက ပြောကြားသောအခါ ဘုရားရှင်က ရဟန်းရှင်လူ ပရိသတ်ကြီးဘက်သို့ လှည့်တော်မူလျက် အသုဘကမ္မဋ္ဌာန်း တရားကို ဟောကြားတော်မူလေသည်–

**“အို–သူတော်ကောင်းအပေါင်းတို့၊ ဤအလောင်းကောင်ကို ရှုကြကုန်လော့။ အသက်ရှင်စဉ် ဟို ယခင်က အဝတ်တန်ဆာ ပန်းနံ့သာတို့ဖြင့် ဆင်ယင်ခြယ်သထားအပ်သည်ဖြစ်၍ လွန်စွာ လှပတင့်တယ်ခဲ့၏။ စင်စစ်အားဖြင့်ကား ဤကိုယ်ခန္ဓာသည် အနာဝကိုးခု ရှိသည့် အနာအစုပင် ဖြစ်၏၊ အရိုးပေါင်း သုံးရာတို့ဖြင့် တည်ဆောက်ထားသည်ဖြစ်၍ အခါမလပ် နာကျင်တတ်၏၊ လူအများက အမျိုးမျိုး ကြံလျက် နှစ်သက်စုံမက်နေကြသော်လည်း ဤကိုယ်ကောင်ကား တည်တံ့ခိုင်မြဲခြင်းမရှိ၊ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း သဘောရှိသည်သာ ဖြစ်၏။”**

ဘုရားရှင်က ဤသို့ ဟောကြားတော်မူသောအခါ ရှစ်သောင်းလေးထောင်သော ရဟန်းရှင်လူတို့ သစ္စာလေးပါးကို သိမြင်သွားကြသည်။ သီရိမာကို စွဲလမ်းနေသော ရဟန်းပျိုရှင်သောမသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို့နောက် သီရိမာ၏ အလောင်းကို စတင် မီးသင်္ဂြိုဟ်၍ ဘုရားရှင်နှင့်တကွ ရဟန်းရှင်လူအပေါင်း သုသာန်မှ ပြန်သွားကြသည်။ သူဌေးကတော်လေး ဥတ္တရာသည်လည်း တစ်ချိန်က မိမိအား ကူညီခဲ့သော ကျေးဇူးကို အထူးသတိရလျက် “သွားပေဦးတော့ သီရိမာရေ၊ ဘဝ တစ်ကွေ့ကွေ့မှာတော့ မင်းနှင့်ငါ ထပ်ပြီး တွေ့နိုင်ကောင်းပါသေးရဲ့”ဟု နှုတ်ဆက်ကာ သုသာန်မှ ပြန်ခဲ့လေသည်။

✳ ✳ ✳

# ဒီယကေသီ

## ဆံပင်ကိုဖြတ်၍ ဆွမ်းကပ်ခဲ့သူ

ကျွန်မရဲ့ ဇာတိကတော့ ဥဇ္ဇေနီပြည်နယ်အတွင်းက **"တေလပနာဠိ"** ဆိုတဲ့ ရွာကြီး ဖြစ်ပါသည်။ "တေလပနာဠိ"မှာ အိမ်ခြေငါးထောင်ကျော် ရှိပါသည်။ ဒါ့အပြင် ခုနစ်ရက်တစ်ပတ်ဈေးလည်း ရှိပါသည်။ ဈေးနေ့တွင် အနီးပတ်ဝန်းကျင် ကျေးရွာတို့မှလာသော ဈေးရောင်း ဈေးဝယ်များဖြင့် အလွန်စည်ကားပါသည်။ ဈေးရောင်း ဈေးဝယ်များတွင် အချို့က လှည်းဖြင့် လာကြပြီး၊ အချို့က ပခုံးထမ်းဖြင့် လာကြပါသည်။ တစ်ဦးချင်း ခြေလျင်လာကြပြီး မိမိ တစ်နိုင်စာ ရောင်းဝယ်သူတို့လည်း အများအပြားပင် ရှိပါသည်။

ကျွန်မရဲ့ မိဘများမှာ "တေလပနာဠိ"တွင် လူချမ်းသာ စာရင်းဝင် သူများ ဖြစ်ပါသည်။ လယ်ယာမြေ ဧက (၅၀၀)ကျော်ရှိသဖြင့် မြေပိုင်ရှင် တစ်ဦးဟု ဆိုနိုင်ပါသည်။ အိမ်မှာလည်း ဆန်၊ ဆီ စသော ပစ္စည်းများ ရောင်းချသည့် ကုန်စုံဆိုင်ကြီး ဖွင့်ထားပါသည်။ ကျွန်မတို့ရွာမှာ မြေပဲနှင့် နှမ်းကို အများဆုံး စိုက်ပျိုး၍ စားသုံးဆီ အလွန်ပေါများပါသည်။ ထို့ကြောင့်ပင် "တေလပနာဠိ"ဟု အမည်တွင်ခြင်း ဖြစ်ပါသည်။ "တေလ

ပနာဋ္ဌိ"မှာ ဆီကျည်တောက်ဟု အမိပ္ပါယ်ရပါသည်။ ဥဒ္ဓေနီမြို့တော်မှ ကုန်သည်ကြီးများမှာ ကျွန်မတို့ရွာမှ ဆီများကိုသာ လာရောက် ဝယ်ယူကြပါသည်။

ကျွန်မရဲ့ မိဘများမှာ သားသမီးများများ မထွန်းကားခဲ့ပါ။ ကျွန်မသာလျှင် တစ်ယောက်တည်းသော သမီး ဖြစ်ပါသည်။ အမေရော၊ အဖေကပါ ကျွန်မကို တုန်နေအောင် ချစ်ကြပါသည်။ ကျွန်မမှာ မွေးကင်းစ အရွယ်မှစ၍ ဆံပင်များ အံ့လွှန်ကောင်းခဲ့သည်ဟု ဆိုပါသည်။ အရွယ်ရောက်လာသောအချိန်တွင်မူ မည်းမှောင်ကြပ်သိပ်၍ နေသော ကျွန်မဆံပင်များမှာ ဖြန့်ချထားသည့်အခါ တင်ပါးအောက်သို့ ရောက်အောင် ရှည်လျားခဲ့ပါသည်။ ထို့ကြောင့်ပင် ကျွန်မကို အဖေနှင့် အမေတို့က **"ဒီဃကေသီ"**(ဆံရှည်မ)ဟု နာမည်ပေးခဲ့ကြပါသည်။ သို့ရာတွင် လူတိုင်းလိုလိုကပင် **"ကေသီ"**ဟုသာ အဖျားဆွတ်၍ ခေါ်လေ့ရှိကြပါသည်။

ကျွန်မသည် လူမှန်းသိတတ်သော အရွယ်မှစ၍ မတောင့်မတ မကြောင့်မကြ နေခဲ့ရသော်လည်း အသက် ၁၄-နှစ်ကျော်၊ ၁၅-နှစ်တွင်းသို့ ရောက်လာချိန်တွင်မူ ကျွန်မဘဝထဲသို့ ကြမ္မာဆိုးကြီး တစ်ခု ကျရောက်လာခဲ့ပါတော့သည်။ အကြောင်းမှာ မိဘနှစ်ပါးလုံး ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားသောကြောင့် ဖြစ်ပါသည်။ မိဘနှစ်ပါးအနက် ဖခင်ကြီးက ရှေးဦးစွာ ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။ အသက် ခြောက်ဆယ်အရွယ်တွင် နာတာရှည်ရောဂါ စွဲကပ်လာသော ဖခင်ကြီးအား သမားကျော်၊ သမားကောင်းတို့ဖြင့် အစွမ်းကုန် ကုသခဲ့ကြပါသည်။ သို့သော် ဖခင်ကြီးမှာ အနည်းငယ်မျှ သက်သာမလာဘဲ ခြောက်လလောက် အကြာတွင် ကွယ်လွန်သွားခဲ့ပါသည်။

ဖခင်ကြီး စောစီးစွာ ကွယ်လွန်သွားသည့်အတွက် အမေရော ကျွန်မပါ **"ပဋာမြေလူး"**ဖြစ်ခဲ့ကြရပါသည်။ ရွှေတောင်ကြီး ပြိုသကဲ့သို့ ဝမ်းနည်းကြေကွဲ ခဲ့ကြရပါသည်။ အမေကတော့ ကျွန်မထက် ပိုဆိုးပါသည်။ နှစ်ပေါင်းလေးဆယ်နီးပါး ပေါင်းလာခဲ့သည့် အိမ်ဦးနတ် ကွယ်ပသွားသော

အခါ သူ့ဘဝ ဟာလာဟင်းလင်းကြီး ဖြစ်သွားပါသည်။ ဆောက်တည်ရာမရ ဖြစ်သွားပါသည်။ သို့အားဖြင့် စိတ္တဇဝေဒနာ စွဲကပ်ရာမှ စားမဝင် အိပ်မပျော် ဖြစ်လာပြီး သုံးလလောက်အကြာတွင် အဖေ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပါတော့သည်။

ကျွန်မဘဝကား မှောင်အတိ ကျသွားပါတော့သည်။ အသက် ၁၅–နှစ်အထိ "ရွှေပေါ်မြတင်"နေခဲ့ရသော ကျွန်မမှာ အိမ်ထောင်ရေး၊ စီးပွားရေးကိစ္စများကို ဘာမျှ နားမလည်ခဲ့ပါ။ အငှားချထားသော လယ်ယာမြေတို့မှ သီးစားခများကို ဖခင်ကြီး၏ ကြီးကြပ်မှုဖြင့် သူ့တပည့် လက်သားများက ကောက်ခံခဲ့ကြပါသည်။ ဖခင်ကြီး မရှိသောအခါ ကောက်ခံသူများက မှန်မှန် မကောက်ခဲ့သလို၊ ပေးသွင်းသူများကလည်း အပြည့်အဝ မပေးသွင်းကြတော့ပါ။ နောက်ဆုံးတွင်မူ နှစ်ဦးနှစ်ဖက် မည်သို့ အပေးအယူ လုပ်ကြသည်မသိ၊ ဧက (၅၀၀)ကျော်ရှိသည့်ဆိုသော ကျွန်မတို့ လယ်မြေများမှ အခွန်အခ လုံးဝမရသော အခြေအနေသို့ ဆိုက် ရောက်ခဲ့ပါသည်။

အိမ်တွင် ဖွင့်လှစ်ထားသော ကုန်စုံဆိုင်ကို အမေရှိစဉ်တွင် အမေက ကြီးကြပ်ရောင်းချခဲ့ပါသည်။ လိုအပ်သမျှ ကုန်ပစ္စည်းများ ဝယ်ယူဖြည့်တင်း ရေးကိစ္စကိုမူ အဖေက တာဝန်ယူဆောင်ရွက်ပေးပါသည်။ သို့သော် အဖေ မမာသည့်အချိန်မှစ၍ အမေသည် အဖေ့ကို ပြုစုနေရသဖြင့် ဆိုင်ကိစ္စများကို ပစ်ထားခဲ့ရပါသည်။ အိမ်မှ အခိုင်းအစေများဖြင့် မျက်နှာလွှဲထားခဲ့ရပါသည်။ ထိုအခါ ဆိုင်၌ ယိုယွင်းမှုများ တစ်စတစ်စ ဖြစ်ပေါ်လာပါသည်။ ရောင်းစရာပစ္စည်းများ လျော့ပါးရုံမက ရောင်းရငွေ အားလုံးလည်း စာရင်းမဝင် ဖြစ်လာပါသည်။ ရစရာရှိသမျှကို ပြန်မရ သော်လည်း ပေးစရာအကြွေးများကား တစ်ခုပြီးတစ်ခု ပေါ်လာပါသည်။ အမေနေမကောင်းစဉ်က ယူသွားသော ပစ္စည်းများအတွက် ပေးချေရသော အကြွေးငွေများမှာ ထောင်သောင်းမက ရှိလာခဲ့ပါသည်။ နောက်ဆုံးတော့

မိဘနှစ်ပါးလုံး ကွယ်လွန်သွားပြီးနောက် မကြာမီမှာပင် ကျွန်မတို့အိမ်မှ ကုန်စုံဆိုင်ကြီးလည်း လုံးဝ ပြုတ်သွားပါတော့သည်။

ကျွန်မအဖို့ **"အဆိုးထဲက အကောင်း"**ဟု ဆိုနိုင်သည့် အချက်တစ်ချက်တော့ ကျန်ရှိနေပါသည်။ မိဘနှစ်ပါးနှင့် ပစ္စည်းဥစ္စာ ပြည့်စုံစဉ်က ဝိုင်းဝိုင်းလည်နေသော အခြွေအရံ အပေါင်းအသင်းများက သိသိသာသာရော မသိမသာပါ ကျွန်မကို စွန့်ခွါသွားကြသော်လည်း ဒေါ်မာလာတစ်ယောက်ကား ကျွန်မအပါးမှ တစ်ဖဝါးမှ မခွါရှိနေပါသည်။ ဒေါ်မာလာမှာ ကျွန်မအမေ၏ ညီမဝမ်းကွဲတော်သည့် အပျိုကြီးတစ်ယောက် ဖြစ်ပါသည်။ သူမသည် ကျွန်မ လူမှန်းမသိတတ်သေးသည့် အရွယ်မှစ၍ ကျွန်မတို့အိမ်တွင် လာနေပြီး ကျွန်မအား ကျွေးမွေးစောင့်ရှောက်ခဲ့သူ ဖြစ်ပါသည်။ မိဘနှစ်ပါးလုံး ကွယ်လွန်သွားသည့်အခါ ဒေါ်မာလာသည် ကျွန်မအား အရာရာကို သွန်သင်ညွှန်ပြ၍ အားမငယ်ရန်လည်း နှစ်သိမ့်ဖျောင်းဖျခဲ့ပါသည်။

ကျွန်မသည် ဒေါ်မာလာအားကိုးဖြင့် မိဘလက်ထက်က အိမ်ကြီးမှာပင် ဆက်လက် နေထိုင်ပါသည်။ အိမ်ကြီးမှာ ကျွန်မတို့နှစ်ယောက်တည်းအဖို့ ကြီးလွန်းနေသည်ကတော့ အမှန်ပင်။ ဈေးပေါပေါဖြင့် ဝယ်လို၍ လာမေးသူများလည်း ရှိပါသည်။ ကျွန်မအနေဖြင့်မူ သည်အိမ်ကြီးကို လုံးဝ မရောင်းဟု ဆုံးဖြတ်ထားပါသည်။ ကျွန်မ မိဘနှစ်ပါး ခေါင်းချသွားသည့် အိမ်၌ပင် တစ်သက်လုံး နေသွားရန် ရည်ရွယ်ထားပါသည်။ ရည်ရွယ်သည့်အတိုင်း ဖြစ်မဖြစ်ကိုတော့ အချိန်အခါနှင့် အခြေအနေက ဆုံးဖြတ်လိမ့်မည် ထင်ပါသည်။

တစ်ခုသော နံနက်ခင်းမှာတော့ ကျွန်မတို့နေသော လမ်းထဲသို့ ရဟန်းတော် ရှစ်ပါး ကြွလာပါသည်။ ညိုမှိုင်းသော သင်္ကန်းကို ဝတ်ရုံလျက် တည်ငြိမ်သော ဣန္ဒြေဖြင့် သပိတ်ပိုက်ကာ ကြွလာသော ရဟန်းတော်များကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်မရဲ့ ရင်ထဲမှာ ဘယ်အခါမျှ မဖြစ်ပေါ်ဘူးသည့် ကြည်နူးသောစိတ်များ တဖွားဖွား ဖြစ်ပေါ်လာပါသည်။

ဤမျှ ကြည်ညိုဖွယ်ကောင်းသော ရဟန်းတော်များကိုလည်း ကျွန်မ တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ရဘူးပါ။ သို့နှင့် ကြုံတောင့်ကြုံခဲ ဖြစ်သော ထိုရဟန်းတော်များအား ဆွမ်းတစ်နပ်ကိုတော့ ကပ်ဖြစ်အောင် ကပ်လိုက်မည်ဟု ကျွန်မ စိတ်ပိုင်းဖြတ်လိုက်ပါသည်။

မကြာမီပင် ရဟန်းတော်များ ကျွန်မတို့ အိမ်ရှေ့သို့ ရောက်လာပါသည်။ ကျွန်မသည် ချက်ချင်းပင် ဒေါ်မာလာအား အိမ်ရှေ့ခန်း၌ ရှစ်ပါးစာ နေရာထိုင်ခင်းများ ခင်းကျင်းပြင်ဆင်ရန် စေခိုင်းပြီး ရဟန်းတော်များကို အိမ်ထဲသို့ ပင်ဖိတ်လိုက်ပါသည်။ ကျွန်မတို့ တူဝရီးနှစ်ယောက်သည် ရဟန်းတော်များအား ရိုသေစွာ ရှိခိုးကန်တော့၍ "အတန်ငယ်ဆိုင်းငံ့တော်မူကြပါဘုရား"ဟု လျှောက်ကြားပြီး နောက်ဖေးမီးဖိုခန်းဆီသို့ ဝင်ခဲ့ကြပါသည်။

မီးဖိုဆောင်ထဲမှာတော့ ဒေါ်မာလာ ခပ်စောစောက ချက်ပြုတ်ထားသည့် ကျွန်မတို့နှစ်ယောက်စာ ထမင်းနှင့် ဟင်းများ အဆင်သင့်ရှိပါသည်။ သို့သော် ဤမျှဖြင့် သံဃာရှစ်ပါးစာ လုံလောက်ဦးမည် မဟုတ်ပါ။ ဤတွင် အခက်အခဲ တစ်ခုက ကျွန်မရဲ့ စိတ်ကို အနှောက်အယှက် ပြုနေပါသည်။ ထိုအခက်အခဲမှာ အခြားမဟုတ်၊ သံဃာတော်များအား လျောက်ပတ်သော ခဲဖွယ်ဘောဇဉ်များ ချက်ချင်း ဝယ်ယူဆက်ကပ်ရန် ကျွန်မလက်ထဲ၌ အသပြာငွေကြေး အဆင်သင့် မရှိခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် **"လိုလျှင်ကြံဆ နည်းလမ်းရ"**ဆိုသည့်အတိုင်း ကျွန်မတို့ တူဝရီးနှစ်ယောက် အပူတပြင်း ကြံစည်စဉ်းစားကြရာမှ အဖြေတစ်ခု ထွက်လာပါသည်။ သို့ဖြစ်၍ ဒေါ်မာလာသည် အိမ်တွင် အသင့်ရှိနေသည့် ဆန်တစ်ပြည်ဖြင့် ဆွမ်းတစ်အိုးကို အမြန်ဆုံး တည်လိုက်ပါသည်။ ထို့နောက် ကျွန်မက ဒေါ်မာလာအား မိမိခေါင်းမှ ရှည်လျားနက်မှောင်သော ဆံပင်များကို တိတိရိရိ ဖြတ်စေပြီး **"နိကေသီ"**အမည်ရှိသော သူဌေးသမီးထံသို့ အမြန်သွား၍ ရောင်းချရန် စေလွှတ်လိုက်ပါသည်။

အိမ်ရှေ့ခန်းတွင်ကား သံဃာတော်ရုစ်ပါးတို့သည် တည်ကြည် ငြိမ်သက်စွာ သီတင်းသုံးလျက်ရှိကြောင်း ကျွန်မ တစ်စေ့တစောင်း တွေ့မြင်ရပါသည်။ အချိန်အားဖြင့် နေမွန်းတည့်ရန် အတော်ပင်လိုသေး သည်ကို တွေ့ရသောကြောင့် ကျွန်မမှာ ဆွမ်းအိုးကို မီးထိုးပေးရင်း စိတ်သက်သာရာ ရရှိပါသည်။ သို့ရာတွင် ဆံပင်ရောင်းသွားသည့် ဒေါ်မာလာ တစ်ယောက် "အဆင်ပြေမှ ပြေပါမည်လား"ဟူ၍ကား စိတ်တထင့်ထင့် ဖြစ်နေရပါသည်။

ကျွန်မ စိတ်တထင့်ထင့်ဖြင့် စောင့်နေရသော ဒေါ်မာလာသည် ထမင်းအိုး မဆူမီမှာပင် ပြန်ရောက်လာပါသည်။ သို့ရာတွင် သူလက်ထဲ၌ အသပြာငွေ ရှစ်ကျပ်ကိုသာ တွေ့ရသောကြောင့် ရုတ်တရက်သော် ကျွန်မ အံ့ဩသွားပါသည်။ စင်စစ်အားဖြင့် သူဌေးသမီး နိကေသီသည် ဥစ္စာစနေ ပြည့်စုံကြွယ်ဝသည်နှင့်အမျှ ရုပ်အဆင်းအားဖြင့်လည်း ချောမော လှပသူ ဖြစ်ပါသည်။ သို့သော် သူ့ခမျာ ကျွန်မလို ဆံပင်၏ကောင်းခြင်းနှင့် ကား မပြည့်စုံရှာချေ။ ထို့ကြောင့်ပင် သူမသည် ကျွန်မ၏ ဆံပင်များကို ဖြတ်၍ ရောင်းရန် နှစ်ကြိမ် သုံးကြိမ်မျှ ကမ်းလှမ်းခဲ့ဖူးပါသည်။ နောက်ဆုံး တစ်ကြိမ်တွင်မူ အသပြာငွေ တစ်ရာပေးမည်ဟုပင် ပြောခဲ့ဖူးပါသည်။ ကျွန်မဆံပင်များဖြင့် ဆံစုကပ်၍ သူမ၏ ခေါင်းကို အလှဆင်ရန် ဖြစ်ပါ သည်။ ထိုအချိန်ကမူ ကျွန်မသည် ဆံပင်များကို ရောင်းချရန် လုံးဝ စိတ်ကူးမထည့်ခဲ့ပါ။

သို့ရာတွင် အရေးတကြီး လိုအပ်နေ၍ ကျွန်မ၏ ဆံပင်များကို ယခု သွားရောက် ရောင်းချသောအခါတွင်မူ နိကေသီက အသပြာ ရှစ်ကျပ်သာ ပေးလိုက်သည်ဟု သိရသောကြောင့် ကျွန်မ ဝမ်းနည်းမိပါသည်။ သို့သော် ကျွန်မ မည်သို့မျှ မတတ်နိုင်တော့ပါ။ အခွင့်အရေးရလျှင် **"ဘနဖူး သိုက်တူး"**တတ်ခြင်းမှာ လူ့သဘာဝပေပဲဟူ၍သာ သဘောထားရ ပါတော့သည်။

သို့အားဖြင့် ကျွန်မသည် ဒေါ်မာလာအား အသပြာငွေ ရှစ်ကျပ်ဖြင့် လမ်းထိပ်ရှိ ထမင်းဆိုင်မှ ဟင်းလျာများ သွားဝယ်ရန် စေလွှတ်လိုက်ရပြန်ပါသည်။ ဒေါ်မာလာပြန်ရောက်သောအခါ ပဲဟင်း၊ လက်သုတ်ဟင်းလျာများနှင့်တကွ ပူပူနွေးနွေး ချက်ထားသော ဆွမ်းများကို ရဟန်းတော်ရှစ်ပါးတို့၏ သပိတ်များထဲသို့ အသီးသီး ထည့်၍ ဆက်ကပ်ပါသည်။

ဆွမ်းကပ်ရာတွင် ကျွန်မကိုယ်တိုင်ကား အိမ်ရှေ့ခန်းသို့ ထွက်၍ ကိုယ်ထိလက်ရောက် ဆက်ကပ်ခြင်း မပြုပါ။ မီးဖိုဆောင်ထဲမှနေ၍ သပိတ်များထဲသို့ ဆွမ်းဟင်းများ ထည့်ပေးပြီး ဒေါ်မာလာကိုသာ ဆက်ကပ်စေခဲ့ပါသည်။ အကြောင်းမှာ ဆံပင်တိုနံ့နံ့ဖြင့် မနေတတ်၊ မထိုင်တတ်ဖြစ်ကာ ရှက်ရွံ့နေသောကြောင့် ဖြစ်ပါသည်။

နေလည်း အတော်မြင့်နေပြီဖြစ်၍ ရဟန်းတော်များသည် ကျွန်မဆက်ကပ်သော ဆွမ်းကို မြိန်မြိန်ရှက်ရှက်ကြီး ဘုဉ်းပေးကြပါသည်။ ငွေကြေးဥစ္စာ ချို့တဲ့နေချိန်တွင် အချိန်မီ စီမံဆက်ကပ်ရသော ဆွမ်းဖြစ်၍ မွန်မွန်မြတ်မြတ် မဟုတ်လှသော်လည်း ကျွန်မအဖို့တော့ အတော်ပင်ကျေနပ်မိပါသည်။

သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဒေါ်မာလာက ကျွန်မကို ဆွမ်းအနုမောဒနာတရား နာကြားရန် လာခေါ်ပါသည်။ ဆံပင်တိုနံ့နံ့ဖြစ်နေ၍ ရှက်ပုန်းပုန်းနေခဲ့သော ကျွန်မလည်း မနေသာတော့ပါ။ တဘက်တစ်ထည်ကို ပခုံးတင်လျက် အရှင်မြတ်တို့၏ ရှေ့မှောက်သို့ မဝံ့တဝံ့ဖြင့် ထွက်ခဲ့ရပါသည်။ ထိပ်ဆုံးမှ မထေရ်မြတ်ကြီးက ကျွန်မတို့အား ဆွမ်းအနုမောဒနာ ပြုပါသည်။ **"လိုရာဆန္ဒ ပြည့်ဝပါစေ"** ဟူ၍လည်း ဆုပေးပါသည်။

ထိုခဏ၌ ကျွန်မသည် ကွယ်လွန်သူ မိဘနှစ်ပါးကို သတိရပြီး မျက်ရည်များ မထိန်းနိုင် ဖြစ်သွားမိပါသည်။ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းကို တစ်ပြိုင်တည်း ခံစားလိုက်ရပါသည်။ ထိုနောက် ကျွန်မသည် **"တပည့်တော်၏ ဤကောင်းမှုအဖို့ကို ကွယ်လွန်သူ မိဘနှစ်ပါးလဲ ခံစားနိုင်ကြပါစေ"** ဟု

မြွက်ဆို၍ မိမိအတွက်လည်း လိုရာဆန္ဒ ပြည့်ဝစေရန် တောင့်တပြီး သံဃာတော်များအား အားရပါးရကြီး ရှိခိုးကန်တော့လိုက်ပါသည်။

ရဟန်းတော်ရှစ်ပါးသည် ကျွန်မတို့အိမ်ပေါ်မှ ဆင်းကြွသွားပြီး မကြာမီမှာပင် ကောင်းကင်ယံသို့ ပျံတက်သွားသည်ကို ကျွန်မစိတ်အာရုံ၌ ယနေ့တိုင် မြင်ယောင်နေမိပါသည်။

သံဃာတော်ရှစ်ပါးအား ဆွမ်းကပ်လိုက်ရပြီး နောက်တစ်နေ့ နံနက်တွင် ကျွန်မအိပ်ရာမှ ခပ်စောစော နိုးနေပါသည်။ ယမန်နေ့ တစ်နေ့လုံးလည်း ကျွန်မသည် မမျှော်လင့်ဘဲ ရုတ်တရက် ပြုခွင့်ကြုံ လိုက်ရသော ဆွမ်းဒါနကို တမြေ့မြေ့ ဆင်ခြင်ကာ ဝမ်းမြောက်ကြည်နူး ခဲ့ရပါသည်။ ယခု အိပ်ရာမှ နိုးသည်နှင့်တစ်ပြိုင်နက်တည်း ထိုအာရုံကသာ စိတ်ထဲ၌ ရှေးဦးစွာ ပေါ်လာပါသည်။ ထို့နောက် ကျွန်မသည် မိမိ အမြတ်တနိုး ရှိခဲ့လှသော ဆံပင်များ ဖြတ်ပေးလိုက်ခဲ့ရပုံကို သတိရသဖြင့် ခေါင်းကို ညာလက်ဖြင့် စမ်းသပ်လိုက်ရာ အအံ့သြကြီး အံ့သြသွားမိပါ သည်။ အကြောင်းမှာ ကျွန်မ၏ ခေါင်းမှ ဆံပင်များမှာ ကျွန်မထင်သလို ငုံးတိတိ၊ တိုနံ့နံ့ မဟုတ်တော့ဘဲ မဖြတ်မီက အတိုင်း ရှည်လျားထွေးအိ နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

"တကယ်မှ ဟုတ်ပါရဲ့လား၊ အိပ်မက်များ မက်နေတာလား"ဟု ကျွန်မ သံသယ ဖြစ်မိပါသည်။ ထို့ကြောင့် "ဒေါ်မာလာရေ ဒီကို မြန်မြန် လာပါဦး၊ ကျွန်မခေါင်းကို ကြည့်လှည့်ပါဦး"ဟု ဒေါ်မာလာအား လှမ်းခေါ်မိ ပါသည်။

"ဟဲ့--ဘာလဲဟဲ့၊ ဘာဖြစ်လို့လဲ ခေါင်းကိုက်နေလို့လား"ဟု ပြောရင်း ကသောကမြော ရောက်လာသော ဒေါ်မာလာမှာလည်း ကျွန်မ ခေါင်းမှ ဆံပင်များကို တွေ့မြင်ရသောအခါ အံ့သြမဆုံး ဖြစ်သွားပါသည်။ သို့အား ဖြင့် ကျွန်မတို့ တူဝရီးနှစ်ယောက်လုံးပင် ယမန်နေ့က မိမိတို့ ဆွမ်းကပ်လိုက် ရသော ရဟန်းတော်ရှစ်ပါးမှာ သာမန်ပုဂ္ဂိုလ်များမဟုတ်၊ ထူးမြတ်သော ရဟန္တာပုဂ္ဂိုလ်ကြီးများ ဖြစ်နိုင်ကြောင်း သဘောပေါက်ခဲ့ကြရပါသည်။

တူဝရီးနှစ်ယောက် ဝမ်းမြောက်ကြည်နူး၍ မဆုံး ဖြစ်နေစဉ်မှာပင် နောက်ထပ် မမျှော်လင့်သော ဆုလာဘ်တစ်မျိုးကလည်း ကျွန်မထံမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်ပါသည်။ ထိုဆုလာဘ်ကား အခြားမဟုတ်၊ ဥဇ္ဇေနီ နန်းတော်မှ ဘုရင်ကြီး **"စဏ္ဍပဇ္ဇောတ"**က ကျွန်မအား မိဖုရားတစ်ပါးအဖြစ် တင်မြှောက်ရန် တော်ကောက်လိုက်ကြောင်း စာချွန်တော် ရောက်လာခြင်းပင် ဖြစ်ပါသည်။ သို့အားဖြင့် ကျွန်မသည် စာချွန်တော် ယူဆောင်လာသော အမတ်ကြီးနှင့်အတူ ဥဇ္ဇေနီ နန်းတော်သို့ လိုက်ပါခဲ့ပြီး ဘုရင် စဏ္ဍပဇ္ဇောတ၏ မိဖုရားတစ်ပါး အဖြစ်သို့ ရောက်ခဲ့ရပါသည်။ ဘုရင်တစ်ပါး၏ မိဖုရား ဖြစ်ရခြင်းကား ကျွန်မတို့ မိန်းမသားများအတွက် အကြီးမြတ်ဆုံး ဆုလာဘ်ပင် မဟုတ်ပါလား။

ဤတွင် ဥဇ္ဇေနီဘုရင်မင်းမြတ်က ကျွန်မလို တောသူတစ်ယောက်အား **"တော်ကောက်"**လိုက်ခြင်းမှာ အံ့သြစရာ ဖြစ်နေမိသည်။ တကယ်တော့ ဘုရင်မင်းမြတ်သည် ကျွန်မကို တစ်ကြိမ်တစ်ခါမျှပင် မြင်ဖူးသည် မထင်ပါ။ ဤကိစ္စနှင့်ပတ်သက်၍ အကြောင်းစုံကိုတော့ ရွှေနန်းတော်ကြီးသို့ ရောက်မှပင် ကျွန်မ ရှင်းရှင်းလင်းလင်း သိရပါတော့၏။

ကျွန်မတို့ ဆွမ်းကပ်လိုက်ရသော ရဟန်းတော်ရှစ်ပါးမှာ ဗုဒ္ဓဂေါတမ၏ တပည့်သာဝကကြီးများ ဖြစ်ပါသည်။ ထိုအရှင်မြတ်ရှစ်ပါးအနက် ခေါင်းဆောင်ဖြစ်သော မထေရ်မြတ်ကြီးကား ရှင်မဟာကစ္စည်း ဖြစ်ပါသည်။ ရှင်မဟာကစ္စည်းသည် ရဟန်းမဝတ်မီ လူ့ဘဝက ဥဇ္ဇေနီ ဘုရင်မင်းမြတ်၏ ပုရောဟိတ် အမတ်ကြီး ဖြစ်ခဲ့ပါသည်။ ဥဇ္ဇေနီမင်းမြတ်သည် ကစ္စည်းအမတ်ကြီးအား မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့သွား၍ ဗုဒ္ဓဂေါတမကို ပင့်ဆောင်ရန်စေလွှတ်ခဲ့ပါသည်။

ကစ္စည်းအမတ်ကြီးသည် ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် ဗုဒ္ဓဂေါတမကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ သွားခဲ့ပါသည်။ ဗုဒ္ဓဂေါတမထံသို့ ရောက်သောအခါ ဗုဒ္ဓဟောကြားသော တရားကိုကြားနာရသဖြင့် နောက်ပါ ပရိသတ်နှင့်တကွ ရဟန္တာ ဖြစ်သွားခဲ့ပါသည်။

ရဟန္တာဖြစ်သွားသော ရှင်မဟာကစ္စည်းသည် ဗုဒ္ဓအား ဥဇ္ဇေနီပြည်သို့ ကြွချီရန် ဖိတ်ကြားခဲ့သည်။ သို့သော် ဗုဒ္ဓရှင်တော်မြတ်သည်

ကိုယ်တော်တိုင် ကြွသွားရန် အခါအခွင့် မသင့်သေးသဖြင့် ရှင်မဟာကစ္စည်း အမှူးရှိသော ရဟန်းရှစ်ပါးကိုသာ ဥဇ္ဇေနီသို့ ရှေးဦးစွာ စေလွှတ်လိုက်ပါသည်။

ရှင်မဟာကစ္စည်းအမှူးရှိသော ရဟန်းတော်မြတ်ရှစ်ပါးတို့သည် ကျွန်မတို့ရွာ၌ ဆွမ်းဘုဉ်းပေးပြီး မကြာမီပင် ဥဇ္ဇေနီသို့ ဆိုက်ရောက်သွားကြသည်။ ဥဇ္ဇေနီပြည့်ရှင် ဘုရင်မင်းမြတ်က မထေရ်မြတ်ရှစ်ပါးအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ပါသည်။

"အရှင်မြတ်တို့ ဘယ်မှာ ဆွမ်းဘုဉ်းပေးခဲ့ကြပါသလဲ"ဟု ဘုရင်က မေးလျှောက်သဖြင့် တေလပနာဠိရွာမှ ကျွန်မတို့က ဆံပင်ကိုပင်ဖြတ်၍ စေတနာထက်သန်စွာဖြင့် ဆွမ်းကပ်လိုက်ပုံကို ရှင်မဟာကစ္စည်းက ဖွင့်ဟ မိန့်ကြားခဲ့ပါသည်။ ထိုအခါ ဘုရင်မင်းမြတ်သည် ကျွန်မအား လူကို မမြင်ဘူးသော်လည်း ဂုဏ်သတင်းကြားရရုံဖြင့် အထူးနှစ်သက်တော်မူသဖြင့် ချက်ချင်း တော်ကောက်ကာ မိဖုရားတစ်ပါးအဖြစ် မြှောက်စားချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါ ဖြစ်ရပ်များကို ကြားသိရသောအခါ စိတ်ထားမွန်မြတ်လှသော ဘုရင်မင်းမြတ်အပေါ်၌ ချစ်ခင်မြတ်နိုးသောစိတ်များ ကျွန်မနှလုံးသား၌ တဖွားဖွား တိုးပွားလာခဲ့ပါသည်။ ဘုရင်မင်းမြတ်နှင့် ကျွန်မတို့သည် ရှေးရှေးသော အတိတ်ဘဝတို့၌လည်း ချစ်ကျွမ်းတဝင် အကြင်လင်မယားအဖြစ် ကာလရှည်စွာ နေခဲ့ရဖူးလိမ့်မည် ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ စေတနာမှန်သော ကံတရား၏အကျိုးကိုတော့ ကျွန်မ ကောင်းကောင်းကြီး ယုံကြည်မိပါပြီ။ အထူးသဖြင့် ကျွန်မကို သမီးရင်းတမျှ စောင့်ရှောက်ပြုစုခဲ့သည် ဒေါ်မာလာအားလည်း ကျွန်မရဲ့ အထိန်းတော်ကြီး အဖြစ် ရွှေနန်းတော်ကြီးထဲ၌ ပျော်ပျော်ကြီး နေနိုင်ရန် ဘုရင်မင်းမြတ်က ခွင့်ပြုလိုက်သဖြင့် ကျွန်မအဖို့ **"အချိုပေါ် သကာလောင်း"** သကဲ့သို့ ဖြစ်သွားပါတော့သည်။

* * *

# အမ္ဗပါလီ

## ဝေသာလီမြို့သူ အလှသရဖူ

### ဝဇ္ဇီတိုင်း၏ မြို့တော်

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ ဘီစီ ၆–ရာစု ခေတ်အတွင်းက မဇ္ဈိမဒေသ အိန္ဒိယပြည်ကြီး၌ **“တိုင်းကြီးသောဠသ”**ခေါ် မြို့ပြနိုင်ငံ ၁၆–နိုင်ငံ ထွန်းကားခဲ့သည်။ ဝေသာလီသည် ထို ၁၆–နိုင်ငံတို့တွင် တစ်ခု အပါအဝင်ဖြစ်သည့် ဝဇ္ဇီနိုင်ငံ၏ မြို့တော် ဖြစ်ပေသည်။

စင်စစ်အားဖြင့် ထိုခေတ် ထိုအချိန်မှာ မဇ္ဈိမဒေသ၌ မဂဓ၊ ကောသလ စသည့် သက်ဦးဆံပိုင် ပဒေသရာဇ်ဘုရင်များ တန်ခိုးအာဏာ ကြီးထွားနေသော ခေတ်ကာလဖြစ်၏။ သို့ရာတွင် ဝဇ္ဇီတိုင်းခေါ် ဝဇ္ဇီနိုင်ငံမှာမူ မဂဓတိုင်း၊ ကောသလတိုင်း စသည်တို့ကဲ့သို့ အာဏာပိုင်ဘုရင်တစ်ပါးတည်းဖြင့် အုပ်ချုပ်သောနိုင်ငံမဟုတ်၊ သကျကုလခေါ် သာကီဝင်မင်းမျိုးတို့၏ သက္ကတိုင်း ကပိလဝတ်နိုင်ငံ၊ မလ္လမင်းမျိုးတို့၏ ကုသိနာရုံနိုင်ငံများကဲ့သို့ ခတ္တိယအနွယ်ဝင် မင်းညီမင်းသားများ စုပေါင်းအုပ်ချုပ်သော **“ဂဏနိုင်ငံ”**တစ်ခုသာ ဖြစ်ပေသည်။

ပဋ္ဌာန်မြားငမောက်တာမေ

ဝဇ္ဇီနိုင်ငံတော်ကို စုပေါင်းအုပ်ချုပ်သော ခတ္တိယမင်းမျိုးများကို လိစ္ဆဝီဟု ခေါ်ပါသည်။ လိစ္ဆဝီတို့သည် ဝဇ္ဇီနိုင်ငံတော်၏ အရေးအရာကိစ္စဟူသမျှတို့ကို **"သန္ထာဂါရ"**ခေါ် လွှတ်တော်ခန်းမ၌ အညီအညွတ် စည်းဝေး၍ ဆွေးနွေး ဆုံးဖြတ်ပြီးမှ ဆောင်ရွက်လေ့ရှိကြသည်။ နိုင်ငံတော်၏ အကြီးအကဲအဖြစ် အလှည့်ကျ ဆောင်ရွက်ရမည့် **"ရာဇာ"**ဟုခေါ်သော ပုဂ္ဂိုလ်ကိုလည်း သန္ထာဂါရ အစည်းအဝေးမှပင် အများသဘောတူ ရွေးချယ်၍ တင်မြှောက်လေ့ရှိကြပေသည်။

ဗိမ္ဗိသာရဘုရင်အုပ်ချုပ်သော မဂဓနိုင်ငံနှင့် လိစ္ဆဝီမင်းတို့အုပ်ချုပ်သော ဝဇ္ဇီနိုင်ငံတို့သည် နှစ်နိုင်ငံကြား၌ ဂင်္ဂါမြစ်မျှသာ ခြားပြီး ဘေးချင်းယှဉ်ကာ တည်ရှိနေကြပါသည်။ မဂဓနိုင်ငံ၏ မြို့တော် ရာဇဂြိုဟ်သည် ဂင်္ဂါမြစ်၏ တောင်ဘက် ငါးယူဇနာအကွာ၌တည်ရှိပြီး ဝဇ္ဇီနိုင်ငံ၏ မြို့တော် ဝေသာလီကား ဂင်္ဂါမြစ်၏ မြောက်ဘက် သုံးယူဇနာအကွာ၌ တည်ရှိသည်။ ဤသို့ နှစ်နိုင်ငံ နီးနီးကပ်ကပ် တည်ရှိနေပြီး အုပ်ချုပ်ရေးစနစ်အားဖြင့်လည်း ကွဲပြားလျက်ရှိသောကြောင့်ပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်လိုမှု၊ အင်အားပြိုင်မှုများလည်း မကြာခဏ ဖြစ်ပေါ်ခဲ့လေသည်။ သို့ရာတွင် နှစ်နိုင်ငံလုံးမှ ပြည်သူပြည်သားများအနေဖြင့်မူ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းသွားလာမှု၊ စီးပွားရေးဆက်သွယ်မှုများ အစဉ်မပြတ် ရှိနေခဲ့ကြသည်သာလျှင် ဖြစ်ပေသည်။

## ဝေသာလီ၏ ဂုဏ်သတင်း

အခါတစ်ပါး၌ ရာဇဂြိုဟ်မှ ကုန်သည်ကြီး တစ်ဦးသည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ဝေသာလီသို့ ဆိုက်ရောက်သွားသည်။ ထိုကုန်သည်ကြီးကား ဝေသာလီသို့ ပထမဦးဆုံး အခေါက်အနေဖြင့် ရောက်သွားခြင်းဖြစ်၏။ သို့သော် သူသည် ယခင်က လူကိုယ်တိုင်မရောက်ဘူးသည့် တိုင်အောင် ဝေသာလီ၏ ပျံ့သင်းသော ဂုဏ်သတင်းများကို မကြာခဏ သိနေပြီး ဖြစ်ပေသည်။

"ဝေသာလီသည် ပတ်ပတ်လည်၌ မြင့်မားသော မြို့ရိုးတံတိုင်းကြီး သုံးထပ်တို့ဖြင့် ကာရံထားသော မြို့တော်ကြီး ဖြစ်သည်။ လေးဖက်လေးတန် ၌ တံခါးမကြီး နှစ်ပေါက်စီနှင့် တံခါးငယ်ရစ်ပေါက်စီ ရှိသည်။ မြို့တွင်း၌ လူနေအိမ်ခြေလွန်စွာ စည်ကား၍ အိုးအိမ်တိုက်တာများ နေရာမလပ် ပြည့်ကျပ်နေသည်။ ဖြောင့်တန်းညီညာသော လမ်းမကြီးများနှင့် လမ်းသွယ် များမှာ မိန်းမ ယောကျာ်း၊ မြို့သူမြို့သားများနှင့် ယာဉ်ရထား အမျိုးမျိုးတို့ဖြင့် နေ့ညမပြတ် စည်ကားလျက် ရှိသည်။ စားကုန်သောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်စသော ကုန်ပစ္စည်းမျိုးစုံတို့ဖြင့် ပြည့်လျှံနေသော ဈေးရုံ ဈေးတန်းကြီးများမှာလည်း ဈေးရောင်းသူ ဈေးဝယ်သူများ တိုးမပေါက်အောင် ရှိနေကြသည်။"

ဝေသာလီနှင့်ပတ်သက်၍ ရာဇဂြိုဟ်ကုန်သည်ကြီး ကြားသိခဲ့ရသော သတင်းများတွင် လိစ္ဆဝီမင်းညီမင်းသားတို့၏ အကြောင်းမှာလည်း လွန်စွာ အထင်ကြီးစရာ ကောင်းလှပေသည်။ လိစ္ဆဝီတို့သည် ရာစုနှစ်ပေါင်းများစွာမှ စ၍ ဝေသာလီမြို့တော်ကြီးကို စတင်တည်ထောင်ပြီး ဝဇ္ဇီတိုင်း တစ်တိုင်းလုံး ကို စဉ်ဆက်မပြတ် အုပ်ချုပ်ခဲ့ကြသူများ ဖြစ်လေသည်။ ဝေသာလီမြို့တော်ကြီး ဖြစ်ပေါ်မလာမီ ရှေးခေတ်ရှေးအခါကမူ ဝဇ္ဇီတိုင်းဟူ၍ သီးခြား မရှိခဲ့ချေ။ ထိုဒေသမှာ ကာသိတိုင်း၏ နယ်နိမိတ်အတွင်း၌ အသက်ဆက်သော ဗာရာဏသီ ဘုရင်တို့၏ အုပ်ချုပ်မှုအောက်၌သာ တည်ရှိခဲ့လေသည်။

# ဝေသာလီသမိုင်း

ဤတွင် ဝေသာလီမြို့တော်ကြီး စတင် ဖြစ်ပေါ်လာပုံသမိုင်းကြောင်း ကို လိစ္ဆဝီမင်းတို့က အခိုင်အမာ မှတ်တမ်းတင်ထားခဲ့ကြသည်။ ရှေးအခါက ဗာရာဏသီပြည့်ရှင် ဘုရင် ဗြဟ္မဒတ်၏ မိဖုရားကြီးသည် နှစ်ပေါင်းများစွာ တိုင်အောင် သားသမီးတစ်ဦးတလေမျှ မထွန်းကားသဖြင့် သားသမီးကို လွန်စွာ လိုလားတောင့်တနေခဲ့ရာမှ တစ်ချိန်တွင် မမျှော်လင့်ဘဲ ကိုယ်ဝန်

ရရှိလာသည်။ မိမိကိုယ်ဝန် ရရှိကြောင်းကို ဝမ်းမြောက်ဝမ်းသာ ဘုရင်အား လျှောက်တင်သည်။ ဘုရင်ကလည်း အားရကျေနပ်စွာဖြင့် မိဖုရားကြီး ချမ်းချမ်းသာသာ မွေးဖွားနိုင်စေရန် လိုအပ်သော ချီးမြှောက် ထောက်ပံ့မှုများကို ပြုလုပ်သည်။ မိမိ၏ အရိုက်အရာကို ဆက်ခံနိုင်မည့် သားတော်တစ်ပါး ရရှိပေတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် မိဖုရားကြီးအား အထူးဂရုစိုက် နေခဲ့လေသည်။

သို့သော်လည်း ဗြဟ္မဒတ်မင်းကြီး၏ မျှော်လင့်ချက်ကား မပြည့်ဝ ခဲ့ချေ။ မိဖုရားကြီးသည် များစွာသော အထိန်းအယ မောင်းမမိဿံတို့၏ လုပ်ကျွေးပြုစု ယုယမှုကို ခံယူလျက် မိမိ၏ ကိုယ်ဝန်ကို သတိကြီးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသည့်ကြားမှပင် ကိုယ်ဝန်မှာ အချိန်မတိုင်မီ စောစီးစွာ မွေးဖွားခဲ့သည်။ ခုနစ်လမပြည့်သေးဘဲ ခြောက်လကျော်မျှဖြင့် မွေးဖွားလာသော ကိုယ်ဝန်ကား ခြေလက်အင်္ဂါ စုံလင်သော ကလေးငယ် မဟုတ်။ ခေါင်းပိုင်းနှင့် ကိုယ်ပိုင်းဟူ၍ပင် မထင်ရှားသေးသည့် နီးမြန်းသော သားတစ်တုံးတစ်ခုမျှသာ ဖြစ်နေကြောင်း တွေ့ရှိရလေသည်။

မိဖုရားကြီးမှာ ရင်ကျိုးမတတ် ဖြစ်သွားသည်။ တအံ့တသြဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသည့် မောင်းမမိဿံတို့ အလယ်၌ မျက်နှာကို မဖော်ဝံ့အောင် အရှက်ကြီး ရှက်သွားသည်။ သို့သော် ရှက်နေရုံနှင့်မပြီး အရှက်ထက် အသက်က အရေးကြီးသည်။ ဤအကြောင်းကို ဘုရင်မင်းကြီး သိသွားခဲ့သော် ကျက်သရေမင်္ဂလာမရှိသော မိန်းမတစ်ယောက်အဖြစ် သတ်မှတ်၍ မိဖုရားအရာမှ ဖယ်ရှားပါက ခက်ပေလိမ့်မည်။ နန်းတော် တွင်း၌ပင် ထားတော့မည် မဟုတ်ချေ။ မိမိ၏ အသက်စည်းစိမ် တည်မြဲရေးအတွက် ဤကိစ္စကို ဘုရင်ကြီး မသိမီ အမြန်ရှင်းပစ်မှ ဖြစ်တော့မည်။ ဤသို့လျှင် မိဖုရားကြီး စဉ်းစားမိလေသည်။

သို့အားဖြင့် မိဖုရားကြီးသည် မီးဖွားပြီးစ သွေးနုသားနု ဖြစ်၍ အိပ်ရာထက်၌ ငြိမ်သက်စွာ လဲလျောင်းနေရသည့်ကြားမှပင် ယုံကြည်စိတ်ချ ရသည့် မောင်းမမိဿံငယ်တစ်ဦးကို မိမိအနားသို့ခေါ်၍ တိုးတိုးတိတ်တိတ်

တိုင်ပင်သည်။ မောင်းမမိဿံငယ်မှာ လိမ္မာပါးနပ်သူဖြစ်၍ မိဖုရားကြီး၏ အလိုကျဆောင်ရွက်ပေးရန် တာဝန်ယူလိုက်သည်။ မိဖုရားကြီးက ထိုမောင်းမငယ်အား များစွာသော ဆုလာဘ်တို့ဖြင့် ချီးမြှင့်သည်။ ဤအကြောင်းကို သိရှိကြသည့် အခြား မောင်းမတို့အားလည်း နှုတ်ပိတ်ခအဖြစ်ဖြင့် အသပြာငွေတစ်ထောင်စီ ထုတ်ပေးလေသည်။

မောင်းမငယ်သည် မိဖုရားကြီးဝမ်းမှ မွေးဖွားလာသည့် သားတစ်တုံးကလေးကို သန့်ပြန့်သော မြေအိုးသစ်တစ်လုံး၌ ကောင်းမွန်စွာ ထည့်သည်။ ထိုအိုးကို အပေါ်မှ အဖုံးဖြင့် လုံခြုံအောင် ဖုံးပိတ်ပြီး ဗာရာဏသီပြည် ပြဟ္မဒတ်မင်း၏ နန်းတော်သုံးတံဆိပ်တော်ဖြင့် ခပ်နှိပ်လိုက်သည်။ ထို့နောက် အဖော်တစ်ဦးနှင့်အတူ နန်းတော်တွင်းမှ တိတ်တဆိတ် ထွက်သွားပြီး လူရှင်းသော ဂင်္ဂါမြစ်ဆိပ် တစ်နေရာ၌ ကိုယ်တိုင်ပင် မျှောချလိုက်လေသည်။

## မြစ်ရေပြင်မှ အိုးတစ်လုံး

ဗာရာဏသီရေဆိပ်မှ မျှောချလိုက်သော မြေအိုးကလေးသည် ကျယ်ပြောသော ဂင်္ဂါမြစ်ရေ အလျဉ်ဖြင့် အောက်သို့ ငြိမ့်ညောင်းစွာ မျောပါသွားသည်။ လှိုင်းတံပိုးများကြောင့်လည်း နစ်မြုပ်မသွား၊ သစ်တုံးကျောက်ဆောင် စသည်တို့နှင့် တိုက်ခိုက်မိခြင်းလည်း မရှိ။ နတ်တို့က ထပ်ကြပ်မကွာ လိုက်ပါ၍ စောင့်ရှောက်ပေးနေသကဲ့သို့ မြစ်ရိုးတစ်လျှောက်လုံး ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မျောပါနေသည်။ ထိုအချိန် ဗာရာဏသီပြည်မှ ယူဇနာသုံးဆယ်လောက် ကွာဝေးသည့် ဂင်္ဂါမြစ်ကမ်းအောက်ဘက် တစ်နေရာ၌ နွားမွေးမြူသူတို့၏ ရွာကို အမှီပြု၍ ရသေ့တစ်ပါး နေထိုင်လျက် ရှိလေသည်။ ထိုရသေ့သည် နေ့စဉ်နေ့တိုင်း နံနက်စောစောတွင် ဂင်္ဂါမြစ်သို့ သွား၍ မျက်နှာသစ်ခြင်း၊ သောက်ရေသုံးရေ ခပ်ယူခြင်းများ ပြုလေ့ရှိ၏။ တစ်ခုသော နံနက်တွင် အိပ်ရာမှထ၍ ဂင်္ဂါမြစ်သို့ ဆင်းလာသော ရှင်ရသေ့သည် မြစ်ရေအပြင်၌ တငြိမ့်ငြိမ့် မျောပါလာသော မြေအိုးကို ကမ်းပေါ်မှပင် လှမ်း၍ တွေ့မြင်ရလေသည်။

ထိုအခါ ရှင်ရသေ့အား **"မြစ်ရေအလျဉ်၌ မြေအိုးတစ်လုံး မျောပါလာခြင်းကား ထူးခြားလှပေစွ"**ဟု အကြံ ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ **"ရေအဆုံး ကုန်းတစ်ဝက်"**ဟူ၍ အဆိုရှိပေရာ ရေထဲ၌ မျောပါလာသော ဤမြေအိုးကို ပုံသက္ကူပစ္စည်းအဖြစ်ဖြင့် ငါဆယ်ယူလျှင် အပြစ်ရှိမည် မဟုတ်ဟူ၍လည်း ရှင်ရသေ့ စဉ်းစားမိလေသည်။

# ရှင်ရသေ့၏ စဉ်းစားခန်း

သို့အားဖြင့် ရှင်ရသေ့သည် အပေါ်ရုံလျှော်တေသင်္ကန်းကို ကမ်းပေါ်၌ ပုံချခဲ့ပြီး လူတစ်ရပ်နီးပါးမျှ နက်သော မြစ်ရေထဲသို့ စွန့်စွန့်စားစား ဆင်းသွား၍ မြေအိုးကို ဆယ်ယူခဲ့သည်။ ကမ်းပါးပေါ်သို့ ရောက်၍ မြေအိုးကို သေချာစွာ ကြည့်ရှုသောအခါ ရွှေနန်းတော်တံဆိပ်နှင့်တကွ **"ဗာရာဏသီမင်းကြီး၏ မိဖုရားမှ ဖွားမြင်သော သားတော်"**ဟူ၍ ရေးသားထားသည့် စာတမ်းနီကိုပါ တွေ့မြင်ရသဖြင့် လွန်စွာ အံ့ဩသွားလေသည်။

ထို့နောက် ရှင်ရသေ့သည် အထူးစိတ်ဝင်စားစွာဖြင့် မြေအိုးကို ဖွင့်ကြည့်ရာ ပုပ်သိုးခြင်းမရှိဘဲ စိုပြေလတ်ဆတ်စွာ ရှိနေသည့် သားတစ်တုံးကို တွေ့ရလေသည်။ **"ပုပ်သိုးခြင်းလည်းမရှိ၊ အငွေ့ဓါတ်လည်း ရှိနေသော ဤသားတစ်ကား သက်ရှိသားငယ်ပင် ဖြစ်ရာ၏။ သက်ရှိဖြစ်ခြင်းကြောင့်သာ အငွေ့ဓါတ်ရှိနေခြင်း ဖြစ်ရာ၏။ အငွေ့ဓါတ်ရှိနေခြင်းကြောင့်လည်း မပုပ်မသိုးခြင်း ဖြစ်ပေရာ၏"**ဟူ၍လည်း ရှင်ရသေ့က စဉ်းစားမိလေသည်။

ထို့ကြောင့် ရှင်ရသေ့သည် သားတစ်ထည့်ထားသော မြေအိုးကလေးကို မိမိနေထိုင်ရာ ကျောင်းသင်္ခမ်းကို ယူဆောင်လာခဲ့ပြီး ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ မပူလွန်း၊ မအေးလွန်းသည့် သန့်ရှင်းသော နေရာတစ်နေရာ၌ မြေအိုးကလေးကို ကောင်းမွန်စွာ ထားလေသည်။ ရှင်ရသေ့မှာ **"ဗာရာဏသီမင်း၏ မိဖုရားမှ မွေးဖွားသော သားတော်"**ဟူသော စာတမ်းပါရှိလာသဖြင့် သားတစ်ကလေးအပေါ် လွန်စွာ စိတ်ဝင်စားနေသည်။ နေ့စဉ်

နေ့တိုင်း ဖွင့်ကြည့်လိုစိတ် ပြင်းပြနေသည်။ သို့သော်လည်း ခဏခဏ ဖွင့်ကြည့်လျှင် လူနံ့ကြောင့် သားတစ်ကလေး၏ အသက်ရှင်ကြီးထွားမှုကို ထိခိုက်ကောင်း ထိခိုက်ပေလိမ့်မည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် ငါးရက်တစ်ကြိမ်မျှသာ ဖွင့်၍ ကြည့်လေသည်။

# ထူးဆန်းသော သားတစ်

သို့အားဖြင့် တစ်ဆယ့်ငါးရက်မြောက်နေ့၌ သုံးကြိမ်မြောက်အဖြစ်ဖြင့် မြေအိုးကလေးကို ဖွင့်၍ ကြည့်သောအခါ သားတစ်ကလေးမှာ တစ်ခုတည်း မဟုတ်တော့ဘဲ နှစ်ခု ဖြစ်နေကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် ရှင်ရသေ့မှာ ပို၍ အားတက်လာပြီး မြေအိုးကလေးကို ပို၍ ဂရုစိုက်ခဲ့သည်။ နောက်ထပ် တစ်ဆယ့်ငါးရက်မြောက်သို့ ရောက်သောအခါ သားတစ်ကလေးတစ်ခုစီမှ ခြေနှစ်ဖက်၊ လက်နှစ်ဖက်နှင့် ဦးခေါင်းနေရာတို့၌ အဖုကလေးတစ်ခုစီ ဖြစ်လာသည်ကို တွေ့ရသည်။ ထို့နောက် တစ်ဆယ့်ငါးရက်မြောက်တွင်မူ သားတစ်ကလေးတစ်ခုက ရွှေစင်ရုပ်နှင့် တူသော သူငယ်ကလေး ဖြစ်လာပြီး၊ နောက်သားတစ် တစ်ခုကလည်း ချစ်စရာကောင်းသော သူငယ်မကလေး ဖြစ်လာလေသည်။

# နို့ရည်ထွက်သောလက်ချောင်း

ကလေးနှစ်ယောက်ကို တွေ့မြင်ရသောအခါ ရှင်ရသေ့မှာ မိမိ၏ ရင်သွေးရင်နှစ်ကဲ့သို့ ပြင်းပြသော ချစ်ခြင်း ဖြစ်ပေါ်လာသည်။ မိခင်နို့ကို သောက်စို့လိုဟန်ဖြင့် ပါးစပ်ကလေးများ တပြင်ပြင် ဖြစ်နေကြသော ကလေးငယ် နှစ်ယောက်၏ ပါးစပ်ထဲသို့ မိမိ၏ လက်ချောင်းကို ထည့်ပေးလျက် နို့တိုက်ဟန်ပြုသည်။ ကလေးငယ်တို့ကလည်း ရှင်ရသေ့၏ လက်ချောင်းကို အားရပါးရ စုပ်ကြသည်။ အံ့သြဖွယ် ကောင်းလှပေသည် ရှင်ရသေ့မှာ သူ့ကိုယ်သူပင် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

အကြောင်းမှာ သူ့လက်ချောင်းမှ တကယ်ပင် နို့ရည်တွေ ထွက်နေသကဲ့သို့ ခံစားရပြီး ကလေးငယ်များမှာလည်း မကြာမီ နို့ဝသွားဟန်ဖြင့် အိပ်ပျော်သွားသောကြောင့် ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ဗာရာဏသီပြည့်ရှင်မင်းကြီးနှင့် မိဖုရားကြီးတို့၏ သွေးသားများဖြစ်သည့် ဤကလေးငယ်နှစ်ဦးမှာ ရေးဘုန်းရေးကံ လွန်စွာကြီးမားသူများ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် ဂင်္ဂါမြစ်ရေ အလျဉ်၌ ဘေးမသီရန်မခ မျောခဲ့ကြပြီး မိမိလက်သို့ ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ လက်ချောင်းမှ နို့ရည်ထွက်ခြင်းမှာလည်း ထူးခြားသော ကံ၏ အကျိုးတရားပင် ဖြစ်ပေရာ၏။ ဤသို့လျှင် ရှင်ရသေ့အား ခိုင်မာသော ယုံကြည်မှု ဖြစ်လာခဲ့လေသည်။

## ကလေးငယ်နှစ်ဦးနှင့် ရှင်ရသေ့

ရှင်ရသေ့၏ ကျွေးမွေးပြုစု စောင့်ရှောက်မှုဖြင့် ကလေးနှစ်ဦးမှာ တဖြည်းဖြည်း ကြီးထွားလာသည်။ ရှင်ရသေ့မှာလည်း သူတို့လေးတွေကို အချိန်ပြည့် ဂရုစိုက်၍ နေရသဖြင့် ယခင်ကကဲ့သို့ တရားဘာဝနာပွားများမှုကို မပြုနိုင်အောင် ဖြစ်နေသည်။ တကယ်တော့ တရားဘာဝနာပွားများမှုကို မဆိုထားဘိ ဆွမ်းခံသွားခြင်းကိုပင် မှန်မှန် မပြုလုပ်နိုင်ဘဲ ဖြစ်နေသည်။ တစ်ချို့နေ့တွင် နံနက်လင်းသည်နှင့် မရေးမနှောင်းမှာပင် ရှင်ရသေ့ ဆွမ်းခံကြွလာသဖြင့် ဂေါပါလရွာသားများမှာ ကသုတ်ကရက်ဖြင့် ဆွမ်းလောင်းကြရသည်။ "အချိန်စောပါသေးတယ်၊ နွားနို့ ဘုဉ်းပေးပြီး အေးအေးဆေးဆေး နားပါဦး၊ ဆွမ်းဟင်းတစ်ခွက်လောက် တပည့်တော် ချက်လိုက်ပါရစေဦး ဘုရား"ဟု တစ်ချို့အိမ်က လျှောက်ထားလျှင်လည်း ရှင်ရသေ့က လက်မခံ၊ "နေပါစေ တကာတို့၊ ဒုက္ခမရှာကြပါနဲ့၊ ရှိတာကိုပဲ လောင်းလိုက်ကြပါ၊ နွားနို့ဆိုရင်လဲ ဖြစ်တာပါပဲ"ဟု ပြောလေ့ရှိသည်။ သို့အားဖြင့် ရွာသူရွာသား များမှာလည်း နွားမွေးမြူသူချည်းလို ဖြစ်ကြသဖြင့်

လတ်လတ်ဆတ်ဆတ် ညှစ်ထားသော နွားနို့နှင့် ဆွမ်းကိုသာ ရှင်ရသေ့အား လောင်းလှူလိုက်ကြ ရသည်။

တစ်ချို့နေ့တွင်မူ ရှင်ရသေ့သည် မွန်းတည့်လုနီး အချိန်ကျမှ ဆွမ်းခံ ကြွလာတတ်သည်။ ထိုကဲ့သို့ နေ့များတွင် ရှင်ရသေ့သည် အခြား အိမ်များသို့ မဝင်တော့ဘဲ ဒကာရင်းဖြစ်သော ရွာသူကြီး အိမ်သို့သာ ဝင်သွားသည်။ ထိုအခါ ရွာသူကြီးကတော်က မွန်းတည့်လုနီးနေပြီဖြစ်၍ အိမ်မှာပင် အလျင်အမြန် ဆွမ်းပြင်၍ ရှင်ရသေ့အား ဆက်ကပ်ရတော့သည်။ "အရှင်ဘုရား၊ ဘယ်လိုဖြစ်တာလဲ၊ နေမကောင်းလို့လား၊ ဒီနေ့ ဆွမ်းခံကြွတာ နေမြင့်လှချည်လား"

ဆွမ်းစားပြီးသော ရှင်ရသေ့အား ရွာသူကြီးက ဤသို့ မေးလျှောက် သည်။ "ဟုတ်တယ် ဒကာကြီးရေ၊ မနက်တုန်းက ခေါင်းခပ်လေးလေး ဖြစ်နေတာနဲ့ အိပ်ရာထ နောက်ကျသွားလို့ ဆွမ်းခံထွက်ဖို့လဲ နေမြင့်သွား တာပါပဲ"

ရှင်ရသေ့က ဤသို့ မတင်မကျ ဖြေလေ့ရှိသည်။ ထို့နောက်တွင် လည်း "ကဲ ဆွမ်းကိစ္စလဲပြီးပြီ၊ ကြာရင် နေသိပ်ပူလာလိမ့်မယ်၊ ကျုပ်ပြန် ဦးမှပဲ"ဟု ခပ်တိုတိုဖြင့် စကားဖြတ်ပြီး ကျောင်းသခ်မ်းသို့ ခပ်သုတ်သုတ် ပြန်သွားလေ့ရှိလေသည်။ ကလေးငယ်နှစ်ယောက် အကြောင်းကိုမူ တစ်စွန်း တစ်စမျှ ပြောကြားခြင်း မပြုချေ။ တကယ်တော့ ရှင်ရသေ့မှာ နေ့ရော ညပါ ကလေးနှစ်ယောက်အား တစ်ဦးတည်း ဒိုင်ခံပြုစုနေသဖြင့် အစားမမှန်၊ အအိပ်မမှန် ဖြစ်နေရခြင်း ဖြစ်လေသည်။

ဤသို့လျှင် ရှေးယခင်ကကဲ့သို့ အေးအေးချမ်းချမ်း မရှိလှတော့ဘဲ အမြဲတမ်းလို ဗျာများနေသော ရှင်ရသေ့ကို တွေ့မြင်ကြရသောအခါ ရွာသူကြီးနှင့်တကွ ဝေါပါလ ရွာသူရွာသားတို့က ရှင်ရသေ့အပေါ် သံသယ ရှိလာကြသည်။ "ဘာကြောင့် ငါတို့ဆရာ ရှင်ရသေ့ကြီး ခုလို ဂနာမငြိမ် ဖြစ်နေပါလိမ့်"ဟု တွေးမိလာကြသည်။ ထို့ကြောင့် ကျောင်းသခ်မ်းသို့ အမှတ်မထင်သွား၍ လေ့လာစုံစမ်းကြရာ ကလေးငယ်နှစ်ဦးကို တွေ့ရှိကြရ သဖြင့် တအံ့တသြ ဖြစ်သွားကြလေသည်။

ထို့နောက်တွင်မူ ရသေ့ရဟန်းတစ်ပါးအနေဖြင့် ကလေးငယ်များကို ကျွေးမွေးပြုစုရခြင်းမှာ လွန်စွာ မသင့်လျော်သော အလုပ်ဖြစ်ကြောင်း၊ ကလေးနှစ်ဦးတွင် တစ်ဦးက မိန်းကလေးဖြစ်နေခြင်းကြောင့်လည်း ပို၍ မသင့်လျော်ကြောင်း၊ ရှာသူရှာသားတို့က စဉ်းစားမိကြသည်။ ထို့ကြောင့် ရှာသူကြီးကို ရှေ့ဆုံးမှ တင်လျက် ရှင်ရသေ့ထံ ချဉ်းကပ်ကြသည်။ မဝံ့မရဲဖြင့် အကျိုးအကြောင်းကို ရှင်ရသေ့အား လျှောက်တင်ကြသည်။ "ကလေးငယ်နှစ်ဦးကို တပည့်တော် အပြည့်အဝ တာဝန်ယူ၍ ပြုစု စောင့်ရှောက်ပါမည်၊ တပည့်တော်အား လွှဲအပ်တော်မူပါ ဘုရား"ဟု ရှာသူကြီးက လျှောက်တင်ရာ ရှင်ရသေ့က ခပ်အင်အင် ဖြစ်နေလေသည်။

အမှန်အားဖြင့် ရှင်ရသေ့သည် အသက်သုံးဆယ်ကျော်အရွယ်၌ ဇနီးဖြစ်သူ ကွယ်လွန်သွားသဖြင့် လူ့ဘောင်ကို ငြီးငွေ့ကာ ရသေ့ ရဟန်း ဘဝဖြင့် တစ်ပါးတည်း နေထိုင်လာခဲ့သူ ဖြစ်၏။ ချစ်စွာသောဇနီးက မိမိအား မမျှော်လင့်ဘဲ စောစီးစွာ ခွဲခွာသွားခြင်းကို ခံလိုက်ရသောကြောင့် လည်း သံယောဇဉ်အပူမီးကို အကြောက်ကြီး ကြောက်နေခဲ့သူ ဖြစ်လေသည်။ သို့သော်လည်း ယခုအခါတွင်မူ မမျှော်လင့်ဘဲ မိမိလက်သို့ ရောက်လာ၍ တယုတယ ကျွေးမွေးပြုစုခဲ့ရသော ကလေးနှစ်ယောက်အပေါ်၌ သံယောဇဉ် ကြီးစွာ တွယ်နေမိလေသည်။ ထို့ကြောင့်လည်း ရှာသူကြီး၏ လျှောက်ကြား ချက်ကို လက်မခံလိုခြင်း ဖြစ်လေသည်။

သို့သော်လည်း အရှည်ကို မျှော်တွေးပြီး လေးလေးနက်နက် စဉ်းစားလိုက်သောအခါတွင်မူ ရှာသူကြီး၏ တင်ပြချက်ကို မိမိ လက်ခံ သင့်ကြောင်း ရှင်ရသေ့ကောင်းစွာ သဘောပေါက်သွားသည်။ ယခုအချိန်တွင် မိမိက မည်မျှပြုစု စောင့်ရှောက်နိုင်သည် ဆိုစေကာမူ သူတို့ကလေးတွေ၏ တစ်သက်တာ ရေ့ရေးက ရှိသေးသည်။ မိမိမှာလည်း အသက်အရွယ် ကြီးရင့်လှချေပြီ။ မိမိ မျက်ကွယ်ပြုသွားသည့်အခါ မိခိုရာမရှိတော့သော ထိုမောင်နှမ နှစ်ယောက်သည် တောထဲ တောင်ထဲ၌ ဆက်လက် နေထိုင် သွားနိုင်ကြပါဦးမည်လော။

ရှင်ရသေ့သည် ယင်းသို့သော အကြောင်းများကို စဉ်းစားပြီးနောက် ရွာသူကြီးအား ဤသို့ ပြောဆိုလေသည်။

"ကောင်းပါပြီ ဒကာကြီး၊ သူတို့လေးတွေရဲ့ ရှေ့ရေးကို မျှော်ပြီး သူတို့ မောင်နှမနှစ်ဦးကို ဒကာကြီး လက်ထဲ အပ်လိုက်ပါတော့မယ်။ ဒါပေမယ့် ဒကာကြီးတို့ သိထားဖို့က ဒီကလေးငယ်နှစ်ဦးဟာ သာမန် ကလေးတွေ မဟုတ်ဘူး၊ တကယ့် ဘုန်းရှင်ကံရှင်ကလေးတွေ၊ ထိပ်ဆုံး ရောက်အောင် ကြီးပွားမယ့် ကလေးတွေ၊ သူတို့ကို အကြောင်းပြုပြီး ဒကာကြီးတို့ ရွာကလေးဟာလဲ တစ်နေ့မှာ မြို့ပြကြီး တစ်ခု ဖြစ်လာ နိုင်တယ်"

## လိစ္ဆဝီမောင်နှမနှင့် ဝဇ္ဇီဂါမ

ရှင်ရသေ့၏ ခွင့်ပြုချက်ကို ရရှိသဖြင့် ဂေါပါလ ရွာသူကြီး ဝမ်းသာအားရ ဖြစ်သွားသည်။ ကလေးငယ်နှစ်ဦးကို မိမိ အထူးဂရုစိုက်၍ ပြုစု စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ရှင်ရသေ့အား လျှောက်ကြားသည်။ ထို့နောက် ရွာသူရွာသားများနှင့် စည်းဝေးတိုင်ပင်ပြီး နောက်တစ်နေ့တွင် ကလေးငယ်နှစ်ဦးကို ရှင်ရသေ့၏ ကျောင်းသင်္ခမ်းမှ မိမိ နေအိမ်သို့ ခေါ်ဆောင်လာသော အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ လမ်းတစ်လျှောက်လုံးတွင် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ပန်းများဖြန့်ကြဲခြင်း၊ တံခွန်ကုက္ကားများ စိုက်ထူခြင်း စသည်တို့ကို ပြုလုပ်ထားကြသည်။ သုံးလသားအရွယ်မျှသာ ရှိသေးသော ကလေးငယ်နှစ်ဦးကို သူကြီးကတော် အမှူးရှိသည့် အမျိုးသမီးကြီးများက တစ်လှည့်စီ ပွေ့ချီ၍ ခေါ်ဆောင်လာ ကြသည်။ သူကြီးနှင့် ရွာသူရွာသား များစွာတို့က ရှေ့နောက်တန်းစီ၍ လိုက်ပါကြသည်။ မြူးမြူးကြွကြွ ကခုန်၍ လိုက်ပါလာသော ကာလသား အဖွဲ့ကလည်း ရှေ့မှ တစ်ဖွဲ့၊ နောက်မှ တစ်ဖွဲ့၊ ထိုအဖွဲ့များ ရွာထဲသို့ ဝင်လာသောအခါ တစ်ရွာလုံးက တအံ့တဩ ငေးမောကြည့်ရှုကြသည်။

ဂေါပါလရွာသူ ရွာသားများအဖို့ မကြုံစဖူး ထူးခြားသော ပွဲတော်ကလေး တစ်ခု ဖြစ်သွားခဲ့လေသည်။

သားသမီးတစ်ဦးမျှ မထွန်းကားသော သူကြီးနှင့် သူကြီးကတော် တို့ကား ထိုကလေးနှစ်ဦးကို အလွန်ပင် ချစ်မြတ်နိုးကြသည်။ ကလေးငယ် နှစ်ဦးမှာလည်း အခြားသော ရွာသူရွာသားတို့၏ ကလေးငယ်များနှင့်မတူဘဲ လွန်စွာ သန့်ရှင်းကြည်လင်သော ရုပ်ရည်ရှိကြ၏။ သူတို့ကိုယ်မှ အရေခွံမှာ လွန်စွာပါးလွှာ နူးညံ့လှသည်ဖြစ်၍ လည်ချောင်းထဲသို့ ရေဝင်သွားသည် ကိုပင် ဖန်ခွက်ထဲ၌ ထည့်ထားသော ရေကဲ့သို့ အပြင်မှ ထင်ရှားစွာ တွေ့မြင်ရ၏။ ထို့ကြောင့် သူတို့ မောင်နှမကို **"လိစ္ဆဝိမောင်နှမ"**ဟု ရွာသူရွာသားများက ခေါ်လေ့ရှိကြသည်။

ဂေါပါလရွာနှင့် မလှမ်းမကမ်းဖြစ်သော တောတန်းတစ်နေရာရှိ ကျောင်းသင်္ခမ်းမှ ရှင်ရသေ့ခမျာမှာ မိမိ တယုတယပြုစု စောင့်ရှောက်ခဲ့ သော ကလေးငယ်နှစ်ဦးအား ခွဲခွါလိုက်ရသဖြင့် ဟာတာတာဖြစ်၍ နေသည်။ သနားကြင်နာဖွယ်ကောင်းလှသော ကလေးငယ်တို့၏ မျက်နှာ ကလေးများကိုသာ နေ့ရောညပါ ထင်ယောင်မြင်ယောင်ဖြစ်၍ နေသည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း နံနက်မိုးလင်းပြီဆိုလျှင် ယခင်ကကဲ့သို့ ဆွမ်းခံချိန် ရောက်အောင် မစောင့်နိုင်တော့ဘဲ စောစောစီးစီးပင် ဂေါပါလ ရွာကလေးဆီသို့ သပိတ်ပိုက်ကာ ထွက်လာသည်။ ရွာထဲသို့ ရောက်လျှင် ရွာသူကြီးအိမ်သို့ ရှေးဦးစွာ ဝင်ပြီး ကလေးငယ်ကလေးနှစ်ဦးကို အားရပါးရ ကြည့်ရှု သည်။ ထိုနောက်တွင်မှ သူကြီးကတော် ကပ်လှူသော ယာဂုနှင့် မုန့်ခဲဖွယ်တို့ကို ဘုဉ်းပေး၍ ဆွမ်းခံပြီး ကျောင်းသို့ ပြန်ခဲ့လေသည်။

တဖြည်းဖြည်းနှင့် ကြီးပြင်းလာသော လိစ္ဆဝိမောင်နှမ နှစ်ဦးကား အသက် ၄-၅နှစ်အရွယ်သို့ ရောက်သောအခါ ဇာတိပြလာကြသည်။ ရုပ်ရည်အားဖြင့် နူးညံ့သိမ်မွေ့ကြသော်လည်း စိတ်ဓါတ်အားဖြင့်မူ အလွန် ကြံ့ခိုင်သူများ ဖြစ်လာကြသည်။ တစ်ခြားကလေးများနှင့် ကစားရာတွင် သူတို့ကသာ အမြဲတမ်း အပေါ်စီးရယူလေ့ ရှိကြသည်။ ရန်ဖြစ်ပြီဆိုလျှင်

လည်း သူတို့ကသာ လက်ဦးအောင် ထိုးတတ်ကြိတ်တတ်ကြသည်။ အထိုးအကြိတ် ခံရသော ကလေးများသည် ငိုယိုလျက် အိမ်ပြန်သွားကြပြီး မိဘများအား တိုင်ကြားကြသည်။ မိဘများက မေးမြန်းသောအခါ "အမေ၊ အဖေမရှိတဲ့ ဟိုလိစ္ဆဝီ မောင်နှမက သားတို့ကို စော်ကားမော်ကား လုပ်လိုက်လို့"ဟူ၍ ပြောကြသည်။ ထိုအခါ မိဘများကလည်း "ဒီလို ရိုင်းစိုင်းတဲ့ ကလေးတွေနဲ့ သားတို့ မပေါင်းကြနဲ့၊ ဝေးဝေးက ရှောင်ကြ ရှောင်ကြ"ဟူ၍ မိမိတို့ သားသမီးများအား ပြောဆိုဆုံးမကြသည်။ ဤသို့ ပြောဆိုသည့် **"ရှောင်ကြ၊ ရှောင်ကြ"(ဝဇ္ဇေထ၊ ဝဇ္ဇေထ)**ဟူသော စကားကို အကြောင်းပြု၍ ထိုလိစ္ဆဝီ မောင်နှမ နေထိုင်ရာ အရပ်ကို **"ဝဇ္ဇီ"**ဟု ခေါ်ဝေါ်ခဲ့ကြပြီး နောင်အခါ၌လည်း **"ဝဇ္ဇီတိုင်း"**ဟူ၍ ဖြစ်ပေါ် လာခဲ့လေသည်။

လိစ္ဆဝီမောင်နှမ ၁၆-နှစ်အရွယ်သို့ ရောက်သောအခါ ဂေါပါလ ရွာသူကြီးသည် များစွာသော လက်ဆောင်ပဏ္ဏာတို့ဖြင့် ဗာရာဏသီပြည်သို့ သွားကာ ဗြဟ္မဒတ်မင်းကြီးထံ အခစား ဝင်သည်။ မင်းကြီးအား လက်ဆောင် ပဏ္ဏာများ ဆက်သပြီး မိမိနေထိုင်ရာ ဂေါပါလ ရွာနှင့် အနီးပတ်ဝန်းကျင် ယူဇနာ သုံးဆယ်မျှရှိသော အရပ်ဒေသကို မိမိအား အပိုင်စားပေးပါရန် တောင်းခံသည်။ ထိုက်သင့်သော အခွန်ဘဏ္ဍာများကို နှစ်စဉ်ဆက်သပါမည်ဟူ၍လည်း ဝန်ခံကတိ ပြုသည်။

ဂေါပါလ ရွာသူကြီး တောင်းခံသော ဒေသကား ဗာရာဏသီ နေပြည်တော်နှင့် အလှမ်းဝေးသည့် ကာသိတိုင်း၏ အစွန်အဖျား ဒေသ ဖြစ်၏။ ထို့ကြောင့် ရွာသူကြီး၏ တောင်းခံချက်ကို ဗြဟ္မဒတ်ဘုရင်က အလွယ်တကူပင် လက်ခံလိုက်လေသည်။

ဂေါပါလ ရွာသူကြီးသည် ဗာရာဏသီဘုရင်ထံမှ ခွင့်ပြုချက်ရရှိ သောအခါ ရှင်ရသေ့အား လျှောက်ကြားတိုင်ပင်ပြီး ဂေါပါလရွာကို မြို့ အဖြစ် တည်ဆောက်ရန် စီစဉ်သည်။ ရှင်ရသေ့၏ ညွှန်ကြားချက်နှင့်အညီ လမ်းကြီးလမ်းငယ်များ၊ ဈေးတန်းဈေးရုံများ၊ တိုက်အိမ် အဆောက်အဦးများ၊

မြို့ရိုးတံတိုင်းနှင့် တံခါးကြီး တံခါးငယ်များကို စနစ်တကျ စီမံဆောက်လုပ်ခဲ့ရာ သုံးနှစ်ကျော်ကာလအတွင်း၌ပင် ခေတ်မီမြို့ကလေး တစ်မြို့ဖြစ်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ထိုမြို့ကို အုပ်ချုပ်သူတို့ နေထိုင်ရန် ခန့်ညားသပ်ရပ်သော နန်းတော်ဆောင် တစ်ဆောင်နှင့် သန္ဓာဂါရခေါ် မြို့တော်ခန်းမ တစ်ဆောင်ကိုလည်း ဆောက်လုပ်ခဲ့လေသည်။

ဤသို့လျှင် မြို့အင်္ဂါရပ်အားလုံးနှင့် ပြည့်စုံသော မြို့ကလေးကို တည်ဆောက်ပြီးသောအခါ ရှင်ရသေ့ တွက်ချက်ပေးသော နေ့ကောင်း ရက်သာ၌ လိစ္ဆဝီမောင်နှမကို ထိမ်းမြားလက်ထပ်ပေးပြီး ဘုရင်နှင့် မိဖုရားအဖြစ်ဖြင့် တင်မြှောက်သည်။ ဂေါပါလရွာနှင့် အနီးပတ်ဝန်းကျင်မှ ပညာဗဟုသုတနှင့် ပြည့်စုံသော လူကြီးလူငယ်များကို ရှာဖွေစုဆောင်းပြီး မှူးမတ်၊ စစ်သူကြီး၊ မြို့ဝန်စသော ရာထူးဌာနန္တရ အသီးသီး၌ သင့်လျော်သလို ခန့်ထားသည်။ ရွာသူကြီးကိုယ်တိုင်ကား ဘုရင်၏ အကြံပေး ပုရောဟိတ် အမတ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်လေသည်။

## ဝဇ္ဇီဂါမမှ ဝေသာလီသို့

တောရကျောင်းနေ ရှင်ရသေ့၏ ညွှန်ကြားချက်နှင့်အညီ ဂေါပါလ ရွာသူကြီး ဦးစီးတည်ဆောက်ခဲ့သော မြို့ကလေးကို ဝဇ္ဇီဂါမဟု ခေါ်တွင်ခဲ့ကြသည်။ မြို့ကလေးမှာ ကျေးရွာတစ်ရွာကို အခြေခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်၍ မြို့တည်စတွင် အလျားအားဖြင့် လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း တစ်ဂါဝုတ် (သုံးမိုင်ခန့်)မျှသာ ရှိ၏။ သို့သော်လည်း ရေတွင်း ရေကန်၊ ပန်းခြံဥယျာဉ်တို့နှင့် ပြည့်စုံပြီး လမ်းပန်းဆက်သွယ်မှုကလည်း ချောမွေ့ကောင်းမွန်သောကြောင့် အနီးပတ်ဝန်းကျင်မှ များစွာသော နယ်သူနယ်သားတို့သည် ဝဇ္ဇီဂါမဈေးသို့ နေ့စဉ်နေ့တိုင်း လာရောက်၍ ရောင်းဝယ်ဖေါက်ကားမှု ပြုကြသည်။ နွားမွေးမြူခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း စသော စီးပွားရေးလုပ်ငန်းများဖြင့် ပြည့်စုံကြွယ်ဝလာသူတို့

ကလည်း မြို့တွင်း၌ မြေကွက်များ ရယူ၍ အိုးအိမ်ဆောက်လုပ် နေထိုင်ကြသည်။

သို့အားဖြင့် ဝဇ္ဇီဂါမမြို့ကလေးမှာ လူနေအိမ်ခြေများဖြင့် တစ်နေ့တစ်ခြား စည်ကားကျယ်ပြန့်လာလေသည်။

ထို့ပြင် လိစ္ဆဝီမင်း၏ မိဖုရားမှလည်း အမြွှာပူးကလေးများ ၁၆-ကြိမ်တိုင်အောင် မွေးဖွားခဲ့သည်။ ထိုအမြွှာပူးကလေးများမှာလည်း ယောကျ်ားလေးနှင့် မိန်းကလေး စုံတွဲချည်းသာ ဖြစ်ကြ၍ အချင်းချင်း စုံဖက်ကာ လိစ္ဆဝီမျိုးဆက်များ လျင်မြန်စွာ တိုးပွားလာလေသည်။ ယင်းသို့ တိုးပွားလာသော မျိုးဆက်သစ်များ နေထိုင်ရန်အတွက်လည်း ဥယျာဉ် ရေကန်၊ ပန်းခြံများနှင့်တကွ တိုက်တာ အိုးအိမ်သစ်များ တည်ဆောက်ကြရလေသည်။ သို့အားဖြင့် မူလက တစ်ဂါဝုတ်မျှသာ ကျယ်သော ဝဇ္ဇီဂါမမြို့ကို မကြာမီနှစ်များအတွင်းမှာပင် နောက်ထပ် တစ်ဂါဝုတ် တိုးချဲ့ခဲ့ရသည်။ ထို့နောက်တွင်လည်း ရှေ့နည်းတူပင် လိစ္ဆဝီမင်းမျိုးများနှင့် အခြား မြို့နေ လူတန်းစားများ ဆက်တိုက်ပင် တိုးပွားလာနေသည်။ ထို့ကြောင့် မြို့ကို တတိယအကြိမ် တစ်ဂါဝုတ် တိုးချဲ့ရပြန်လေသည်။ ဤသို့လျှင် သုံးကြိမ်တိုင်တိုင် တိုးချဲ့ခဲ့ရသော မြို့ဖြစ်ခြင်းကြောင့် ဝဇ္ဇီဂါမဟူသော မူလအမည် တိမ်မြုပ်သွားပြီး ဝေသာလီဟူသော အမည်သစ်ဖြင့်သာ ထင်ရှားလာခဲ့လေသည်။

ဤသို့လျှင် ဝဇ္ဇီတိုင်း၏ မြို့တော်အဖြစ်ဖြင့် တစ်နေ့တစ်ခြား ကြီးကျယ် စည်ကားလာသော ဝေသာလီသည် သက်တမ်း ခုနစ်ရာခန့်သို့ ရောက်လာခဲ့သည်။ ထိုအခါ ဝေသာလီကို အုပ်ချုပ်သော လိစ္ဆဝီမင်းမျိုးများမှာလည်း အရေအတွက်အားဖြင့် ခုနစ်ထောင်ကျော်မျှ ရှိလာလေသည်။ သဒ္ဓာဂါရ ခေါ် လွှတ်တော်ရုံး၏ မှတ်တမ်းအရ လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လိစ္ဆဝီမင်းသားပေါင်းမှာ (၇၇၀၇)ယောက် ရှိသည်ဟု ဆိုပါသည်။

ထိုလိစ္ဆဝီမင်းသားအားလုံးတို့သည် ခမ်းနားထည်ဝါသော အိုးအိမ်တို့ဖြင့် သီးသီးခြားခြား နေထိုင်ကြသည်။ ထို့ကြောင့် လိစ္ဆဝီမင်းတို့

နေထိုင်ရာ ရပ်ကွက်သည် ဝေသာလီ၏ ကျက်သရေဆောင် တော်ဝင် ရပ်ကွက်ကြီးတစ်ခု အဖြစ်ဖြင့် တည်ရှိနေလေသည်။ သို့သော်လည်း လိစ္ဆဝီမင်း အားလုံးတို့သည် ပြည်သူတို့၏ အခွန်ဘဏ္ဍာကို စားသုံးနေကြ သူများမဟုတ်။ နိုင်ငံအုပ်ချုပ်ရေးနှင့် ကာကွယ်ရေး တာဝန်ကို အချိန်ပြည့် ထမ်းဆောင်ရသူများသာလျှင် နိုင်ငံတော်၏ လစာရိက္ခာကို ထုတ်ယူသုံး စွဲကြသည်။ အခြားသော လိစ္ဆဝီတို့ကား ကုန်သွယ်ခြင်း၊ လယ်ယာစိုက် ပျိုးခြင်း စသော လုပ်ငန်းအသီးသီးဖြင့်သာလျှင် အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

## စည်းလုံးညီညွတ်မှု

လိစ္ဆဝီမင်းတို့သည် မိမိတို့ အချင်းချင်း လွန်စွာ စည်းလုံးညီညွတ် သူများဖြစ်ကြသည်။ ရှေးရိုးစဉ်လာကိုလည်း ရိုသေလေးစားစွာလိုက်နာ စောင့်ထိန်းကြ၍ အခါခပ်သိမ်းလည်း နိုးကြား တက်ကြွမှု အပြည့်ရှိကြ၏။ အရွယ်ရောက်လာသော လိစ္ဆဝီမင်းငယ်တို့အား ယောက်ျားတို့ တတ်အပ် သော ၁၈–ရပ် အတတ်ပညာတို့ကို ဖိဖိစီးစီး သင်ကြားပေးကြ၏။ အထူး သဖြင့် လိစ္ဆဝီမင်းငယ်တို့သည် ဓါးလှံ လေးမြားအတတ်၊ ဆင်စီး၊ မြင်းစီး အတတ် စသည့် စစ်မှုရေးရာ အတတ်ပညာတို့၌ သူ့ထက်ငါ သာလွန်အောင် ကြိုးစားလေ့ ရှိကြ၏။ ပင်ကိုယ်အားဖြင့် နုနယ်သော လိစ္ဆဝီမင်းတို့သည် အတတ်ပညာ သင်ယူရာတွင်မူ ဆင်းရဲပင်ပန်းမှုကို ဂရုမစိုက်ကြချေ။ အဝတ်မခင်းသော ကြမ်းပြင်ပေါ်တွင် သစ်တုံးကိုပင် ခေါင်းအုံး၍ အိပ်တတ် ကြ၏။ အချက်ပေးသံချောင်း ခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ချက်ချင်းထကာ လေ့ကျင့်ရေးစခန်းသို့ အမြန်ဆုံး သွားကြလေသည်။

## သန္ဓာဂါရ အစည်းအဝေး

သန္ဓာဂါရခေါ် လွှတ်တော်အစည်းအဝေးသည်လည်း လိစ္ဆဝီတို့၏ စည်းလုံးညီညွတ်မှုကို စံပြုစရာတစ်ခု ဖြစ်ပေသည်။ အစည်းအဝေး တက်

ရောက်ကြရန် အချက်ပေးသော စည်တော်ကြီးကို တီးခတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကြားကြားသမျှသော လိစ္ဆဝီမင်းတို့သည် အစည်းအဝေးခန်းမသို့ အမြန်ဆုံးရောက်လာကြသည်။ မည်သည့်ကိစ္စကိုမျှ အကြောင်းပြ၍ နှောင့်နှေးနေလေ့ မရှိကြ၊ စားဆဲထမင်း၊ လုပ်ဆဲ အလုပ်ကိုပင် ပြီးအောင် မစား၊ ပြီးအောင် မလုပ်ဘဲ ပစ်ထားခဲ့တတ်ကြသည်။ မကျန်းမာ၍ အိပ်ရာက မထနိုင်သူကလွဲလျှင် မည်သူမျှ ပျက်ကွက်နေလေ့ မရှိကြချေ။

လိစ္ဆဝီမင်းတို့သည် အစည်းအဝေး ကျင်းပရာတွင်လည်း စနစ်တကျ ကျင်းပတတ်ကြသည်။ အစည်းအဝေး တက်ရောက်သူ ဦးရေနှင့် အစည်းအဝေး အစီအစဉ်ကို ရှေးဦးစွာ ကြေညာသည်။ ထို့နောက် အစည်းအဝေး၏ အကြီးအကဲဖြစ်သူ သဘာပတိက အကြောင်းကိစ္စကို ပြောကြားပြီး ထိုကိစ္စနှင့် ပတ်သက်၍ လိစ္ဆဝီမင်းတို့က မိမိတို့၏ ထင်မြင်ယူဆချက်များ ကို အသီးအသီး ဆွေးနွေးတင်ပြကြရန် ဖိတ်ခေါ်သည်။ လိစ္ဆဝီမင်းတို့သည် အစည်းအဝေး၌ တင်ပြသော ပြဿနာတို့ကို မိမိတို့ အမြင်ဖြင့် ပွင့်ပွင့် လင်းလင်း ဝေဖန်ဆွေးနွေးကြသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ထိပါးပုတ်ခတ်ခြင်း မပြုကြ။ တစ်ဦး၏ အမြင်ကို တစ်ဦးက လေးစား သည်။ အားလုံးဆွေးနွေးပြီးသောအခါတွင်မှ သဘာပတိက အများစု၏ ဆန္ဒသဘောထားကို ရယူ၍ အဆုံးအဖြတ် ပြုသည်။ ဤသို့ လူများစု၏ ဆန္ဒဖြင့် ဆုံးဖြတ်လိုက်သော အချက်ကိုလည်း လိစ္ဆဝီအားလုံးတို့က ကျေကျေနပ်နပ် လက်ခံလိုက်နာကြသည်။ အစည်းအဝေးပြီးသည်နှင့် သဏ္ဌာဂါရမှ ညီညီညွတ်ညွတ် စုစုဝေးဝေးဖြင့် ပြန်သွားကြပြီး မိမိတို့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြလေသည်။

ရာဇဂြိုဟ်မှ ကုန်သည်ကြီးသည် ဝေသာလီ၏ ဂုဏ်သတင်းကို မစားရ ဝခမန်း ကြားသိနေခဲ့ရရာမှ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိသွားသော အခါတွင်မူ ပို၍ပင် တအံ့တဩ ဖြစ်သွားလေသည်။ မြို့တော်၏ ကြီးကျယ်ခမ်းနားပုံများမှာ ငေးမောကြည့်ရှု၍မဆုံးနိုင်အောင် ရှိလေသည်။ မြို့တော်၏ လမ်းမကြီးများပေါ်တွင် လိစ္ဆဝီမင်းညီမင်းသားတို့က ခန့်ညား

လုပသော ယာဉ်ရထားများဖြင့် ဝှံ့ဝှံ့ကြွားကြွား သွားလာနေကြသည်။ သစ်လွင်တောက်ပသော ဝတ်စုံများ ဆင်မြန်းထားသည့် လိစ္ဆဝီသမီးပျိုတို့ ကလည်း မြို့တော်၏ ကျက်သရေကို ဆောင်လျက် ရှိကြသည်။

## အမ္ဗပါလီနှင့် လိစ္ဆဝီလုလင်ပျိုများ

ရာဇဂြိုဟ်မှ ကုန်သည်ကြီးသည် လိစ္ဆဝီသမီးပျိုတို့၏ အလှကို တွေ့မြင်ရသကဲ့သို့ အမ္ဗပါလီ၏ အကြောင်းကိုလည်း တစ်ဆင့်စကားဖြင့် ကြားခဲ့ရသည်။ အမ္ဗပါလီမှာ လိစ္ဆဝီလုလင်ပျိုတို့ လောက၌ အလွန်ရေပန်းစား နေသည့် အလှမယ်တစ်ပါး ဖြစ်၏။ သူမသည် ရုပ်အဆင်းအားဖြင့် တောင့်တင်းလှပရုံသာမက အဆိုအက၊ အမူအရာတို့ဖြင့်လည်း ယောက်ျား တကာတို့၏ စိတ်ကို တိမ်းညွှတ်စေနိုင်သူဖြစ်၏။ ထို့ကြောင့် လိစ္ဆဝီမင်းပျို တည်းဟူသော ပျားပိတုန်းတို့သည် အမ္ဗပါလီဟူသော ပန်းရုံ၌ တရစ်ဝဲဝဲ ရှိနေကြလေသည်။

အမှန်အားဖြင့် အမ္ဗပါလီမှာ လိစ္ဆဝီသမီးပျိုတစ်ဦးကား မဟုတ်ချေ။ ဥယျာဉ်မှူးတစ်ဦး၏ သမီးပျိုသာ ဖြစ်၏။ ထိုဥယျာဉ်မှူးသည် တစ်နေ့တွင် မိမိ ဥယျာဉ်တွင်းရှိ သစ်ပင်ပန်းမာန်များကို လှည့်လည်ကြည့်ရှုစဉ် သရက်ပင်ကြီး တစ်ပင်အောက်မှ မိန်းကလေးငယ်တစ်ဦးကို တွေ့ရှိ၍ ကောက်ယူမွေးစားခဲ့သည်ဟု ဆို၏။ သရက်ပင်အောက်မှ ရရှိသူဖြစ်၍ သူမအား အမ္ဗပါလီဟု နာမည်ပေးခဲ့သည်။

အမ္ဗပါလီသည် အရွယ်ရောက်လာသောအခါ ထူးခြားသော အလှ ပိုင်ရှင်မလေးတစ်ဦး ဖြစ်လာခဲ့သည်။ ကိုယ်လုံးကိုယ်ထည် ဖွံ့ထွားပြေပြစ်ပြီး အသားအရေကလည်း မှည့်ရင့်စ သရက်သီးကဲ့သို့ ဝါဝင်းတောက်ပနေသည်။ လူမိန်းမမှ မွေးဖွားလာသူမဟုတ်၊ သရက်ပင်မှ သန္ဓေတည်ခဲ့သည့် **"သံသေသူ"**ကလေးဖြစ်သည်။ ထို့ကြောင့်လည်း အခြားမိန်းကလေးများနှင့် မတူအောင် လှပနေခြင်း ဖြစ်သည်ဟူ၍ ပြောစမှတ်ပြုကြသည်။ အချို့ကမူ အမ္ဗပါလီမှာ မိုးပေါ်မှ ကျလာသော နတ်မိမယ်ကဲ့သို့ ဥပပတ်ပဋိသန္ဓေဖြင့်

ဘွားကနဲ ပေါ်လာသော မိန်းမဆန်းလေးတစ်ဦး ဖြစ်၏ဟူ၍ပင် ဆိုကြလေသည်။

အမ္ဗပါလီ၏ အလှမှာ အသက် ၂၀–အရွယ်သို့ ရောက်သောအခါ ပို၍ ဖွံ့ဖြိုးလာသည်။ ထိုအခါ သူမကို ဝိုင်းဝန်းပိုးပန်းကြသော လုလင်ပျိုများ ဝိုင်းဝိုင်းလည်လာသည်။ အမ္ဗပါလီမှာ သာမန်ဥယျာဉ်မှူးတစ်ဦး၏ သမီးမျှသာ ဖြစ်သော်လည်း သာမန်လူတန်းစားဖြစ်သော လုလင်ပျိုတို့သည် သူမ အနားသို့ မကပ်နိုင်ကြချေ။ လူကုံထံ သူဌေးသူကြွယ်များနှင့် လိစ္ဆဝီမင်းညီမင်းသားတို့ကသာ အမ္ဗပါလီအိမ်၌ ခြေရာချင်းထပ်၍ နေလေသည်။ ထိုအထဲတွင်လည်း လိစ္ဆဝီတို့က အကဲဆုံးဖြစ်၏။ မိမိတို့၏ အရှိန်အဝါဖြင့် လိစ္ဆဝီလုလင်ပျိုတို့က အမ္ဗပါလီထံသို့ ဇွတ်တိုး၍ ချဉ်းကပ်လာကြသောကြောင့် အခြားသော သူဌေးသူကြွယ်သားများမှာ နောက်ဆုတ်သွားကြရရလေသည်။

ဤကဲ့သို့ သူဌေးသူကြွယ်သားများက နောက်ဆုတ်သွားကြသော်လည်း ပြဿနာကား ငြိမ်းမသွားခဲ့။ အကြောင်းမှာ အမ္ဗပါလီကို အကြောင်းပြု၍ လိစ္ဆဝီ လုလင်ပျို အချင်းချင်း တုတ်တပြက်၊ ဓါးတပြက် ဖြစ်လာသောကြောင့် ဖြစ်လေသည်။ အမ္ဗပါလီကား မိမိထံ ချဉ်းကပ်လာသော လုလင်ပျိုတို့အား မည်သူ့ကိုမျှ ပို၍ အခွင့်အရေးမပေး၊ မည်သူ့ကိုမျှလည်း ပစ်ပစ်ခါခါ မပြုဘဲ အလိမ္မာဉာဏ်ဖြင့် အားလုံးနှင့် အဆင်ပြေအောင် နေလေသည်။

## အပရိဟာနိယတရား ခုနစ်ပါး

ထိုကဲ့သို့သော အခြေအနေတွင် အမ္ဗပါလီ၏ ဖခင် ဥယျာဉ်မှူးကြီးမှာ စိုးရိမ်သောက ဖြစ်ပေါ်လာသည်။ အမ္ဗပါလီကို ရယူလိုမှုဖြင့် လိစ္ဆဝီမင်းသားတို့ကြား၌ ပဋိပက္ခကြီးထွားလာခဲ့သော် မိမိမှာ တာဝန်ရှိပေလိမ့်မည်။ လိစ္ဆဝီလုလင်ပျိုများမှာ အဖိုးတန် နိုင်ငံ့သားကောင်းများ ဖြစ်ကြ၏။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ငယ်စဉ်မှစ၍ ဆင်စီး၊

မြင်းစီးအတတ်၊ ဓါး၊ လှံ လေးမြားအတတ် စသော စစ်ပညာတို့ကို အပတ်တကုတ် သင်ယူအားထုတ်ခဲ့ကြသူများ ဖြစ်၏။ မိန်းမတစ်ယောက် အတွက် ထိုကဲ့သို့သော သားကောင်းရတနာများ ပျက်စီးဆုံးရှုံးကြမည် ဆိုလျှင် အလွန်တရာ နစ်နာပေလိမ့်မည်။

ဝဇ္ဇီနိုင်ငံတော်ကို အုပ်ချုပ်သော လိစ္ဆဝီမင်းတို့သည် တရားဥပဒေ ကင်းမဲ့သူများမဟုတ်။ အဆက်ဆက်သော ရှေးမင်းများ လက်ထက်က ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် တရားဥပဒေနှင့်အညီ နိုင်ငံတော်ကို စီမံအုပ်ချုပ်သူများ ဖြစ်ပေသည်။ ထိုမင်းတို့သည် အပရိဟာနိယဓမ္မခေါ် အခြေခံမှု (၇)ချက်ကို အထူးအားဖြင့် စောင့်ထိန်းလိုက်နာကြ၏။ အမှန်အားဖြင့်လည်း ထိုအပရိဟာနိယဓမ္မ (၇)ပါးသည် ဝေသာလီပြည်နှင့် လိစ္ဆဝီမင်းများ ကြီးပွားတိုးတက်လာခြင်း၏ အကြောင်းရင်းပင် ဖြစ်ပေ၏။

တစ်ခါက ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်သို့ ကြွလာပြီး မြို့အနီးရှိ သာရန္ဒဒစေတီယမည်သော ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ များစွာသော လိစ္ဆဝီမင်းတို့သည် ဗုဒ္ဓမြတ်စွာထံ တစ်စုတစ်ဝေးတည်း သွားရောက်၍ ဖူးမြင်ကြသည်။ ထိုလိစ္ဆဝီမင်းတို့အား ဗုဒ္ဓမြတ်စွာက သင့်လျော်သော တရားဒေသနာကို ဟောကြားတော်မူသည်။ လိစ္ဆဝီမင်းတို့ အား ဘုရားရှင်ဟောကြားသော တရားဒေသနာကား အခြားမဟုတ်၊ အပရိဟာနိယဓမ္မ(၇)ပါးပင် ဖြစ်၏။ ဘုရားရှင်သည် အစဉ်အလာအားဖြင့် အပရိဟာနိယဓမ္မ(၇)ပါးနှင့်အညီ ကျင့်သုံးနေထိုင်ခဲ့ကြသော လိစ္ဆဝီမင်း တို့အား **"ကြပ်ရာသတ်မင်း၊ တင်းရာသံပတ်"**ဆိုသကဲ့သို့ ပို၍ ခိုင်မြဲစေရန် ရည်ရွယ်လျက် ထိုတရားခုနစ်ပါးကိုပင် ထပ်မံဟောကြားတော်မူခြင်း ဖြစ်၏။ ထိုတရား ခုနစ်ပါး ပျက်စီးလျှင် လိစ္ဆဝီမင်းတို့လည်း ပျက်စီးမည်၊ ဝေသာလီပြည်ကြီးလည်း ပျက်စီးလိမ့်မည်ဟူသော သဘောကိုလည်း သွယ်ဝိုက်သောနည်းအားဖြင့် ဆောင်ပြတော်မူခြင်း ဖြစ်ပေသည်။

**"လိစ္ဆဝီမင်းတို့** — သင်တို့သည် အကြင်မျှလောက်သော ကာလ ပတ်လုံး အခါမလပ် စည်းဝေးကြကုန်၏၊ ထိုမျှလောက်သော

ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။(၁)

**“လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ညီညီညွတ်ညွတ်ဖြင့် စည်းဝေးကြကုန်၏၊ ညီညီညွတ်ညွတ်ဖြင့် အစည်းအဝေးမှ ထကြကုန်၏၊ ပြုဖွယ်ကိစ္စတို့ကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၂)

**“လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ရှေးမင်းတို့ မပညတ်ခဲ့သောအချက်ကို ပညတ်ခြင်း မပြုကြ၊ ရှေးမင်းတို့ ပညတ်ခဲ့သော အချက်ကိုလည်း မဖောက်ဖျက်ကြ၊ ပညတ်ထားရှိပြီးသော ရှေးရိုးကျင့်ထုံးများကို ကောင်းမွန်စွာ လိုက်နာကြကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၃)

**“လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အသက်အရွယ်ကြီးသော လိစ္ဆဝီမင်းတို့အား ရိုသေခြင်း၊ လေးစားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ ပူဇော်ခြင်းကို ပြုကြကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၄)

**“လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အိမ်ထောင်ရှိ၊ အိမ်ထောင်မဲ့ အမျိုးသမီးများကို အနိုင်အထက်ကျင့်၍ သိမ်းပိုက်ခြင်း မပြုကြကုန်၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၅)

**“လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး မြို့တွင်း၊ မြို့ပြင်ရှိ နတ်ကွန်း စေတီတို့အား ရိုသေ

လေးစားခြင်း ပြုကြကုန်၏။ အစဉ်အလာအားဖြင့် ပြုမြဲဖြစ်သော ပူဇော်ပသမှုကို ပြုကြကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၆)

**"လိစ္ဆဝီမင်းတို့** – သင်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး မိမိတို့ တိုင်းနိုင်ငံသို့ မရောက်လာသေးသော သူတော်စင်များ ရောက်လာစေရန်လည်းကောင်း၊ ရောက်လာပြီးသော သူတော်စင်များ ချမ်းသာစွာ နေနိုင်ကြစေရန်လည်းကောင်း ထိုသူတော်စင်ပုဂ္ဂိုလ်မြတ်တို့အတွက် တရားနှင့်ညီသော ကာကွယ်စောင့်ရှောက်မှုကို ပြုလုပ်ပေးကြကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်။ (၇)

ဗုဒ္ဓမြတ်စွာသည် လိစ္ဆဝီမင်းတို့အား အပရိဟာနိယဓမ္မ ခုနစ်ပါးကို ဟောကြားပြီးနောက် အောက်ပါနိဂုံးချုပ်စကားကို မိန့်ကြားတော်မူလေသည်။

**"လိစ္ဆဝီမင်းတို့** – အကြင်မျှလောက်သော ကာလပတ်လုံး ဤအပရိဟာနိယဓမ္မ(၇)ပါး တို့သည် ဝဇ္ဇီတိုင်းကို အုပ်ချုပ်သော လိစ္ဆဝီမင်းတို့၌ တည်ကုန်၏၊ လိစ္ဆဝီမင်းတို့သည်လည်း ထိုတရား ခုနစ်ပါးတို့၌ တည်ကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး လိစ္ဆဝီမင်းတို့အား ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်"

ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်ကို ကြားနာရသောအခါ လိစ္ဆဝီမင်းတို့ လွန်စွာ ကျေနပ်နှစ်သက်သွားကြသည်။ အပရိဟာနိယဓမ္မ ခုနစ်ပါးကို ပို၍ လေးစားစောင့်ထိန်းရန်လည်း သန္နိဋ္ဌာန် ပြုလိုက်ကြလေသည်။

အမှန်အားဖြင့် အပရိဟာနိယဓမ္မခုနစ်ပါးမှာ လိစ္ဆဝီမင်းတို့အတွက်သာမက စုပေါင်းဆောင်ရွက်ရသော အသင်းအဖွဲ့များ၊ လူမျိုးစုများနှင့် တိုင်းနိုင်ငံများအတွက်လည်း မလွဲမသွေ လိုအပ်သော အခြေခံမှုများ ဖြစ်ပေသည်။

# ပျော်တော်ဆက်မယ်ဘဝ

ဤသို့လျှင် အပရိဟာနိယဓမ္မခုနစ်ပါး၌ တည်လျက် အစဉ်အလာအားဖြင့် စည်းလုံးညီညွတ်စွာ နေခဲ့ကြသော လိစ္ဆဝီမင်းတို့သည် ယခုအခါ အမ္ဗပါလီကို အကြောင်းပြု၍ မညီမညွတ် ဖြစ်လာကြသည်။ အထူးသဖြင့် လိစ္ဆဝီလုလင်ပျိုများအကြား၌ **"တုတ်တပြက်၊ ဓါးတပြက်"** ဖြစ်လာကြသည်။ နောက်ဆုံး ထိုကိစ္စမှာ သန္ထာဂရခေါ် လွှတ်တော်အစည်းအဝေးသို့ပင် ရောက်သွားလေသည်။

အစည်းအဝေးတွင် အမ္ဗပါလီကိစ္စကို တစ်ယောက်တစ်မျိုး ဝေဖန်ဆွေးနွေးကြသည်။ အများလက်ခံ ကျေနပ်နိုင်မည့် နည်းလမ်းကို ရှာကြသည်။ ဤတွင် မဟာလိမည်သော လိစ္ဆဝီမင်းသားကြီးက အဆိုတစ်ခု တင်ပြသည်။ အမ္ဗပါလီမှာ လိစ္ဆဝီမင်းမျိုးမှ မွေးဖွားသူ မဟုတ်သဖြင့် မည်သည့် လိစ္ဆဝီမင်းသားကမျှ သူမကို လက်ထပ်ထိမ်းမြားခြင်း ပြုရန် မသင့်လျော်ကြောင်း၊ အမှန်အားဖြင့် သူမကို နိုင်ငံတော်၏ ပျော်တော်ဆက် အလှမယ်အဖြစ်ဖြင့် အသိအမှတ်ပြုလျက် သင့်လျော်သော လခရိက္ခာ အိမ်ယာအသုံးအဆောင်များဖြင့် ချီးမြှင့် ထားသင့်ကြောင်း မဟာလိက အကြံပြုခြင်းဖြစ်လေသည်။ မဟာလိ၏ အဆိုပြုချက်ကို လိစ္ဆဝီမင်း အများစုတို့က သဘောတူကြသည်။ အမ္ဗပါလီနှင့် သူမ၏ မွေးစားဖခင် ဥယျာဉ်မှူးကြီးတို့ကလည်း မငြင်းဆန်ကြချေ။ ထို့ကြောင့် အမ္ဗပါလီသည် လစဉ် လခရိက္ခာ အသပြာငွေတစ်ထောင် ရရှိသော ဝေသာလီ၏ ပျော်တော်ဆက် အလှမယ်တစ်ဦး ဖြစ်လာသည်။ သူမအတွက် ကျယ်ဝန်းသော ပန်းခြံကြီးတစ်ခု၊ ထည်ဝါခန့်ညားသော တိုက်အိမ်ကြီးတစ်လုံး၊ စီးနင်းသွားလာရန် ယာဉ်ရထားများနှင့် အခြွေအရံ အလုပ်အကျွေးများကိုလည်း လိစ္ဆဝီမင်းတို့က ပြည့်စုံလုံလောက်စွာ စီစဉ်ခန့်ထားပေးကြလေသည်။

အမ္ဗပါလီနှင့် ပျော်ပါးလိုသော ယောကျ်ားများသည် တစ်ညလျှင် အသပြာငွေ ငါးဆယ် ပေးကြရသည်။ စင်စစ် အသပြာငွေ ငါးဆယ်ဟူသော

အရေအတွက်မှာ ထိုခေတ် ထိုအချိန်က သာမန်လူတန်းစားများ ခပ်လွယ်လွယ်နှင့် ရရှိနိုင်သော ငွေကြေး မဟုတ်ချေ။ ထို့ကြောင့် သူဌေး သူကြွယ်များနှင့် မင်းညီမင်းသားတို့သည်သာလျှင် အများအားဖြင့် အမ္ဗပါလီနှင့် ပျော်ပါးနိုင်သူများ ဖြစ်ကြလေသည်။

ရာဇဂြိုဟ်ပြည်မှ ကုန်သည်ကြီးသည် ဝေသာလီ၌ ရောက်ရှိနေစဉ်အတွင်း၌ အမ္ဗပါလီ၏ ဂုဏ်သတင်းများကို နားမဆံ့အောင် ကြားနေခဲ့ရသည်။ လမ်းမပေါ်တွင် လှပခန့်ညားသော ကိုယ်ပိုင်မြင်းရထားကြီးဖြင့် ဖြတ်သွားသော အမ္ဗပါလီကိုလည်း တစ်ကြိမ်၊ နှစ်ကြိမ် မြင်လိုက်ရသည်။ ခပ်လှမ်းလှမ်းမှသာ မြင်လိုက်ရခြင်း ဖြစ်သော်လည်း သူမ၏ အလှကို အတော်ပင် စွဲမက်သွားခဲ့သည်။ ထို့ကြောင့် သူကိုယ်တိုင်ပင် အမ္ဗပါလီထံ တစ်ကြိမ်တစ်ခါမျှ ချဉ်းကပ်နိုင်ရန် ကြိုးစားကြည့်ခဲ့သည်။ သို့သော် အခွင့်မသာခဲ့ချေ။ မပြည့်ဝသော လိုအင်ဆန္ဒဖြင့်သာ ရာဇဂြိုဟ်သို့ ပြန်လာခဲ့ရလေသည်။

## အမ္ဗပါလီနှင့် ဗိမ္ဗိသာရ

ထိုကုန်သည်ကြီးသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်သောအခါ ကောင်းနိုးရာရာ လက်ဆောင်ပဏ္ဏာတို့ဖြင့် ဘုရင့်နန်းတော်သို့ အခစားဝင်သည်။ အမ္ဗပါလီ၏ အကြောင်းနှင့်တကွ ဝေသာလီ ချီးမွမ်းခန်းကို ဘုရင် ဗိမ္ဗိသာရအား လျှောက်တင်သည်။

မင်းပျိုမင်းလွင်တစ်ပါးဖြစ်သော ဗိမ္ဗိသာရသည် အလျှောက်ကောင်းလှသော ကုန်သည်ကြီး၏ စကားကြောင့် ဝေသာလီကို အားကျမိလေသည်။ ထို့ကြောင့် မိမိ၏ ရာဇဂြိုဟ်ပြည်ကိုလည်း ဝေသာလီနှင့် မခြား စည်ကားသာယာသော မြို့ကြီးဖြစ်လာစေရန် လမ်းများ တိုးချဲ့ခဲ့ခြင်း၊ ဥယျာဉ်ရေကန်၊ ပန်းခြံများ ဖန်တီးပေးခြင်း စသည်တို့ကို ပြုလုပ်စေသည်။ ထို့ပြင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် သာလာဝတီ အမည်ရှိသော မိန်းမပျိုကိုလည်း မြို့တော်၏ ပျော်တော်ဆက် အလှမယ်အဖြစ် ရွေးချယ်ခန့်ထားလေသည်။

သို့သော် ဘုရင်ဗိမ္ဗိသာရကား ဤမျှနှင့် မကျေနပ်သေးချေ။ ဝေသာလီအလှမယ် အမ္ဗပါလီကို လူကိုယ်တိုင် မတွေ့မြင်ရသေးဘဲ သတင်းကြားရုံဖြင့်ပင် စွဲလမ်းနေသည်။ တွေ့လို၊ မြင်လိုစိတ်များ တစ်နေ့တစ်ခြား တိုးပွားလာသည်။ ထို့ကြောင့် တစ်နေ့တွင် ယုံကြည်စိတ်ချရသော မင်းလုလင်တစ်ဦးနှင့်အတူ မိမိကိုယ်မိမိ သဘင်သည်တစ်ဦးအသွင် ဖန်တီးလျက် ဝေသာလီပြည်သို့ သွားလေသည်။ ဝေသာလီသို့ ရောက်သောအခါ အမ္ဗပါလီနှင့် ပျော်ပါးခွင့်ရရှိရန် ကြိုးစားသည်။ သူတို့နှစ်ဦးမှာ ဘဝရေစက်နီးခဲ့ကြဟန် တူပါသည်။ အပျော်သဘောမျှသာ မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးခဲ့ကြသည်။ သို့သော်လည်း ခြားနားသော ဘဝအခြေအနေကြောင့် ဗိမ္ဗိသာရမှာ နောက်ဆံတငင်ငင်ဖြင့်ပင် ရာဇဂြိုဟ်သို့ ပြန်ခဲ့ရလေသည်။

အမ္ဗပါလီသည် ယောက်ျားတစ်ပါးတို့နှင့် ဆက်ဆံရာ၌ ကိုယ်ဝန်မရရှိစေရန် အထူးသတိထား၍ ကာကွယ်စောင့်ရှောက်ခဲ့သည်။ သို့သော်လည်း ဗိမ္ဗိသာရကိုမူ မြင်လျှင်မြင်ချင်း နှစ်သက်မြတ်နိုးမိသဖြင့် ထိုကဲ့သို့ ကာကွယ်စောင့်ရှောက်မှုကိုပင် မပြုမိတော့ချေ။ ထို့ကြောင့် သူမ၌ ဗိမ္ဗိသာရ၏ သန္ဓေသား ကျန်ရစ်ခဲ့သည်။ သူမသည် ကိုယ်ဝန်ရှိနေစဉ်ကာလအတွင်း ယောက်ျားတစ်ပါးတို့နှင့် ဆက်ဆံခြင်းမပြုဘဲ ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရှောက်ခဲ့သည်။ ကိုးလလွန်၊ ဆယ်လပိုင်းသို့ ရောက်သောအခါ သားယောက်ျားလေး တစ်ဦးကို ချောမောစွာ ဖွားမြင်ခဲ့သည်။ သားငယ်လေးအား ဝိမလဟု နာမည်ပေးပြီး အထိန်းအယများ လက်၌ အပ်နှံထားခဲ့လေသည်။

## ဝေသာလီနှင့် ရတနသုတ်

အခါတစ်ပါး၌ ဝေသာလီပြည်တွင် မိုးခေါင်၍ဆန်ရေစပါး ရှားပါးရာမှ အစပြု၍ လူသတ္တဝါများစွာတို့ သေကြေပျက်စီးကြသည်။ ထိုအခါ

မြို့သူမြို့သားများနှင့် လိစ္ဆဝီမင်းတို့ ညှိနှိုင်းတိုင်ပင်လျက် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာကို သွားရောက်ပင့်ဆောင်ကြသည်။ ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာ ငါးရာတို့နှင့်အတူ ဝေသာလီသို့ ကြွလာပြီး ရတနသုတ် ဒေသနာကို ဟောကြားတော်မူသည်။ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသည့်အချိန်မှစ၍ ဝေသာလီ၌ မိုးကြီး သည်းထန်စွာ ရွာချပြီး အနာရောဂါဘေး၊ ဘီလူးသဘက်ဘေး အစရှိသော ဘေးအန္တရာယ်များလည်း ကင်းရှင်းသွားလေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုအချိန်က ဝေသာလီ၌ ရက်သတ္တတစ်ပတ်မျှသာ နေတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။ သို့သော်လည်း နောက် ၂–နှစ်ခန့်အကြာတွင် ဝေသာလီသို့တစ်ဖန် ပြန်ကြွလာပြီး မြို့တော်အနီး မဟာဝုန်တောကြီးအတွင်းရှိ ကူဋာဂါရသာလာကျောင်းတိုက်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူသည်။ ထိုအချိန်တွင် ကပိလဝတ်ပြည်မှ မိထွေးတော်ကြီး ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာတို့ ရောက်လာပြီး ဘိက္ခုနီအဖြစ် ခံယူကြသည်။ သို့အားဖြင့် ဘိက္ခုနီသာသနာသည် ဝေသာလီပြည်၌ အစပြုခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုမှနောက်တွင်လည်း ဝေသာလီပြည်သို့ မကြာခဏ ကြွရောက်တော်မူခဲ့၏။ ဒွါဒသမဝါတွင် ဝေရဉ္ဇာမြို့၌ ဝါဆိုတော်မူပြီး ဝေရဉ္ဇာမှ အပြန်ခရီးတွင် ဝေသာလီပြည်၌ ခရီးတစ်ထောက် နားတော်မူခဲ့သည်။ ထိုအချိန်တွင် ကလန္ဒက သူဌေးသားဖြစ်သော သုဒိန္နသည် မိဘနှစ်ပါးတို့က အမျိုးမျိုးတောင်းပန် တားဆီးနေသည့်ကြားမှပင် ဘုရားရှင်ထံသို့သွား၍ လွန်စွာထက်သန်သော သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သည်။

## ဘုရားရှင်နှင့်တွေ့ဆုံခဲ့ရခြင်း

ဗုဒ္ဓမြတ်စွာသည် ဝါနှစ်ဆယ်မြောက်ဖြစ်သော ဝီသတိမဝါတွင်လည်း ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူခဲ့ပြီး ဝါကျွတ်သောအခါ ဝေသာလီပြည်သို့ ကြွတော်မူခဲ့သည်။ ထိုအချိန်တွင်မှ လွန်စွာ ထက်သန်သော

သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သော ရှင်သုဒိန်သည် သားမျိုးစေ့ပေးရန် နားပူနားဆာ တောင်းပန်သော မိခင်ကြီး၏ စကားကို နားယောင်ပြီး မယားဟောင်း၌ မေထုန်မှီဝဲခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ရှင်သုဒိန်ကို အကြောင်းပြု၍ ဝိနည်းအရာ၌ အကြီးလေးဆုံး ဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ရလေသည်။

ဘုရားရှင်သည် ဝေသာလီပြည်သို့ မကြာခဏ ကြွရောက်ခဲ့သည် ဖြစ်၍ လိစ္ဆဝီမင်းတို့နှင့်တကွ များစွာသော ပြည်သူပြည်သားတို့သည်လည်း ဘုရားရှင်အား ရှေးမဆွကပင် ဆည်းကပ်သူများ ဖြစ်လာကြသည်။ ထိုသူတို့တွင် အမ္ဗပါလီသည်လည်း တစ်ဦးအပါအဝင် ဖြစ်၏။ အမ္ဗပါလီသည် နုပျိုသော အရွယ်၌ မိမိ၏ လှပစိုပြည်သော ကိုယ်ခန္ဓာဖြင့် ယောကျ်ားသားတို့၏ အလိုဆန္ဒကို ဖြည့်တင်းပေးနေရခြင်း၌ ပျော်ပိုက်၍ နေခဲ့သည်။ လိုလေသေးမရှိအောင် ပြည့်စုံသော မိမိ၏ ဘဝ၌လည်း ယစ်မူး၍ နေခဲ့သည်။ သို့သော်လည်း အရွယ်ရင့်လာသည်နှင့်အမျှ သူမ၏ ကိုယ်ခန္ဓာမှ အလှအပများ တစ်စတစ်စ မှေးမှိန်လာသည်။ အလှအပများ မှေးမှိန်လာသည်နှင့်အမျှလည်း ယခင်က သူမအပေါ်၌ တမ်းတမ်းစွဲ ဖြစ်ခဲ့ကြသော ပုရိသသတ္တဝါများ သူမအပါးမှ ခပ်ခွာခွာ ဖြစ်လာကြလေသည်။

## ဝိမလကောဏ္ဍညမထေရ်

အမ္ဗပါလီသည် ထိုကဲ့သို့သော အခြေအနေတွင် ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာကို ကြားနာခွင့် ရရှိလာသဖြင့် လူ့ဘဝ၏ ဆင်းရဲဒုက္ခများကို အထိုက်အလျောက် သိမြင်လာသည်။ ကိုယ်ခန္ဓာဖြင့် ရင်းနှီးလျက် ယောကျ်ားတို့အား ဖြေဖျော်နေရခြင်းမှာ ဝိပါကဝဋ်ကြွေးမကင်းသော အလုပ်ပါတကားဟူ၍ ဆင်ခြင်မိလာသည်။ ထို့ကြောင့် မိမိ၏ အလုပ်ကို ဝတ်ကျေတမ်းကျေ အနေဖြင့် မလွှဲမရှောင်ရုံမျှသာ ပြုလုပ်ပြီး ဘုရားတရားဘက်၌ ပို၍ အာရုံစိုက်လာခဲ့သည်။ အခါအခွင့်သင့်တိုင်း ဥပုသ်စောင့်ခြင်း၊

တရားနာခြင်းနှင့် ရဟန်းသံဃာတို့အား နေ့စဉ် ဆွမ်းလောင်းခြင်း စသော ကုသိုလ်ကောင်းမှုများကို အထူးအာရုံစိုက်၍ ပြုလုပ်လာလေသည်။

အမ္ဗပါလီသည် မိမိကိုယ်တိုင် ဗုဒ္ဓသာသနာဘက်သို့ အာရုံစိုက်လာသည်နှင့်အမျှ မိမိ၏ သားငယ် ဝိမလကိုလည်း ဗုဒ္ဓသာသနာတော်နှင့် နီးစပ်လာစေရန် လမ်းခင်းပေးခဲ့သည်။ ထိုသို့ လမ်းခင်းပေးခြင်းမှာလည်း အဖေခေါ်စရာမရှိသော ပြည့်တန်ဆာမတစ်ဦး၏ သားငယ်အဖြစ်ဖြင့် လူ့လောကအလယ်၌ မျက်နှာငယ်စွာ နေသွားရမည်ကို မကြည့်ရက်၊ မမြင်ရက်သောကြောင့် ဖြစ်၏။

အမှန်အားဖြင့် ဝိမလ၏ ဖခင်မှာ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ ဖြစ်၏။ သို့သော် ဤအကြောင်းကို ကာယကံရှင် ဖြစ်သော မိမိတို့နှစ်ဦးမှတစ်ပါး အခြား မည်သူမျှမသိ၊ မည်သူကမျှလည်း ယုံကြည်မည် မဟုတ်ချေ။ ဗိမ္ဗိသာရကိုယ်တိုင်လည်း ဝိမလကို မိမိသားဟူ၍ တရားဝင် အသိအမှတ် ပြုခွင့်မရရှိချေ။

မည်သို့ဖြစ်စေ အမ္ဗပါလီမှာ တစ်ဦးတည်းသော သားချစ်ကလေး ဝိမလနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့ရသော ပူပန်ကြောင့်ကြမှုများ မကြာမီတွင် ငြိမ်းအေးသွားခဲ့သည်။ ဝိမလကလေးသည် မိခင်နှင့်အတူ ဗုဒ္ဓကျောင်းတော်သို့ မကြာခဏ လိုက်သွားရင်း မိမိနှင့် သက်တူရွယ်တူ ကိုရင်ကလေးများနှင့် တွေ့ဆုံသိကျွမ်းလာသည်။ ငြိမ်းချမ်းဖြူစင်သော ထိုကိုရင်ကလေးများ၏ ဘဝကိုလည်း အားကျလာခဲ့သည်။ ဤတွင် သားငယ်၏ အခြေအနေကို တစေ့တစောင်းမှ စောင့်ကြည့်နေသော မိခင်ကလည်း သူကလေး၏ နေက္ခမ္မစိတ်ဓါတ် ပို၍ ပို၍ တိုးပွားခိုင်မာလာစေရန် အားပေးခဲ့သည်။ သို့အားဖြင့် အမ္ဗပါလီ၏ သားလေး ဝိမလသည် အသက် ၁၅-နှစ် အရွယ်တွင် သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်ကာ ရှင်သာမဏေ ပြုသွားခဲ့သည်။ ထို့နောက် အသက် နှစ်ဆယ်ပြည့်သောအခါ ဥပသမ္ပဒကံဖြင့် ရဟန်းအဖြစ်သို့ ဆက်လက် တက်လှမ်းပြီး အရှင်ဝိမလကောဏ္ဍညဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားသော မထေရ်တစ်ပါး ဖြစ်သွားခဲ့လေသည်။

အရှင်ဝိမလကောဏ္ဍညသည် အရဟတ္တဖိုလ်ကို ရရှိ၍ ရဟန္တာအဖြစ်သို့ ရောက်သောအခါ မိမိ၏ ဘဝ တစ်စိတ်တစ်ပိုင်းကို ဥဒါန်းဂါထာ တစ်ပုဒ်ဖြင့် ဖေါ်ထုတ်မြွက်ကြားခဲ့လေသည်။

"သရက်ပင်၌ ဖွားမြင်ခဲ့သည်ဖြစ်၍ အမ္ဗပါလီဟု အမည်တွင်သော မိခင်နှင့် ဖြူဆွတ်သော အလံတံခွန်ကို ဆောင်ခြင်းကြောင့် ပဏ္ဍာရကေတုဟု အမည်တွင်သော ဖခင် ဗိမ္ဗိသာရ တို့မှ မွေးဖွားခဲ့သော ငါသည် အရိယာ သူတော်စင်တို့၏ အလံတံခွန်ဖြစ်သည့် မဂ္ဂင်ရှစ်ပါး မြတ်တရားဖြင့် များစွာသော ကိလေသာအလံတံခွန်တို့ကို စွဲကိုင်ထားသည့် မာရ်နတ်ယုတ်၏ ရန်ကို အောင်မြင်စွာ ချေမှုန်းနှိမ်နင်းနိုင်ခဲ့ပေပြီတကား"

# ရာဇဂြိုဟ်မှ ဝေသာလီသို့

ဗုဒ္ဓမြတ်စွာသည် သက်တော်ထင်ရှား ရှိတော်မူစဉ် (၄၅)ဝါ ကာလအတွင်း မဇ္ဈိမဒေသရှိ သာဝတ္ထိ၊ ရာဇဂြိုဟ် စသော ထိုထို မြို့ရွာတို့၌ သင့်လျော်သလို ဝါကပ်တော်မူပြီး ဝါကျွတ်သောအခါတိုင်းလည်း မြို့ရွာအနှံ့ ခရီးဆန့်၍ ဒေသစာရီ ကြွချီတော်မူခဲ့ပေသည်။ မိုးရာသီတွင် ဝေသာလီပြည်၌ ပဥ္စမဝါတစ်ဝါသာ ဝါကပ်တော်မူခဲ့သော်လည်း ဆောင်းဦးရာသီမှစ၍ နှစ်စဉ် ကြွချီတော်မူမြဲဖြစ်သော ဒေသစာရီ ခရီးစဉ်တွင်မူ ဝေသာလီသို့ အကြိမ်ပေါင်းများစွာ ဝင်ရောက်သီတင်းသုံးတော် မူခဲ့လေသည်။

ပရိနိဗ္ဗာန် စံတော်မူရန် (၁)နှစ်နီးပါးမျှသာ လိုတော့သည့် မဟာသက္ကရာဇ် (၁၄၇)ခုနှစ် ဝါဆိုလတွင် ဝေသာလီသို့ တစ်ကြိမ်တစ်ခေါက် ရောက်တော်မူခဲ့ပြန်လေသည်။ ဗုဒ္ဓမြတ်စွာသည် ဤအကြိမ်တွင် ဝေသာလီ၏ တောင်ဘက် ဂင်္ဂါမြစ်တစ်ဖက်ကမ်းရှိ ရာဇဂြိုဟ်မှတစ်ဆင့် ဝေသာလီသို့ ကြွလာတော်မူခြင်း ဖြစ်၏။ ဝေသာလီသို့ ဒေသစာရီ ကြွချီတော်မမူမီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ကာလ၌လည်း ဘုရားရှင်သည် ဝေသာလီနှင့် ပတ်သက်သော အကြောင်းအရာတစ်ရပ်ကို မိန့်ကြားတော်မူခဲ့လေသည်။

# ဘုရင်အဇာတသတ်နှင့် လိစ္ဆဝီမင်းများ

ထိုအချိန်က ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်သည် လိစ္ဆဝီမင်းတို့ စိုးမိုးအုပ်ချုပ်သော ဝေသာလီပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံရွယ်နေသည်။ တိုက်ခိုက်သိမ်းပိုက်လိုသည့် အကြောင်းတစ်ရပ်မှာ ဂင်္ဂါမြစ်၏ ဆိပ်ကမ်းရွာတစ်ရွာနှင့် ပတ်သက်နေ၏။ ရာဇဂြိုဟ်နှင့် ဝေသာလီ တစ်ဝက်စီ ပိုင်ဆိုင်သော ထိုဆိပ်ကမ်းရွာသို့ မြစ်ညာရှိ တောင်ပေါ်မှ လွန်စွာ အဖိုးထိုက်တန်သည့် နံ့သာတုံးများ မျောပါလာတတ်၏။ သတင်းကြား၍ ထိုနံ့သာတုံးများ သိမ်းယူရန် အဇာတသတ်မင်းက အမှုထမ်းများကို စေလွှတ်လိုက်သည်။ သို့သော် ထိုအမှုထမ်းများမှာ ပစ္စည်းမပါ ဗလာသက်သက်ဖြင့်သာ ပြန်ရောက်လာကြလေသည်။ အကြောင်းကား ဝေသာလီဖက်မှ လိစ္ဆဝီမင်းတို့က လက်ဦးသွားသောကြောင့် ဖြစ်လေသည်။

"ဒီတစ်ခါတော့ ရှိစေတော့။ နောက်နှစ်ကျရင် တို့က လက်ဦးရမှာပေါ့" အဇာတသတ်မင်းက ဤသို့ ကြိမ်းထားခဲ့သည်။ တစ်နှစ်မှ တစ်ကြိမ်သာ ရရှိနိုင်သည့် အခွင့်ကောင်းကြီးကို လက်မလွှတ်အောင် သတိထားကြရန်လည်း အမတ်တို့အား မှာထားသည်။ သို့သော် နောက်နှစ်တွင်လည်း အဖိုးများစွာ ထိုက်တန်သော နံ့သာတုံးများမှာ လိစ္ဆဝီမင်းတို့၏ လက်သို့ပင် ပါသွားပြန်လေသည်။ သုံးလေးနှစ်တိုင်အောင် ဤသို့သော အဖြစ်နှင့်ချည်း ကြုံရသောအခါ အဇာတသတ်မင်းကြီးသည် သည်းမခံနိုင်တော့ချေ။ "ဒီလိစ္ဆဝီကောင်တွေကို အပြတ်ဖြုတ်မှ ဖြစ်တော့မည်"ဟု ဆုံးဖြတ်လိုက်လေသည်။

အဇာတသတ်မင်းကြီးအနေဖြင့် ထိုသို့ ဆုံးဖြတ်လိုက်သော်လည်း လက်တွေ့အားဖြင့်မူ ဝေသာလီပြည်ကို တိုက်ခိုက်ရေးမှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ ဝေသာလီမှာ မိမိ၏ ရာဇဂြိုဟ်ကဲ့သို့ တစ်ဦးတည်းသော ဘုရင်စနစ်ဖြင့် အုပ်ချုပ်နေသော နိုင်ငံမဟုတ်။ ခုနစ်ထောင်ကျော်မျှ အရေအတွက်ရှိသည့် လိစ္ဆဝီမင်းမျိုးများ စုပေါင်းအုပ်ချုပ်နေသော နိုင်ငံ

ဖြစ်ပေသည်။ လိစ္ဆဝီမင်းမျိုးတို့သည် မိမိတို့ နိုင်ငံတော်၏ အရေးကိစ္စဟူသမျှကို မျက်နှာစုံညီ အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်၍ တစ်ညီတစ်ညွတ်တည်း လုပ်ဆောင်လေ့ရှိကြပေသည်။ ငယ်ရွယ်စဉ်မှစ၍ ဓါး၊ လှံ၊ လေးမြား အစရှိသော စစ်ရေးအတတ်ပညာများကိုလည်း အထူးသင်ယူလေ့ကျင့်ခဲ့ သူများ ဖြစ်ပေသည်။ အရေးကြုံလျှင် လက်နက်စွဲ၍ စစ်ပွဲဝင်ရန် အားလုံး အဆင်သင့်ရှိနေကြသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် မိမိ၏ အသက် တစ်ချောင်းကို စွန့်လွှတ်ရန် ဘယ်အခါမှ ဝန်မလေးသူများ ဖြစ်လေသည်။

ရာဇဂြိုဟ်သည်လည်း ထောင်ပေါင်းများစွာသော စစ်သည်ဗိုလ်ပါရဲမက်တို့နှင့် ပြည့်စုံသော နိုင်ငံကြီး တစ်နိုင်ငံပင် ဖြစ်ပါ၏။ သို့သော်လည်း များစွာသော စစ်သည်ရဲမက်တို့မှာ လိစ္ဆဝီမင်းသားများကဲ့သို့ ဇာတိမာန် ထက်သန်သူများ ဖြစ်ချင်မှ ဖြစ်ပေမည်။ ဘုရင့်အမိန့်အရ မလွှဲမရှောင်သာသဖြင့် တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်နေသူများသာ ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့သော သူများသည် သေရေးရှင်ရေးနှင့် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့လာလျှင် မိမိတို့ အသက်တစ်ချောင်းအတွက် ရန်သူ့လက်၌ အညံ့ခံသွားကြမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် စစ်တပ်များကို အသင့်ပြင်ကြရန်သာ အမိန့်ပေးနေခဲ့ရခြင်း ဖြစ်ပေသည်။ အဇာတသတ်မင်းသည် အထက်ပါအကြောင်းများကို စဉ်းစားဆင်ခြင်မိသဖြင့် ဝေသာလီပြည်ကို စတင်တိုက်ခိုက်ရန် နှောင့်နှေးနေခဲ့သည်။ "ဒီနေ့ပဲ တိုက်တော့မည်လော၊ နက်ဖြန်ပဲ တိုက်တော့မည်လော"ဟု ထင်ရလောက်အောင်သာ မကြာခဏ ကြိမ်းဝါးနေ၏။ ထိုအတွင်း ကြားဖြတ်အကြံတစ်ခု ပေါ်လာသဖြင့် ဝဿကာရ အမတ်ကြီးကို ဘုရားရှင်ထံ စေလွှတ်လိုက်သည်။ အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရတော့မည်ဆိုလျှင် ပညာရှိတို့၏ အကြံဉာဏ်ကို ရယူသင့်၏။ လောက၌ မြတ်စွာဘုရားနှင့်တူသော ပညာရှိဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိချေ။ မြတ်စွာဘုရားသည် ဝေသာလီပြည်ကို တိုက်ခိုက်ရန် မိမိကြံရွယ်နေကြောင်းကို

ကြားသိတော်မူမည်ဆိုလျှင် တစ်စုံတစ်ခုသော စကားကို မိန့်ကြားကောင်း မိန့်ကြားတော်မူပေလိမ့်မည်။ ထိုမြတ်စွာဘုရား၏ မိန့်ကြားချက်ကို ကြားနာပြီးမှ ဝေသာလီပြည် တိုက်ခိုက်ရေးကိစ္စကို ငါပြန်စဉ်းစားမည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ဘုရင်အဇာတသတ်က ဝဿကာရအမတ်ကြီးအား ဘုရားရှင်ထံ စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

## လိစ္ဆဝီမင်းများနှင့် အပရိဟာနိယတရား

ဝဿကာရအမတ်ကြီးကား အရာရာ၌ လိမ္မာပါးနပ်သော ဘုရင့်အမှုတော်ထမ်းကောင်းတစ်ဦး ပီသလှပေ၏။ ဘုရားရှင်၏ ရှေ့မှောက်သို့ ရောက်လျှင် ရောက်ချင်း အဇာတသတ်မင်းက မှာလိုက်သော စကားကို လျှောက်ကြားခြင်းမပြု။ လောကဝတ် နှုတ်ဆက်စကားများ ပြောကြားပြီး ဘုရင်အဇာတသတ်က ဘုရားရှင်၏ ခြေတော်အစုံကို ဦးခိုက်လိုက်ပါကြောင်း ရှေးဦးစွာ လျှောက်ကြားသည်။ ထို့နောက်တွင်မှ စကား စသည့်အနေဖြင့် အဇာတသတ်မင်းက ဝေသာလီပြည်ကို တိုက်မည်ဟု ကြုံးဝါးနေသည့် အကြောင်းကို သွယ်ဝိုက်လျှောက်ကြားလေသည်။

ထိုအချိန်တွင် ဘုရားရှင်အနီး၌ ရှင်အာနန္ဒာလည်း ရှိနေသည်။ ဘုရားရှင်သည် ဝဿကာရ အမတ်ကြီး၏ လျှောက်ကြားချက်ကို ကြားရသောအခါ အမတ်ကြီးအား မည်သို့မျှ ပြန်လည် မိန့်ကြားခြင်း မပြုချေ။ အနီး၌ ထိုင်နေသော ရှင်အာနန္ဒာအားသာ အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

“**အာနန္ဒာ**—သင်ဘယ်လို သတင်းကြားရသလဲ။ လိစ္ဆဝီမင်းတို့သည် အညီအညွတ် စည်းဝေးခြင်း၊ အညီအညွတ် ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ခြင်း စသည့် အပရိဟာနိယဓမ္မခုနစ်ပါးတို့၌ တည်ကြကုန်၏လော”

“**အရှင်ဘုရား**—လိစ္ဆဝီမင်းတို့သည် အပရိဟာနိယဓမ္မခုနစ်ပါး၌ တည်ကြ၏ဟု တပည့်တော်ကြားသိရပါသည် ဘုရား။”

ရှင်အာနန္ဒာက ထိုသို့ ဖြေကြားသောအခါ ဘုရားရှင်သည် ဝဿကာရ အမတ်ကြီးအား ဤသို့ မိန့်ကြားတော်မူ၏။

**"အချင်း ဝဿကာရ**—ငါသည် ဝေသာလီပြည် သာရန္ဒစေတီ၌ နေစဉ်က လိစ္ဆဝီမင်းတို့အား အပရိဟာနိယဓမ္မခုနစ်ပါးကို ဟောကြားခဲ့၏။ လိစ္ဆဝီမင်းတို့သည် အပရိဟာနိယဓမ္မခုနစ်ပါးတို့၌ တည်ရှိနေသမျှ ကာလပတ်လုံး ဆုတ်ယုတ်ပျက်စီးရန် အကြောင်းမရှိ။ တိုးတက်ကြီးပွားရန်သာ ရှိပေ၏။"

**"အရှင်ဂေါတမ**—အရှင်၏ စကားသည် မှန်လှပါ၏။ အပရိဟာနိယဓမ္မခုနစ်ပါးလုံးကို မဆိုထားဘိ၊ တစ်ပါးသော အပရိဟာနိယဓမ္မနှင့် ပြည့်စုံရုံမျှဖြင့်ပင် လိစ္ဆဝီမင်းတို့အား ဆုတ်ယုတ်ပျက်စီးရန် အကြောင်းမရှိ။ တိုးတက်ကြီးပွားဖို့သာ ရှိပါသည်။ မဂဓတိုင်းရှင် ဘုရင်အဇာတသတ်သည် ဖြားယောင်းသွေးဆောင်ခြင်း၊ အချင်းချင်းသွေးခွဲခြင်း နည်းဗျူဟာတို့မှတစ်ပါး အခြားသော နည်းဖြင့် လိစ္ဆဝီမင်းတို့ကို တိုက်ခိုက်ခြင်း မပြုသင့်သည်သာ ဖြစ်ပါသည်။"

ဝဿကာရအမတ်ကြီးသည် ဘုရားရှင်အား ဤသို့ လျှောက်ကြားပြီး ကျောင်းတော်မှ ပြန်သွားသည်။ အဇာတသတ်မင်းသည်လည်း ဘုရားရှင် မိန့်ကြားလိုက်သော စကားကို ကြားသိရသောအခါ ဝေသာလီပြည် ကို လောလောဆယ် တိုက်ခိုက်ရန် အကြံကို ရပ်ဆိုင်းထားလိုက်၏။ သို့သော် အခဲမကြေနိုင်သော အဇာတသတ်မင်းသည် ဝဿကာရ အမတ်ကြီးကို အသုံးချလျက် ဘေဒဉပါယ်ဖြင့် လိစ္ဆဝီမင်းများကို သွေးကွဲအောင် ပြုလုပ်ပြီး ဝေသာလီပြည်ကို တိုက်ခိုက်လေရာ နောက်သုံးနှစ်ခန့်အကြာတွင် လိစ္ဆဝီမင်းများ ပျက်စီးကြရှာလေသည်။

ဝဿကာရအမတ်ကြီး လာရောက်လျှောက်ကြားသော အချိန်၌ ဘုရားရှင်က တစ်စုံတစ်ရာ မိန့်ကြားခြင်း မပြုခဲ့လျှင် အဇာတသတ်မင်းသည် နေ့ချင်း ညချင်းပင် ဝေသာလီပြည်ကို တိုက်ခိုက်ပေလိမ့်မည်။ ထိုသို့ တိုက်ခိုက်ခဲ့လျှင် နှစ်ဦးနှစ်ဖက်လုံး၌ပင် များစွာသော အသက်အိုးအိမ်

# တရားကြေးမုံ

ဘုရားရှင်သည် ကောဋိဂါမ၌ နှစ်ရက်၊ သုံးရက်မျှ နားနေတော်မူပြီး နာတိကာရွာသို့ ဆက်လက်ကြွသွားတော်မူသည်။ နာတိကာရွာကား တရားဓမ္မကို ကျင့်ကြံအားထုတ်သော ဘိက္ခု၊ ဘိက္ခုနီနှင့် ဥပါသကာ၊ ဥပါသိကာတို့ အထူးများပြားသော ရွာတစ်ရွာဖြစ်၏။ တရားဓမ္မကို ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့တွင် အချို့ အချို့သော ပုဂ္ဂိုလ်များ ကွယ်လွန်သွားကြသောအခါ **"ထိုပုဂ္ဂိုလ်တို့သည် အဘယ်သို့သော ဘုံဘဝသို့ ရောက်သွားကြလေသနည်း"**ဟူ၍ ရွာသူရွာသားတို့က သိလိုလျက် ရှိကြလေသည်။ ထို့ကြောင့် ရှင်အာနန္ဒာသည် နာတိကာရွာ အုတ်ကျောင်း၌ ဘုရားရှင် သီတင်းသုံးနေစဉ် ထိုရွာ၌ မကြာမီက ကွယ်လွန်သွားကြသော ပုဂ္ဂိုလ်အချို့၏ လားရာဂတိကို မေးလျှောက်လေသည်။ ရှင်အာနန္ဒာ မေးလျှောက်အပ်သော ပုဂ္ဂိုလ်တို့တွင် အချို့မှာ ပရိနိဗ္ဗာန်စံသွားကြကြောင်း၊ အချို့မှာ အနာဂါမ်ဖြစ်၍ ဗြဟ္မာပြည်သို့ ရောက်သွားကြကြောင်း၊ အချို့လည်း သောတာပန်၊ သကဒါဂါမ်ဖြစ်၍ နတ်ပြည်သို့ ရောက်သွားကြကြောင်း အသီးသီး ဖြေကြားတော်မူသည်။

ထိုသို့ ဖြေကြားပြီးသောအခါ၌ကား **"အာနန္ဒာ၊** လူတွေ သေလွန်တိုင်း သေလွန်တိုင်း ထိုသူတို့၏ လားရာဂတိကို မေးလျှောက်နေမည် ဆိုလျှင် ငါဘုရားကို ပင်ပန်းအောင် နှိပ်စက်နေဘိသကဲ့သို့ ဖြစ်ပေလိမ့် မည်။ ထို့ကြောင့် သေလွန်သွားသူတို့နှင့် ပတ်သက်၍ အချုပ်အားဖြင့် မှတ်သားရန် **"ကြေးမုံတရား"**ကို ငါဟောပေအံ့"ဟု မိန့်ကြားပြီး ကြေးမုံ တရားကို ဟောကြားတော်မူလေသည်။

ကြေးမုံတရားဟူသည် ရှေးခေတ်က ကြေးမုံဟုခေါ်သည့် ကြည့်မှန်နှင့်တူသော တရားဟု ဆိုလိုပါသည်။ မိမိကိုယ်ကို ဆင်ယင်ခြယ်သ အလှပြင်သော ယောက်ျားပျို၊ မိန်းမပျိုသည် မှန်ပြင်၌ ထင်ဟပ်နေသော မိမိ၏ အရိပ်ပုံကြည့်၍ မိမိ၏ မျက်နှာနှင့် ကိုယ်ခန္ဓာ ဝတ်စားဆင်ယင်ထားပုံများ လှမလှ၊ အဆင်ပြေ မပြေကို တွေ့မြင်နိုင်သကဲ့သို့ ထို့အတူပင်

တရားဓမ္မကို ကျင့်ကြံနေထိုင်သော အရိယာ တပည့်သည်လည်း မိမိကိုယ်မိမိ ကြည့်ရှုဆင်ခြင်၍ မိမိ၏ တမလွန်ဘဝ အလားအလာကို သိမြင်နိုင်ပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ တရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံနေခဲ့သော် ထိုပုဂ္ဂိုလ်သည် မိမိ၏ တမလွန်အလားအလာနှင့် ပတ်သက်၍ မည်သူ့ကိုမျှ မေးမြန်းရန် မလိုတော့ပေ။ **"ငါသည် အပါယ်လေးပါးသို့ ကျရောက်ရန် မရှိတော့သည့် သောတာပန်စစ်စစ် ကေန်ဖြစ်ပေပြီ"**ဟူ၍ မိမိကိုယ်မိမိ ရဲဝံ့စွာ ထုတ်ဖော်ပြောကြားနိုင်ပေတော့သည်။ ဤကား ဘုရားရှင်မိန့်ကြားတော်မူခဲ့သော **"တရားကြေးမုံ"**ပင် ဖြစ်လေသည်။

# အမ္ဗပါလီ သရက်ဥယျာဉ်

ဘုရားရှင်သည် နာတိကာရွာ၌လည်း နှစ်ရက်၊ သုံးရက်မျှသာ နားနေတော်မူပြီး ဝေသာလီပြည်သို့ ဆက်လက်ကြွသွားတော်မူသည်။ ဝေသာလီပြည်သို့ ဆိုက်ရောက်သောအခါ ယခင်ယခင်အခါများက ကဲ့သို့ မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်သို့ ကြွတော်မမူဘဲ မြို့အနီးရှိ အမ္ဗပါလီပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌သာ တည်းခိုနားနေတော်မူလေသည်။

ဝေသာလီပြည်သို့ ဗုဒ္ဓမြတ်စွာ ဒုတိယနောက်ဆုံးအကြိမ်အနေဖြင့် ကြွရောက်တော်မူလာသောအချိန်ကား မဟာသက္ကရာဇ် ၁၄၇-ခု၊ ဝါဆိုဦးကာလ ဖြစ်၏။ တစ်နည်းအားဖြင့်ပြောလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၄၄)နှစ်မြောက် ဖြစ်၏။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ယခင်အခါများကကဲ့သို့ မဟာဝုန်တောတွင်းရှိ ကူဋာဂါရသာလာ ကျောင်းတိုက်သို့ ကြွသွားတော်မမူတော့ဘဲ မြို့တော်နှင့် အလှမ်းမဝေးသော

ဥယျာဉ်တစ်ခုထဲ၌သာလျှင် ယာယီအနေဖြင့် တည်းခိုသီတင်းသုံးတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ ယာယီအားဖြင့် တည်းခိုနေသော ဥယျာဉ်ကား အမ္ဗပါလီ၏ ဥယျာဉ်ဖြစ်၏။ ထိုဥယျာဉ်တွင် သရက်ပင်များကို အထူးစိုက်ပျိုးထား၏။ ထို့ကြောင့် **"အမ္ဗပါလီသရက်ဥယျာဉ်"** ဟူ၍ အမည်တွင်၏။ သို့သော် ထိုဥယျာဉ်မှာ သရက်ပင်မှ တစ်ပါး အခြားသော သစ်ပင်ပန်းပင်တို့ဖြင့်လည်း တစ်ဆယ့်နှစ်ရာသီပတ်လုံး သာယာလှပနေသော ဥယျာဉ်ဖြစ်ပေသည်။

အမ္ဗပါလီသည် သစ်ပင်ကြီးငယ်တို့၏ အရိပ်အာဝါသဖြင့် အခါခပ်သိမ်းအေးချမ်းသာယာနေသော သရက်ဥယျာဉ်သို့ မကြာခဏ လာရောက်အနားယူလေ့ ရှိ၏။ သက်သက်သာသာ နားနေရန်အတွက် သစ်ဝါးတို့ဖြင့် ဆောက်လုပ်သော တည်းခိုဆောင်ကလေးများကိုလည်း သပ်ယပ်စွာဆောက်လုပ်ထား၏။ သောက်ရေ၊ သုံးရေအတွက် ရေတွင်းရေကန်များကိုလည်း အသင့် စီမံထားလေသည်။

အမ္ဗပါလီသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အား ဝေသာလီပြည်သို့ ကြွရောက်လာသည့်အခါ မိမိ၏ သရက်ဥယျာဉ်၌လည်း အခါအားလျော်စွာ တည်းခိုသီတင်းသုံးကြပါရန် ဖိတ်မန္တက ပြုထားသည်။ ထို့ကြောင့်လည်း ဘုရားရှင်သည် ယခုအခေါက်တွင် အမ္ဗပါလီအား ချီးမြှောက်သည့်အနေအားဖြင့် သူမ၏ဥယျာဉ်၌ တည်းခိုတော်မူခြင်း ဖြစ်၏။

ဘုရားရှင်နှင့် ရဟန်းငါးရာတို့ ကြွလာသောအခါ ဥယျာဉ်စောင့်များက ဝမ်းပန်းတသာ ကြိုဆို၍ နေရာထိုင်ခင်းကို စီစဉ်ခင်းကျင်းပေးကြသည်။ ဘုရားရှင်အတွက် သီးသန့် တည်းခိုဆောင်တစ်ဆောင်နှင့် ရဟန်းတော်များအတွက် အခြားအဆောင်များကို ပြင်ဆင်ပေးကြသည်။ သောက်ရေအိုး၊ သုံးရေအိုးများကိုလည်း ရေဖြည့်ပေးကြသည်။ များစွာသော ရဟန်းတော်များကား တည်းခိုဆောင်များထဲသို့ မဝင်ဘဲ သင့်လျော်ရာ သစ်ပင်ရိပ်တို့၌ပင် အေးချမ်းစွာ သီတင်းသုံးနေကြလေသည်။

# သတိပဋ္ဌာန်ဒေသနာ

ဗုဒ္ဓမြတ်စွာသည် အမ္ဗပါလီသရက်ဥယျာဉ်သို့ ရောက်၍ အချိန်အနည်းငယ်မျှ နားနေတော်မူပြီး ရဟန်းငါးရာတို့ကို တစ်နေရာ၌ စုဝေးကြစေရန် ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာကလည်း ရဟန်းငါးရာတို့အား ဘုရားရှင် သီတင်းသုံးတော်မူရာ တည်းခိုဆောင်၏ ရှေ့နားရှိ သရက်ပင်များအောက်၌ စုဝေးကြရန် လျှင်မြန်စွာ အကြောင်းကြားသည်။ ရဟန်းအားလုံး စုံညီသောအခါ ဘုရားရှင်ကြွလာပြီး ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူလျက် ရဟန်းတို့အား သတိပေးဆုံးမစကား မိန့်ကြားတော်မူသည်။

**"ရဟန်းတို့**—သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်လျက် လူ့ဘောင်မှ ထွက်လာသော ရဟန်းမည်သည် ဘယ်အခါမျှ မေ့မေ့လျော့လျော့ မနေအပ်၊ အခါခပ်သိမ်း သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်သတိထားလျက် နေအပ်ပေ၏။ ဤသည်မှာ သင်တို့အတွက် ငါဘုရား၏ သတိပေးဆုံးမစကားပင် ဖြစ်ပေ၏။"

ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာတို့အား အကျဉ်းချုပ်အားဖြင့် ဤသို့ သတိပေးစကား မိန့်ကြားတော်မူပြီးနောက် သတိပဋ္ဌာနဒေသနာကို မကျဉ်းမကျယ်အားဖြင့် ဆက်လက်ဟောကြားတော်မူသည်။ သတိပဋ္ဌာနဒေသနာဟူသည် မိမိ၏ ကိုယ်ခန္ဓာ၌ ရုပ်တရား၊ နာမ်တရားများ အမြဲမပြတ်ဖြစ်လျက် ပြောင်းလဲနေပုံကို သိမြင်အောင် ရှုမှတ်ဆင်ခြင်ကြရန် ဟောကြားညွှန်ပြသော တရားဒေသနာဖြစ်၏။ မိမိကိုယ်ခန္ဓာ၌ ရုပ်တရား၊ နာမ်တရားများ အမြဲမပြတ် ဖြစ်ပျက် ပြောင်းလဲနေပုံကို ဆင်ခြင်ရာ၌လည်း ထိုင်နေစဉ်၊ လဲလျောင်းနေစဉ် အချိန်၌သာမက သွားခြင်း၊ လာခြင်း၊ စားခြင်း၊ သောက်ခြင်း စသော လှုပ်ရှားမှု အမျိုးမျိုးကို ပြုလုပ်နေသော အခါတို့၌လည်း သတိ မလွတ်စေဘဲ ရှုမှတ်ဆင်ခြင်ရမည်ဖြစ်ကြောင်း ဘုရားရှင်က သတိပေး တော်မူခဲ့လေသည်။

ဤသို့ ဘုရားရှင်က ခရီးရောက်မဆိုက်မှာပင် ရဟန်းငါးရာကို စုဝေးစေပြီး သတိပဋ္ဌာန်တရားကို ဟောကြားခြင်းမှာ ထူးခြားမှုတစ်ခုကဲ့သို့ ဖြစ်ပေသည်။ အဘယ်သို့သော အကြောင်းထူးကြောင့် ထိုကဲ့သို့ ဟောကြားခြင်း ဖြစ်သည်ကို ရုတ်တရက်အားဖြင့် များစွာသော ရဟန်းတို့ သဘောမပေါက်မိကြပေ။ သို့သော်လည်း မကြာမီမှာပင် ထိုအကြောင်းထူးကို ရဟန်းငါးရာတို့ ကောင်းစွာ နားလည်သွားကြလေသည်။

# အမ္ဗပါလီ ရောက်လာခြင်း

ဘုရားရှင်က ရဟန်းငါးရာတို့အား သတိပဋ္ဌာန်ဒေသနာဖြင့် သတိပေးဆုံးမစကား မိန့်ကြားပြီးသည်နှင့် မရှေးမနှောင်းမှာပင် အမ္ဗပါလီသည် သရက်ဥယျာဉ်သို့ ဆိုက်ရောက်လာသည်။ ဥယျာဉ်မှူး၏ သတင်းပို့ချက်အရ ရဟန်းငါးရာနှင့်တကွ ဘုရားရှင် ကြွရောက်လာကြောင်း ကြားသိရသဖြင့် လွန်စွာ ဝမ်းမြောက်လျက် ဘုရားရှင်အား ဦးဦးဖျားဖျား ဖူးမြင်ရန် လာခြင်းဖြစ်ပေသည်။ ထိုအချိန်တွင် အမ္ဗပါလီမှာ အသက်ခြောက်ဆယ်ကျော်၍ ဇရာနယ်သို့ နင်းနေပြီ ဖြစ်၏။ သို့သော်ငြားလည်း ထူးခြားတောက်ပသော သူမ၏ အလှကား လျော့ပါးမှေးမှိန်ခြင်းမရှိသေး။ သူမနှင့်အတူ လိုက်ပါလာသည့် အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်အရွယ် မိန်းမပျိုများစွာတို့အလယ်၌ အမ္ဗပါလီ၏ မရိုးနိုင်သော အလှမှာ ထင်ထင်ရှားရှားပင် ပေါ်လွင်လျက် ရှိပေသည်။

အခြွေအရံဖြစ်သော မိန်းမပျိုများစွာတို့နှင့်အတူ အမ္ဗပါလီဥယျာဉ်ထဲသို့ ဝင်ရောက်လာသောအချိန်တွင် ရဟန်းငါးရာတို့သည် အသီးသီးသော တည်းခိုဆောင်များနှင့် သစ်ပင်အောက်တို့၌ သတိပဋ္ဌာန်တရားကို ပွားများဆင်ခြင်လျက် ရှိနေကြ၏။ တစ်ပါးတစ်လေမျှလည်း အမ္ဗပါလီတို့အုပ်စုကို စောင်းငဲ့၍ မကြည့်ကြချေ။ ဘုရားရှင်၏ ထံပါး၌ကား ရှင်အာနန္ဒာတစ်ပါးတည်းသာ ရှိနေ၏။ ရှင်အာနန္ဒာသည် အမ္ဗပါလီနှင့်

မိန်းမပျိုတစ်စု ဝင်ရောက်လာကြသည်ကို တွေ့မြင်ရသောအခါ ခပ်စောစောက သတိပဋ္ဌာန်ဒေသနာကို ဘုရားရှင် ဟောတော်မူခဲ့ခြင်း အကြောင်းကို ကောင်းစွာ သဘောပေါက်သွား၏။ ဘုရားရှင်နောက်မှ လိုက်ပါလာသည့် ရဟန်းငါးရာတို့တွင် တရားအမြင် မကြည်လင်သေးသည့် ရဟန်းငယ် အချို့လည်း ပါရှိ၏။ အမ္ဗပါလီလို နာမည်ကြီးသော မာတုဂါမများကို တွေ့မြင်ရမည်ဆိုလျှင် ထိုရဟန်းငယ်များ စိတ်ဖေါက်ပြားဖွယ်ရှိ၏။ ထို့ကြောင့်ပင် ဘုရားရှင်သည် ထိုရဟန်းတို့အား သတိပဋ္ဌာန်လေးပါးကို ပွားများရှုမှတ်၍ နေကြရန် ကြိုတင်ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အမ္ဗပါလီနှင့် အခြွေအရံများသည် ဘုရားရှင်ထံပါးသို့ ရောက်လာကြပြီး ဘုရားရှင်အား ရိုသေစွာ ရှိခိုး၍ ငြိမ်သက်စွာ ထိုင်နေကြသည်။ ဘုရားရှင်က သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက် အမ္ဗပါလီအား“ငါ၏ ဥယျာဉ်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား ငါကပင် ဆွမ်းကပ်မည်၊ ဤဥယျာဉ်ကိုလည်း ကျောင်းအရံအဖြစ်ဖြင့် အပြီးအပိုင်လှူဒါန်းလိုက်တော့မည်”ဟု အကြံပေါ်လာသဖြင့် ရဟန်းငါးရာတို့နှင့်တကွ ဘုရားရှင်အား နောက်နေ့နံနက်တွင် မိမိ၏ နေအိမ်သို့ ဆွမ်းခံကြွရန် ပင့်ဖိတ်သည်။ ဘုရားရှင်ကလည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသည်။ ထိုအခါ အမ္ဗပါလီသည် အခြွေအရံများနှင့်တကွ ဘုရားရှင်အား ရိုသေစွာ ရှိခိုးပြီး အိမ်သို့ ပြန်လာခဲ့လေသည်။

## အမ္ဗပါလီနှင့် လိစ္ဆဝီမင်းသားများ

ဘုရားရှင်အား ဖူးမြင်၍ ပြန်လာသော အမ္ဗပါလီသည် လမ်းခရီးတစ်နေရာ၌ လိစ္ဆဝီမင်းသားတို့၏ ရထားတန်းကြီးနှင့် ရင်ဆိုင်မိသည်။

လိစ္ဆဝီမင်းသားတို့ကလည်း ဘုရားရှင်အား ဖူးမြင်ရန်အတွက် တင့်တယ်ခန့်ညားသော ရထားများကို ကိုယ်တိုင်မောင်းနှင်လျက် ဝေသာလီမြို့ထဲမှ ထွက်လာကြခြင်း ဖြစ်၏။ အမ္ဗပါလီသည် ထိုမင်းသားတို့အား ရိုသေလေးစားသည့်အနေဖြင့် မိမိရထားကို လမ်းဘေးသို့ တိမ်း၍ မောင်းနှင်ရန် ရထားထိန်းကို ညွှန်ကြားသည်။ သို့သော်လည်း လမ်းမှာ အတန်ငယ်ကျဉ်းနေသဖြင့် သူမ၏ ရထားမှာ အချို့သော မင်းသားငယ်တို့၏ ရထားများနှင့် ဝင်ရိုးစွန်းချင်း တိုက်မိသွားလေသည်။

ထိုအခါ လိစ္ဆဝီမင်းသားတို့က စိတ်ဆိုးမာန်ဆိုးဖြင့် အမ္ဗပါလီကို ကြိမ်းမောင်းကြသည်။ "ဟယ် အမ္ဗပါလီ၊ ဘာကြောင့် သင်က လိစ္ဆဝီမင်းသားငယ်များရဲ့ ရထားတွေကို ဝင်ရိုးစွန်းချင်း တိုက်သွားရတာလဲ"

ထိုအခါ အမ္ဗပါလီက လိစ္ဆဝီမင်းသားများကို ကျေနပ်အောင် တောင်းပန်သည်။

"အရှင်မင်းသားတို့၊ ကျွန်မကို ခွင့်လွှတ်ကြပါ။ ကျွန်မဟာ နက်ဖြန် နံနက်မှာ ဘုရားရှင်နဲ့ ရဟန်းငါးရာကို ဆွမ်းလုပ်ကျွေးရမှာမို့ အိမ်ကိုမြန်မြန် ရောက်ဖို့လိုပါတယ်။ အိမ်ကို မြန်မြန်ရောက်ချင်ဇောနဲ့ ရထားကို မြန်မြန်မောင်းခိုင်းတဲ့အတွက် အရှင်မင်းသားတို့ရဲ့ ရထားများနဲ့ မတော်တဆ တိုက်မိခြင်း ဖြစ်ပါတယ်။"

## မိန်းမသားက အနိုင်ရ

အမ္ဗပါလီက ကျေရာကျေကြောင်း တောင်းပန်သောအခါ လိစ္ဆဝီမင်းသားတို့ မည်သို့မျှ အပြစ်မဆိုသာကြတော့ချေ။ ထို့ကြောင့် "အို အမ္ဗပါလီ၊ သင် ရရှိခဲ့တဲ့ ဆွမ်းလုပ်ကျွေးခွင့်ကို ငါတို့ကို ပေးပါ။ ငါတို့ကသင့်ကို အသပြာငွေတစ်သိန်း ချီးမြှင့်ပါ့မယ်"ဟု ချိုသာစွာ

ပြောဆိုကြသည်။ သို့သော် ထိုကမ်းလှမ်းချက်ကို အမ္ဗပါလီက လုံးဝ လက်မခံဘဲ ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်လေသည်။ "အရှင်မင်းသားတို့၊ အလွန်ရခဲ လှတဲ့ ဒီဆွမ်းလုပ်ကျွေးခွင့်ကို ကျွန်မ ဘာနဲ့မှ မလဲနိုင်ပါဘူး။ အသပြာငွေတစ်သိန်းကို မဆိုထားဘိ၊ တိုင်းခရိုင်အားလုံးနဲ့ တကွ ဝေသာလီ တစ်ပြည်လုံးကို ပေးမယ်ဆိုတောင်မှ ဒီအခွင့်အရေးကိုတော့ ကျွန်မ မစွန့်လွှတ်နိုင်ပါဘူး။"

အမ္ဗပါလီ၏ ပြတ်သားသော အဖြေကြောင့် လိစ္ဆဝီမင်းသားများ နှုတ်ဆိတ်သွားကြသည်။ "တို့ကိုတော့ မိန်းမသားတစ်ယောက်က အနိုင်ယူသွားလေပြီ"ဟူ၍ အချင်းချင်း ပြောဆိုကြပြီး ရှေ့သို့ ခရီးဆက်သွားကြလေသည်။

## တာဝတိံသာနတ်များပမာ

တစ်ချို့က အညိုရောင်၊ တစ်ချို့ကား အဝါရောင် စသည်အားဖြင့် အရောင်စုံ အဝတ်တန်ဆာများကို ဝတ်ဆင်လျက် ရှုချင်စဖွယ် တင့်တယ်လှပစွာ ဥယျာဉ်ထဲသို့ ဝင်လာကြသော လိစ္ဆဝီမင်းသားများကို ဘုရားရှင်က ခပ်ဝေးဝေးမှ လှမ်း၍ မြင်တော်မူသည်။ ထိုအခါ မိမိ၏ အနီးပတ်ဝန်းကျင်၌ ထိုင်နေကြသော ရဟန်းတို့အား ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူသည်။

**"ရဟန်းတို့– တာဝတိံသာနတ်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် ဤ လိစ္ဆဝီပရိသတ်ကို ကြည့်ကြကုန်လော၊ ဤလိစ္ဆဝီ ပရိသတ်သည် တာဝတိံသာနတ်တို့နှင့် တူလှပေ၏။"**

အမှန်အားဖြင့် ဘုရားရှင်သည် ငါးပါးအာရုံ ကာမဂုဏ်တို့၏ အပြစ်ကိုသာ အခါမလပ် ဟောကြားတော်မူမြဲ ဖြစ်ပါလျက် ယခုကဲ့သို့

လိစ္ဆဝီမင်းတို့ကို တာဝတိံသာနတ်တို့နှင့် နှိုင်းယှဉ်၍ ကြည့်ရှုကြရန် မိန့်ကြားခြင်းမှာ ထူးခြား၍ နေပေသည်။ စင်စစ်အားဖြင့် ထိုနေ့က ရောင်စုံအဝတ်တန်ဆာများဖြင့် တင့်တယ်လှပ မြူးကြွနေသော ထိုမင်းသားတို့သည် မဂဓတိုင်းရှင် ဘုရင်အဇာတသတ်၏ တိုက်ခိုက်မှုဖြင့် မကြာမီကာလတွင် သေကြေပျက်စီး ကြတော့မည်ကို ဘုရားရှင်က ကြိုတင်သိမြင်တော်မူသည်။ ထို့ကြောင့် လိစ္ဆဝီမင်းသားတို့ကို အကြောင်းပြု၍ တရားအသိနုနယ်သေးသော ရဟန်းငယ်များ သံဝေဂယူနိုင်ကြစေရန် ရည်ရွယ်တော်မူလျက် အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်လေသည်။

# အမ္ဗပါလီဥယျာဉ်ကို လှူခြင်း

ဘုရားရှင်သည် မိမိ၏ ရှေ့မှောက်သို့ ရောက်လာသော လိစ္ဆဝီမင်းသားတို့အား သင့်လျော်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက် လိစ္ဆဝီမင်းသားတို့က ဘုရားရှင်အား နောက်နေ့နံနက်တွင် မိမိတို့၏ ဆွမ်းကို ခံယူရန် ပင့်ဖိတ်ကြသည်။ ဘုရားရှင်က အမ္ဗပါလီက ပင့်ဖိတ်မှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

အမ္ဗပါလီသည် နောက်နေ့နံနက်တွင် မိမိနေအိမ်၌ ဘုရားအမှူးရှိသော သံဃာငါးရာတို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ရိုသေစွာ လုပ်ကျွေးပြုစုသည်။ ဆွမ်းလုပ်ကျွေးပြီးသောအခါ မိမိ၏ သရက်ဥယျာဉ်ကိုလည်း ဘုရားအမှူးရှိသော သံဃာအား ရေစက်သွန်းချ၍ လှူဒါန်းလိုက်လေသည်။

## အလှ၏နိဂုံး

အမ္ဗပါလီသည် မိမိ၏ သရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာအား ထာဝရကျောင်းအရံအဖြစ်ဖြင့် လှူဒါန်းလိုက်ပြီးနောက် မကြာမီမှာပင် မိမိ၏ ဘဝတစ်ခုလုံးကိုလည်း စွန့်လွှတ်လိုက်သည်။ လိစ္ဆဝီမင်းတို့က ချီးမြှောက်ထားသည့် တိုက်တာ အိုးအိမ်၊ စည်းစိမ်ချမ်းသာများ၌ တွယ်တာမက်မောခြင်း မရှိတော့ဘဲ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက် ဘိက္ခုနီဘဝသို့ ကူးပြောင်းသွားလေတော့သည်။

ဘိက္ခုနီဘဝသို့ ရောက်ရှိလာသော မိခင်အမ္ဗပါလီအား သားတော် ဝိမလကောဏ္ဍညမထေရ်ကလည်း အခါအားလျော်စွာ တရားဓမ္မဟောကြားဆုံးမသည်။ သို့အားဖြင့် တစ်နေ့တစ်ခြား တရားအသိ တိုးပွားလာသော အခါ အမ္ဗပါလီထေရီသည် ယခင်က ယောကျ်ားတကာတို့၏ စွဲလမ်းတပ်မက်မှုကို ခံခဲ့ရသော မိမိ ခန္ဓာကိုယ်၏ အပြစ်များကို တဖွားဖွား သိမြင်လာလေသည်။

**"ကောင်းခြင်းငါးရပ်၊ ဆိုစမှတ်သည့်**
**ကော့ညွတ်သွယ်ဖြာ၊ ငါ့ကေသာများ**
**ဖွာရယာကြဲလျက်၊ မွဲရောင်ယှက်၍**
**စက်ဆုပ်ဖွယ်အတိ ဖြစ်ခဲ့ပြီ၊**
**တင့်ရှန်းတောက်ပြောင်၊ ကော့မျက်တောင်နှင့်**
**ညိုရောင်လွှမ်းဖုံး၊ ငါ့မျက်လုံးလည်း**
**လုံးလုံး မတင့်တယ်တော့ပြီ။**
**ကျော့ရှင်းလည်တိုင်၊ ရွှေပွတ်တိုင်နှင့်**
**ပွဲ့နိုင်ရင်သား၊ ကျင်သောခါးဖြင့်**

**တင်ပါးအိအိ၊ ဣတ္ထိစွမ်းအား**
**အလှများလည်း၊ ပျက်ပြားယိုယွင်းခဲ့လေပြီ။**
**"သဗ္ဗေ သင်္ခါရာ၊ အနိစ္စာ"ဟု**
**ထင်စွာမိန့်ကြား ဤတရားကား**
**မမှားစင်စစ် ဖြစ်ပေစွ။"**

ဤသို့လျှင် အမ္ဗပါလီထေရီသည် မိမိကိုယ်ခန္ဓာ၏ အနိစ္စသဘောကို ဆင်ခြင်သုံးသပ်လျက် ဝိပဿနာတရားကို ပွားများအားထုတ်လေရာ မကြာမီ အာသဝေါကုန်ခန်းသော ရဟန္တာထေရီမကြီးတစ်ပါး ဖြစ်သွားလေတော့သည်။

အမှန်အားဖြင့် အမ္ဗပါလီသည် တစ်ခုသော အတိတ်ဘဝက ဘိက္ခုနီတစ်ပါးအား **"ပြည့်တန်ဆာမ"**ဟူသော အသုံးအနှုန်းဖြင့် ပြောဆိုမိခြင်းကြောင့် နောက်ဆုံးဘဝ၌ ပြည့်တန်ဆာမအဖြစ်သို့ ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

✳ ✳ ✳

# စုဋ္ဌသုဘဒ္ဒါ
## ဝေးလျက်နှင့်နီးသူ

"မိုးကောင်းကင်နှင့် မဟာပထဝီမြေကြီး၊
မဟာသမုဒ္ဒရာ၏ ဤဘက်ကမ်းနှင့် ဟိုဘက်ကမ်း၊
နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်၊
သူတော်ကောင်းတရားနှင့် သူယုတ်မာတရား၊
ဤလေးပါးတို့သည်
လွန်စွာအလှမ်းဝေးသောအရာများ ဖြစ်ကုန်၏"

ဤသို့ မြတ်စွာဘုရားက မိန့်ကြားတော်မူခဲ့၏။

ထို့ပြင်

"သူတော်ကောင်းတို့သည် ဝေးလျက်နှင့်
နီးသကဲ့သို့ ဖြစ်တတ်ကုန်၏။
သူယုတ်မာတို့သည်ကား
နီးလျက်နှင့်ပင်
ဝေးသကဲ့သို့ ဖြစ်တတ်ကုန်၏"
ဟူ၍လည်း မိန့်ကြားတော်မူခဲ့၏။

ထိုကဲ့သို့ မိန့်ကြားအပ်သော ပုဂ္ဂိုလ်တို့တွင် ဘုရားရှင်နှင့် ဝေးလျက်နှင့် နီးသကဲ့သို့ ဖြစ်ခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးကား–

သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေးကြီးသည် အရောင်းအဝယ်ကိစ္စဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက်စဉ် ဗုဒ္ဓမြတ်စွာကို ရှေးဦးစွာ ဖူးမြင်ခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားဒေသနာကို ကြားနာရသဖြင့် ထူးခြားသော အသိအမြင်ကိုလည်း ရရှိခဲ့သည်။ ထို့ကြောင့် သာဝတ္ထိသို့ ပြန်ရောက်သောအခါ ရာပေါင်းများစွာသော ရဟန်းသံဃာတို့နှင့်တကွ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးနိုင်ရန် ဇေတဝန်ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီး ဘုရားအမှူးရှိသော သံဃာအား ပင့်ဖိတ်လှူဒါန်းခဲ့သည်။

အမှန်အားဖြင့် အနာထပိဏ်သူဌေးသည် မိဘမျိုးနွယ်အားဖြင့် ကုန်သည်ပွဲစား ဖြစ်သော်လည်း ငယ်ရွယ်စဉ်က တက္ကသိုလ်ပြည်သို့ သွားရောက်၍ တက္ကသိုလ်ပညာကို သုံးနှစ်သုံးမိုးမျှ သင်ယူခဲ့သော ခေတ်ပညာတတ်တစ်ဦး ဖြစ်၏။ သာဝတ္ထိပြည်ရှင် ပသေနဒီကောသလမင်းကြီးနှင့်လည်း ပညာသင်ဖက်တစ်ဦး ဖြစ်သည်။ သို့သော်လည်း တက္ကသိုလ်ပြည်မှ ပြန်ရောက်လာသောအခါ ကောသလမင်းကြီးက ကမ်းလှမ်းချီးမြှင့်သော မင်းမှုထမ်းအလုပ်ကို လက်မခံဘဲ မိဘရိုးရာ အရောင်းအဝယ် ကုန်သည်အလုပ်ကိုသာ လုပ်ဆောင်ခဲ့သည်။ အတွေးအမြင် ထက်မြက်ခြင်း၊ ကြိုးစားအားထုတ်မှု ရှိခြင်းတို့ကြောင့် အသက်ဆုံးဆယ် ဝန်းကျင်အရွယ်၌ပင် တိုင်းသိပြည်သိ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့လေသည်။

စင်စစ် **"အနာထပိဏ်"**ဟူသော အမည်မှာ သူ့နာမည်ရင်းမဟုတ်။ သူ၏ ငယ်နာမည်မှာ **"သုဒတ္တ"**သာ ဖြစ်၏။ သုဒတ္တသည် ကုန်သည်အလုပ်ဖြင့် ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝလာသည်နှင့်အမျှ မြို့ရေး၊ ရွာရေး၊ လူမှုရေးကိစ္စတို့၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဆင်းရဲနွမ်းပါးသူတို့အား ပေးကမ်းထောက်ပံ့မှုများကို ရက်ရောစွာ ပြုလုပ်ခဲ့သည်။ မိမိအိမ်ရှေ့၌ **"ဒါနသာလာ"**တစ်ခု ဆောက်လုပ်ပြီး ခရီးသွား ဧည့်သည်

အာဂန္တုများနှင့် ခိုကိုးရာမဲ့သူတို့အား ထမင်းဟင်းလျာ စားနပ်ရိက္ခာများကို နေ့စဉ်မပြတ် ပေးလှူခဲ့လေသည်။ ယင်းသို့ ပေးလှူခြင်းကို အကြောင်းပြု၍ အနာထပိဏ်(အနာထပိဏ္ဍိက)ဟူသော အမည်ကို သူရရှိခဲ့ခြင်း ဖြစ်၏။ အနာထပိဏ္ဍိက - အနာထပိဏ် ဟူသော အမည်ကား အားကိုးရာမဲ့ ဖြစ်နေသူတို့အား ထမင်းပေးသူဟူ၍ ဆိုပေသည်။

တစ်နေ့သ၌ ဥဂ္ဂမြို့မှ ဥဂ္ဂသူဌေးကြီးသည် ကုန်ရောင်းကုန်ဝယ် ကိစ္စဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာသည်။ ထိုဥဂ္ဂသူဌေးကား တက္ကသိုလ်ပြည်၌ ပညာသင်စဉ်က အနာထပိဏ်၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်ခဲ့သည်။ မမျှော်လင့်ဘဲရောက်လာသော မိတ်ဆွေ ရင်းချာတစ်ဦးအား အနာထပိဏ်က ဝမ်းသာစွာ ကြိုဆို၍ သူ့အိမ်၌ပင် တည်းခိုစရာ နေရာထိုင်ခင်းများ စီစဉ်ချထားပေးသည်။ မိတ်ဆွေ၏ နေထိုင်စားသောက်မှုတို့နှင့် ပတ်သက်၍ လိုအပ်သမျှသော ကိစ္စများ ဆောင်ရွက်ရန်ကိုမူ သမီးလတ်ဖြစ်သူ စူဠသုဘဒ္ဒါအား တာဝန်ပေးထား လေသည်။

စူဠသုဘဒ္ဒါမှာ အရွယ်အဆင်းနှင့် ပြည့်စုံရုံသာမက ယဉ်ကျေးသိမ်မွေ့သော အမူအရာရှိသူလည်း ဖြစ်၏။ မိမိ၏ တာဝန်ကို အနည်းငယ်မျှ မလစ်ဟင်းစေဘဲ စေ့စပ်စွာ ဆောင်ရွက်၏။ ဥဂ္ဂသူဌေးသည် စူဠသုဘဒ္ဒါ၏ နှစ်သက်ဖွယ် ရုပ်လက္ခဏာနှင့် အရည်အချင်းကို သုံးရက်မျှ အနီးကပ် တွေ့မြင်ရသောအခါ တက္ကသိုလ်၌ နေခဲ့ရစဉ်က သူနှင့် သုဒတ္တတို့ ထားရှိခဲ့သည့် ကတိစကားတစ်ခုကို သတိရလာသည်။ ထို့ကြောင့် ညပိုင်းသို့ ရောက်၍ မိတ်ဆွေနှစ်ဦး အေးအေးလူလူ စကားပြောဆိုကြသောအခါ ထိုကတိစကားကို သူက အစဖော်ပေးလိုက်လေသည်။

"ကိုသုဒတ္တရေ၊ ကျုပ်တို့နှစ်ဦး တက္ကသိုလ်မှာ နေခဲ့စဉ်က ကတိစကား တစ်ခု ထားခဲ့ကြတာကို သတိရပါသေးရဲ့လား"

"ဘာများပါလိမ့် ကိုဥဂ္ဂ"

"တစ်ခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့နှစ်ဦး အိမ်ထောင်ကျပြီး သားသမီးတွေရတဲ့အခါ တစ်ဦးနှင့်တစ်ဦး သားပေးသမီးယူပြုပြီး မေတ္တာလမ်း ဆက်ခင်းသွားကြဖို့ပါပဲ"

"ဟုတ်ပါရဲ့။ ဒီကိစ္စကို ခင်ဗျားပြောမှပဲ ကျုပ် သတိရတော့တယ်။ ဒါနဲ့ပတ်သက်ပြီး မိတ်ဆွေက ဘယ်လိုစိတ်ကူးရှိလို့လဲ"

"ကျုပ်ကတော့ ခင်ဗျားသမီး စူဠသုဘဒ္ဒါကို အတော် သဘောကျ နေတယ်။ ကျုပ်မှာလည်း သုဒေဝခေါ်တဲ့ သားပျိုတစ်ယောက် ရှိတယ်။ ဒါကြောင့် သုဒေဝကို စူဠသုဘဒ္ဒါနဲ့ လက်ထပ်ပေးချင်ပါတယ်"

"အင်း–ဖြစ်နိုင်စရာတော့ ရှိပါတယ်။ ဒါပေမယ့် သူဌေးကတော်နဲ့ တိုင်ပင်ရဦးမှာပေါ့"

အနာထပိဏ်သူဌေးသည် သားရေး သမီးရေးနှင့် ပတ်သက်၍ ဥဂ္ဂသူဌေး၏ ကမ်းလှမ်းချက်ကို ကြားရသောအခါ အနည်းငယ် စိတ်ထင့် သွားသည်။ အကြောင်းကား ဘာသာရေးပြဿနာ ရှိနေသောကြောင့် ဖြစ်၏။ သူသည် ဝေးလံသော အရပ်ဒေသမှ ရောက်လာသည့် မိတ်ဆွေအား မိမိကိုးကွယ်ဆည်းကပ်နေသည့် ဗုဒ္ဓမြတ်စွာအကြောင်းကို သတင်းကောင်း တစ်ခုအနေဖြင့် ဝမ်းပန်းတသာ ပြောပြခဲ့၏။ သို့သော် သူ့မိတ်ဆွေ ဥဂ္ဂကား ထိုအကြောင်းကို လုံးဝ စိတ်ဝင်စားမှု မရှိခဲ့။ မိမိတို့ ဥဂ္ဂမြို့တွင် အစေလကတက္ကတွန်း ရဟန်းများကိုသာ တစ်မြို့လုံး ကိုးကွယ်ဆည်းကပ်နေ ကြကြောင်း သူက ပြန်ပြောခဲ့လေသည်။

သို့အားဖြင့် အနာထပိဏ်သူဌေးသည် အထက်ပါကိစ္စကို သူဌေး ကတော်ပုညလက္ခဏာအား ပြောပြပြီး ဇေတဝန်ကျောင်းတော်သို့ တရားနာ သွားရင်း ဘုရားရှင်အားလည်း လျှောက်ကြားခဲ့သည်။

အနာထပိဏ်သူဌေးကြီးအိမ်၌ နေ့စဉ်နေ့တိုင်း သံဃာတစ်ထောင် ကျော်အား ဆွမ်းလောင်းလှူလျက်ရှိရာ ထိုကိစ္စကို သူဌေးကြီးကိုယ်တိုင် စီမံကွပ်ကဲခြင်း မပြုနိုင်သဖြင့် သမီးကြီး မဟာသုဘဒ္ဒါအား တာဝန်လွှဲထားရ သည်။ သမီးကြီး မဟာသုဘဒ္ဒါသည် ထိုကိစ္စကို ဆောင်ရွက်နေရာမှ

သူဌေးသားတစ်ယောက်နှင့် အကြောင်းပါ၍ ခင်ပွန်းနောက်သို့ လိုက်ပါသွားခဲ့ရသည်။ ထိုအခါ သမီးလတ် စူဠသုဘဒ္ဒါက ဆွမ်းလောင်းလှူရေးကိစ္စကို တာဝန်ယူခဲ့ရပြန်သည်။ စူဠသုဘဒ္ဒါသည် ရဟန်းသံဃာတို့အား နေ့စဉ်ဆွမ်းလောင်းလှူရေးကိစ္စကို ဆောင်ရွက်နေစဉ် အခါအားလျော်စွာ ဘုရားရှင်ဟောကြားသော တရားဒေသနာတော်ကို ကြားနာရသဖြင့် သောတာပန်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် သူမအနေဖြင့် ကိုးကွယ် ဆည်းကပ်မှုနှင့်ပတ်သက်၍ မည်သို့သော အခြေအနေ၌ မဆိုယိမ်းယိုင်သွေဖည်သွားရန် အကြောင်းမရှိတော့ချေ။ ဘုရားရှင်သည် ဤအကြောင်းကို သိမြင်တော်မူသည်ဖြစ်၍ စူဠသုဘဒ္ဒါကို ဥဂ္ဂသူဌေးသားနှင့် ထိမ်းမြားပေးရန် ရှိပါကြောင်း လျှောက်ကြားသော အနာထပိဏ်သူဌေးအား မည်သို့မျှ မိန့်ကြားခြင်းမပြုဘဲ ဆိတ်ဆိတ်သာ နေတော်မူသည်။

ထိုအခါ အနာထပိဏ်သူဌေးသည် ဘုရားရှင်၏ အလိုတော်ကို ရိပ်စားမိသည်ဖြစ်၍ သမီးချစ် စူဠသုဘဒ္ဒါအား ဥဂ္ဂမြို့သို့ ထည့်ပေးလိုက်သည်။ ဥဂ္ဂသူဌေးသည် ဥဂ္ဂမြို့သို့ ပြန်ရောက်သောအခါ သုဒေဝနှင့် စူဠသုဘဒ္ဒါ တို့၏ မင်္ဂလာပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။ မိမိတို့ ကိုးကွယ်ဆည်းကပ်နေသည့် တက္ကတွန်းရဟန်းများကိုလည်း အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်သည်။ ဆွမ်းဆက်ကပ်ပြီးသောအခါ စူဠသုဘဒ္ဒါကို တက္ကတွန်းရဟန်းများအား လာရောက်၍ ရှိခိုးကန်တော့ရန် ခေါ်စေသည်။ စူဠသုဘဒ္ဒါက အိမ်ထဲမှ မထွက်ဘဲနေသည်။ ဤကဲ့သို့ ကျက်သရေကင်းမဲ့သော တက္ကတွန်းများကို မိမိ ရှိမခိုးနိုင်ကြောင်း ပြောဆိုသည်။

ထိုအခါ သူဌေးကြီးနှင့် သူဌေးကတော်တို့က မိမိတို့ ကိုးကွယ်သော ရဟန္တာကြီးများကို စော်ကားသည်ဟု ဆိုကာ မခံမရပ်နိုင် ဖြစ်လာကြသည်။ “ညည်းတို့က ဘယ်လို ရဟန်းမျိုးကို ရှိခိုးသလဲ။ ဘယ်လို ရဟန်းမျိုးကိုမှ

ကိုးကွယ်သလဲ”ဟု မေးကြသည်။ ထိုအခါ စူဠသုဘဒ္ဒါက ဘုရားရှင်နှင့် ရဟန်းသံဃာတို့၏ ကြည်ညိုဖွယ် ဂုဏ်ပုဒ်များကို ချီးကျူးပြောဆိုသည်။ ထိုပြောဆိုချက်များကို ကြားရလျှင် သူဌေးကတော်ကြီးက စိတ်ဝင်စားလာသည်။ “ဒီလိုဆိုရင် သမီးရဲ့ ရဟန်းတွေကို ပင့်ပေးပါ”ဟု ပြောလေသည်။

စူဠသုဘဒ္ဒါသည် ထိုနေ့ညတွင် ဗုဒ္ဓမြတ်စွာရှိရာအရပ်သို့ လက်အုပ်ချီလျက် “မြတ်စွာဘုရားသည် နက်ဖြန်နံနက် ဥဂ္ဂမြို့သို့ ရဟန်းငါးရာနှင့်တကွ ကြွရောက်၍ တပည့်တော်၏ ဆွမ်းကို ခံတော်မူပါ”ဟု လျှောက်ကြားမြွက်ဆိုလိုက်လေသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ပရိသတ်လေးပါးတို့အား တရားဟောကြားနေတော်မူသည်။ တရားပွဲပြီးဆုံးသောအခါ အနာထပိဏ်သူဌေးကြီးက ဘုရားရှင်အားရိုသေစွာ ရှိခိုးပြီး နောက်နေ့နံနက်တွင် မိမိနေအိမ်သို့ ကိုယ်တော်တိုင်ကြွရောက်၍ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်သည်။

ထိုအခါ ဘုရားရှင်က “သူကြွယ်၊ နက်ဖြန်နံနက်အတွက် သင့်ရဲ့သမီး စူဠသုဘဒ္ဒါက ငါ့ကို ဆွမ်းစားပင့်ထားပေ၏”ဟု မိန့်ကြားတော်မူသည်။ အနာထပိဏ်သူဌေးကြီး အံ့သြသွားသည်။

“အရှင်ဘုရား၊ တပည့်တော်ရဲ့သမီး စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိမြို့မှ ယူဇနာ ၁၂၀–မျှဝေးသော ဥဂ္ဂမြို့သို့ ရောက်နေပါသည်ဘုရား။ အဘယ်သို့လျှင် သူ၏ ဖိတ်ကြားချက်ကို ရရှိတော်မူပါသလဲ ဘုရား”

ဤသို့ အနာထပိဏ်သူဌေးကြီးက လျှောက်ရာ ဘုရားရှင်က သူတော်ကောင်းတို့အဖို့ ခရီးအကွာအဝေးသည် အကြောင်းမဟုတ်။ အဝေး၌တည်သော်လည်း မျက်စိရှေ့၌ ရောက်နေသကဲ့သို့ တွေ့မြင်နိုင်ကြောင်း မိန့်ကြားပြီး ဤအကြောင်းနှင့် စပ်သော တရားဂါထာတစ်ပုဒ်ကို ဟောကြားတော်မူသည်။

*"ဟိမဝန္တာတောင်ကြီးကို အဝေးမှပင် ထင်ရှားစွာ တွေ့မြင်ရသကဲ့သို့ ထိုအတူ သူတော်ကောင်းတို့သည် အဝေး၌ တည်ငြားသော်လည်း ထင်ရှားစွာ တွေ့မြင်ရကုန်၏။ မှောင်မိုက်သော ညအချိန်၌ ပစ်လွှတ်အပ်သော မြှားတံကို ထင်ရှားစွာ မမြင်ရသကဲ့သို့ ထိုအတူ သူယုတ်မာတို့သည် ကား အနီး၌ တည်ရှိနေငြားသော်လည်း ထင်ရှားစွာ မမြင်ကြရချေ။*

စူဠသုဘဒ္ဒါသည် ညဦးပိုင်းက ဘုရားရှင်ကို လှမ်း၍ ပင့်ဖိတ်ထားပြီး ဥဂ္ဂသူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့အားလည်း ဘုရားရှင်နှင့် သံဃာငါးရာအတွက် ဆွမ်းဘောဇဉ်များ စီစဉ်ထားကြရန် ပြောကြားသည်။ ဥဂ္ဂသူဌေးနှင့် သူဌေးကတော်ကြီးတို့မှာ စူဠသုဘဒ္ဒါ၏ စကားကို မယုံမရဲ ဖြစ်နေကြသည်။ သူ့ဘက်က အပြတ်ပြောထားသောကြောင့် အိမ်ရှေ့၌ မဏ္ဍပ်ကြီး တစ်ဆောင် ညတွင်းချင်းအပြီး ထိုးပြီး သံဃာငါးရာအတွက် ဆွမ်းခဲဖွယ်ဘောဇဉ်များကို အသင့်ပြင်ထားကြလေသည်။

နံနက်လင်းသောအခါ စူဠသုဘဒ္ဒါက မဏ္ဍပ်ရှေ့၌ အသင့်စောင့်နေသည်။ မကြာမီ ဘုရားအမှူးရှိသော သံဃာငါးရာတို့ မဏ္ဍပ်ရှေ့သို့ ဘွားခနဲ ရောက်လာသည်။ ယူဇနာ ၁၂၀-မျှ ဝေးသောအရပ်မှ ထူးဆန်းစွာ ကြွရောက်လာသော ဘုရားရှင်နှင့် ရဟန်းသံဃာတို့ကို တွေ့မြင်ရသဖြင့် ဥဂ္ဂသူဌေးကြီးနှင့် ပရိသတ်များ လွန်စွာ အံ့သြသွားကြသည်။ မိမိတို့ ကိုးကွယ်နေသည့် တက္ကတွန်းရဟန်းတို့နှင့် မနှိုင်းယှဉ်လောက်အောင် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ရဟန်းများကို ဖူးမြင်ရခြင်းကြောင့်လည်း ကြည်ညို၍ မဆုံးနိုင်အောင် ရှိနေကြသည်။ ထို့ကြောင့် ဘုရားအမှူးရှိသော သံဃာငါးရာတို့အား မဏ္ဍပ်ထဲသို့ ပင့်၍ ဆွမ်းဆက်ကပ်ကြသည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဥဂ္ဂသူဌေးကြီးနှင့် ပရိသတ်တို့အား သင့်လျော်လျောက်ပတ်သော တရားဒေသနာကို ဟောကြား

တော်မူသည်။ ဥဂ္ဂသူဌေးသားနှင့်တကွ များစွာသော မြို့သူမြို့သားများ သစ္စာလေးပါး အမှန်တရားကို သိမြင်သွားကြလေသည်။

ဘုရားရှင်သည် ဥဂ္ဂမြို့၌ ခုနစ်ရက်မျှ သီတင်းသုံးနေပြီး မြို့သူမြို့သားတို့အား တရားရေအေးကို တိုက်ကျွေးတော်မူသည်။ ထို့နောက် ရှင်အနုရုဒ္ဓါနှင့်တကွ ရဟန္တာငါးပါးကိုထားခဲ့ပြီး သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူသည်။

စူဠသုဘဒ္ဒါကား ကိုးကွယ်ရာ လွဲချော်၍ လမ်းမှားသို့ ရောက်နေကြသည့် ဥဂ္ဂသူဌေးကြီးနှင့် မြို့သူမြို့သားတို့အား လမ်းမှန်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။ ဤအကြောင်းကို ကြိုတင်၍ မြင်တော်မူခဲ့ခြင်းကြောင့်လည်း သူမကို ဥဂ္ဂသူဌေးသားနှင့် ထိမ်းမြားပေးရန် ရှိပါကြောင်း လျှောက်ကြားသော အနာထပိဏ်သူဌေးကြီးအား ဘုရားရှင်က မည်သို့မျှ မိန့်ကြားခြင်းမပြုဘဲ ဆိတ်ဆိတ်နေတော်မူခဲ့ခြင်း ဖြစ်လေသည်။ သာဝတ္ထိမှ အနာထပိဏ်သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့မှာလည်း သမီးချစ် စူဠသုဘဒ္ဒါ၏ ဂုဏ်သတင်းကို ကြားသိကြရသဖြင့် ဝမ်းသာကြည်နူးမဆုံး ရှိကြလေသည်။

✺ ✺ ✺

# သုမနဒေဝီ

## အဖေထက်ကြီးသောသမီး

ဗုဒ္ဓရှင်တော်မြတ်လက်ထက်က ကာသိတိုင်း၊ ကောသလတိုင်းကြီး နှစ်ခုတို့၏ မြို့တော်ဖြစ်သည့် သာဝတ္ထိမြို့သည် အလွန်ပင် ကြီးကျယ်စည်ကားခဲ့၏။ မြို့နေ လူနေဦးရေ ခုနစ်ကုဋေကျော်ရှိပြီး အိုးအိမ်တိုက်တာ အဆောက်အအုံများ နေရာမလပ် ပြည့်ကျပ်၍ နေပေသည်။ ကောသလမင်းကြီး၏ နန်းတော်ဆောင်နှင့် မြို့ရိုးကျုံးမြောင်း စသည်တို့ကလည်း မြို့တော်၏ ဂုဏ်ကျက်သရေကို အစွမ်းကုန်ဆောင်လျက် ရှိပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၌ တတိယဝါဆိုပြီး ဝါကျွတ်သောအခါ အနာထပိဏ်သူဌေး၏ ပင့်ဖိတ်ချက်အရ သာဝတ္ထိပြည်သို့ ရှေးဦးစွာ ကြွချီတော်မူခဲ့၏။ ကောသလမင်းကြီးနှင့်တကွ သာဝတ္ထိပြည်သူပြည်သားတို့ကလည်း ဗုဒ္ဓအား ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြ၏။ အနာထပိဏ်သူဌေးသည် ငါးဆယ့်လေးကုဋေသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ မြို့တော်၏ တောင်ဘက်၌ ဇေတဝန်ကျောင်းတိုက်ကြီးကို ဆောက်လုပ်၍

ပတ္တမြားငမောက်စာပေ

လှူဒါန်း၏။ ဝိသာခါသူဌေးမကြီးကလည်း အားကျမခံ မြို့တော်၏ အရှေ့ဘက်၌ နှစ်ဆယ့်ခုနစ်ကုဋေတန် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းပြန်၏။

ဗုဒ္ဓသည် စောစောပိုင်းကာလတွင် ရာဇဂြိုဟ်၊ ဝေသာလီ စသော မြို့များ၌ ဝါဆိုပြီး ဝါပချိန်တွင်မှ သာဝတ္ထိပြည်သို့ နှစ်စဉ်မပြတ် ကြွလာတော်မူ၏။ ဝါနှစ်ဆယ်မှစ၍ နောက်ပိုင်းတွင်မူ ပရိနိဗ္ဗာန်မစံမီ နောက်ဆုံးတစ်ဝါမှတစ်ပါ သာဝတ္ထိပြည်၌သာ နှစ်စဉ် ဝါဆိုတော်မူ၏။ ဇေတဝန်ကျောင်း၌ ၁၉–ဝါ၊ ပုဗ္ဗာရုံကျောင်း၌ ၆–ဝါ သီတင်းသုံးတော်မူခဲ့၏။

ဗုဒ္ဓ၏ တရားကို ကြားနာရသဖြင့် လူဦးရေ ခုနစ်ကုဋေအနက်မှ ငါးကုဋေမျှသော သာဝတ္ထိ မြို့သူမြို့သားတို့သည် အရိယာသာဝကအဖြစ်သို့ ဆိုက်ရောက်ခဲ့ကြ၏။ ထိုအရိယာသာဝကတို့သည် နံနက်အချိန်တွင် ဗုဒ္ဓနှင့် သံဃာတော်တို့အား ဆွမ်းလောင်းလှူရေးကိစ္စကို လုံးပန်းဆောင်ရွက်နေကြ၏။ ညနေပိုင်းအချိန်တွင်မူ အဖျော်ယမကာ ပန်းနံ့သာ စသည်တို့ကို ကိုင်ဆောင်လျက် ကျောင်းတော်သို့သွားကာ တပျော်တပါး တရားနာလေ့ရှိကြ၏။

အနာထပိဏ်နှင့် ဝိသာခါတို့ကား နေ့စဉ် တစ်နေ့နှစ်ကြိမ် ဗုဒ္ဓထံသို့ ဆည်းကပ်လေ့ရှိ၏။ ကျောင်းသို့သွားတိုင်းလည်း သက်သက်သွားလေ့မရှိ၊ နံနက်ပိုင်းသွားလျှင် ဆွမ်းဘောဇဉ်များကိုယူ၍လည်းကောင်း၊ ညနေပိုင်း၌ သွားလျှင် ဆေးဝါးအဖျော်ယမကာများကိုယူ၍လည်းကောင်း သွားလေ့ရှိကြ၏။ ထိုမျှမက မိမိတို့ နေအိမ်၌ ရဟန်းအပါးနှစ်ထောင်အား နေ့စဉ် ဆွမ်းလောင်းလှူကြလေသည်။

သာဝတ္ထိမြို့သူမြို့သားတို့သည် အလှူဒါန ပြုလုပ်သည့်အခါ အနာထပိဏ်သူဌေးနှင့် ဝိသာခါသူဌေးမကြီးတို့အား အမြဲတမ်း ဖိတ်မန္တက

ပြုလုပ်ကြ၏။ အကြောင်းကား သူတို့နှစ်ဦးသည် ရဟန်းသံဃာနှင့် ရင်းနှီး၍ ရဟန်းသံဃာ၏ စိတ်ကြိုက်ကို သိရှိသူများ ဖြစ်သောကြောင့် ပေတည်း။ သာဝတ္ထိမြို့တော်၌ သူတို့နှစ်ဦးမပါလျှင် အလှူမဖြစ်သကဲ့သို့ ရှိနေပေရာ မိမိတို့ အိမ်ကိစ္စကို လှည့်မကြည့်နိုင်ဘဲ ရှိနေကြလေသည်။

ထို့ကြောင့် ဝိသာခါသည် မိမိနေအိမ်၌ ရဟန်းနှစ်ထောင်အား နေ့စဉ် ဆွမ်းလောင်းလှူရေးကိစ္စကို မြေးမတစ်ဦးအား တာဝန်ပေးထား၏။ ထိုမြေးမကား ဘွားအေ၏ ခြေရာကို နင်းသူဖြစ်၍ မိမိတာဝန်ကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ပေသည်။

အနာထပိဏ်သူဌေးကား သမီးသုံးယောက်ရှိသဖြင့် ပထမဦးစွာ သမီးကြီး မဟာသုဘဒ္ဒါအား တာဝန်ပေး၏။ သူမသည် ဖခင်ကိုယ်စား ဆွမ်းကွမ်းကိစ္စကို ဆောင်ရွက်နေစဉ် သူဌေးသားတစ်ဦးနှင့် လက်ထပ်၍ ခင်ပွန်းသည်အိမ်သို့ လိုက်ပါသွားရလေသည်။ ထိုအခါ သမီးလတ် စူဠသုဘဒ္ဒါက ဆက်လက်တာဝန်ယူ၏။ သူမမှာလည်း အစ်မနည်းတူ လင့်နောက်သို့ ပါသွားပြန်သောအခါ သမီးထွေး သုမနဒေဝီ တာဝန်ကျလေ၏။

သုမနဒေဝီသည် ရဟန်းသံဃာများအတွက် ဆွမ်းကွမ်းကိစ္စကို စီမံဆောင်ရွက်နေစဉ်မှာပင် သကဒါဂါမ်အရိယာ အဖြစ်သို့ ဆိုက်ရောက်၏။ တစ်နေ့သောအခါ သူမသည် ရောဂါ ဝေဒနာ စွဲကပ်သဖြင့် အိပ်ရာမှ မထနိုင်ဘဲ ရှိလေ၏။ ထိုစဉ်တွင် ဖခင်နှင့် တွေ့လိုသဖြင့် အခေါ်ခိုင်းလိုက်ရာ အနာထပိဏ်သူဌေးကြီးသည် သမီး၏ အိပ်ရာဘေးသို့ ရောက်လာပြီး ရောဂါအခြေအနေကို မေးမြန်းလေသည်။

**"ချစ်သမီး၊ ရောဂါသက်သာရဲ့လား"**

***"အစ်မကြီး မသက်သာဘူးမောင်လေး"***

"ချစ်သမီး၊ ယောင်နေသလား"

*"အစ်မကြီး မယောင်ပါဘူး မောင်လေး"*

"ချစ်သမီး၊ ကြောက်သလား"

*"အစ်မကြီး မကြောက်ပါဘူး မောင်လေး"*

သုမနဒေဝီသည် ဤမျှသာ ပြောဆိုနိုင်ပြီး မကြာမီပင် ကွယ်လွန်သွားတော့၏။ အနာထပိဏ်သူဌေးကြီးကား သောတာပန်ပင် ဖြစ်လင့်ကစား သမီးအတွက် စိတ်သောကကို မဖြေနိုင်အောင် ရှိတော့သည်။ အသုဘကိစ္စ ပြီးသောအခါ မရွှင်ပျသောမျက်နှာဖြင့် ဗုဒ္ဓထံသို့ သွားလေသည်။

"သူဌေးကြီး၊ ဘာကြောင့် မျက်နှာ မကြည်မသာ ဖြစ်နေပါသလဲ"

"တပည့်တော်ရဲ့ သမီးငယ် ကွယ်လွန်သွားတဲ့အတွက် ဖြစ်ပါတယ်ဘုရား"

"သူဌေးကြီး၊ ဘယ်သူမှ အနိစ္စသဘောကို မလွန်ဆန်နိုင်ကြဘူး၊ တရားနဲ့ ဖြေပါလော့"

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် အနိစ္စသဘောကို ဆင်ခြင်မိပါ၏၊ သို့ပါသော်လည်း တပည့်တော်သမီးဟာ လွန်စွာ အရှက်အကြောက်နဲ့ ပြည့်စုံသူဖြစ်ပါလျက် သေခါနီးမှာ ကယောင်ကတမ်း ပြောသွားတဲ့အတွက် တပည့်တော် စိတ်ထိခိုက်နေခြင်း ဖြစ်ပါတယ်ဘုရား"

"သူဌေးကြီး၊ သင့်သမီးသည် ဘယ်လို ကယောင်ကတမ်း ပြောသွားပါသလဲ"

အနာထပိဏ်သူဌေးကြီးသည် သုမနဒေဝီ ပြောဆိုသွားခဲ့ပုံကို ဗုဒ္ဓအား ပြန်ပြောင်းလျှောက်တင်လေသည်။ ထိုအခါ ဗုဒ္ဓက "သူဌေးကြီး၊ သင့်သမီးကား ကယောင်ကတမ်းပြောသွားသည်မဟုတ်၊ သင်က သောတာပန်သာ

ဖြစ်သော်လည်း သင့်သမီးကား သကဒါဂါမ်အဆင့်သို့ ရောက်ခဲ့သူဖြစ်၏။ ဤသို့ မဂ်ဉာဏ်အဆင့်အားဖြင့် သင့်ထက်မြင့်နေ၍သာ သင့်ကို မောင်လေးဟု ခေါ်ခြင်း ဖြစ်လေသည်”ဟု မိန့်ကြားတော်မူသည်။ ဤသို့ ဗုဒ္ဓက မိန့်ကြားတော်မူသောအခါကျမှ အနာထပိဏ်သူဌေးမှာ စိတ်သက်သာရာ ရသွားတော့၏။

ထို့နောက် ဗုဒ္ဓက ဆက်လက်၍ “သုမနဒေဝီသည် တုသိတာနတ်ပြည်သို့ ဆိုက်ရောက်နေကြောင်း၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ကောင်းသောအလုပ်ကို ပြုလုပ်သူများသည် ဖြစ်လေရာ ဘဝတိုင်းဝယ် ပျော်ရွှင်ချမ်းမြေ့စွာ နေရကြောင်း” မိန့်ကြားတော်မူသည်။ ထိုအခါ အနာထပိဏ်သူဌေးကြီး၏ စိတ်သောကများ လုံးဝ ငြိမ်းပျောက်သွားလေတော့သည်။

## ပတ္တမြားငမောက်စာပေမှ–ဆက်လက်ထုတ်ဝေဖြန့်ချိမည့်စာအုပ်ကောင်းများ


| | | |
|---|---|---|
| ၁။ ဘဝသင်ခန်းစာများ | – လှသမိန် | (၃၀ဝိ/) |
| ၂။ ပုဂံခေတ်မြင်ကွင်းကျယ် | – လှသမိန် | (၄၀ဝိ/) |
| ၃။ တွေးသိစရာဘဝအတွေ့အကြုံများ | – လှသမိန် | (၂၅ဝိ/) |
| ၄။ ကြီးပွားအောင်မြင်လိုသူတိုင်းအတွက် သိမှတ်စရာများ(၅) | – လှသမိန် | (၂၀ဝိ/) |
| ၅။ လူ့စရိုက်လူ့သဘော | – လှသမိန် | (၂၀ဝိ/) |
| ၆။ လူ့စိတ်လူ့မနော | – လှသမိန် | (၂၀ဝိ/) |
| ၇။ လူ့ဉာဉ်လူ့အကြော | – လှသမိန် | (၂၀ဝိ/) |
| ၈။ လူငယ်ပျိုးထောင်နည်း | – လှသမိန် | (၂၀ဝိ/) |
| ၉။ လူမှန်လူချွန် | – လှသမိန် | (၂၀ဝိ/) |
| ၁၀။ လူပီသအောင်နေထိုင်နည်း | – လှသမိန် | (၂၀ဝိ/) |
| ၁၁။ တူနှစ်ကိုယ်သုခချမ်းသာ | – လှသမိန် | (၂၀ဝိ/) |
| ၁၂။ ဟောနည်းပြောနည်း | – လှသမိန် | (၁၇၅ိ/) |
| ၁၃။ လက်တွေ့ဘာသာပြန်နည်း | – လှသမိန် | (၁၇၅ိ/) |
| ၁၄။ တစ်နေ့တစ်ခါနေပါ | – ဦးဝမ်ထိန် | (၂၀ဝိ/) |
| ၁၅။ ကိုယ်တွေ့ဝတ္ထုကောက်နုတ်ချက်များ | – ဦးဖိုးကျား | (၁၂ဝိ/) |
| ၁၆။ အောင်မြင်ခြင်း၏လျှို့ဝှက်ချက်များ(ဦးလှဒင်) | – ဟာဗဒ်အင်န်ကက်ဆင် | (၂၀ဝိ/) |
| ၁၇။ ဆုံးဖြတ်မှုအတတ်ပညာ(ငွေးအောင်) | – ဟာဗဒ်အင်န်ကက်ဆင် | (၂၀ဝိ/) |
| ၁၈။ ဦးနှောက်ကောင်းအောင်လေ့ကျင့်နည်း(ဦးလှဒင်) | – ဟာဗဒ်အင်န်ကက်ဆင် | (၂၀ဝိ/) |
| ၁၉။ အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်း(ငွေးအောင်) | – ဟာဗဒ်အင်န်ကက်ဆင် | (၂၀ဝိ/) |
| ၂၀။ သူတို့ဘာကြောင့် အောင်မြင်ကြသလဲ | – အောင်သစ် | (၂၀ဝိ/) |
| ၂၁။ လောကဓမ္မနှင့် ဘဝ၏အနှစ်သာရ | – အောင်သစ် | (၂၀ဝိ/) |
| ၂၂။ ရင်သွေးငယ်များ အောင်မြင်ပျော်ရွှင်ချမ်းသာရေး | – အောင်သစ် | (၂၀ဝိ/) |
| ၂၃။ ငြိမ်းချမ်းစိတ်နဲ့ဘဝချမ်းသာ | – အောင်သစ် | (၂၀ဝိ/) |
| ၂၄။ ဟာသဒိုင်ဂျက်(၁) | – ဖိုးစွံ(အောင်ပင်လယ်) | (၁၅ဝိ/) |
| ၂၅။ ဟာသဒိုင်ဂျက်(၂) | – ဖိုးစွံ(အောင်ပင်လယ်) | (၂၀ဝိ/) |
| ၂၆။ သင်္ဘောသားလောင်းတို့အတွက်အင်္ဂလိပ်စာ | – လှဘုန်းအောင် | (၂၀ဝိ/) |
| ၂၇။ ငှက်တံတားနှင့် နိုင်ငံစုံပုံပြင်များ | – ခင်မောင်တိုး/မိုးမိတ် | (၁၀ဝိ/) |
| ၂၈။ ကောင်းကင်ထဲကကြယ်ကလေးတွေနှင့်နိုင်ငံစုံအလှပုံပြင်များ– | ခင်မောင်တိုး/မိုးမိတ် | (၁၀ဝိ/) |
| ၂၉။ မိသားစုဝတ်ရွတ်စဉ်နှင့် တော်ဝင်ဂါထာမန္တန်များ | – ဦးရွှေဝင်း(မန္တလေး) | (၁၀ဝိ/) |
| ၃၀။ ဂုဏ်တော်ကျင့်စဉ်ဖြင့် ဆန္ဒပြည့်ဝလိုသော် | – ဦးရွှေဝင်း(မန္တလေး) | (၁၀ဝိ/) |
| ၃၁။ မြင့်မိုရ်ထက်မြင့်သော စိတ်ထားများ | – ဦးဝမ်ထိန် | (၂၀ဝိ/) |
| ၃၂။ အလှဗေဒ | – ဒဂုန်တာရာ | (၃၀ဝိ/) |
| ၃၃။ လောကကြီးမှာ ဒီလိုပဲ | – အောင်ကောင်း | (၂၀ဝိ/) |
| ၃၄။ တရုတ်ယိုဂီကျင်းလက္ခဏာအဖွင့် | – ဂမ္ဘီရမောင်မောင် | (၂၅ဝိ/) |

# ပတ္တမြားငမောက်စာပေမှ ဖြန့်ချိပြီးသည့်စာအုပ်ကောင်းများ

၁။ ဘဝကိုတန်ဖိုးရှိအောင် နေထိုင်နည်း - လှသမိန် (၂၀၀/)
၂။ မိတ်ကောင်းဆွေကောင်းရအောင်လုပ်နည်း - လှသမိန် (၁၇၅/)
၃။ (၂၄)နာရီပတ်လုံး တန်ဖိုးရှိရှိ နေထိုင်နည်း - လှသမိန် (၂၇၅/)
၄။ ဘဝကိုအနိုင်ယူနည်း - လှသမိန် (၁၇၅/)
၅။ ဘဝတိုက်ပွဲအောင်ထူနည်း - လှသမိန် (၁၇၅/)
၆။ ကြီးပွားအောင်မြင်လိုသူတိုင်းအတွက်သိမှတ်စရာများ (၁/၂/၃) - လှသမိန် (၁၇၅/)
၇။ လင်တော်လင်ကောင်း/ မယားထူးမယားမြတ် - လှသမိန် (၁၇၅/)
၈။ အိမ်ထောင်ရေးလောက - လှသမိန် (၁၇၅/)
၉။ စိတ်ချမ်းသာအောင်နေထိုင်နည်း - လှသမိန် (၁၇၅/)
၁၀။ ဘဝလမ်းညွှန် - လှသမိန် (၁၇၅/)
၁၁။ လူတော်လူကောင်း - လှသမိန် (၁၇၅/)
၁၂။ စိတ်ပျိုးထောင်နည်း - လှသမိန် (၁၇၅/)
၁၃။ ဘဝတွင် စဉ်းစားဝေဖန်နည်း - လှသမိန် (၁၇၅/)
၁၄။ ဇာတ်တော်ကြီးဆယ်ဘွဲ့ - လှသမိန် (၂၀၀/)
၁၅။ ပွဲတွေ့ဆေးမြီးတို - လှသမိန် (၁၂၀/)
၁၆။ မြန်မာ့ရာမာယဏ - လှသမိန် (၁၅၀/)
၁၇။ မြန်မာ့အာဇာနည်သူရဲကောင်းမဟာဗန္ဓုလ - လှသမိန် (၁၅၀/)
၁၈။ ဇနီးမောင်နှံခိုင်မြဲရေး - လှသမိန် (၂၀၀/)
၁၉။ သိမှတ်စရာစုံလင် စက်ကပူတစ်ခွင် - လှဘုန်းအောင် (၂၀၀/)
၂၀။ တက်လူတို့အတွက် ကြီးပွားတိုးတက်ရေးနည်းလမ်းကောင်းများ - မုံရွာဝင်းဖေ (၁၇၅/)
၂၁။ အောင်မြင်ကြီးပွားလိုသူတိုင်း ကျင့်သုံးရမည့် ကျင့်စဉ်ကောင်းများ - မုံရွာဝင်းဖေ (၁၇၅/)
၂၂။ လူ့ဘဝကြီးပွားရေးအမြင်များ - လှသမိန် (၂၀၀/)
၂၃။ လက်တွေ့လုပ်ငန်းအောင်မြင်နည်း - လှသမိန် (၁၇၅/)
၂၄။ ဘဝ၏ အမှန်တရားများ - လှသမိန် (၁၇၅/)
၂၅။ ဉာဏ်ကောင်းအောင်လုပ်နည်း - လှသမိန် (၂၅၀/)
၂၆။ ဘဝအန္တရာယ်ခွင်ပယ်နည်း - လှသမိန် (၂၀၀/)
၂၇။ ချစ်ရေးချစ်ရာ - လှသမိန် (၂၀၀/)
၂၈။ ကြီးပွားအောင်မြင်လိုသူတိုင်းအတွက်သိမှတ်စရာများ (၄) - လှသမိန် (၂၀၀/)
၂၉။ လက်တွေ့အင်္ဂလိပ်စကားပြော (၁) - လှသမိန် (၁၂၀/)
၃၀။ ကျောင်းသားလူငယ်ကလေးများအတွက်အင်္ဂလိပ်-မြန်မာပုံပြအဘိဓာန် - လှသမိန် (၅၀၀/)
၃၁။ အင်္ဂလိပ်ကြိယာများ (English Verbs- 3600) - လှသမိန် (၉၀၀/)
၃၂။ ထူးထူးခြားခြားမြတ်ဗုဒ္ဓနှင့်တွေ့ဆုံခဲ့ရသည့်ပုဂ္ဂိုလ်ထူးများ-ဓမ္မာစရိယဦးမောင်မောင်လေး (၂၃၀/)
၃၃။ ရွှေတိဂုံစေတီတော်၏သိမှတ်စရာ(၂၇)ဖြာနှင့်အံ့ဖွယ်(၉)ပါး-သုတေသီမြင့်ထွန်း (၁၀၀/)
၃၄။ အစွမ်းထက်ပုတီးစိပ်နှင့်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ(၁/၂) -သုတေသီမြင့်ထွန်း (၂၀၀/)
၃၅။ နှစ်ကိုယ်ကြားဟာသများ - မောင်ဝေဖြိုး (၁၅၀/)
၃၆။ လက်ငင်းကောင်းကျိုးရစေသတည်း - ဦးဝမ်ထိန် (၂၀၀/)
၃၇။ မိမိဘဝ မိမိစိတ်တိုင်းကျထူထောင်အောင်မြင်ရေး - အောင်သစ် (၂၀၀/)
၃၈။ အကျက်တန့်ကျတဲ့စိတ် - အောင်သစ် (၁၇၅/)
၃၉။ ဗုဒ္ဓဝါဒအခြေခံ - လှသမိန် (၂၇၅/)
၄၀။ လူရည်ချွန် သားကောင်းသမီးကောင်း - လှသမိန် (၃၀၀/)
၄၁။ စိတ်ကူးဉာဏ်ဖြင့် "အောင်မြင်၊ ကြီးပွား၊ တိုးတက်နည်း" - မုံရွာဝင်းဖေ (၂၀၀/)
၄၂။ လက်တွေ့အင်္ဂလိပ်စကားပြော (၂) - လှသမိန် (၁၃၀/)

# ပတ္တမြားမောက်ဘာပေမှ – ပြည်လုံးကျွတ်ဖြန့်ချိသည့်
# စာအုပ်ကောင်းများ

အမှတ်–၁၆၈၊ ၃၃–လမ်း၊ ရန်ကုန်မြို့။ ဖုံး–၂၈၃၃၈၇

**(အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်)**

**လူတိုင်း၊ အိမ်တိုင်း–လက်စွဲပြုရမည့်အောက်ပါစာအုပ်ကောင်းများကို**

## ဆရာ လှသမိန် က

**မွန်မြတ်သောစေတနာဖြင့် ရေးသားပြုစုလိုက်ပါတယ်**

☛ **တက်လူတို့အတွက်–**

(၁) ဘဝကိုတန်ဖိုးရှိအောင် နေထိုင်နည်း
(၂) မိတ်ကောင်းဆွေကောင်းရအောင်လုပ်နည်း
(၃) ၂၄–နာရီပတ်လုံးတန်ဖိုးရှိရှိနေထိုင်နည်း
(၄) ဘဝကိုအနိုင်ယူနည်း
(၅) ဘဝလမ်းညွှန်
(၆) စိတ်ချမ်းသာအောင်နေထိုင်နည်း
(၇) လူတော်လူကောင်း
(၈) ကြီးပွားအောင်မြင်လိုသူကိုင်းအတွက် သိမှတ်စရာများ ၁/၂/၃/၄
(၉) ဘဝတိုက်ပွဲအောင်ဏူနည်း
(၁၀) စိတ်ပျိုးထောင်နည်း
(၁၁) ဘဝတွင်စဉ်းစားဝေဖန်နည်း
(၁၂) ဘဝ၏အမှန်တရားများ
(၁၃) လက်တွေ့လုပ်ငန်းအောင်မြင်နည်း
(၁၄) ဘဝ၏ အမှန်တရားများ
(၁၅) ဉာဏ်ကောင်းအောင်လုပ်နည်း
(၁၆) ဘဝအန္တရာယ်ခွင်းပယ်နည်း
(၁၇) ချစ်ရေးချစ်ရာ
(၁၈) လူရည်ချွန် သားကောင်းသမီးကောင်း

☛ **ကျောင်းသားလူငယ်တို့အတွက်**

(၁) လက်တွေ့အင်္ဂလိပ်စကားပြော(၁/၂)
(၂) လက်တွေ့ဘာသာပြန်နည်း
(၃) ကျောင်းသားလူငယ်ကလေးများအတွက် အင်္ဂလိပ်–မြန်မာပုံပြအဘိဓာန်
(၄) အင်္ဂလိပ်ကြိယာများ(English Verbs- 3600)

■ **မြန်မာ့ရာဇဝင်ကျမ်းများ လေ့လာလိုသူတို့အတွက်**

(၁)မြန်မာ့ရာမာယဏ
(၂)မြန်မာ့အာဇာနည်သူရဲကောင်း မဟာဗန္ဓုလ

✹ **ဘာသာရေးလိုက်စားသူတို့အတွက်**

(၁) ဗုဒ္ဓဝါဒအခြေခံ
(၂) ဓမ္မစကြာ "အမေး–အဖြေ"
(၃) ဇာတ်တော်ကြီးဆယ်ဘွဲ့

○ **ဆေးကျမ်းများလိုက်စားသူတို့အတွ**

(၁) ပွဲတွေ့ဆေးမြီးတို


♥ အိမ်ထောင်ပြုရန်ကြံရွယ်သူတိုင်း
♥ အိမ်ထောင်ပြုမည့်သူတိုင်း
♥ အိမ်ထောင်ရှိပြီးသူတိုင်း လက်စွဲပြုရမ
♥ မင်္ဂလာဆောင်လက်ဖွဲ့ပေးရန် အကောင်းဆုံး ✌ လက်ဆောင်ဖြစ်မည့် စာအုပ်(၄)အုပ်ကတော့ ☛

**လှသမိန်** ရေးသားပြုစုသည်

(၁) လင်တော်လင်ကောင်း
(၂) မယားထူးမယားမြတ်
(၃) အိမ်ထောင်ရေးလောက
(၄) ဇနီးမောင်နှံနိုင်မြဲရေး

ပဏ္ဍုမြားငမောက် စာပေ

ဓမ္မာစရိယ
ဦးမောင်မောင်လေး



# မြတ်ဗုဒ္ဓလက်ထက်
# ပါရမီရှင်အမျိုးသမီးများ

၂၉